www.burmeseclassic.com

# အရှင်လတ်လတ်
# မြေမြှုပ်ခံရသူများ

မောင်ခိုင်သန့်

(တတိယအကြိမ်)

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏မူပိုင်

စာမူခွင့်ပြုချက်အမှတ် - ၂၄/၂၀၀၀ (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၈/၂၀၀၀ (၁)

၂၀၀၀ ပြည့်နှစ်၊ မတ်လ

တတိယအကြိမ်၊ အုပ်ရေ (၁၀၀၀)

တန်ဖိုး - ၅၀၀ ကျပ်

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင် (မြဲ-၀၁၆၉၂)၊ ချိုတေးသံစာပေ
ရွှေနံ့သာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံမြို့နယ်။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (မြဲ-၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ် (၁၇)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**

ဒေါ်အေးအေးခိုင် (မြဲ-၀၃၈၈၅)၊ စိန်ကြယ်ပုံနှိပ်တိုက်၊
အမှတ် (၈၁)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်။

**ဖြန့်ချိရေး**

**ကြည်လှမောင်စာပေ**

အမှတ် (၃၂)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊
ဗဟန်း၊ ရန်ကုန်မြို့။

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူ၏ဆုတောင်း | ၄ |
| ၂။ | စာရေးသူ၏အမှာ | ၆ |
| ၃။ | အမေကိုစားနှင့်လိုက်၍မြေမျိုခံရသူ | ၁၃ |
| ၄။ | အမေကိုပါးရိုက်၍မြေမျိုခံရသူ | ၃၃ |
| ၅။ | မုသားပြော၍မြေမျိုခံရသူ | ၄၉ |
| ၆။ | အချစ်သဝန်တို၍မြေမျိုခံရသူ | ၆၇ |
| ၇။ | ခန္တီဝါဒီရှင်ရသေ့အားပြစ်မှား၍မြေမျိုခံရသူ | ၈၅ |
| ၈။ | ဆရာတင်မှား၍မြေမျိုခံရသောမိန်းမပျို | ၁၁၂ |
| ၉။ | တဏှာရမ္မက်ကြောင့်မြေမျိုခံရသူ | ၁၃၉ |
| ၁၀။ | ရန်ငြိုးဖွဲ့၍မြေမျိုခံရသည့်ယောက္ခမ | ၁၆၃ |
| ၁၁။ | လက်ဆော့၍မြေမျိုခံရသူ | ၁၈၀ |
| ၁၂။ | ကံကြီးထိုက်၍မြေမျိုခံရသူ | ၁၉၆ |
| ၁၃။ | မိုးငြိမ်းကိုးကားသည့်စာအုပ်စာတမ်းများ | ၂၅၇ |

**ကြည်လှမောင်စာပေ**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ဆုတောင်း

**ဣမိနာ ပုညကမ္မေန၊ ဘဝေ တိဟေတုက္ကဋ္ဌော။**

**ဓနတိက္ခဂမ္ဘီရ၊ ပုထု နိဗ္ဗေဓ ပညဝါ။**

**ပရမိဿရိယော သောဟံ၊ ပရပ္ပဝါဒမဒ္ဒနော။**

**မောစိပဗ္ဗော ဒုက္ခမုဗ္ဗော တာရေမိ ဒုက္ခိတေ ဇနေ။**

ဤ **"အရှင်လတ်လတ်မြေမြှုပ်ခံကြရသူများ"** စာအုပ်ကို ကုသိုလ်စိတ်မှန်း အာရုံလွှမ်း၍ ရေးသားရသည့် ကောင်းမှု ကုသိုလ်ကံ စေတနာတို့ကြောင့် ဘဝများစွာ သံသရာ၌ ကျင်လည်ရသည်ရှိသော် တိဟိတ်ဥက္ကဋ္ဌ မြတ်သောယောက်ျား အဖြစ် ပဋိသန္ဓေ နေရသည်ဖြစ်၍ လျင်သောပညာ၊ ထက်သော ပညာ၊ ခက်ခဲနက်နဲသောပညာ၊ မြေကြီးထုနှင့်တူသောပညာ၊ ထိုးထွင်းသိတတ်သော ပညာဉာဏ်တို့နှင့် ပြည့်စုံလျက် အကျွန်ုပ်သည် တရားသဖြင့် ကြီးစိုးရသော အကြီးအကဲအဖြစ် လည်းကောင်း၊ တစ်ပါးသူတို့၏ မှားယွင်းသော မိစ္ဆာအယူ တို့ကို ပညာဖြင့် ပယ်ဖျောက်နှိမ်နင်းနိုင်သူအဖြစ်လည်းကောင်း၊ ဆင်းရဲဒုက္ခအပေါင်းတို့မှ ကင်းလွတ်လျက် ပကတိ သာဝက ဉာဏ်ပညာ အထွတ်အထိပ်သို့ ရောက်သည်ဖြစ်၍ များစွာသော ဒုက္ခိတ သတ္တဝါအပေါင်းတို့ကို ဒုက္ခဟူသမျှ ကင်းငြိမ်းရာ နိဗ္ဗာန်သို့အရောက် ခရီးပေါက်အောင် ကယ်တင်နိုင်ရပါလို၏။

**မောင်မိုင်ခန့်**

BURMESE CLASSIC .com

# စာရေးသူ၏အမှာ

"မိဘ မစော်ကားနဲ့ မြေမြှုပ်ခံရလိမ့်မယ်နော်"

"ဘုရားရှုး၊ မိုးကြိုးပစ်၊ မြေမြို"

အထက်ပါ စကားစုများကို စာရေးသူတို့ ငယ်စဉ်ကပင် လူကြီးမိဘ ဆရာသမားများက ဗပည့်သားသမီးများကို ပြော ဆိုဆုံးမရာတွင် လည်းကောင်း၊ တစ်ဦးကိုတစ်ဦး ယုံကြည်မှု ရှိစေရန် သစ္စာဆို ကျိန်တွယ်ရာတွင်လည်းကောင်း ပြောဆို ခဲ့ကြသဖြင့် တရင်းတနှီး ကြားသိနေရသည်။

သို့သော် 'မြေမြို' ဟူသော စကားကို လူကြီးမိဘ ဆရာ သမားများ၏ သွန်သင်ဆုံးမမှုကြောင့် ကြားသိခဲ့ရသော်လည်း မြေမြှုပ်ခံရခြင်း၏ အကြောင်းရင်းကိုမူ စိုးစဉ်းမျှ မသိခဲ့ချေ။ ထို့ အတူ မြေမြှုပ်ခံရသူများကိုလည်း ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ ဖူးခြင်း မရှိခဲ့ပေ။ နှောင်နှစ်ကာလများစွာ ကြာမြင့်မှ ဗုဒ္ဓစာပေ

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းဂန်များအရ လည်းကောင်း၊ တစ်ဆင့်စကားဖြင့် လည်းကောင်း မြေမျိုခံရသူတို့အကြောင်းကို သေချာဃဏစွာ သိရှိခွင့်ရခဲ့သည်။

မြေမျိုခံရသူများမှာ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မမူမီကာလနှင့် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူပြီး သက်တော်ထင်ရှား ရှိစဉ်ကာလ ခေတ်အဆက်ဆက်မှ ယနေ့ မျက်မှောက်ခေတ်ကာလအထိပင် ရှိနေခဲ့သည်။ အထင်အရှား မြေမျိုခံရသူများနှင့် မထင်မရှား မြေမျိုခံရသူများပင် ကွာခြားသည်။

အထူးသဖြင့် မြေမျိုခံရသူအားလုံးတို့မှာ အရှင်လတ်လတ် မြေမျိုခံ ကြရသူများ ဖြစ်ကြသည်။ ယင်းတို့အားလုံးသည် မြေမျိုခံရခြင်း၏ အကုသိုလ်ကံစေတနာ အကြောင်းရင်းကို မသိသဖြင့် မြေမျိုခံရခြင်း ဖြစ်သည်။

မြေမျိုခံရခြင်းသည် အလွန် ကြီးလေးသည့် အကုသိုလ်
၈ ကံများကို ကိုယ်ဖြင့် ပြုလုပ်မှု (ကာယကံ)၊ နှုတ်ဖြင့် ပြောဆိုမှု (ဝစီကံ)၊ စိတ်ဖြင့် ကြံစည်မှု (မနောကံ) စေတနာတို့ကို ကိုယ်တိုင် ပြုလုပ်ပြောဆို ကြံစည်ခြင်းကြောင့်သာ ဖြစ်ပေသည်။

မြေမျိုခံရသူအားလုံးနီးပါးသည် ကံ၊ ကံ၏ အကျိုး (ကမ္မသကတာ သမ္မာဒိဋ္ဌိ) ကို မယုံကြည်သဖြင့် အလုပ်အကိုင်များ၊ အပြောအဆိုများ၊ အကြံအစည်များကာ အမှားများစွာဖြင့်





အယူလွဲများ ဖောက်ပြန်သည့် မိစ္ဆာဒိဋ္ဌိဘဝသို့ ရောက်မှန်းမသိ ရောက်ရှိနေကြသူများ ဖြစ်သည်။ အယူလွဲများမှုမှာ အကုသိုလ်တရားတို့တွင် အပြစ်အကြီးလေးဆုံးဖြစ်သည်။ ယင်းတို့၏ အယူလွဲများမှုကြောင့် အကုသိုလ် ဖြစ်ပွားရခြင်း၏ အဓိက အကြောင်းရင်းများလည်း ဖြစ်ပေါ်လာရလေတော့သည်။

ထိုသူတို့၏ မကောင်းမှု အကုသိုလ်ကံတရားဆိုးများကြောင့် အကျိုးပေးရာကာလ အနီးအဝေး ခွဲခြားကာ ချက်ချင်လက်ငင်း အကျိုးပေးသည့်ကံ (ဒိဋ္ဌဓမ္မဝေဒနီယကံ) နောက်ဘဝ အကျိုးပေးမည့်ကံ (အပရာပရိယဝေဒနီယကံ) နှင့် အကျိုးမပေးသည့်ကံ (အဟောသိကံ) တရားတို့ အစဉ်လိုက် ဖြစ်ပေါ်လာရသည်။

ချက်ချင်းလက်ငင်း အကျိုးပေးစေသည့်ကံ (ဒိဋ္ဌဓမ္မဝေဒနီယကံ) ဖြစ်ပေါ်စေသည့် အကြောင်းရင်းမှာ အဘိဓမ္မာနည်းအရ မကောင်းမှု အကုသိုလ်ကံတရားဆိုးများကို ပြုလုပ်စဉ် ကုသိုလ်ဇော ခုနစ်ကြိမ်အနက် ပထမဇောစိတ်နှင့် ယှဉ်သော စေတနာကံကြောင့် ဖြစ်ပေသည်။ ယင်းပထမဇော အကုသိုလ်ကံ စေတနာကြောင့် ယခုဘဝ၌ပင် အကုသိုလ် အကျိုးပေးလေတော့သည်။ ခုနစ်ရက် အတွင်း၌ အကျိုးပေးလျှင်မူ ရင့်ကျက်သော (ပရိပက္က) အကုသိုလ်နှင့်ယှဉ်၍ ချက်ချင်းလက်ငင်း အကျိုးပေးခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် မြေမျိုခံရသူများသည် ယင်းတို့ ပြုလုပ်သည့် အပြစ်ကြီးလေးသော (ဂရုကံ) အကုသိုလ်ကံ အကျိုးပေး ကြောင့် ဘဝမဆိုင်းဘဲ ချက်ချင်းလက်ငင်း ခံစားကြရခြင်း ဖြစ်ပေသည်။ အများအားဖြင့် မြေမျိုခံကြရသူများသည် ကိန်း သေပေါက် ငရဲရောက်စေမည့် ကံ( နိယတမိစ္ဆာဒိဋ္ဌိကံ) နှင့် ဘဝမခြား အကျိုးပေးသည့်ကံ (အနန္တရိယကံ) များကို ကျူး လွန်မိကြသူများ ဖြစ်ပေသည်။

ထိုသူတို့သည် နိယတမိစ္ဆာဒိဋ္ဌိကံများ ဖြစ်ပေါ်စေသည့် အလှူငယ် ပေးလှူ၍ အကျိုးမရှိ၊ အလှူကြီးပေးလှူ၍ အကျိုး မရှိ၊ ပူဇော်၍ အကျိုးမရှိ၊ ကုသိုလ်ကံ အကုသိုလ်ကံဟူ၍ မရှိ၊ ဟိုဘဝမှ သေ၍ဖြစ်လာသော သူမရှိ၊ သည်ဘဝမှသေ၍ နောက် ဘဝ ဖြစ်လာသော သူမရှိ၊ အမိကျေးဇူးမရှိ၊ အဖကျေးဇူး မရှိ၊ တရားကျင့်၍ ကိလေသာငြိမ်းသူ ဟူ၍ မရှိဟု သက်ဝင် ယုံ ကြည်ကြသည်။ ယင်းသို့ ယုံကြည်သူများသည် သေလွန်သည့် နောက်ဘဝ ဧကန်မုချ အဝီစိငရဲသို့ ကျခံရမည့်သူများ ဖြစ် ကြသည်။

ထိုနိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူ အချို့တို့သည် အဝီစိငရဲ မကျမီ အသက်ရှင်စဉ်ကာလ၌ အနန္တရိယကံ (ပဉ္စာနန္တရိယကံ) ကြီးများ ဖြစ်သည့် အမိရင်းကို သတ်ခြင်း၊ အဖရင်းကို သတ် ခြင်း၊ ရဟန္တာကို သတ်ခြင်း၊ ဘုရားရှင်ကို သွေးစိမ်းတည်





အောင် ပြုခြင်း၊ ညီညွတ်သော သံဃာများကို သင်းခွဲခြင်း စသည့် အလွန်ကြီးလေးသည့် ဂရုကံကြီးများကို ကျူးလွန်မိ သဖြင့် ဒိဋ္ဌဓမ္မ အကျိုးပေးကာ ခုနစ်ရက်အတွင်း (သို့မဟုတ်) မျက်မှောက်ဘဝအတွင်း၌ပင် အရှင်လတ်လတ် မြေမျိုခံကြရ သည်။ သို့တည်းမဟုတ်မူ သေလွန်ပြီးနောက် ဘဝ (ဒုတိယ ဘဝ) တွင် အဝီစိငရဲသို့ ကျရောက်ခံစားကြရလေတော့သည်။

အရှင်လတ်လတ် မြေမျိုခံကြရသူများမှာ မြေမျိုခံရစဉ် အလွန့်အလွန် ပြင်းထန်ပူလောင်သော ဝေဒနာတို့ကို ခံစား ကြရယုံမျှမက ကမ္ဘာမြေကြီးအောက် မိုင်ပေါင်း (၁၅၂၄၀၀၀) မိုင် (ယူဇနာ-၁၂၀၀၀၀) ခန့် ကွာဝေးသည့် အဝီစိငရဲသို့ တိုက်ရိုက် ကျရောက်ခံစားကြရပြန်သည်။

အဝီစိငရဲသည် အပြစ်ကြီးလေးသူများ၊ ကံကြီးထိုက်သူ များ၊ မိစ္ဆာဒိဋ္ဌိ အယူရှိသူများ အလွန်များပြားသော်လည်း ပို လျှံနေသည်ဟူ၍ မရှိ၊ ကျရောက်လာသမျှ လက်ခံနိုင်စွမ်း ရှိ လေသည်။ အဝီစိငရဲသားများသည် ငရဲမီးလုံးမီးလျှံကြီးများ ထဲတွင် စက္ကန့်ဝက်မျှပင် အနားမပေး၊ အကြားမလပ်အောင် ဒုက္ခခံကြရသည်။ အဝီစိငရဲ၏ အလယ်ဗဟိုတွင် ငရဲနေပြည် တော်ကြီး ရှိသည်။

ငရဲနေပြည်တော်ကြီးကို မိုင်ပေါင်း ၁၄၄ မိုင် (၉-ယူ ဇနာ) ထုထည်ရှိ သံတံတိုင်းကြီးများဖြင့် အထက်အောက်



www.burmeseclassic.com

www.burmeseclassic.com



အရှေ့အနောက်၊ တောင်မြောက် အကွာအဝေးမိုင်ပေါင်း (၁၂၇၀) မိုင် (ယူဇနာ - ၁၀၀) စီကာရံထားသည်။ အောက်သံမြေပြင်မှ ထ၍ တောက်လောင်သော ငရဲမီးလျှံများသည် မိုင်ပေါင်း (၁၂၇၀) မိုင် အထက်သံ မိုးသို့ ရောက်ရှိ၏။ ထို့အတူ အထက်သံမြေပြင်မှ တောက်လောင်သော ငရဲမီးလျှံသည် အောက်သံမြေပြင်သို့ ရောက်ရှိလေသည်။

လူတို့၏ အနှစ် (၁၄၇၄၅) ကုဋေ (၆) သန်းသည် အဝီစိငရဲ၏ တစ်ရက်မျှသာ ရှိသည်။ အဝီစိငရဲသက်မှာ နှစ်ပေါင်း (၆၄၀၀၀) ရှိသည်။ အချို့က အသင်္ချေသက်တမ်းရှိသည်ဟု ဆိုကြသည်။

ပဉ္စာနန္တရိယကံ (အနန္တရိယကံ) ကြီးကိုက်သူတို့မှာ အဝီစိငရဲတွင် ကမ္ဘာပျက်သည့်တိုင် ခံစားကြရပြီး နိယတ မိစ္ဆာဒိဋ္ဌိ အယူရှိသူများမှာ ကမ္ဘာပျက်သည့်တိုင် အဝီစိငရဲမှ မကျွတ်ဘဲ အခြား မပျက်သောကမ္ဘာသို့ ကူးပြောင်း၍ ငရဲခံကြရလေသည်။

အရှင်လတ်လတ် မြေမျိုခံရသူ အချို့တို့မှာ ပဉ္စာနန္တရိယကံကြောင့် မဟုတ်ဘဲ သီလ၊ သမာဓိနှင့် ပြည့်စုံတော်မူသည့် ရဟန်းသံဃာတော်များနှင့် အမိအဖ၊ ဆရာသမားတို့အား အလွန်ကြီးလေးသည့် ကာယကံ၊ ဝစီကံ၊ မနောကံဖြစ်သည့် အကုသိုလ်ကံ သုံးပါးနှင့် ပြစ်မှားကျူးလွန်မိကြသူများ ဖြစ်လေသည်။





ထို့အတူ ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုလုပ်သောကံ (လောဟိတုပ္ပါဒကကံ) ကို တိုက်ရိုက် မကျူးလွန်၊ မပြစ်မှားမိကြသော်လည်း ယင်းကံကဲ့သို့ ခံစားကျခံစေသည့် ဘုရားဆင်းတုတော်၊ စေတီပုထိုး၊ ဗောဓိညောင်ပင်တို့အား ဖျက်ဆီးသူများသည်လည်း အရှင်လတ်လတ် မြေမျိုခံရနိုင်ပေသည်။

သို့ပါ၍ စာရေးသူအနေဖြင့် လူ့ဘဝ လူဖြစ်လာခိုက်တွင် အရှင်လတ်လတ် မြေမျိုခံကြရသူများ၊ ပဉ္စာနန္တရိယကံကြီးထိုက်သူများနှင့် နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူများ လက်ခံကျင့်သုံးခဲ့သည့် 'အကုသလ ကမ္မပထ' တရားဆိုးများကို ဝေးစွာ ရှောင်ကျဉ်နိုင်စေရန် အလို့ငှာ **'အရှင်လတ်လတ် မြေမျိုခံကြရသူများ'** စာအုပ်ကို မေတ္တာစေတနာ ရှေ့ထား၍ ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

မောင်နိုင်ခန့်



www.burmeseclassic.com

www.burmeseclassic.com









## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အမေကိုတးနှင့်လိုက်၍ မြေမြှုပ်ခံရသူ မောင်ချစ်ဝေ

ကျိုက်ပိရွာကလေးသည် ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်အတွင်း၌ တည်ရှိသည်။ ဗမာ၊ ကရင် စသည့် တိုင်းရင်းသားများ နေထိုင်ကြသည်။ ရွာသူရွာသားအများစုသည် လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်း လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ အိမ်ခြေတစ်ရာခန့် ရှိသည်။

လွတ်လပ်ရေးရပြီးစအချိန်ဖြစ်၍ ကျိုက်ပိရွာကလေးကို သူကြီးအုပ်ချုပ်သည်။ ရွာသူကြီးသည် ဟန်ပြအုပ်ချုပ်သူအဖြစ်နှင့်သာ တည်ရှိသည်။ ရွာသူရွာသားများအပေါ် သူကြီးသြဇာမညောင်း။ ရွာသူရွာသားများကလည်း သူတစ်လူ ငါတစ်မင်းလုပ်နေသောအချိန်ဖြစ်သည်။ ထိုစဉ်က ရောင်စုံသောင်းကျန်းသူများ၊ တောကြောင်ဓားပြများရန်ကို ကြောက်နေရသဖြင့် တောင်း



www.burmeseclassic.com

www.burmeseclassic.com



လောင်၍ တောကြောင်လက်ခမောင်းခတ်သည့်အချိန်ဟုပင် ဆိုရမည်။

ကျိုက်ပိရွာသူ ရွာသားများမှာလည်း မိမိတို့ စားဝတ်နေရေး အတွက် ရုန်းကန်ရာဖွေ စားသောက်နေရသည်။

ခက်သည်က ကျိုက်ပိရွာကလေးမှ ဒေါ်သာလိနှင့် မောင်ချစ်ဖေ တို့ သားအမိဖြစ်သည်။ ရွာထဲတွင် မကြာခဏဆိုသလို ရန်ဖြစ် ဆူပူနေကြသည်။ သားအမိချင်း ရန်ဖြစ်သည့်ကိစ္စဖြစ်၍ သူကြီး ကလည်း မပြော။ ထို့အတူ အနီးပတ်ဝန်းကျင်မှ အိမ်များက လည်း မိသားစုအရေးကိစ္စဖြစ်၍ ဝင်ရောက်ပြောဆိုခြင်း မရှိကြပေ။

သို့သော် မောင်ချစ်ဖေ လွန်သည်ကို တစ်ရွာလုံးက သိကြသည်။ မောင်ချစ်ဖေ၏ အပြောအဆို၊ အနေအထိုင်၊ အပြုအမူ ကြမ်းတမ်း ခက်ထန်ခြင်းကြောင့် မည်သူကမျှ နားချ ရှင်းပြခြင်း မရှိကြပေ။

"ကျုပ်အိမ်ထဲ ကျုပ်ဆူတာ ခင်ဗျားတို့နဲ့ ဘာဆိုင်လို့လဲ။ များများမှန်မှန် လာမပြောနဲ့၊ ခင်ဗျားတို့အားလုံး ကျုပ်အိမ်ထဲက အခုထွက်သွားကြ"

မိခင်ကြီးကို မောင်ချစ်ဖေ ဆဲဆိုကြိမ်းမောင်းနေ၍ နား မခံနိုင်သူများက ဝင်ရောက်ပြောဆိုလျှင် မောင်ချစ်ဖေက တုတ်ဆွဲ၊ ဓားဆွဲနှင့် ဆဲဆိုကြိမ်းမောင်းလွှတ်လေ့ ရှိတတ်သည်။ ကြာလာ သည့်အခါ မောင်ချစ်ဖေ ဆဲဆိုအော်ဟစ်နေသည်ကို ရွာသူရွာသား





အားလုံးက ဂရုမစိုက်ကြတော့။ အိမ်ရှေ့မှ ဖြတ်သွားသည့်တိုင် မောင်ချစ်ဖေကို ငုံ့စောင်း၍ပင် မကြည့်ကြတော့။

သို့သော် သားဆိုးအမေ တပေပေ ဖြစ်နေရှာသော ဒေါ်သာလိကိုမူ တစ်ရွာလုံးက သနားချစ်ခင် ကြင်နာမြဲပင် ဖြစ်သည်။ မိခင်ကြီး ဒေါ်သာလိကလည်း ဆိုးသွမ်းယုတ်မာ ရက်စက်သည့် သားဆိုးအပေါ် ထားရှိသော မိခင်မေတ္တာစိတ် ကား အနည်းငယ်မျှ လျော့ပါးမသွားပေ။ လူမုန်းများသော သားအပေါ် ပို၍ အချစ်ပိုခဲ့သည်။

သားကိုသခင်၊ လင်ကိုဘုရား ဆိုသကဲ့သို့ပင် မိခင်ကြီးမှာ မောင်ချစ်ဖေအပေါ် သခင်တစ်ပါးကဲ့သို့ မှတ်ယူ၍ ထမင်းချိန်တန် ထမင်း၊ ဟင်းချိန်တန် ဟင်း အရံသင့် ချူးခပ် ပြင်ဆင်ပေးသည်။ မောင်ချစ်ဖေကမူ မိခင်ကြီးအပေါ် အတွေးများ၊ အမြင်များ၊ အထင်များကား အမြဲ အလိုလို မချစ်ခင်ဘဲ အပြစ်သာ မြင်နေ တော့သည်။

"အမေ ခင်ဗျား ဘုရားရှိမခိုးနဲ့ဗျာ"

"ဟဲ့ ဖိုးချစ် နင် ဘယ်လိုပြောလိုက်တာလဲ"

"ခင်ဗျား ဘုရားရှိခိုးတာ ကျုပ်စီးပွားပျက်တယ်ဗျ။ စီးပွားပျက်တယ်"

"မဟုတ်သေးပါဘူး ဖိုးချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာမဟုတ်ရမှာလဲဗျ၊ မနှစ်က ကျုပ်လယ်တွေအားလုံး ပိုးကျလို့ ပျက်တယ်၊ အခုလည်း မြုံးထောင်တာ ဟင်းစားတောင် မရဘူး၊ အဲဒါ ခင်ဗျား ဘုရားရှိခိုးလို့"

သားဖြစ်သူ မောင်ဖိုးချစ်၏ ပြောစကားကြောင့် သားအပေါ် စိတ်မဆိုးတတ်သော ဒေါ်သာလီလည်း စိတ်ဆိုးသွား၏၊ သို့အတွက် သူ့ရင်ထဲတွင် ရှိသည့်အတိုင်း မောင်ချစ်ဖေအား ပြောလိုက်သည်။

"ဒီမှာဖိုးချစ်၊ နင့်လယ်တွေပျက်တာ၊ ငါးမရတာ ငါဘုရားရှိခိုးလို့ မဟုတ်ဘူးဟဲ့။ နင်အသုံးမကျလို့၊ နင်အသုံးမကျလို့ ဘယ့်နှယ်တော် သင်းမမွေးခင်ကတည်းက ဘုရားရှိခိုးလာတာ အခုမှ ဘုရားရှိမခိုးရဘူးလေး၊ ဘာလေးနဲ့ သင်းခိုင်းတိုင်း ငါက လုပ်ရမှာလားဟဲ့ ဖိုးချစ်ရဲ့"

"ဘာလို့ မဆိုင်ရမှာလဲဗျ၊ ခင်ဗျားကြီးက ဘုရားရှိခိုးတိုင်း သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းချမ်းသာသာ ရှိကြပါစေနဲ့ ကြပ်ကြပ်ဆို၊ ကျုပ်လယ်ထဲက ပိုးတွေက အသက်ရှည်ပြီး တစ်ကွက်ပြီး တစ်ကွက် ကူးပြီး ကိုက်ကြ စားကြ၊ ဟင်းစားလေး ရဖို့ မြုံးထောင်ပါတယ်၊ သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ ဆိုမှတော့ ကျုပ်မြုံးထဲ ငါးမဝင်တော့ဘူးဗျ။ ရလာတော့ ခင်ဗျားတို့ပဲ ဝိုင်းပြီး မျှကြဆို့ကြတာ"

ကြည်လှမောင်စာပေ



"မဆိုမဆိုင် လက်ပံပင် ဓားနဲ့မချိုင်နဲ့၊ နင့်ကို ငါမွေး ထားတာဟဲ့၊ နင်ဘုရားရှိမခိုးရဘူးဆိုလို့ ငါက နေရမလား။ ငါသဒ္ဓါကြည်ညိုလို့ ဘုရားရှိခိုးတာ၊ အသက်ထွက်သွားပစေ၊ နင်ခိုင်းတိုင်း ငါမလုပ်နိုင်ဘူး"

"အမေ ခင်ဗျားတော်တော့ဗျာ၊ တော်တော့ ကျုပ်ဒေါသ ဖြစ်လာရင် မလွယ်ဘူး"

"ဝုန်း"

ဒေါ်သာလီနှင့် မောင်ချစ်ဖေတို့ သားအမိ စကားများပြီး သားဖြစ်သူ မောင်ချစ်ဖေက စိတ်ဆိုးမာန်ဆိုးနှင့် အိမ်တံခါးကို ဆောင့်ကန်ကာ ထွက်သွားသည်။

မောင်ချစ်ဖေမှာ ဒေါ်သာလီ၏ သားအရင်းဖြစ်သည်။ ဖခင်ကြီး တိမ်းပါးသွားပြီးနောက်ပိုင်း မောင်ချစ်ဖေက ဖခင်၏ လယ်ယာလုပ်ငန်းများကို ဆက်လက်တာဝန်ယူ လုပ်ကိုင်ကာ မိသားစု၏ စားဝတ်နေရေးကို တာဝန်ယူ နေရသည်။ မောင်ချစ်ဖေ၏ အသက်မှာ (၂၀)ပတ်ဝန်းကျင်မျှသာ ရှိသေးသည်။

မောင်ချစ်ဖေ၏ စိတ်တွင် မိသားစုအားလုံးကို 'ငါလုပ် ကျွေးနေတာ' ဟူသော မာန်နှင့် မိခင်ကြီးမှအစ ဖနိုးသည်အဆုံး နိုင်လိုမင်းထက်ပြုသည်။ သူပြောသမျှ နာခံရမည်ဟုလည်း တွက်ဆထားဟန်ရှိသည်။ ယခုလည်း မိခင်ကြီးအား ဘုရားရှိ မခိုးရဟု အမိန့်ထုတ် စေခိုင်းနေပြန်သည်။

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးမှာ ဘာသာတရားကို ယုံကြည်သဒ္ဓါစိတ်အား ထက်သန်စွာဖြင့် စိတ်ရောကိုယ်ပါ မြှုပ်နှံဆောင်ရွက်သူ ဖြစ်သည်။ သိတတ်စအရွယ်မှစ၍ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် နေ့စဉ်နှင့်အမျှ ဆိုသလို ဝတ်မပျက် ဘုရားရှိခိုးခဲ့သူ ဖြစ်သည်။ သို့အတွက် ဒေါ်သာလိမှာ သားဖြစ်သူက မားကြိမ်း ကြိမ်း၍ တားသည့်ကြားကပင် ပုံမှန်အတိုင်း ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး နံ့သာများကို ပူဇော်ဆက်ကပ်ကာ ဝတ်မပျက် ဘုရားရှိခိုးနေခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားအား အသက်စွန့်၍ပင် ကိုးကွယ်ဆည်းကပ်ခဲ့သူဟု ဆိုရပေမည်။

ရံဖန်ရံခါတွင် ဗုဒ္ဓမြတ်စွာဘုရားအား သက်တော်ထင်ရှား ရှိသကဲ့သို့ပင် မှတ်ယူ၍ ထမင်းစားပွဲတွင် ဆွမ်းဘောဇဉ်ခဲဖွယ်များကို ကျကျနန ပြင်ဆင်ကာ ဆွမ်းတော်ကပ်သည်။ စားပွဲအနီးတွင် သောက်တော်ရေမှအစ လက်သုပ်ပဝါ လက်ဆေးရေအဆုံး အရံသင့် ထားရှိသည်။ ဒေါ်သာလိကား သူ့စိတ်တွင် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ရှိသကဲ့သို့ မှတ်ယူ၍ သဒ္ဓါတရား ကြည်နူးစွာဖြင့် ဆွမ်းကပ်လှူသည်။ ထိုအချိန်တွင် ဒေါ်သာလိသည် ဗုဒ္ဓမြတ်စွာဘုရား ဆွမ်းဘုဉ်းပေးနေသည်ဟု အမှတ်ယူကာ ဆွမ်းစားပွဲအနီး၌ ပုဆစ်ဒူးတုပ်ကာ ယပ်တောင်တဖျပ်ဖျပ်ပင် ခပ်လျက်ရှိသည်။





သူ့စိတ်အသွင်တွင် ဗုဒ္ဓဘုရားရှင် ဆွမ်းဘုဉ်းပေးနေသည်ဟု မှတ်ယူထားသည်။ ထိုအချိန်တွင် ဒေါ်သာလိ၏ စိတ်တွင်ကား မဟာကုသိုလ်စိတ်များ တဖွားဖွား ဖြစ်ပေါ်နေဝတ်သည်။

ဤမျှအထိပင် ဗုဒ္ဓမြတ်စွာဘုရားအပေါ် သဒ္ဓါတရား စိတ်အားထက်သန်စွာဖြင့် ကိုးကွယ်ဆည်းကပ်သူဖြစ်သည်။

ကံ၊ကံ၏အကျိုးကို ယုံကြည်နားလည်သော ဒေါ်သာလိသည် ကိုးလလွယ် ဆယ်လဖွား ရင်မှဖြစ်သော သားဖြစ်သူ မောင်ချစ်ဖေ၏ ဆိုးသွမ်းမိုက်မဲမှု၊ အသိအလိမ္မာ ဉာဏ်ပညာနည်းမှုတို့ကို အချစ်မပြယ်သော ထာဝရမေတ္တာဖြင့်သာ သည်းခံခွင့်လွှတ်ခဲ့သည်။ သို့အတွက် မောင်ချစ်ဖေကို တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး ပြောဆိုဆုံးမခဲ့သည်။

မောင်ချစ်ဖေကမူ မိခင်ကြီး၏ အဆုံးအမကို မခံ။ တိုး၍ တိုး၍သာ ဆိုးမိုက်နေမြဲ ဖြစ်သည်။ မိခင်ကြီးကိုလည်း ကိုယ်စိတ်နှလုံးသုံးပါးစလုံးဖြင့် ရှေ့သို့ ဆက်ကာဆက်ကာ ပြစ်မှားကျူးလွန်နေခဲ့သည်။

အိမ်နီးနားချင်း ဆွေမျိုးများကလည်း မောင်ချစ်ဖေအား အမုန်းခံကာ ဆုံးမခဲ့ကြသည်။ သို့တိုင် မောင်ချစ်ဖေ၏ ရင်ထဲ၌ အမြဲထာဝရ ကိန်းအောင်းနေခဲ့သည်မှာ မိခင်ကြီး ဘုရားရှိခိုး၍သာ သူ့စီးပွားပျက်သည်ဟု တထစ်ချ လက်ခံယုံကြည်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် မိခင်ကြီး ဘုရားရှိခိုးတိုင်း မောင်ချစ်ဖေ ဒေါသပုန်ထခဲ့သည်။ ဆဲဆိုနေခဲ့သည်။

“အင်း ဖိုးချစ်ကို ဆုံးမရတာ မလွယ်ပါဘူး ဘကြီးရာ၊ ပြောမရ၊ ဆိုမရနဲ့ လှုပ်လှုပ်ရှိ မအေကြီး ဘုရားရှိခိုးတာကိုပဲ ရန်လုပ်နေတော့တယ်”

“အင်း ကောကခွေးမုဆိုး ဖြစ်နေပြီနဲ့ တူတယ်”

မောင်ချစ်ဖေနှင့် ပတ်သက်၍ တစ်ရွာလုံးက လက်လျှော့ထားကြရသည်။ စကားလက်ဆုံကျတိုင်း မောင်ချစ်ဖေအကြောင်းကို ပြောဖြစ်ကြသည်။ ယခုလည်း မောင်ချစ်ဖေနှင့် ပတ်သက်၍ အိမ်နီးနားချင်းများစု၍ ဝေဖန်ကဲ့ရဲ့စကား ဆိုကြသည်။

“မောင်ချစ်ဖေနဲ့ ကောကခွေးမုဆိုး ဘယ်လို ဆက်စပ်လို့တုန်း ဘကြီးရဲ့၊ ရှင်းပြပါဦး”

“ဒီလိုကွယ့်၊ ဟိုရှေးရှေးတုန်းက ကောကဆိုတဲ့ မုဆိုးကြီး တစ်ယောက် ရှိတယ်။ သူက ခွေးတွေအများကြီးနဲ့ တောလိုက်လို့ ခွေးမုဆိုးကြီးလို့လည်း ရွာထဲကလူတွေက ခေါ်ကြတယ်ကွယ့်”

“တစ်နေ့တော့ ကောကခွေးမုဆိုးကြီးဟာ တောလည်ဖို့ ရွာထဲက ထွက်လာခဲ့တယ်။ တောစပ်တစ်နေရာရောက်တော့ ဆွမ်းခံကြွလာတဲ့ ရဟန်းတော်တစ်ပါးနဲ့ တွေ့လိုက်ရတယ်၊ ကောကခွေးမုဆိုးဟာ အကုသိုလ်နဲ့ အသက်မွေးဝမ်းကျောင်း





ပြုသူဆိုတော့ ရဟန်းတော်ကို တွေ့လိုက်ရတာကို မနှစ်သက်ဘူး။ အဲဒီတော့ ဒေါသစိတ်တွေ အလိုလို ဖြစ်နေတာပေါ့”

“အဲဒီလို ဒေါသစိတ်နဲ့ပဲ တောလိုက်ထွက်လာတာ ဟင်းစားတောင် မရဘူး၊ သူ အမဲမရတာ မနက်က တွေ့ခဲ့တဲ့ ရဟန်းတော်ကြောင့်လို့ သူ့စိတ်ထဲမှာ မှတ်ယူလိုက်တယ်”

“နောက်တစ်နေ့ကျတော့လည်း ကောကခွေးမုဆိုး တောလိုက်သွားတော့ မနေ့က တွေ့ခဲ့တဲ့ နေရာမှာပဲ ဆွမ်းခံကြွလာတဲ့ ရဟန်းတော်နဲ့ ထပ်ပြီး ဆုံပြန်တယ်၊ အဲဒီအခါ ကောကခွေးမုဆိုးက ရဟန်းတော်ကို ‘ဟဲ့ သူယုတ်မာ နင့်ကြောင့် မနေ့က ငါ အမဲမရတာ’ ဆိုပြီး သူ့ရဲ့ အမဲလိုက်ခွေးတွေနဲ့ ရှူးတိုက်တယ်”

“ဟာ ကောကခွေးမုဆိုးက ချစ်ဖေကြီးလို ဖြစ်နေပါလား”

“နောက်တော့ ရဟန်းတော် ဘာဖြစ်သွားလဲ ဘကြီး”

“ကောကမုဆိုးက သူ့ခွေးတွေနဲ့ ရှူးတိုက်တော့ ရဟန်းတော်လည်း ကြောက်ကြောက်လန့်လန့်နဲ့ သစ်ပင်ပေါ် တက်ပြေးရတာပေါ့ကွယ်၊ ရဟန်းတော်ကိုကြည့်ပြီး ကောကမုဆိုးက ရယ်မော လှောင်ပြောင်ပြီး ခြေထောက်ကို မြားတံနဲ့ ထိုးဆွတယ်ကွယ့်၊ ရဟန်းတော်က တောင်းပန်ပေမယ့် ကောကမုဆိုးက မရပ်ဘူးတဲ့။ ခြေထောက်ကို မြားစူးနဲ့ထိုး၊ ခွေးတွေက ဆွဲနဲ့ ရဟန်းတော်ရဲ့ သင်္ကန်းဟာ ကောကမုဆိုးအပေါ် ပြုတ်ကျပြီး အုပ်မိရက်သား ဖြစ်သွားတယ်။ အဲဒီမှာပဲ ကောကမုဆိုးလည်း

www.burmeseclassic.com

www.burmeseclassic.com



ကံကြီးထိုက်တော့တာပဲ။ သက်န်းအုပ်မိနေတဲ့ ကောကမုဆိုးကို သူ့ခွေးတွေက ရဟန်းတော်အမှတ်နဲ့ ဝိုင်းပြီး ကိုက်ကြ၊ အသားတွေကို စားလိုက်ကြတာ အရိုးပဲ ကျန်တော့တယ်၊ ရဟန်းတော်ကို ပြစ်မှားတဲ့ ကံပေါ့ကွယ်”

“ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဆိုတာ အနန္တော အနန္တ ဂိုဏ်းဝင်ဆိုတော့ ကောကမုဆိုးလို ချစ်ဖေလည်း ခံရမယ် ထင်တယ်”

“အေးလေ ကောကမုဆိုးကတော့ ရဟန်းတော်အပေါ် အတွေးမှား၊ အမြင်မှား၊ အထင်မှားလို့ အသေဆိုးနဲ့ သေခဲ့ရပြီ။ မောင်ချစ်ဖေလည်း အဲဒီလို အဖြစ်ဆိုးနဲ့ မသေပါစေနဲ့လို့ ဆုတောင်းကြရမှာပေါ့ကွယ်”

“ဒီလိုကောင်မျိုး သေလည်း အေးတာပါပဲဗျာ”

“မဟုတ်ဘူးလား ဘကြီး”

မောင်ချစ်ဖေသည် ရုပ်ရည်ကလေး သနားကမားနှင့် ရှိသော်လည်း မိုက်မဲယုတ်မာသူအဖြစ် တစ်ရွာလုံး၏ ချဉ်ဖတ်ကြီး ဖြစ်နေသည်။ ကိုယ့်မျက်ချေးကိုယ် မမြင်သော မောင်ချစ်ဖေက သူ့အပြစ်ကို သူ မသိ။ မိခင်ကြီးကြောင့်သာ တစ်ရွာလုံးက သူ့ကို မုန်းနေကြသည်ဟု တွေးထင်နေသည်။ သို့အတွက် မောင်ချစ်ဖေကား မိခင်ကြီးအပေါ် ရန်သူကြီးသဖွယ် ဆက်ဆံ၍ အကြောင်းမရှိအကြောင်းရှာကာ ရန်မူနေတော့သည်။

ကြည်လှမောင်စာပေ



၁၉၅၁ – ခုနှစ်၊ မေလ (၂၅) ရက် (၁၃၁၃ – ခုနှစ်၊ ကဆုန်လဆုတ် ၅– ရက်) သောကြာနေ့။

ထိုနေ့ကား ဒေါ်သာလိ၏ မွေးနေ့ဖြစ်သည်။ မိမိ၏ မွေးနေ့တိုင်း ဆွမ်းဘောဇဉ်ခဲဖွယ် ပန်းရေချမ်း၊ ဆီမီးနံ့သာတို့ဖြင့် အရုဏ်မတက်မီ အချိန်တွင် ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်း၍ ဆက်ကပ်လှူဒါန်းလျက် ရှိသည်။

ဒေါ်သာလိ၏ အစိန္တေယျ အစရှိသော ဘုရားရှိခိုးသံနှင့် ကြေးစည်သံကလေးက အထက်ကို ဘဝဂ်၊ အောက်ကို အဝီစိတိုင်အောင် ပျံ့လွင့်ရောက်ရှိနေဟန် ရှိသည်။ ထို့အတူ ဒေါ်သာလိ မေတ္တာပို့ အမျှပေးဝေသံကား ကြားကြားသမျှ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးက သာဓုခေါ်ဆိုနေကြမည်မှာ ဧကန်ပင် ဖြစ်သည်။

ထိုထိုသော (၃၁) ဘုံသား ဝေနေယျ သတ္တဝါအများတွင်ကား မောင်ချစ်ဖေမပါ။ မောင်ချစ်ဖေကား မိခင်ကြီး၏ ဘုရားရှိခိုးသံ ကြားသည်နှင့် စောင်ကို ခေါင်းမြီးခြုံကာ ဘယ်တိမ်း ညာယိမ်း လူးလိမ့်နေသည်။ သူ့နားဝကို မီးစနှင့် ထိုးသည့်နှယ် ခံစားနေရသည်။ ကြိတ်မနိုင် ခဲမရ ဒေါသဖြစ်နေမိသည်။

“သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ၊

ဒေါသကင်းကွာ စိတ်ချမ်းသာကြပါစေ၊

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခကင်းကွာ ကိုယ်ချမ်းသာကြပါစေ၊
ချမ်းသာခြင်းရှိ၍ မိမိကိုယ်ကို အသက်ရှည်အောင်
ဆောင်ရွက်နိုင်ပါစေ”

ဒေါ်သာလိ၏ တည်ငြိမ်အေးချမ်းလှသည့် မေတ္တာပို့ အမျှပေးဝေသံသည် ကြားရသူတို့အဖို့ ကြည်နူးအေးမြစေသည်။ ထို့နောက် နံနက်ခင်း အရုဏ်ဦး ကြေးစည်သံကလေးက အထက်ကို ဘဝဂ်၊ အောက်ကို အဝီစိတိုင်အောင် ထိုးဖောက်ရောက်ရှိသွားစေခဲ့သည်။

“တူ ... ဝေ ... ဝေ ... ဝေ” “တူ ... ဝေ ... ဝေ ... ဝေ”

“ဝုန်း”

“အမယ်လေးတော့”

ကြေးစည်သံ မဆုံးမီမှာပင် မောင်ချစ်ဖေတစ်ယောက် ဘီလူးသဘက် စီးသကဲ့သို့ဖြစ်ကာ မိခင်ကြီး၏ နောက်ကျောပြင်ကို ဆောင့်ကန်လိုက်သည်။ မောင်ချစ်ဖေ၏ ပြင်းထန်လှသည့် ကန်ချက်ကြောင့် မိခင်ကြီး၏ ခန္ဓာကိုယ်တစ်ခုလုံး ကြမ်းပြင်ပေါ်သို့ လဲပြိုကျသွားသည်။

“သားလူလေး ဖိုးချစ် မှားမယ်”

“ခင်ဗျားကို ဘုရားရှိမခိုးပါနဲ့လို့ ခဏခဏ ပြောနေတာ မရဘူး၊ ကျုပ်ကို စီးပွားပျက်အောင် ခင်ဗျား တမင်သက်သက် ဆက်လုပ်နေကာ အလကားနွားမကြီး”





မောင်ချစ်ဖေကား မိခင်ကို မိခင်မှန်းပင် မသိတော့ပြီ။ မင်္ဂလာနံနက်ခင်း၏ အရုဏ်ဦး ကျက်သရေကို ငှက်ဆိုးထိုးသံက ဖျက်ဆီးခဲ့လေပြီ။ မိုက်မဲ တွေဝေသူ ငမိုက်သား မောင်ချစ်ဖေကား မိခင်ကြီးကို တစ်ချက်ပြီး တစ်ချက် လိမ့်၍ကန်သည်။

ကြောက်အားလန့်အားနှင့် ကုန်းထလာသည့် မိခင်ကြီးကို လက်ကြမ်းကြီးများနှင့် တွန်းလှဲကိုင်ပေါက်သည်။

ထိုစဉ် ဒေါ်သာလိ၏ ပါးစပ်မှ ထွက်ကျ လွင့်စင်သွားသည့် သွေးတစ်စက်ကား ဗုဒ္ဓဆင်းတုတော်၏ မျက်နှာတော်တွင် စွန်းထင်သွားသည်။ ဒေါ်သာလိမှာ သားဖြစ်သူ၏ ရိုက်နှက်ကန်ကြောက်မှုကြောင့် အားအင်ချိနဲ့နေရာမှ ရုတ်တရက် အားအင်များ ပြန်လည် ပြည့်ဖြိုးလာသည်။ တစ်စုံတစ်ယောက်က ဝင်ရောက်ပူးကပ် အကူအညီ ပေးလိုက်သည့်နှယ် ဖြစ်သည်။

ထိုအခါ ဒေါ်သာလိသည် သားဖြစ်သူ မောင်ချစ်ဖေအား တွန်းဖယ်၍ ထွက်ပြေးသည်။ တွန်းဖယ်ခံလိုက်ရသည့် မောင်ချစ်ဖေကား မိခင်ကြီးအပေါ် ပို၍ ဒေါသ ဖြစ်စေခဲ့သည်။ သို့အတွက် မောင်ချစ်ဖေသည် ဝါးထရံတွင် ထိုးထားသည့် ငှက်ကြီးတောင်ဓားကို ဆွဲကာ မိခင်ကြီးနောက်သို့ လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သာလိမှာ တာဝေးအပြေးသမားတစ်ဦးနှယ် ရွာလယ်လမ်းမကြီးအတိုင်း လျင်မြန်သွက်လက်စွာ ကြောက်လန့်တကြီး ပြေးလွှားနေသည်။ မောင်ချစ်ဖေက နောက်က လိုက်သည်။

"ခင်ဗျားကြီးတော့လား၊ မိရင် သေပြီသာမှတ်"

မောင်ချစ်ဖေ၏ အော်ဟစ်ဆဲဆိုသံတို့ကြောင့် တစ်ရွာလုံးလိုလို ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဒေါ်သာလိကမူ ရွာလယ်လမ်းမကြီးမှတစ်ဆင့် ရွာထိပ်လယ်ကွင်းများဆီသို့ ပြေးရပြန်သည်။ မိုးဦးကျရာသီဖြစ်၍ လယ်မြေများကား မဖန့်တစ်ဖန့် ဖြစ်နေသည်။

အချို့လယ်မြေများတွင် ထယ်ထိုးပြီး ဖြစ်သဖြင့် ဆယ်စာခဲများဖြင့် ကြမ်းတမ်းလှသည်။ အချို့လယ်ကွက်များကမူ ပက်ကြားအက်များပင် မစေ့သေးပေ။ အသက်ကို လု၍ ပြေးရသော ဒေါ်သာလိအဖို့ ဘာကိုမျှ မမှုနိုင်တော့။ သားရန်မှ လွတ်အောင် မနည်းပြေးနေရသည်။

သားဖြစ်သူ မောင်ချစ်ဖေကမူ ဒေါသမာန်အပြည့်နှင့် အငြိုးကြီးစွာ ထပ်ချပ်မကွာ အပြေးလိုက်ပါခဲ့သည်။ သို့တိုင် မောင်ချစ်ဖေကား မိခင်ကြီးကို ဖိုက်၍ မမီသည်မှာ ထူးဆန်းလှသည်။

သားအမိနှစ်ဦး ရှေ့ကပြေး နောက်ကလိုက်နှင့် ကျိုက်ပိရွာနှင့် အနည်းငယ် ကွာဝေးလှသည့် ညောင်ပင်ကြီး အနီးသို့





ရောက်ရှိလာသည်။ ဒေါ်သာလိသည် ညောင်ပင်ကြီးအောက် ရောက်ရှိသည်နှင့် ညောင်ပင်ကြီးအား ကျောမှီ၍ သားဖြစ်သူ မောင်ချစ်ဖေအား လှမ်းကြည့်လိုက်သည်။

"ဩော်... ငါ့သားလေး မောနေရှာပါပေါ့လား၊ အမေဆို့နေပါမယ်၊ ငါ့ကို သတ်လိုက သတ်ပါစေတော့"

ဒေါ်သာလိသည် ရင်မှဖြစ်သော သားအပေါ် ချစ်ခြင်းမေတ္တာတရားကြီးမားစွာဖြင့် သေဘေးကိုပင် မကြောင့်ကြတော့ဘဲ သားဖြစ်သူ မောင်ချစ်ဖေ မမောမပန်းစေရန်အတွက် သူ့အသက်ကို စတေးခံရန် အသင့်စောင့်မျှော်နေလိုက်သည်။

မောင်ချစ်ဖေလည်း မိခင်ကြီးအား သတ်ရန် အပြေးလိုက်ရင်း ညောင်ပင်ကြီးနှင့် ဝါးသုံးလေးပြန်ခန့်အကွာသို့ အရောက်တွင် ငလျင်တော်လဲသံကြီးကဲ့သို့ အသံဆိုးကြီးကို သားအမိ နှစ်ဦးစလုံး ကြားလိုက်ကြရသည်။

ယင်းအသံဆိုးကြီးနှင့်အတူ မောင်ချစ်ဖေ၏ ခြေထောက်များလည်း ဆက်လက် လှုပ်ရှား၍ မရတော့။ မောင်ချစ်ဖေ၏ ခြေထောက်မှာ ကော်နှင့် ကပ်ထားသကဲ့သို့ မြေကြီးနှင့် ကပ်နေတော့သည်။ သို့တိုင်အောင် မောင်ချစ်ဖေက မိခင်ကြီးအား ကြည့်၍ ဆဲဆိုကြိမ်းမောင်းလျက်ရှိသည်။ ဓားတဝင့်ဝင့်နှင့်ချိန်ရွယ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အစပိုင်းတွင် မောင်ချစ်ဖေသည် သူ့ခြေထောက်အား မြေကြီးမှ ကွာစေရန် ဆောင့်ကန်ရုန်းထွက်သေး၏။ အကြိမ်ကြိမ် အဖန်ဖန် ဆောင့်ကန် ဆွဲထုတ်၏။ ထိုအခါ မိခင်ကြီး ဒေါ်သာလိကား သားထံသို့ အပြေးအရောက်သွားရန် ဟန်ပြင်လိုက်သည်။ မိခင်ကြီးလည်း မောင်ချစ်ဖေ အနီးသို့ တိုးကပ်မသွားနိုင်တော့။

မောင်ချစ်ဖေ၏ အနီးပတ်ဝန်းကျင် ပေသုံးလေးဆယ်ခန့်တွင်ကား မီးပင်လယ်ကြီးကဲ့သို့ ပူနေတော့သည်။ ခလုတ်ထိမှ အမိတတတ်သော မောင်ချစ်ဖေလည်း ကယ်ပါယူပါ တစာစာနှင့် အော်ဟစ်နေရသည်။

မောင်ချစ်ဖေ၏ မိုက်မဲယုတ်မာမှုကို မကျေနပ်၍ ဝိုင်းဝန်း ဆုံးမရန် ရောက်ရှိလာကြသည့် ရွာသူရွာသားများလည်း မောင်ချစ်ဖေတို့ သားအမိရှိရာသို့ ရောက်ရှိလာကြသည်။ သို့ဘိုင် မောင်ချစ်ဖေ ခံစားနေရသည့် အဖြစ်အပျက်ကို ကြည့်၍ ရွာသူရွာသားများလည်း သနားသွားကြသည်။ သို့အတွက် မောင်ချစ်ဖေအား ဖြစ်နိုင်သည့် နည်းလမ်းအမျိုးမျိုးနှင့် ကယ်တင်ရန် ကြိုးစားကြသည်။

မောင်ချစ်ဖေအား မည်သည့်နည်းလမ်းနှင့်မျှ ကယ်တင်၍ မရသည့်အခါ အားလုံး လက်လျှော့လိုက်ကြရသည်။

ကြည်လှမောင်တာပေ



မောင်ချစ်ဖေ၏ အနီးပတ်ဝန်းကျင် တစ်ဝိုက်မှ မြေရာတစ်ခုလုံးမှာ အခိုးအလျှံများ ထွက်ကာ ပူနေ၏။ မောင်ချစ်ဖေ အနီးအပါးသို့ မည်သူမျှ မကပ်နိုင်။ မိခင်ကြီး အပါအဝင် ရွာသူရွာသား အားလုံး အဝေးတစ်နေရာမှပင် ရပ်၍ ကြည့်နေရတော့သည်။ ထိုစဉ် မောင်ချစ်ဖေ၏ ခြေအစုံသည် မြေကြီးအတွင်းသို့ နစ်ဝင်သွားသည်။

ထိုအခါမှ မိခင်ကြီး အပါအဝင် ရွာသူရွာသားများအားလုံး မောင်ချစ်ဖေ မြေမျိုခံနေရကြောင်း ရိပ်စားမိလိုက်ကြသည်။

"သားလူလေး ဖိုးချစ် သားကို အမေ ခွင့်လွှတ်ပါတယ် သားရယ်"

"ဟေး.. ချစ်ဖေ၊ မင်းအမေကို ရှိခိုးကန်တော့ တောင်းပန်လိုက်၊ တောင်းပန်လိုက်"

မိခင်ကြီးမှာ သားကို ခွင့်လွှတ်နိုင်သော်လည်း ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်သော ချက်ချင်းလက်ငင်း အကျိုးပေးသည့် အကုသိုလ်ကံကြီးသည် မောင်ချစ်ဖေကို လက်တွေ့ခံစားစေခဲ့သည်။ အကုသိုလ်ကံ အကျိုးပေးစေခဲ့သည်။ သို့အတွက် မောင်ချစ်ဖေမှာ ကြီးစွာသော ဝေဒနာကို ခံစားနေရသဖြင့် မိခင်ကြီးနှင့် ပရိသတ်များ ပြောဆိုနေသည့် အသံကိုပင် ကြားနိုင်စွမ်း မရှိတော့။

ကြည်လှမောင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှုးရှုပူလောင် ပြင်းပြသည့် ဝေဒနာကိုသာ ခံစားနေရသည်။

မေလ ၂၅ – ရက်၊ နံနက် ၇ – နာရီခန့်မှ စတင်၍ မောင်ချစ်ဖေ မြေမျိုခံနေရသည်။ ထိုနေ့တစ်နေ့တည်း အတွင်း မောင်ချစ်ဖေ၏ ခန္ဓာကိုယ်တစ်ခုလုံး မြေမျိုခံရသည် မဟုတ်ပေ။

သို့အတွက် ကျိုက်ပိကျေးရွာအနီးရှိ ရွာနီးချုပ်စပ် ကျေးရွာအသီးသီးမှ ပရိသတ်များ လာရောက် ကြည့်ရှုကြသည်။ သံဝေဂယူကြသည်။ မြေမျိုခံရသည်ကို တစ်ကြိမ်တစ်ခါမျှ မမြင်ဘူး၍ လာရောက်ကြည့်ရှုကြသည့် ပရိသတ်ကြီးမှာလည်း လွှန်ဖွားများပြားလျက် ရှိသည်။

ညဘက်တွင် မောင်ချစ်ဖေအား မီးအိမ်မီးခွက် မီးတိုင်များ ထွန်းကာ စောင့်ကြပ်ကြည့်ရှုနေကြရသည်။ မိခင်ကြီးကိုမူ ရွာသို့ ပြန်ပို့၍ ထားရသည်။

မောင်ချစ်ဖေမှာ မေလ ၂၈ – ရက်၊ အင်္ဂါနေ့တွင် ဒူးဆစ်အထိလည်းကောင်း၊ မေလ ၃၁ – ရက်၊ ကြာသပတေးနေ့တွင် ခါးလယ်အထိလည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် မြေကြီးအတွင်းသို့ မြုပ်ဝင်သွားသည်။

ဇွန်လ ၂ – ရက်နေ့၊ စနေနေ့ နံနက် ၈ – နာရီခန့်တွင်မူ မောင်ချစ်ဖေ၏ ကစ်ကိုယ်လုံးမှာ အသက်ရှင်လျက်





နှင့်ပင် မြေကြီးအတွင်းသို့ မြုပ်ဝင်ကာ အရှင်လတ်လတ် မြေမျိုခံခဲ့ရလေတော့သည်။

**ဝန်ခံချက်**

မြန်မာသက္ကရာဇ် (၁၃၁၃) ခုနှစ်၊ နယုန်လဆန်း (၂) ရက် (၆ – ၆ – ၅၁) ဗုဒ္ဓဟူးနေ့ထုတ် မြန်မာ့အလင်း သတင်းစာပါ 'မိခင်ကိုသတ်ရန် ဓားနှင့်လိုက်သူမြေမျိုခြင်း' သတင်းနှင့် ဘလေးကျော်၏ ပြောပြချက်တို့ကို ခံစားရေးသားပါသည်။

● ● ● ● ●



www.burmeseclassic.com

www.burmeseclassic.com







## အမေကိုပါးရိုက်၍မြေမျိုခံရသူမရင်ရွှေ

ယစ်ကန်ကြီးရွာသည် ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်အတွင်း၌ တည်ရှိသည်။ ရွာသူရွာသားအများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်။ အထူးသဖြင့် ယစ်ကန်ကြီး ရွာသူရွာသားများမှာ အလွန်ရိုးသား၍ ကြိုးစားသူများ ဖြစ်ကြသည်။ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာနှင့် ရိုင်းပင်းကူညီကြသူများ ဖြစ်သည်။

ဒုတိယကမ္ဘာစစ် မဖြစ်မီ အချိန်က ယစ်ကန်ကြီးရွာကို သူကြီးအုပ်ချုပ်သည်။ အင်္ဂလိပ်နယ်ချဲ့သမား၏ ဂုတ်သွေးစုတ်မှုနှင့် ဖက်ဆစ်ဂျပန်များ၏ ရက်စက်မှုကို ယစ်ကန်ကြီး ရွာသူရွာသားအချို့ အနည်းနှင့်အများ ခံစားခဲ့ရသည်။ သို့အတွက် ရွာသူရွာသား အများစုသည် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ခဲ့ကြသည်။ စောင့်ရှောက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ယစ်ကန်ကြီးရွာမှ လယ်သမားကြီး ဦးသန်းမောင်နှင့် ဒေါ်ကြင်ဥတို့မှာ ထူးခြားသည့် အဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ရသည်ဖြစ်၍ ရွာသူရွာသားများ အားလုံး သနားကြင်နာမှု ခံခဲ့ရသည့် မိသားစု ဖြစ်ခဲ့သည်။ ရွာလယ်ပိုင်းမှ ဦးသန်းမောင်နှင့် ဒေါ်ကြင်ဥတို့ မိသားစုတွင် မရင်ရွှေဟု ခေါ်သည့် သမီးတစ်ယောက် ရှိသည်။

မရင်ရွှေမှာ အသက် ဆယ့်လေးငါးနှစ်ခန့် အရွယ် အပျိုဖြန်းမလေး ဖြစ်သည်။ အသားဖြူဖြူ အရုပ်ထောင်ထောင် မောင်းမောင်းနှင့် ရွက်ကြမ်းရေကျို ရုပ်ရည်ရှိသည်။ မလှသော်လည်း ချစ်စရာကောင်းသည့် တောသူမလေး ဖြစ်သည်။ စတုတ္ထတန်းကျောင်းသူ ဖြစ်၍ မရင်ရွှေမှာ စာရေးတတ် ဖတ်တတ်သည်။ အတန်အသင့် ဉာဏ်ကောင်းသူလေးဖြစ်သည်။ သို့သော် မရင်ရွှေသည် အမိအဖ ကျေးဇူးကို မသိတတ်။ အခြားအိမ်နီးနားချင်းများအပေါ် အနစ်နာခံ ပေါင်းသော်လည်း အမိအဖများအပေါ် စကားပြောဆို ဆက်ဆံရာတွင် ရိုင်းပြလွန်းသူလေး ဖြစ်သည်။

ငယ်ရွယ်သူဖြစ်၍ အမိအဖတို့၏ လုပ်ငန်းများကို ကူညီလုပ်ကိုင်ရကောင်းမှန်း မသိ။ ကျောင်းမှ ပြန်လာလျှင် လွယ်အိတ်ဘေးချ၍ မိခင်ကြီး ချက်ထားသည့် ထမင်းဟင်းကို ရှုးမပ်





စားသည်။ ဟင်းမကောင်းလျှင် မအေအား ရန်လုပ်တတ်သေး၏။ ဆဲဆိုတတ်၏။

"အမေတို့များ သူ့လင်ကြီးအတွက် သိတတ်လိုက်တာ၊ ကြည့်စမ်း ဒီမှာ ဟင်းတွေရှိရဲ့သားနဲ့ မရှိဘူးတဲ့"

ဒေါ်ကြင်ဥက သူ့ခင်ပွန်း လယ်ထဲမှ ပြန်လာလျှင် စားရန် ခွဲဖယ်၍ ချန်ထားသည့် ဟင်းများကို သမီးဖြစ်သူ မရင်ရွှေက ရှာဖွေ စားသောက်ပြီး ခပ်ငေါ့ငေါ့ စကားနာထိုးသေး၏။ သမီးအကြောင်းသိ၍ ဒေါ်ကြင်ဥက မည်သို့ပင် ခွဲဖယ်ထား၍မရ။ ဖအေ့အတွက်ကို သမီးလုပ်သူက စားပစ်လိုက်သည် ချည်းသာဖြစ်သည်။

မရင်ရွှေကလေးကား အစားအသောက် မက်မောသကဲ့သို့ အလှအပကိုလည်း လွန်စွာ မက်မောသူကလေးဖြစ်သည်။ အကျည်းတန်၍ မှန်ကြိုက်သူဟု ဆိုရလောက်အောင်ပင် အချိန်ရှိသမျှ မှန်ရှေ့က မခွာ။ မြီးကောင်ပေါက်စမို့ လိုသည်ထက် ပို၍ လှချင်နေဟန်ရှိသည်။ ညနေရေချိုးသွားလျှင် သနပ်ခါး ခြေအဆုံးခေါင်းအဆုံး လိမ်းပြီးမှ သွားလေ့ရှိသည်။

သို့သော် မရင်ရွှေက မျက်နှာသနပ်ခါးနဲ့ ပေါင်မှာ သေးကြောင်းနဲ့ဆိုသည့် မိန်းကလေးမျိုးဖြစ်သည်။ ထဘီကို ကွင်းလုံးချွတ် ချွတ်ပုံ၍ အင်္ကျီကို တွေ့ကရာနေရာတွင် ပစ်ထားတတ်သူ ဖြစ်သည်။ အိပ်ရာမှ ထလျှင်လည်း ကိုယ့်အိပ်ရာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မခေါက်။ သည်အတိုင်း ပစ်ထားလိုက်သည်။ မိခင်ကြီးကပင် မရင်ရွှေ၏ ထဘီအင်္ကျီများကို သိမ်းပေးရ၊ လျှော်ဖွတ်ပေးရသည်။ ဖအေကြီးက အိပ်ရာ သိမ်းပေးရသည်။ မရင်ရွှေမှာ သမီးဦးဖြစ်၍ ဦးသန်းမောင်နှင့် ဒေါ်ကြင်ဥတို့က အလွန်ချစ်ကြသည်။ အလိုလိုက်ကြသည်။ မရင်ရွှေအား ခက်ခက်ခဲခဲ အသက်လု၍ မွေးဖွားခဲ့သည့် သမီးဖြစ်၍ ရွှေလိုဥထားသည့် သမီးဖြစ်၍ အမိရင်မှဖြစ်သော ရွှေပမာ ရင်ရွှေဟု ချစ်စနိုး မှည့်ခေါ်ခဲ့ခြင်း ဖြစ်သည်။ မရင်ရွှေမှာ မိဘနှစ်ဦးစလုံး အလိုလိုက်၍ အထူးချစ်ခင်ကြသဖြင့် အကန်းတက်ကာ အလိုလိုက် အမိုက်စော်ကားသူလေးသာ ဖြစ်ခဲ့သည်။

ဒေါ်ကြင်ဥမှာ အသက်လေးဆယ်ကျော်မှ ကိုယ်ဝန် ရှိလာပြန်သည်။ သို့အတွက် ကိုယ်ဝန်အရင့်အမာ ရှိလာသည့်အခါ အချို့ မီးဖိုချောင်ကိစ္စများကို သမီးကြီးဖြစ်သူ မရင်ရွှေအား တောက်တိုမယ်ရ ခိုင်းစေရသည်။ မိခင်ကြီး ခိုင်းသည် ကို မရင်ရွှေက မလုပ်ချင်။ လုပ်ပေးပြန်လျှင်လည်း ကျေကျေနပ်နပ် မဟုတ်။ နှုတ်လှန်ထိုးပြီးမှသာ လုပ်ပေးလေ့ရှိသည်။ ဒေါ်ကြင်ဥလည်း အလေးအပင်များမှအပ သူလုပ်နိုင်သည့် ကိစ္စများကို သမီးအား မခိုင်းချင်၍ ကိုယ်တိုင် ထလုပ်သည်က များသည်။





သို့သော် ဒေါ်ကြင်ဥ မီးဖွားသည့်အခါတွင်မူ မီးဖိုချောင်ကိစ္စ အဝဝတို့ကား မရင်ရွှေတစ်ယောက်တည်းသာ သိမ်းကျုံးလုပ်ရတော့သည်။ မရင်ရွှေလေးမှာ အလုပ်လုပ်ရလေ ဒေါသပိုဖြစ်လေလေ ဖြစ်နေသည်။ အရာရာကို မကျေမနပ် ဖြစ်နေလေလေ ဖြစ်သည်။ ကျောင်းမတက်ရဘဲ ကျောင်းပျက်နေသဖြင့် စိတ်ညစ်နေသည်။

၁၉၄၀ – ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃၀၂ – ခုနှစ်၊ တပို့တွဲလ) နေ့တစ်နေ့တွင် ဒေါ်ကြင်ဥမှာ သားငယ်လေးကို မွေးပြီး သုံးရက်ခန့်သာ ရှိသေး၍ မီးတွင်းမှ မထွက်ရသေးပေ။ ဦးသန်းမောင်ကလည်း ကျန်းမာရေး မကောင်း။ ကိုယ်လက်များ နာကျင်ကိုက်ခဲ၍ ဖျားနေသည်။ သို့တိုင် မိသားစု စားဝတ်နေရေးအတွက် ဖျားနေသည့်ကြားက ဦးသန်းမောင်က လယ်တဲသို့ ဆင်း၍ အလုပ်လုပ်နေသည်။

ညနေစာအတွက် ဒေါ်ကြင်ဥက သမီးဖြစ်သူအား ထမင်းချက်ခိုင်းသည်။ ထို့အတူ ဦးသန်းမောင် ဖျားနေသဖြင့် ဆန်ပြုတ်ပါ ပြုတ်ပေးရန် သမီးအား ခိုင်းရသည်။

“သမီးရေ ထမင်းအိုးလေး တယ်ပြီးရင် ညည်းအဖေ သောက်ဖို့ ဆန်ပြုတ်အိုးကလေးပါ ဆက်တည်လိုက်ပါနော်၊ ညည်းအဖေက ထမင်းမစားချင်ဘူ တဲ့ မှာသွားတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြင်ဥက မီးနေခန်းအတွင်းမှ ကလေးသိပ်ရင်း သမီးဖြစ်သူအား လှမ်း၍ ပြောလိုက်သည်။ ဒေါ်ကြင်ဥစကားကို ကြားသည်နှင့် သမီးဖြစ်သူက ဆေးလက်ဘ ဆန်အိုးကို ပစ်ချလိုက်သည်။ ထို့နောက် ...

"တော်တို့အလုပ်ချည်းပဲ၊ ကိုယ့်လင် 'နေမကောင်းတာ ပြုစုချင်ရင် ကိုယ့်ဟာကိုယ် ထလုပ်ပါလား။ ကျုပ်က ဖအေကို အငှားလင်လုပ်ပြီး ပြုစုနေရဦးမလား"

မရင်ရွှေသည် မကြားဝံ့ မနာသာစကားဆိုးဖြင့် မိခင်ကြီးအား ရန်လုပ်၍ ဆောင့်အောင့်နေသည်။ ဒေါ်ကြင်ဥလည်း သမီး၏ မကြားဝံ့မနာသာ စကားကို ကြားရ၍ ဒေါသဖြစ် ကာ မီးနေခန်းအတွင်းမှ မရင်ရွှေအနီးသို့ ရုတ်တရက် ထသွားသည်။

"ဟဲ့ ... ရင်ရွှေ နင်ဘယ်လိုစကားမျိုး ပြောတာလဲ၊ မအေလည်း စော်ကား၊ ဖအေလည်း ပြစ်မှားနဲ့၊ ညည်းလို မိန်းမမျိုး မွေးထားရတာ ဝမ်းနာလိုက်တာ ရင်ရွှေရယ်"

"အမယ် တော်တို့ဘာသာ မနေနိုင်လို့ ကမြင်းပြီး မွေးတာ၊ ဟဲ့ .. ရင်ရွှေ ငါ့သမီး ဖြစ်ဟဲ့လို့ ဆုတောင်းပြီး မွေးခဲ့ကြလို့လား ပြောပါဦး"

"တော်တော့ ရင်ရွှေ၊ ညည်းလုပ်ချင်မှလုပ်၊ ညည်း စကားတွေက လွန်လာပြီ"





"လွန်တော့ ဘာဖြစ်လဲမှန်တာပြောလို့ တော်က နာနေတာလား"

"ညည်း ငါ့ကို ပြန်မပြောနဲ့ တယ် .. ငါလုပ်လိုက်ရ"

"လုပ်ရဲလုပ်ကြည့်လေ၊ ကျုပ်လည်း လက်ပါတာပဲ"

ဒေါ်ကြင်ဥ မရိုက်မီ မရင်ရွှေက မအေ၏ ပါးကို ဖြန်းခနဲနေအောင် ရိုက်ချလိုက်သည်။ မရင်ရွှေ၏ ရိုက်ချက်ကြောင့် ဒေါ်ကြင်ဥမှာ နောက်သို့လန်ကာ လဲကျသွားသည်။ မိခင်ဖြစ်သူ၏ ပါးပြင်ဝယ် သမီး၏ လက်ဝါးရာက ထင်ရှားစွာ ထင်ကျန်သွားသည်။

"ရင်ရွှေ ညည်းငါ့ကို ရိုက်တယ်"

ဒေါ်ကြင်ဥခမျာ အမှတ်မထင် သမီး၏ ရိုက်ခြင်းကို ခံလိုက်ရသဖြင့် အံ့သြသွားသည်။ ဝမ်းနည်းကြီးစွာဖြင့်ပင် ငိုချလိုက်မိသည်။

"အရပ်ကတို့ရေ ကြည့်နေကြတော့မှာလားတော့၊ မအေကို သမီးက ပါးရိုက်တယ်တဲ့တော့၊ အဟီး ... ကြားလို့ ကောင်းကြသေးရဲ့လား"

ဒေါ်ကြင်ဥလည်း ရှိုက်ကြီးတငင် အော်ဟစ် ငိုကြွေးတော့သည်။ ထိုအခါ သမီးဖြစ်သူ မရင်ရွှေမှာ အိမ်ထဲမှ ထွက်ပြေးသွားသည်။ ရွာထိပ်မှ တစ်ဦးတစ်ယောက်က ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ မရင်ရွှေ ကြားကာ အသံလာရာဘက်ဆီသို့ အပြေးသွားသည့်နယ် ဖြစ်သည်။

မရင်ရွှေသည် အိမ်ကြိုအိမ်ကြား၊ လမ်းကြိုလမ်းကြားများမှ ဖြတ်၍ ပြေးသွားခြင်း ဖြစ်သည်။ ထိုအတူ ဆုတောင်းပြည့်ဘုရားဝင်းအတွင်းမှ ခုန်ပျံကျော်လွှား ဖြတ်ပြေးသွားခဲ့သေးသည်။

"ဟဲ့ .. ရင်ရွှေ ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ဖြစ် တော်တို့အပူမရှိဘူး"

မရင်ရွှေ ပြေးလာသည်ကို တွေ့၍ ရွာသူရွာသားများက မေးလျှင် ပြေးလွှားရင်း ရန်လုပ်သွားသေးသည်။ အကြောင်းရင်းကို မသိသဖြင့် တွေ့မြင်သူများကလည်း ဘာသိဘာသာ နေလိုက်ကြသည်။ ကောက်ရိတ်စ ရာသီဖြစ်၍ အချို့လယ်ကွက်များမှာ မရိတ်ရသေး။ အချို့လယ်ကွက်များမှာ ရိတ်လက်စ၊ ရိတ်ပြီးစမျှသာ ရှိသေးသည်။

မရင်ရွှေသည် လယ်ကွက် လေးငါးကွက်ကို ဖြတ်ကျော်ပြေးလွှားပြီးနောက် ရေကန်ကြီးအနီးသို့ ရောက်ရှိသည်။ ရေကန်ကြီးသို့ မရောက်မီ လယ်တစ်ကွက်အလိုတွင် မရင်ရွှေ ခလုတ်တိုက်၍ လဲကျသွားသည်။ အရှိန်နှင့် ပြေးလာသဖြင့် မရင်ရွှေ လဲကျသည်က မသက်သာလှ။ လေးဘက်ထောက်လျက်သား ဖြစ်သည်။





ထိုအချိန်မှ စ၍ မရင်ရွှေ ထမရတော့။ ရေကန်ကြီးဘက်သို့ မျက်နှာမူကာ လက်နှစ်ဘက်ထောက်လျက် ကုန်းကုန်းကြီး ဖြစ်နေသည်။ ရွာထဲမှ ကောက်ရိတ်ပြန်လာသူများက မရင်ရွှေအား မြင်၍ လှမ်းမေးသည်။

"ဟဲ့ ... ရင်ရွှေ ရိုးပြတ်တောထဲမှာ နင့် ဘာလုပ်နေတာလဲ"

"ဘာလုပ်လုပ် တော်တို့နဲ့ ဘာဆိုင်လို့တုန်း၊ သွားကြ ကျုပ်အနား မလာနဲ့"

ကောက်ရိတ်သမားများလည်း မရင်ရွှေ အပေါ့အပါး သွားနေစဉ် သူတို့ ရောက်လာ၍ ရက်ကိုးရက်ကန်းနှင့် မချေမငံ ပြောဆိုသည်ထင်ကာ မသိကျိုးကျွံပြု၍ ပြန်လာခဲ့ကြသည်။ ကောက်ရိတ်သမားများ ရွာထဲ ပြန်ရောက်လာသည့်အခါတွင်မှ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက် ဖြစ်နေကြသည်။

"ရင်ရွှေတော့ မအေပါးရိုက်ပြီး ရေကန်ကြီးထဲ ခုန်ချသေမလို့ ထွက်ပြေးသွားလေရဲ့"

"ဒီကောင်မလေးတော့ ဒုက္ခရောက်တော့မှာပဲ။ လာဗျာ ပြောနေတာ ကြာတယ် ရင်ရွှေနောက် လိုက်ကြရအောင်"

ရွာသားများမှစ၍ မရင်ရွှေအကြောင်းကို တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ ထိုစဉ် ရွာသားတစ်ယောက်က ရင်ရွှေနောက်သို့ လိုက်သွားကြရန် နှိုးဆော်လိုက်မှ မရင်ရွှေ ၏ မိဘနှစ်ပါးနှင့် ရွာသားအချို့ အပြေးလိုက်သွားကြသည်။ မရင်ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့မြင်လိုက်ရသည့်အခါတွင်မူ အထင်နှင့်အမြင် တက်တက်စင်အောင် လွဲကုန်တော့သည်။

အချိန်ကား ညီအစ်ကို မသိတသိအချိန်။ လေးနာရီခွဲငါးနာရီခန့်ရှိမည်။

ရွာသူရွာသားများနှင့် သူ့အဖေနှင့် အမေတို့ရောက်ရှိသွားသည့်အခါ မရင်ရွှေ၏ ခြေမျက်စိအထိ မြေကြီးအတွင်းသို့ ကျွံဝင်နေပြီဖြစ်သည်။ ကုန်းလယ်ရိတ်ပြီးစ ရိုးပြတ်တောထဲတွင် ဘယ်အချိန်က လဲကျ၍ ဘယ်အချိန်က စ၍ မြေမျိုသည်မသိ။

မရင်ရွှေအနီး ဆယ့်လေးငါးကိုက်အကွာမှ ရိုးပြတ်များလည်း မီးလောင်ထားသကဲ့သို့ ဖြစ်နေသည်။ တပို့တွဲလ ချမ်းစအချိန်တွင် မရင်ရွှေ၏ တစ်ကိုယ်လုံးမှာ ချွေးသီးချွေးပေါက်များနှင့် စို့ရွှဲနေ၏။

"ငါ့နားကို ဘယ်သူမှ မလာနဲ့၊ သွားကြ၊ မလာနဲ့၊ မလာကြနဲ့"

မရင်ရွှေသည် သူ့အဖေနှင့် အမေ အပါအဝင် ရွာသူရွာသားအားလုံးကို လေးဘက်ထောက်လျက်ပင် အော်ထုတ်နေသည်။ မရင်ရွှေ အော်ဟစ်နေသည့်ကြားကပင် ဖခင်ကြီးဦးသန်းမောင်နှင့် ရွာသားအချို့ ရှေ့သို့ တိုးကပ်သွားကြသည်။ မီးလောင်ထားသကဲ့သို့ ဖြစ်နေသည့် မြေနားအစပ်ကို ခြေချ





လိုက်သည်နှင့် အားလုံးလိုလို ကြောက်လန့်တကြား နောက်သို့ ခုန်ဆုတ်လိုက်ကြသည်။

"အမယ်လေး ပူလိုက်တာဗျ"

သံပြိုင်နီးပါး အားလုံး အော်လိုက်ကြသည်။ မရင်ရွှေ၏ ဘေးပတ်လည်တွင် မီးလောင်ကျွမ်းထားသကဲ့သို့ လယ်မြေအဝန်းအဝိုင်းမှ မြေကြီးအားလုံးမှာ မီးဖုတ်ထားသလို ပူနေသည်။ သို့အတွက် မည်သူမျှ ရှေ့သို့ဆက်၍ မတိုးရဲတော့။

မရင်ရွှေ မြေမျိုခံနေရသည်ကိုလည်း မိဘနှစ်ပါးနှင့် ရွာသူရွာသားများအားလုံး နားလည်လိုက်ကြသည်။

"အမယ်လေး ပူလိုက်တာ၊ ပူလိုက်တာတော့၊ ကယ်ကြပါဦး"

"သမီးရင်ရွှေ ဘာဖြစ်ကို အမေ ခွင့်လွှတ်တယ်၊ အမေ့ကို ကန်တော့လိုက်သမီး"

"ဟဲ့ ... ရင်ရွှေ ကန်တော့လိုက်လေ"

မရင်ရွှေ၏ အသံကား အော်ဟစ်၍ အကူအညီ တောင်းခံသော်လည်း ထွက်မလာ။ တိုးညှင်းစွာသာ ရှိ၏။ မိဘနှစ်ပါးနှင့် ရွာသားအချို့က မိခင်ကြီး ဒေါ်ကြွင်ဥအား ကန်တော့၍ တောင်းပန်ရန် လှမ်းအော်၍ ပြောကြသည်။ မရင်ရွှေ၏ လက်နှစ်ဖက်က လှုပ်ရှား၍ မရ။ သို့အတွက် မိခင်ကြီးအား မကန်တော့နိုင်။ ရေကိုသာ တောင်းခံနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရေပေးပါ ရေ...ရေ အမယ်လေး ပူလိုက်တာ"

"အမယ်လေး ကျွန်မ သမီးလေး ရေတိမ်မနစ်ဘဲ မြေတိမ်မှာ နစ်နေပါပြီတော့၊ မအေကို ပါးရိုက်လို့ ကံကြီးထိုက်ပါပြီ၊ မြေမျိုခံရပါပြီ အီး...ဟီး"

မိခင်ကြီး ဒေါ်ကြင်ဥသည် သမီး၏ အဖြစ်ဆိုးကို ကြည့်ကာ ဝမ်းနည်းကြီးစွာနှင့် အော်ငိုသည်။ ဒေါ်ကြင်ဥမှာ ကလေးမွေးပြီး သွေးနုသားနုနှင့် ဖြစ်၍ ငိုရင်းငိုရင်း ထာကျသွားကာ သတိလစ်သွား၏။ ရွာသားအချို့က ဒေါ်ကြင်ဥကို ပွေ့ချီကာ ရွာထဲသို့ ပြန်ပို့ကြသည်။

"ဟေး...ဟေး မင်းတို့ ရွာထဲကအပြန် သောက်ရေအိုးတစ်လုံးနဲ့ ဝါးလုံးရှည် သုံးလေးလုံး ယူခဲ့ကြဦးဟေ့"

လူကြီးအချို့က ဒေါ်ကြင်ဥအား လိုက်ပို့သည့် ရွာသားများအား သောက်ရေနှင့် ဝါးလုံးများ မှာလိုက်သည်။

တဖြည်းဖြည်း ညအမှောင် လွှမ်းလာပြီး တစ်ယောက်နှင့်တစ်ယောက် လူလုံးပင် မကွဲတော့။ မရင်ရွှေကိုလည်း မည်းမည်းသဏ္ဍာန်သာ မြင်ရတော့သည်။ ရွာထဲမှ ရွာသားအချို့ ပြန်လာသည့်အခါ အောက်လင်းမီးများ လက်နှိပ်မီးများလည်း ပါလာသည်။

အသင့်ပါလာသည့် အုန်းရေမှုတ်ကို ဝါးလုံးရှည်ကြီး ထိပ်တွင် တပ်ကာ မရင်ရွှေအား ရေတိုက်ကြသည်။ မရင်ရွှေ





ထံသို့ပင် ရေမှုတ်က မရောက်တော့။ ဝါးလုံးရှည်ကြီးမှာ မီးလောင်သွားသကဲ့သို့ ကျွမ်းကာ ကျိုးပြတ်ကျသည်။

မရင်ရွှေအား နည်းလမ်းအမျိုးမျိုးနှင့် ကယ်တင်ရန် ကြိုးစားကြသည်။ ကြိုးစားမှုအားလုံးမှာ အချည်းအနှီးသာ ဖြစ်သည်။ တစ်စုံတစ်ခုမျှ မအောင်မြင်။ သို့အတွက် ဖခင်ကြီး ဦးသန်းမောင်နှင့် ရွာသားအားလုံး လက်မှိုင်ချကာ ထိုင်ကြည့်နေကြရတော့သည်။ အချို့လူကြီးများကမူ မိမိတို့ရရာ ပရိတ်တော်များ၊ ဂုဏ်တော်များ၊ ဂါထာတော်များကို ရွတ်ဖတ်ပေးကြသည်။

လူကြီးများ ရွတ်ဖတ်သရဇ္ဈာယ်ပေးသည့် တရားသံများကို မရင်ရွှေ ကြားနိုင်စွမ်း ရှိဟန်မတူ။ ပြင်းစွာသော ဝေဒနာကို ခံစားရင်း ပါးစပ်မှ မပီဝိုးဝါးအသံများဖြင့်သာ အော်ဟစ်အကူအညီ တောင်းခံနေဟန်ရှိသည်။ သို့နှင့်ပင် မိုးစင်စင်လင်းခဲ့ကြသည်။

မနက် မိုးလင်းသည့်အခါတွင် မရင်ရွှေ၏ ခြေသလုံးခန့်အထိပင် မြေတွင်းသို့ ဝင်နေပြီ ဖြစ်သည်။ မရင်ရွှေအား စောင့်ကြပ် ကြည့်ရှုနေကြသည့် လူကြီးများလည်း မိုးလင်းပင် မနက်စာနှင့် ညစာ ပေါင်းစားကြရသည်။

ဆွမ်းခံချိန် ရောက်သည့်အခါ မရင်ရွှေ မြေမျိုခံရသည့်သတင်းမှာ ယစ်ကန်ကြီးရွာသူရွာသားများမတစ်ဆင့် အနီ



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ သတင်းပျံ့ကာ ပရိသတ်အများ အပြား လာရောက်ကြည့်ရှုကြသည်။

လာရောက် ကြည့်ရှုသူတိုင်းပင် မရင်ရွှေ ဆင်းရဲဒုက္ခခံစားနေရမှုကို ကြည့်၍ သနားကြသည်။ အချို့မိန်းမများမှာ မကြည့်ရဲ၍သော်လည်းကောင်း၊ မကြည့်ရက်၍သော်လည်းကောင်း ပြန်ပြေးကြသည်။ တစ်မိမ်းတရံများပင် စိတ်မကောင်းခြင်းများစွာဖြစ်မိလျှင် သမီးရှင် ဖခင်ကြီးမှာမူ အတိုင်းမသိ နှုံးရှုံနှစ်ဝင်သော ဝေဒနာကို ခံစားမနေရမည်သာ ဖြစ်သည်။ မိမိ ရှေ့မှောက်၌ မြင်တွေ့နေရသည့် သမီးဒုက္ခကို မမြင်ရက် မကြည့်ရက်သည်မှာ သေချာသည်။

မရင်ရွှေမှာ ပင်ပန်းကြီးစွာ ဆင်းရဲဒုက္ခ ခံစား၍ မြေမျိုခံနေရသည်မှာ တစ်ရက်ပြီးတစ်ရက် ဆက်တိုက်သာ ခံစားနေရသည်။

နှစ်ရက်ခန့်အကြာတွင် ဒူးဆစ်အထိ လည်းကောင်း၊ သုံးရက်ခန့်အကြာတွင် ခါးလယ်အထိ လည်းကောင်း၊ ငါးရက်ခန့် အကြာတွင် ရင်ခေါင်းအထိလည်းကောင်း ခုနစ်ရက်ခန့်အကြာတွင် ထုံးကိုယ်လုံး မှုံးစုံးမြုပ်ကာ အရှင်လတ်လတ်ပင် မြေမျိုခံခဲ့ရသည်။

ရေမသောက်ရ၊ ထမင်းမစားရနှင့် ဆင်းရဲဒုက္ခ ကြီးစွာခံစားရင်း ခုနစ်ရက်ခန့်တိုင် မြေမျိုခံခဲ့ရသည်။ ယစ်ကန်ကြီး





ရွာသူမရင်ရွှေမှာ မြေမျိုခံရပြီးနောက်တွင်လည်း အဝီစိငရဲသို့ ကျရောက်ခံစားနေရဦးမည်မှာ မလွဲဧကန်ပင် ဖြစ်ပေတော့သည်။

## ဝန်ခံချက်

သီလဝဘာသာရေးမဂ္ဂဇင်းပါ ဆရာကြီးမင်းသုရိန်၏ 'မိခင်ရင်းကို ပါးရိုက်၍မြေမျိုခံရသူ အမျိုးသမီးတစ်ဦး' ဆောင်းပါးကို ခံစားရေးသားခြင်း ဖြစ်ပါသည်။

❁ ❁ ❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com









## မှုသားပြောရ၍ မြေမျိုခံရသူ

စေတိယတိုင်း၊ သောတ္ထိယမြို့၌ ဝရအမည်ရှိ မင်းကြီးသည် ထီးနန်းအုပ်ချုပ် မင်းလုပ်၍ စိုးစံတော်မူလျက်ရှိသည်။ ဝရမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့မှ သားတော်လေးတစ်ပါးကို ဖွားမြင်တော်မူခဲ့သည်။ ဝရမင်းကြီးသည် သားတော်လေး၏ အမည်ကို ပုရောဟိတ် ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့နှင့် နက္ခတ်တာရာ အသွားအလာ၊ ဗေဒင်ကိန်းခန်း၊ ဝေဒပညာ စသည်တို့ဖြင့် တွက်ချက်ကာ ချစ်စနိုး အမည်ပေးခဲ့သည်မှာ ဥပဝရဟူ၍ပင် ဖြစ်သည်။ ဖခမည်းတော် ဝရမင်းကြီး၏ အမည်ကို ယှဉ်တွဲ ပါဝင်စေရန် ဥပဝရဟူသော အမည်ကို မှည့်ခေါ်ခဲ့ခြင်း ဖြစ်သည်။

ဥပဝရမင်းသားငယ်မှာ အတိတ်ကုသိုလ်ကံ အလွန်ထူးသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားစကာလကပင် ခန္ဓာကိုယ်မှ စန္ဒကူးနံ့သာ မွေ
ခြင်း၊ ခံတွင်းမှ ကြာညိုနံ့သင်းခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ ပို
ဆန်းကြယ်သည်မှာ ကောင်းကင်ခရီးမှ သွားလာနိုင်ခြင်းနှ
နတ်သားလေးယောက်တို့မှ စောင့်ရှောက်ပေးခြင်းတို့ပင် ဖြ
သည်။

ထိုစဉ်က ဥပဝရ မင်းသားငယ်သည် လူအများထက်
တမူထူးခြားစွာ သီးခြား စွမ်းရည်များ ရှိနေသဖြင့် နန်းတွင်းသ
နန်းတွင်းသားတို့ အလယ်တွင် ဝင့်ထယ်စွာ ရှိသည်။

အချိန်တန် အရွယ်ရောက်သည့်အခါ ဖခမည်းတော် ဝ
မင်းကြီးက ထီးနန်းအမွေ ဆက်ခံမည့် သားတော် ဥပဝ
မင်းသားအား မင်းညီမင်းသားငယ်တို့၏ ထုံးစံအတိုင်း တက္ကသို
ပြည်ကြီးသို့ ပညာသင် စေလွှတ်ခဲ့သည်။

ဥပဝရမင်းသားသည် တက္ကသိုလ်ပြည်ကြီး၌ ပညာသင်
ကြားရသော ကျောင်းတော်သားဘဝတွင် ဘုရင့်သားဟူသော
မာန်မာနတရားတို့ဖြင့် ဖုံးလွှမ်းကာ အခြား စာသင်ဖော် စာသင်
ဖက် ကျောင်းသားများကို ဂရုမစိုက်၊ ပေါင်းသင်းဆေးကြော
ပြောဖော်ဟူ၍ပင် မထားဘဲ တစ်ကိုယ်တည်းသာ အထီးကျန်
နေခဲ့သည်။ သို့သော် ဥပဝရမင်းသားသည် ဖခမည်းတော်၊
မယ်တော်တို့မှ တစ်ဦးတည်းသော ချစ်သားဖြစ်၍ အချစ်တော်





အချော့တော်တို့ဖြင့် ဝိုင်းဝိုင်းလည်အောင် ထားခဲ့သည့်အတွက်
အချိန်ကြာလာသည့်အခါ အထီးကျန်ဘဝကို ငြီးငွေ့လာ၏။

သို့အတွက် တိုင်ပင်ဖော် တိုင်ပင်ဖက်၊ စကားပြောဖော်
ပြောဖက် သူငယ်ချင်း လိုလာ၏။ မိတ်ဆွေ အပေါင်းအသင်း
လိုလာ၏။ သို့တိုင် ဘုရင့်သားက ဘုရင် ဖြစ်လာမည်ကို
ဧကန်သိသော ဥပဝရမင်းသားက သူနှင့်တွဲဖက် ပေါင်းသင်းမည့်
သူငယ်ချင်းကို စိတ်တိုင်းကျ ရွေးချယ်ပြီးမှ ပေါင်းသင်း ဆက်
ဆံခဲ့သည်။

ဥပဝရမင်းသား ရွေးချယ် ပေါင်းသင်းဆက်ဆံသူကား
အခြားမဟုတ်။ သူ၏ ဖခမည်းတော် ဝရမင်းကြီး၏ ပုရောဟိတ်
ပုဏ္ဏားကြီး ကပိလ၏ ညီတော် ကောရကလမ္ဗပင် ဖြစ်၏။
ဥပဝရ မင်းသားနှင့် ကောရကလမ္ဗမင်းသားတို့မှာ တစ်တိုင်း
တစ်ပြည်တည်း ဖြစ်၍ အကျွမ်းတဝင် ရှိ၏။ ရင်းလည်း ရင်းနှီး
ကြသည်။ သို့အတွက် စာသင်ဖော် စာသင်ဖက် သူငယ်ချင်း
ကောရကလမ္ဗအား အထူးအခွင့်အရေးတို့ကို ပေးသည်။

"အကြည်တော် ဥပဝရ၊ အကြည်တော်ဟာ ဘုရင့်
သားတော်ဆိုတော့ တစ်နေ့ ဘုရင် ဖြစ်လာပြီး ထီးနန်း
အုပ်ချုပ် မင်းလုပ်ပြီး စည်းစိမ်ခံစားရမှာပဲ နော်"

"ဒီနေ့ နံနက်ခင်းဟာ ကျက်သရေ မင်္ဂလာအပေါင်းနဲ့
ခညောင်းတဲ့ မင်္ဂလာနံနက်ခင်းပါပဲအဆွေတော် ကောရကလမ္ဗ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အကြည်တော်ရဲ့"

"ဘာဖြစ်ရမှာလဲ အဆွေတော်ရဲ့၊ သင့်ဆီက ထူးကဲလွန်မြောက်တဲ့ မင်္ဂလာစကား ကြားလိုက်ရလို့ပေါ့"

"အင်း... အကြည်တော်အတွက် ဘုရင့်သားက ဘုရင်ဖြစ်တာ မဆန်းပေမယ့် ကျွန်တော်မျိုးအဖို့ကတော့ ပုရောဟိတ်သားက ပုရောဟိတ် မဖြစ်တာတော့ ဆန်းနေတယ် အကြည်တော်"

"အို... အဆွေတော် ကောရကလမ္ဗရယ် စိုးရိမ်ရန်ကော၊ အကျွန်ုပ်သာ ဘုရင်ဖြစ်ရင် အဆွေကော်ကို ပုရောဟိတ်ရာထူး ပေးမှာပေါ့"

"ထုံးစံကို ကျော်လွန်ပြီး လုပ်လို့ ဖြစ်ပါ့မလား အဆွေတော်"

"အကျွန်ုပ်ဟာ ဘုရင့်သားတော်ပါ။ ကတိ တည်ပါတယ် အဆွေတော်ရယ်"

"အတိုင်းမသိ ဝမ်းသာပါဘိတော့ အကြည်တော်ရယ်၊ အကြည်တော့် စကားသာ တည်ပါစေနော်"

"စိတ်ချ အဆွေတော်၊ သင်သာ ဝမ်းမြောက်ဝမ်းသာစွာ နေပါလော့"

တက္ကသိုလ်ပြည်ကြီး၌ ပညာသင်စဉ် ဘုရင့်သားတော် ဥပဝရမင်းသားနှင့် ကောရကမင်းသားတို့ တစ်ဦးနှင့်တစ်ဦး





အာလာပသလ္လာပ စကားပြောရင်း ဥပဝရမင်းသားက သူဘုရင်ဖြစ်လျှင် ကောရကလမ္ဗအား ပုရောဟိတ်ရာထူးပေးမည်ဟု ကတိစကား ဆိုခဲ့သည်။

သို့နှင့် သုံးနှစ်သုံးမိုး ကြာမြင့်သည့်အခါ ဥပဝရမင်းသားနှင့် ကောရကလမ္ဗမင်းသားတို့လည်း ယောက်ျားတို့ တတ်အပ်သည့် အဋ္ဌာရသပညာ တစ်ဆယ့်ရှစ်ရပ်တို့ကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ကြသည်။ ထိုအခါ သူငယ်ချင်းနှစ်ယောက်တို့သည် ဒိသာပါမောက္ခ ဆရာကြီးထံ ခွင့်ပန်၍ စေတိယတိုင်း သောတ္ထိယမြို့တော်သို့ ပြန်ခဲ့ကြသည်။

မကြာမီ နှစ်များအတွင်း ဝရမင်းကြီး နတ်ရွာစံတော်မူ၍ သားတော် ဥပဝရမင်းသားသည် ဘုရင်ဖြစ်လာခဲ့သည်။ ဥပဝရမင်း၄ စေတိယမင်းဟူ၍လည်း အမည်တွင်ခဲ့ပြီ ဖြစ်သည်။ ထိုအခါ ဝရမင်းကြီးလက်ထက်တော်က ပုရောဟိတ်ပုဏ္ဏားကြီး ကပိလမှာ အသက်အရွယ် ကြီးရင့်လာခဲ့ပြီ ဖြစ်သည်။

စေတိယမင်းကြီးသည် ငယ်စဉ်က ကျောင်းနေဖက် သူငယ်ချင်း ကောရကလမ္ဗအား အမှတ်ရနေသည်။ ထို့အတူ သူပေးခဲ့သည့် ကတိစကားကို အမြဲလို ပြန်လည်ကြားယောင်နေမိသည်။ သတိရမိသည်။ သို့သော် သူ၏ ဖခမည်းတော်လက်ထက်ကတည်းက ပုရောဟိတ်ပုဏ္ဏားကြီး ကပိလကိုမူ



www.burmeseclassic.com

www.burmeseclassic.com

မလွန်ဆန်နိုင်ခဲ့ချေ။ ပုရောဟိတ် ပုဏ္ဏားအဖြစ်မှ ထုတ်ပယ်ရန် မသင့်တော်သည်ကိုလည်း တွေးဆမိသည်။

စေတိယမင်းသည် မင်းဇကရာဇ်ဖြစ်သည့်တိုင် မိမိထံ အခစား ဝင်လာသည့် ပုရောဟိတ် ပုဏ္ဏားကြီး ကပိလအား အမြဲလိုလို ရှိသေဂါရဝ ပြုနေရသည်။ ကြီးသူကို ရှိသေလေးစားသည့် အသွင်ကို အမြဲဆောင်ခဲ့ရသည်။ သို့သော် စိတ်ထဲမှ သိပ်မနှစ်မြို့လှပေ။ ဤသည်ကို ပုရောဟိတ်ကြီးကလည်း ရိပ်စားမိဟန်တူသည်။

"မြော်... မင်းဇကရာဇ်၏ အသက်တော်ကား ငယ်ရွယ်ပါသေး၏။ ငါ့အသက်အရွယ်နှင့် မထိုက်တန်ဟော့၊ ငယ်ရွယ်သူချင်းသာ ထိုက်တန်ပေ၏။ တင့်တယ်ပေ၏။ မင်းကြီးကို ခွင့်ပန်ပြီး ငါရသေ့ရဟန်း ပြုတာပဲ ကောင်းပါတယ်လေ"

ပုရောဟိတ်ပုဏ္ဏားကြီး ကပိလသည် သူ့စိတ်တွင် ဖြစ်ပေါ်လာသည့် အကြံအစည်ကို စေတိယမင်းကြီးအား ဖွင့်ဟလျှောက်ထားလိုက်သည်။ ထိုအခါ စေတိယမင်းကြီးသည် ပုရောဟိတ် ပုဏ္ဏားကြီး ကပိလ၏ ခွင့်ပန်လျှောက်ထားတောင်းပန်မှုကို ကျေနပ်စွာပင် လက်ခံတော်မူလိုက်သည်။ ထို့နောက်...

"ကောင်းလေစွ ပုရောဟိတ်ကြီး၊ ဒါနဲ့ ပုရောဟိတ်ကြီး ရသေ့ရဟန်း ပြုတာတော့ မှန်ပါရဲ့၊ သင့်ရဲ့ ပုရောဟိတ်ရာထူး





ကို ဘယ်သူ့ကို လွှဲအပ်ခဲ့မှာလဲ ပုရောဟိတ်ကြီးရဲ့ ဟို သင့်ရဲ့ ညီတော် ကောရကလမ္ဗကို လွှဲအပ်မယ် ထင်ပါရဲ့"

ပုရောဟိတ်ရာထူး လွှဲအပ်မည့်အရေးကို စေတိယမင်း ကမေးသည်။ သို့သော် ပုရောဟိတ် ပုဏ္ဏားကြီး ကပိလကမူ စေတီမင်း၏ အမေးကို မဖြေကြားဘဲ ဆိတ်ဆိတ်သာ နေခဲ့သည်။ နောင်တွင် ပုရောဟိတ်ပုဏ္ဏားကြီးက သူ၏ သားတော်ကိုသာ ပုရောဟိတ်ရာထူး လွှဲအပ်၍ ဥယျာဉ်တော်သို့ ဝင်ကာ ရသေ့ရဟန်း ပြုလေသည်။ ပုရောဟိတ် ပုဏ္ဏားကြီး ကပိလ၏ ကြိုးစားအားထုတ် ကျင့်ကြံမှုကြောင့် မကြာမီကာလအတွင်း တန်ခိုးဈာန် အဘိညာဉ်တို့နှင့် ပြည့်စုံတော်မူခဲ့သည်။

ပုရောဟိတ်ကြီး၏ ညီတော် ကောရကလမ္ဗကမူ သူ့အား ပုရောဟိတ်ရာထူး မပေးအပ်ခဲ့သည့်အတွက် အစ်ကိုတော်အပေါ် များစွာ ရန်ငြိုးဖွဲ့ကာ နေလေတော့သည်။

တစ်နေ့တွင် ကောရကလမ္ဗသည် ကျောင်းနေဖက် သူငယ်ချင်း စေတိယမင်းနှင့် ကြည်နူးရွှင်ပျစွာ စကားဆိုခွင့် ကြုံခဲ့သည်။ ထိုစဉ် စေတိယမင်းကပင် စတင်၍ စကားဆိုတော်မူသည်။

"အဆွေတော် ကောရကလမ္ဗ၊ သင့်ရဲ့အစ်ကိုတော်ဆီက ပုရောဟိတ်ရာထူးကို ဘာလို့ လက်မခံလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လက်မခံတာ မဟုတ်ရပါဘူး အကြည်တော်ရယ်၊ မရတာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်မျိုးရဲ့ ဘိုးဘွားစဉ်ဆက်ဟာ အစ်ကိုကြီး အဖအရာဆိုသလို အကြီးဆုံးရဲ့ စကားကို နာခံကြရပါတယ် အကြည်တော်၊ အစ်ကိုတော်ဟာ ကျွန်တော်မျိုးကို ပုရောဟိတ်ရာထူး မလွှဲအပ်ဘဲ သူ့ရဲ့သားတော်ကိုသာ လွှဲအပ်သွားတဲ့အတွက် ကျွန်တော်မျိုးမှာ ပုရောဟိတ် ဖြစ်စေခြင်းငှာ မတတ်နိုင်ကြောင်းပါ ဘုရား"

"အို… ဒီကိစ္စကြောင့်ဆိုရင် အဆွေတော် ကောရကလမ္ဗ မပူလင့်၊ ငါကိုယ်တော်မြတ် ကြံမယ်"

"ဘယ်လို ကြံမှာလဲ အကြည်တော်ရဲ့"

"လွယ်လွယ်ကလေးပါ အဆွေတော်ရယ်၊ သင်ကားအစ်ကို၊ သင့်ရဲ့အစ်ကိုက ညီလို့ လိမ်ညာလိုက်ရုံပဲပေါ့ အဆွေတော်ရယ်"

"ဖြစ်ပါ့မလား အကြည်တော် ခုချိန်ထိ မဟုတ်မမှန် လိမ်ညာပြောဆိုတဲ့ မုသာဝါဒစကားကို မင်းအဆက်ဆက်၊ လူသားအဆက်ဆက် တစ်ဦးတစ်ယောက်မျှ မပြောဆိုဘူးသေးပါဘုရား၊ ဒီအတွက် အဆွေတော်မှာ အန္တရာယ် ကြီးလှပါတယ်"

"အို.. ပူတတ်ရန်ကော အဆွေတော် ကောရကလမ္ဗရယ်၊ မုသာဝါဒဆိုပြီး ပေးမှ အသင်က ပုရောဟိတ်ရာထူးကို ရမှာ





ပေါ့၊ ကျရောက်လာတဲ့အန္တရာယ် ကြီးငယ်ဟူသမျှကို ငါကိုယ်တော်မြတ်ရဲ့ တန်ခိုးတော်နဲ့ ကာကွယ်ရမှာပေါ့ အဆွေတော်ရယ်"

"အဲဒီကိစ္စကို အဆွေတော်က ဘယ်တော့ ဆောင်ရွက်တော်မူမှာလဲ ဘုရား"

"ဒီနေ့ကစပြီး ခုနစ်ရက်မြောက်တဲ့နေ့မှာ ငါကိုယ်တော်မြတ် စတင် ဆောင်ရွက်တော်မူမယ် အဆွေတော် ကောရကလမ္ဗ"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

ထိုနေ့အတွင်း၌ပင် စေတိယမင်းကြီးနှင့် ကောရကလမ္ဗတို့ ပြောဆို ဆွေးနွေးခဲ့သည့် စကားအားလုံးသည် နန်းတော်တွင်းသို့ ကမဟုတ်ချင်း သတင်းစကား ပျံ့နှံ့သွား၏။ ထိုမှတစ်ဖန် နန်းတွင်းမှတစ်ဆင့် တစ်မြို့လုံး တစ်တိုင်းပြည်လုံး သတင်းပြန့်သွား၏။

မုသာဝါဒဖြစ်သည့် လိမ်ညာပြောဆိုမှုကို နန်းတွင်းသူနန်းတွင်းသား အပါအဝင် မြို့သူမြို့သား၊ တိုင်းသူပြည်သားအပေါင်းတို့ မကြားဘူးသဖြင့် အံ့ဩဖွယ်အဆန်း ဖြစ်နေခဲ့သည်။ ထိုစဉ်က လူတိုင်းသည် မှန်ကန်သော စကားကိုသာ ဆိုကြသဖြင့် မုသာဝါဒစကားဟူသည် အဘယ်သို့သော အရာနည်းဟု သို့လော့သို့လော ဖြစ်ခဲ့ကြရသည်။ မုသာဝါဒဟူသည်



www.burmeseclassic.com

www.burmeseclassic.com

ညိုသလား၊ ရွှေသလား စသည်ဖြင့် အမျိုးမျိုး တွေးတော ကြံဆနေမိကြသည်။

ပုရောဟိတ်ဟောင်းကြီး ကပိလ၏သားသည် ကြားကြားသမျှ သတင်းစကားတို့ကို ရသေ့ရဟန်း ဝတ်နေသည့် ဖခမည်းတော်ထံသို့ သွားရောက်၍ အကြောင်းကြားသည်။

"ဖခမည်းတော်ဘုရား အရှင်မင်းကြီးဟာ ခမည်းတော်အား ညီအဖြစ်၊ ဘထွေးတော်အား အစ်ကိုအဖြစ် မုသာဝါဒပြော၍ ပုရောဟိတ်ရာထူးကို လွှဲအပ်တော်မူတော့မယ်လို့ ကြားသိရပါတယ် ဘုရား"

"ဒကာသားတော်မောင် အရှင်မင်းကြီးဟာ မုသာဝါဒဆိုပြီး ညီတော်မောင်ကို ပုရောဟိတ်ရာထူးလွှဲအပ်လို့ မရနိုင်ပေဘူး။ အရှင်မင်းကြီး မုသာဝါဒစကားဆိုမယ့်နေ့ကိုသာ ခမည်းတော်အား အကြောင်းကြားပေတော့ ဒကာသားတော်မောင်"

စေတိယမင်းကြီး မုသားမဆိုမီ ခုနစ်ရက်အတွင်း သောတ္ထိယတစ်မြို့လုံး အုတ်အော်သောင်းတင်း ဖြစ်နေကြသည်။ တစ်ဦးနှင့်တစ်ဦးပင် မုသာဝါဒစကားကို အကြောင်းပြု၍ ငြင်းခုန်ခဲ့ကြသည်။ မုသာဝါဒအကြောင်းကိုလည်း သိလိုသည့် ဆန္ဒဇောကပ်နေခဲ့ကြသည်။





ခုနစ်ရက်မြောက်သောနေ့တွင် ပြည်သူပြည်သား လူအများတို့သည် မုသာဝါဒအကြောင်း သိလိုသဖြင့် နန်းရင်ပြင်ဆီသို့ လာရောက် စုရုံး၍ ကြည့်ရှုကြသည်။ ပွဲကြည့်ပရိသတ်များမှာ ကြက်ပျံမကျ စည်ကားလှ၍ အချို့က သစ်ပင်ထက် ၌လည်းကောင်း၊ သံလွန်ညောင်စောင်း အဆင့်ဆင့်ကို စီထပ်၍လည်းကောင်း နေရာယူ ကြည့်ရှုကြသည်။

များပြားလှသော ပွဲကြည့်ပရိသတ်များကြောင့် နန်းရင်ပြင်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဆူညံပွက်လောရိုက်လျက်ရှိသည်။

ထိုအခါ ပုရောဟိတ်ဟောင်းကြီး၏ သားကလည်း သူ့ဖခမည်းတော် ရသေ့ကြီးအား အကြောင်းကြားသည်။

မကြာမီ အချိန်မှန်ပေါ်ဝင်လာ စေတိယမင်းကြီးသည် မင်းဝတ်တန်ဆာများ သပ်ယပ်လှပစွာ ဝတ်ဆင်လျက် လူ့ဘုံအလယ် ကောင်းကင်ထက်သို့ တန်ခိုးတော်ဖြင့် တက်၍ကောင်းကင်ခရီးမှ ရောက်ရှိလာ၏။ ထိုနည်းတူစွာပင် ပုရောဟိတ်ဟောင်း ရသေ့ကြီးလည်း ရရှိပြီးဖြစ်သည့် ဈာန်တန်ခိုးဖြင့် ကြွတော်မူ၍ စေတိယမင်းကြီးအနီးတွင် တက်ဝယ်ဖွဲ့ ရွှေတော်မူသည်။

"ဒကာတော်မင်းကြီး အသင်သည် အကြီးကို အငယ်၊ အငယ်ကို အကြီးဆို၍ ပုရောဟိတ်ရာထူးကို ပေးလိုတယ် ဆိုတာ ဟုတ်မှန်ပါသလော"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ၏ အရှင်ဘုရား"

"ဒကာတော်မင်းကြီး မုသားမဆိုလင့်၊ မုသာဝါဒ အပြစ်ကား လွန်စွာ ကြီးမားလှပေ၏။ လိမ်ညာပြောဆိုသူတို့သည် မိမိကိုယ်ကျင့်တရားကို မိမိ ဖျက်ဆီးသူနှင့် အလားတူ၏၊ ဒါ့ပြင် ကိုယ်စောင့်နတ်တို့ကလည်း မကြိုက်ကြဘူး၊ ဒကာတော်"

"အထူးသဖြင့် မုသာဝါဒ ပြောသူတို့ဟာ ပါးစပ်က အပုပ်နံ့ထွက်ပြီး မြွေကဲ့သို့ လျှာနှစ်ခွ ဖြစ်တတ်ပေ၏။ ယခုဘဝမှာ ရှိပြီးဖြစ်တဲ့ စည်းစိမ်ရာထူးဥစ္စာများ ပျက်စီး ဆုံးရှုံးတတ်ပေ၏"

"ဒါတင်မကသေးဘူး၊ ဒကာတော်မင်းကြီး ဖြစ်လေရာဘဝတိုင်းမှာ စကားမပီ ဆွံ့အ ထစ်ငေါ့သူအဖြစ်လည်းကောင်း၊ သားရတနာ မထွန်းကားဘဲ သမီးရတနာသာ ထွန်းကားတဲ့ မိခင်ဖခင်အဖြစ်လည်းကောင်း၊ နောက်ဆုံး အပါယ်ငရဲကို ကျရောက်သည်အထိ လည်းကောင်း ခံစားရပါတယ်၊ ဒကာတော်မင်းကြီး"

"အရှင်ဘုရား အရှင်ဘုရားဟာ အကျိုးကိုလိုလို့ ညောင်ရေလောင်းတာ မဟုတ်လား၊ အကျွန်ုပ်အား အပြစ်ပြ ဆုံးမ ပြီး အရှင်ဘုရား ရခဲ့တဲ့ ပုရောဟိတ်ရာထူးကို စွန့်ပစ်ရမှာ စိုးရိမ်လို့ ဒီစကားတွေ မိန့်ကြားနေတာလား"





ပုရောဟိတ်ဟောင်း ရသေ့ကြီးသည် စေတီယမင်းကြီးအား မုသာဝါဒ၏ အပြစ်တို့ကို ပြ၍ ဆုံးမသော်လည်း လက်မခံ ငြင်းပယ်ခဲ့သည်။ စေတီယမင်းကြီးကား ရသေ့၏ စကားကို ပယ်ရှား၍ သူဆုံးဖြတ်ထားသည့်အတိုင်း လူထုပရိသတ်အလယ်တွင် ကမ္ဘာပေါ်၌ ပထမဦးဆုံးသော မုသာဝါဒ စကားကို စတင် ပြောကြားလိုက်သည်။

"မင်းပရိသတ်၊ လူပရိသတ်အပေါင်းတို့ တစ်မိထဲ ဖွားခဲ့တဲ့ ဟောဒီ ပုရောဟိတ်ဟောင်း ရသေ့ကြီး ကပိလဟာ ညီငယ်ဖြစ်ပြီး ကောရကလမ္ဗသာလျှင် အကြီးဖြစ်ပေတယ်၊ ဒါ့ကြောင့် ပုရောဟိတ်ရာထူးကို အစ်ကိုကြီးဖြစ်တဲ့ ကောရကလမ္ဗသာ ထိုက်ပေတယ်"

စေတီယမင်းသည် ကောရကလမ္ဗအား ရာထူးပေးလိုသဖြင့် သိလျက်နှင့်ပင် လိမ်ညာလှည့်ဖျားကာ လူထု ပရိသတ်ကြီး ရှေ့မှောက်ဝယ် ပြောင်ပြောင်တင်းတင်းပင် မုသာဝါဒစကား ဆိုသည်။ စေတီယမင်းမှာ မုသာဝါဒအပြစ်ကြောင့် တခဏအတွင်း၌ပင် သူ့အား စောင့်ကြပ်နေသည့် နတ်သားလေးယောက်တို့သည် သန်လျက်များကို စွန့်ခွာပစ်ပယ်၍ ထွက်သွားကြသည်။ စေတီယမင်း၏ ခံတွင်းမှ ကြာညိုနံ့တို့သည်လည်း ပျောက်ကွယ်ကာ အပုပ်နံ့များသာ လှိုင်လှိုင် ထွက်ပေါ်လာ၏။ ထို့နည်းတူစွာပင် စေတီယမင်းကြီးမှာ ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



တွင် တန်ခိုးတော်နှင့် ကြာရှည်စွာ မရပ်တည်နိုင်တော့ဘဲ မြေပြင်ထက်သို့ တဟုန်ထိုး ကျလေ၏။ ထိုအချိန်မှစ၍ စေတိယမင်းကြီး၏ လေးပါးသော တန်ခိုးတော်တို့ကား အလျဉ်း မရှိ ပျောက်ကွယ်သွားရလေသည်။

ထိုအခါ ကပိလ ရသေ့ကြီးက စေတိယမင်းကြီးအား ထပ်မံ မုသားမဆိုရန် အပြစ်ပြ၍ ဆုံးမပြန်၏။

"ဒကာတော်မင်းကြီး တုန်လှုပ်ချောက်ချားနေသလော၊ မကြောက်လင့်၊ အသင်သည် မှန်သောစကားကို ပြန်လည် ဆိုပြောအံ့၊ အသင်မင်းကြီး၌ ရှိခဲ့သော တန်ခိုးလေးပါးတို့ ပကတိအတိုင်း ပြန်ဖြစ်အံ့"

"အရှင်ဘုရား သင်ကားညီတည်း၊ ကောရကလမ္ဗက အစ်ကိုတည်း"

စေတိယမင်းသည် ရသေ့ကြီး၏ အဆုံးအမကို လက်မခံဘဲ ဒုတိယအကြိမ် မုသားဆိုပြန်သည်။ ဒုတိယအကြိမ် စကား ဆုံးသည်နှင့် စေတိယမင်း၏ ခြေဖမျက်တိုင်အောင် မြေသို့ ကျွံဝင်သွားသည်။

"ဒကာတော်မင်းကြီး အသင်ကား ဒုတိယအကြိမ် မုသား ဆိုမိသဖြင့် အသင်၏ ခြေဖမျက်တိုင်အောင် မြေမျိုခံရလေပြီ။ ဒကာတော်မင်းကြီးဟာ မှန်သောစကားကို ပြန်လည် ဆိုပြော အံ့၊ ရှေးပကတိအတိုင်း ပြန်ဖြစ်ပေလိမ့်မည်။ အကယ်၍





မဟုတ်မမှန် လီဆယ်သော မုသာဝါဒစကားကို ထပ်မံ ဆိုဦးက မြေသို့ ထပ်မံဝင်ရပေလိမ့်ဦးမည်"

စေတိယမင်းသည် ရသေ့ကြီး၏ ဆုံးမစကားကို ထပ်မံ ပယ်ရှားကာ တတိယအကြိမ် ထပ်မံ၍ မုသာဝါဒ ဆိုပြန်သည်။ စေတိယမင်း၏ မုသာဝါဒစကား ဆုံးသည်နှင့်ပင် ဒူးဆစ်တိုင် အောင် မြေသို့ ကျွံဝင်ကာ မြေမျိုခံရပြန်သည်။ အလုံးစုံသော အဖြစ်အပျက်တို့ကို ကြည့်ရှုနေသော ပရိသတ်အားလုံးတို့လည်း အံ့သြခြင်းများစွာ ဖြစ်မိကြသည်။

"ဟင်"

"အို"

"ဟာ"

"မင်းကြီးရဲ့ ဒူးဆစ်အထိ မြေမျိုသွားပြီဟေ့"

"နောက်တစ်ခါ ထပ်ပြောရင် သည့်ထက် မြေမျိုခံရ ဦးမှာဟ"

"ဟုတ်လား၊ ကြောက်စရာကြီးနော်"

လူထုပရိသတ်အပေါင်းတို့လည်း မိမိတို့ ထင်ရာမြင်ရာ တို့ကို တစ်ယောက်တစ်ပေါက် ပြောဆိုကာ နေကြသည်။ ရသေ့ကြီးကမူ စေတိယမင်းအား မှန်ကန်သော စကားကိုသာ ဆိုရန်နှင့် မုသာဝါဒကို ထပ်မံဆိုက မြေသို့ ထပ်မံဝင်ခံရ မည်ဟု ဆုံးမပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



စေတီယမင်းသည် ရသေ့ကြီး၏ ဆုံးမစကားကို မနာယူ။ စတုတ္ထအကြိမ် ထပ်မံ မုသားဆိုသဖြင့် ခါးလယ်သို့တိုင် မြေမျိုခံရပြန်သည်။

ရသေ့ကြီးသည် စေတီယမင်းအပေါ် ကြင်နာသနားကရုဏာမေတ္တာဖြင့် ခုနစ်ကြိမ်တိုင်တိုင် တားမြစ်ပြုပြင် ဆုံးမလေသည်။ သို့တိုင် စေတီယမင်းကား မှန်ကန်သည့်စကားကို မဆို၊ လိမ်ညာ လှည့်ဖျား လီဆယ်ကာပင် မုသာဝါဒစကားကို ဆိုမြဲတိုင်း ဆိုခဲ့သည်။ သို့အတွက် စေတီယမင်းမှာ တစ်ဆင့်ပြီးတစ်ဆင့် မြေမျိုခံနေရသည်။

သတ္တမအကြိမ် မုသားစကား ဆိုပြီးသည်နှင့် ကမ္ဘာမြေကြီးမှာ တုန်လှုပ်မြည်ဟီး၍ လာတော့၏။

"ပြေးကြဟေ့...ပြေးကြဟ"

"ဘာသံကြီးလဲ မသိဘူး။ ကြောက်စရာ အသံကြီး"

"အလို မြေကြီးတွေ ပက်ကြားအက်ကွဲပြီး မီးလျှံတွေ တက်လာပြီဟ"

"ပြေးနိုင်မှ လွတ်မဟ"

"အား ပူတယ်ကွ၊ မီးပူဟပ်တယ်"

ဤကမ္ဘာပေါ်တွင် ပထမဦးဆုံးသော မုသာဝါဒစကားကို နားထောင်နေကြသည့် ပရိသတ်အားလုံးမှာ စေတီယမင်း မြေမျိုခံရသည်နှင့်ပင် ကြောက်လန့်ကာ အော်ဟစ်ထွက်ပြေး





သွားကြသည်။ လူထုပရိသတ်များ မီးအရှိန်လွတ်ရာသို့ ပြေးလွှား ရှောင်တိမ်းနေဆဲ အချိန်အတွင်း၌ပင် ကမ္ဘာမြေကြီးသည် ဟင်းလင်းပွင့်ကာ စေတီယမင်းမှာ ငရဲမီးလျှံတို့နှင့်အတူ မြေမျိုခံရကာ မြုပ်ဝင် ပျောက်ကွယ်သွားလေတော့သည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com









## အချစ်သဝန်တို၍မြေမျိုခံရသူ

ဗာရာဏသီတိုင်းပြည်ကြီး၏ နန်းရင်ပြင်ကြီးကား ထည်ဝါခံ့ညားလှ၏။ ကျောက်ပြာသာဒ်၊ အုတ်ပြာသာဒ်တို့ဖြင့် စနစ်တကျ မွမ်းမံဆောက်လုပ်ထားသဖြင့် အေးမြနွေးထွေးသည့် သဘာဝဓာတ်ကို နန်းတွင်းသူ နန်းတွင်းသားတို့ မျှတစွာ ခံစားကြရလေသည်။ နန်းတော်ရှေ့ရှိ ဥယျာဉ်တော်ဝယ် ရာသီပန်းများဖြင့် တန်ဆာဆင်ထားသည်။ ဖြူနီပြာဝါ ရောင်စုံပန်းကလေးများမှာ လေအဝှေ့တွင် ဘယ်ညာတိမ်း၍ ယိမ်းကနေသည့်နှယ်ဖြစ်သည်။

နန်းရင်ပြင် ခန်းမဆောင်အသီးသီးမှ မှူးကြီးမတ်ရာစစ်သည်ဗိုလ်ပါ မောင်းမမိဿံ ကိုယ်လုပ်တော်တို့မှာ စည်းစနစ်ကျနစွာဖြင့် မိမိတို့ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက် ရှိသည်။ ညင်သာငြိမ့်ညောင်းသည့် လှုပ်ရှားသံတို့မှအပ အသံတစ်စုံတစ်ရာမျှ မကြားရပေ။



www.burmeseclassic.com

www.burmeseclassic.com



နန်းဦးသခင် မင်းဘုရင် မဟာပတာပကမူ နန်းရင်ပြင် ပလ္လင်ထက်မှ ပြည်တွင်းရေးရာကိစ္စများကို စနစ်တကျ အကွက်ချ၍ မိန့်တော်မူလျက် ရှိသည်။ မှူးမတ်စစ်သည်ဗိုလ်ပါ မှန်သမျှ တို့လည်း မင်းကြီး မဟာပတာပ၏ အမိန့်စကားကို မပယ်ရှား၊ 'ဟုတ်ပါဘုရား' 'မှန်ပါဘုရား'နှင့် ထောက်ခံချက်ပေးလျက် ရှိကြသည်။

မိဖုရားခေါင်ကြီး စန္ဒာဒေဝီကမူ ခုနစ်လအရွယ် တစ်ဦးတည်းသော သားငယ် ဓမ္မပါလကို နံ့သာရေများဖြင့် ချိုးတော်ရေ သုံးစေခဲ့သည်။ သားတော်လေးကို ပျော်ရွှင်ကြည်နူးစွာ ရေကစားစေသည်။ သားတော်လေးခမျာ မိဖုရားခေါင်ကြီး စန္ဒာဒေဝီ၏ အစေအပါး အထိန်းတော် အချော်တော်တို့ဖြင့် ချိုးတော်ရေကစားရသည့် ပျော်ရွှင်ကြည်နူးမှုမှာ ဖရဏာပီတိ ဝွမ်းဆီထိသကဲ့သို့ ရှိပေ၏။

ထို့အတွက် သားတော် ဓမ္မပါလမှာလည်း မယ်ဘုရား၏ မေတ္တာစာတ်ကြောင့် ကြည်နူးမဆုံး တပြုံးပြုံးနှင့်ပင်။ သားတော် ဓမ္မပါလ ချိုးတော်ရေဝသည့်အခါ မိဖုရားခေါင်ကြီး စန္ဒာဒေဝီက ကိုယ်တော်တိုင်ပင် အမွှေးနံ့သာတို့ကို လိမ်းခြယ်၍ အဝတ်တန်ဆာကို ဝတ်ဆင်ပေးသည်။ သားတော် ဓမ္မပါလကမူ ပြုံးရွှင်သော မျက်နှာထားဖြင့် မယ်တော်၏မျက်နှာတော်အား ဖူးမြော်ခစားလျက် ရှိလေသည်။





ထိုစဉ် ဆူညံစွာ လှုပ်ရှားထမ်းဆောင်နေကြသော မိဖုရားခေါင်ကြီး၏ အစေအပါး မောင်းမမိဿံများ၊ သားတော် ဓမ္မပါလ၏ အထိန်းတော်၊ အချော်တော်များအားလုံး ငြိမ်သက်သွား၏။ နန်းရင်ပြင်ဝယ် ဦးခေါင်းတို့ကို ငုံ့လျက် ဒူးထောက်ခစားနေကြသည်။

"သားတော်လေး၊ မယ်မယ့်သားတော်လေး၊ မယ်မယ့် အသည်းလေး"

အဆောင်တော်အတွင်းဝယ် မိဖုရားခေါင်ကြီး စန္ဒာဒေဝီ၏ သားတော်လေးအား ချော့မြူသံကား တိတ်ဆိတ် ငြိမ်သက်မှုကို ဖောက်ခွဲ ထိုးထွက်လာသည်။ ထို့အတူ မဟာပတာပမင်းကြီး၏ ပိုးဝတ်လဲတော်နှင့် ဘယက်ဒွါဒရာတို့မှာ မင်းကြီး၏ လှုပ်ရှားမှုနှင့် စည်းချက်ကျနစွာ မြည်ဟည်းနေ၏။ မင်းကြီး ကြွချီတော်မူလာသည်။ နန်းမဆောင်တစ်ခုလုံးမှ စစ်သည်များနှင့် မောင်းမမိဿံအားလုံးသိသည်။ ထို့အတူ မိဖုရားခေါင်ကြီးလည်း သိပေ၏။ သို့တိုင် မိဖုရားခေါင်ကြီး စန္ဒာဒေဝီကမူ နေရာမှမထ၊ သားတော် ဓမ္မပါလအား ချော့မြူကစားနေဆဲပင်။ သားတော်ကလေးကလည်း တခစ်ခစ်နှင့် ရယ်မောလျက်ရှိ၏။ မင်းကြီး လာသည်ကို မသိကျိုးနွံပြုရာ ရောက်နေ၏။

မင်းကြီး မဟာပတာပသည် မိဖုရားခေါင်ကြီးနှင့် သားတော် ဓမ္မပါလတို့အား မလှမ်းမကမ်းမှ ရှုတော်မူ၍ ရိုင်းပျသော



www.burmeseclassic.com

www.burmeseclassic.com



အတွေးစိတ်တို့သည် မင်းကြီးစိတ်ဝယ် ချက်ချင်း ဝင်လာတော့သည်။

"အော် နမတော်က ဒီလိုလား၊ မောင်တော်ဟာ မင်းဇကရာဇ် ဆိုတာ မေ့နေပြီကော၊ မောင်တော်ကို ကြိုဆိုရမှန်းမသိ၊ ဦးညွှတ် လေးစားရမှန်း မသိတော့ပါလား၊ ဒါ ဘာကြောင့်လဲ၊ ဒါ ဘာကြောင့်လဲ"

မင်းကြီးက မိဖုရားခေါင်ကြီးနှင့် သားတော်လေးတို့အကြား ဝယ် အဖြေရှာသည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ အရင်းစစ်တော့ အမြစ်မြေကဆိုသလို ဒီကိစ္စက သားတော်ကြောင့်ပဲ၊ စကားမပြောတတ်သေးတဲ့ အရွယ် တောင်မှ ဒီလိုဖြစ်နေရင် ငါ့ကို မိဖုရားကြီး ချစ်မှာမဟုတ်တော့ ဘူး။ အင်း သားတော်များ ကြီးလာရင် နမတော်က ငါကိုယ်တော် မြတ်ကို မင်းဇကရာဇ် မပြောနဲ့၊ လူတောင်ထင်မှာ မဟုတ် တော့ဘူး"

မင်းကြီး မဟာပတာပ၏ အတွေးစိတ်တို့နှင့်အတူ မျက်နှာ တော်က ကြမ်းတမ်းခက်ထရော်လာ၏။ ပိုးဝတ်ပုဆိုးတော်ကို မ,လျက် မိဖုရားခေါင်ကြီးအနီးမှ ချာခနဲ လှည့်ထွက်သွားသည်။

"တောက် သိကြသေးတာပေါ့"

မင်းကြီးက နှုတ်မှ ဖွင့်ဟလျက် ပြင်းထန်သော တောက် ခေါက်သံနှင့်အတူ ကြိမ်းဝါးကာ နန်းရင်ပြင် ခန်းဆောင်ဆီသို့





ထွက်ခွာသွားသည်။ သွက်လက်စွာ လှုပ်ရှား ကြွချီတော်မူလျက် နန်းပလ္လင်ထက်သို့ တက်၏။ မှူးမတ်၊ စစ်သည်ဗိုလ်ပါတို့လည်း သင့်တော်ရာ နေရာအသီးသီးမှ ခစားနေကြသည်။

"ဟဲ့ အမတ်မင်းတို့ ခိုးသူသတ် ထောင်မှူးကို ငါ့ရှေ့တော် မှောက် အခုအရောက်သွင်းစေ"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

မင်းကြီး၏ အမိန့်တော်ကို ရိုကျိုးစွာ နားဆင်လျက်ရှိ သော အမတ်မင်းများလည်း အမိန့်တော်အတိုင်း ဆောင်ရွက် ကြသည်။

မကြာမီ အမတ်ကြီးတစ်ဦးနှင့်အတူ တောင့်တင်းသန်မာ ထွားကျိုင်းလှသည့် ခိုးသူသတ် ထောင်မှူးကြီး ရောက်ရှိလာသည်။ ခိုးသူ သတ် ထောင်မှူးကြီးမှာ နီမြန်းသော အဝတ်တို့ကို ဝတ် ဆင်ထားသည်။ နီရဲသော ပန်းနီ တစ်ပွင့်ကို ဦးခေါင်းထက်ဝယ် ပန်ဆင်ထားသည်။

ခိုးသူသတ် ထောင်မှူးကြီးမှာ နန်းရင်ပြင် ပလ္လင်ထက်ဝယ် စံမြန်းလျက်ရှိသည့် မင်းကြီးရှေ့တော်မှောက် အရောက်ခစားစဉ် ဦပင် အသွားရောင် တဖွေးဖွေး တလက်လက်နှင့် အရောင်ထွက် နေသည့် သံပုဆိန်ကြီး ပခုံးထက်ဝယ် ထမ်းကာ စဉ်းတီတုံးကိုပါ တစ်ပါတည်း ယူဆောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးရှေ့တော်မှောက်သို့ ရောက်ရှိမှ လက်သုံးတော် ပုဆိန်နှင့် စဉ်းတီတုံးကို အသာချ၍ ဒူးထောက်ခစားလေသည်။

"မှန်လှပါ အမိန့်တော်မြတ်အတိုင်း ခိုးသူသတ် ထောင်မှူးကြီး မင်းကြီးရှေ့တော်မှောက် ဒူးထောက် ခစားလျက် ရောက်ရှိကြောင်းပါ ဘုရား"

အမတ်ကြီးက ခိုးသူသတ် ထောင်မှူးကြီး ရောက်ရှိကြောင်း မင်းကြီးအား လျှောက်ထားလေသည်။ မင်းကြီးက ခိုးသူသတ် ထောင်မှူးကြီးကို စူးစိုက်စွာ ကြည့်လိုက်၏။ ထိုစဉ် ခိုးသူသတ် ထောင်မှူးကြီးက မင်းကြီးအား မော်၍ ဖူးလိုက်သည်။ ထို့နောက် ...

"အမိန့်တော်ကို ရိုသေစွာ ရွှေနားပန်ဆင်လျက် ရှိကြောင်းပါ ဘုရား"

"ကောင်းပြီမောင်မင်း၊ အမိန့်တော်ကို နာခံလော့၊ အမိန့်တော်မှတ်မယ်"

"မှန်လှပါဘုရား"

အကြောင်းတစ်စုံတစ်ရာမျှ မသိသော မှူးကြီးမတ်ရာ စစ်သည်ဗိုလ်ပါအားလုံးတို့မှာ တုန်လှုပ်ချောက်ချားလျက် စိုးရိမ်စိတ်များစွာနှင့် မင်းကြီးအမိန့်ကို စောင့်မျှော်နားထောင်နေကြ၏။ မင်းကြီး၏ မျက်နှာတော်မှာ ဒေါသခက်ထန်နေမှုနှင့် ခိုးသူသတ် ထောင်မှူးကြီးကို ရှေ့တော်မှောက်အရောက် သွင်းထားစေသဖြင့် တစ်ယောက်သောသူမှာ ကြီးစွာသော မင်းပြစ်မင်းဒဏ် သင့်ပေ





တော့မည်ဟု ကြိုတင်တွက်ဆထားကြသည်။ တစ်ဦးမျက်နှာ တစ်ဦး အကဲခတ်ကာ အမိန့်ကို နာခံလျက် ငြိမ်သက်နေကြသည်။

"ငါကိုယ်တော်မြတ်ရဲ့ မိဖုရားခေါင်ကြီး စံမြန်းရာ အိပ်ရာခန်းမ နန်းမဆောင်သို့ သွား၍ သားတော် ဓမ္မပါလကို မပါ့, ပါအောင် ဆောင်ယူချေလော့ မောင်မင်း"

"မှန်လှပါ အမိန့်တော်မြတ်အတိုင်းပါဘုရား"

ခိုးသူသတ် ထောင်မှူးကြီးသည် မင်းကြီးအမိန့်တော်ကို နာခံလျက် လက်အုပ်ချီ၍ နောက်သို့ဆုတ်ကာ ဆုတ်ကာနှင့် သွား၏။ အတန်ငယ်ဝေးမှ ခါးကို မတ်ကာ အားမာန်အပြည့်နှင့် မိဖုရားခေါင်ကြီးနှင့် သားတော်တို့ စံမြန်းရာ နန်းမဆောင် အိပ်ရာခန်းမသို့ ထွက်ခွာသွားလေတော့သည်။

မိဖုရားခေါင်ကြီး စန္ဒာဒေဝီကမူ မင်းကြီး အမျက်တော် ရှသွားသည်ကို သိ၍ သားတော် ဓမ္မပါလကို ရင်ဝယ်ထားလျက် အိပ်ရာညောင်စောင်း သလွန်တော်ထက်ဝယ် ငိုရှိုက်ကာ နေ၏။ မိဖုရားခေါင်ကြီး၏ ငိုရှိုက်သံနှင့်အတူ ကြမ်းတမ်းခက်ထန်သော ခိုးသူသတ် ထောင်မှူးကြီး လျှောက်လှမ်းလာသည့် ခြေသံက လည်း မိုးခြိမ်းသံအလား ပြင်းထန်လှသည်။ တဒုန်းဒုန်း တဝုန်းဝုန်းနှင့် လျှောက်လှမ်းလာသည့် ခြေသံကား မိဖုရားခေါင်ကြီး လဲလျောင်းရာ သလွန်တော်နှင့် နီးကပ်လာ၏။ ခြေသံကပင် ဒေါသသံ ပါနေပေ၏။

www.burmeseclassic.com

www.burmeseclassic.com

"မိဖုရား အဲဒီကလေး ပေးလော့"

"ဘာလို့ပေးရမှာလဲ၊ ဒါ ငါ့ရဲ့သားတော် ငါကိုယ်တော်တိုင် မွေးဖွားထားတဲ့သားတော်၊ သင့်လို ခိုးသူသတ် ထောင်မှူးကြီးရဲ့ လက်ကို ဝကွက်အပ်ပြီး ပေးရမှာလား"

"မိဖုရားခေါင်ကြီးမွေးတာ၊ မင်းကြီးမွေးတာ အကျွန်ုပ်မသိ၊ မင်းကြီးအမိန့်အတိုင်း အကျွန်ုပ် ဆောင်ကျဉ်းရခြင်း ဖြစ်ပေတယ်၊ မိဖုရားကြီး ဤကလေး ငါ့အားပေးလော့"

ခိုးသူသတ် ထောင်မှူးကြီးသည် မင်းကြီးအမိန့်ကို ရှေ့တန်းတင်၍ မိဖုရားခေါင်ကြီး၏ ကျောကုန်းကို လက်ကြမ်းကြီးဖြင့် ပုတ်ခတ်ကာ သားတော်လေးအား လုယူသွားတော့သည်။

"ဟဲ့ ခိုးသူသတ်၊ ငါ့ကလေး ပြန်ပေးလော့၊ ဒီကလေးဟာ မင်းကြီးမွေးတာ မဟုတ်ဘူး၊ ငါ့ရဲ့ အသွေးအသား၊ ငါ့ရဲ့ နလုံးသားထဲ အသည်းထဲက ဖန်တီးမွေးလာတာ ပြန်ပေလော့"

ခိုးသူသတ်ထောင်မှူးသည် သားတော်ဓမ္မပါလကို လက်မှဆွဲ၍ ရှေ့မှ သွား၏။ မိဖုရားခေါင်ကြီးက ငိုယိုကာ နောက်မှလိုက်၏။ မိဖုရားခေါင်ကြီး၏ ငိုသံကြောင့် နန်းတွင်းသူ နန်းတွင်းသားတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ မင်းကြီးရှိရာ ပလ္လင်တော်ရှေ့တွင် အလိုလို စုရုံးရောက်ရှိသွားကြလေသည်။ ခိုးသူ သတ် ထောင်မှူးကြီးသည် မင်းကြီးရှိရာ ပလ္လင်တော်ရှေ့သို့ ရောက်သည်နှင့် သားတော်ဓမ္မပါလကို မြှောက်လျက် အမိန့်တော်ကို နာခံလျက်ရှိကြောင်း လျှောက်ထားလေသည်။





"မင်းကြီး သားတော် ဓမ္မပါလ ဘုရားကျွန်တော်မျိုး၏ လက်ဝယ်သို့ ရောက်ရှိပါပြီ အဘယ်သို့ ပြုရအံ့နည်း"

ခိုးသူသတ် ထောင်မှူးလည်း ဒူးတစ်ဖက်ထောက် တစ်ဖက်မြှောက်လျက် သားတော်ဓမ္မပါလကို ခြေအစုံမှ ကိုင်မြှောက်၍ မင်းကြီးအား ပြသကာ လျှောက်ထားလေ၏။ နန်းတွင်းသူ နန်းတွင်းသား ပရိသတ်များအားလုံးက ခိုးသူသတ်ထောင်မှူးကြီး၏ လုပ်ရပ်ကိုကြည့်၍ ရင်သပ်ရှုမော အံ့သြကြသည်။ ထိုစဉ် ...

"အမောင် ခိုးသူသတ် ထောင်မှူးကြီး၊ ဤသားတော်လေး၏ လက်အစုံတို့ကို ဖြတ်လော့"

"ဟင်"

"အို"

"ဟယ်"

မင်းကြီး၏ အံ့ဖွယ်အမိန့်စကားကြောင့် ပရိသတ်အားလုံး အံ့သြခြင်းများစွာ ဖြစ်ကြရလေ၏။ ခိုးသူသတ် ထောင်မှူးကြီးကမူ မင်းကြီး၏ အမိန့်အတိုင်း စဉ်းတီတုံးပေါ်တွင် သားတော်ဓမ္မပါလအား ပက်လက်လှန်လိုက်၏။

"ဟဲ့ ခိုးသူသတ်ထောင်မှူးကြီး၊ သားတော်လေးအား အခုလွှတ်လော့၊ သားတော်လေးမှာ ဘာအပြစ်မှ မရှိဘူး၊ လွှတ် အခုလွှတ်လော့"



www.burmeseclassic.com

www.burmeseclassic.com

"မောင်တော်၊ မောင်တော်၊ သားတော်လေးမှာ ဘာအပြစ်မှ မရှိပါဘူး ဘုရား၊ မောင်တော်ရဲ့ အပြစ်ကို နှမတော်သာ ပြုခဲ့ပါတယ်၊ သားတော်ကို လွှတ်ပါ၊ အပြစ်ရှိတဲ့ နှမတော်ရဲ့ လက်ကိုသာ ဖြတ်တော်မူပါဘုရား"

မိဖုရားခေါင်ကြီး စန္ဒာဒေဝီခမျာ မင်းကြီးအား ငိုယို လျှောက်ထား တောင်းပန်စကား ဆိုရှာသည်။ မိဖုရားခေါင်ကြီး၏ လျှောက်ထား တောင်းပန်မှုကြောင့် ခိုးသူသတ် ထောင်မှူးကြီးက မင်းကြီးအား မော်၍ ဖူးမြော်လိုက်၏။ မင်းကြီးကလည်း ခိုးသူသတ် ထောင်မှူးကြီးအား ကြည့်လိုက်၏။ ထို့နောက် တစ်ချက်လွှတ် အမိန့်တော်ကို ချမှတ်၏။

"မောင်မင်း၊ ငါ၏အမိန့်ကို နာခံဆောင်ရွက်လော့၊ ယခုချက်ချင်း မဆိုင်းမတွ သားတော်၏လက်အစုံတို့ကို ဖြတ်စေဗျား"

ခိုးသူသတ် ထောင်မှူးလည်း မင်းကြီးအမိန့်အတိုင်း မကြောက်မရွံ့ နောက်မတွန့်ဘဲ စဉ်းတီတုံးထက်မှ သားတော် ဓမ္မပါလ၏ လက်အစုံကို လက်စွဲတော် ပုဆိန်ကြီးဖြင့် တမဟုတ်ချင်း ဖြတ်တောက်ပစ်လိုက်လေ၏။ သားတော် ဓမ္မပါလကလေးမှာ ခုနစ်လသားအရွယ်မျှဖြစ်၍ ဝါးမြစ်ဝါးနုတို့ကို ဖြတ်တောက်လိုက်သည့်နှယ် လွယ်ကူစွာပင် ပြတ်တောက်သွားလေ၏။ ဓမ္မပါလ၏ နုနယ်သေးကွေးလှသော လက်အစုံတို့သည် နန်းရင်ပြင်ထက်ဝယ် လွင့်စင်၍ တဆတ်ဆတ်ခုန်၏။ နီရဲသော





သွေးစမ်းတို့လည်း ကြမ်းပြင်ထက်ဝယ် ရွှဲရွှဲစိုလေသည်။ ဓမ္မပါလသည် ခုနစ်လသားအရွယ်မျှရှိ၍ စကားမဆိုတတ်။ ဘုရားအလောင်းတော် ဖြစ်သည့်အားလျော်စွာ မျက်ရည်မယို၊ မငိုကြွေးဘဲ ခန္တီမေတ္တာ ရှေ့ထားကာ ဝေဒနာကို သည်းခံလေ၏။

"အမယ်လေး သေပါပြီ၊ သားတော်လေး သေပါပြီ"

မိဖုရားခေါင်ကြီး စန္ဒာဒေဝီခမျာ သွေးသံရဲရဲဖြင့် လွင့်စင်ပြတ်ကျလာသည့် သားတော်လေး၏ လက်နှစ်ဖက်ကို ယူ၍ ရင်ခွင်တွင် ပွေ့ပိုက်ငိုယို၏။ တောင်းပန်လျှောက်ထားနေ၏။

"မင်းကြီး အဘယ်သို့ ထပ်မံပြုရအံ့နည်း"

ခိုးသူသတ် ထောင်မှူးက မင်းကြီး၏ အမိန့်ကို နာခံရန် ထပ်မံ လျှောက်ထားပြန်၏။ ဇက်ရဲလက်ရဲရှိလှသော ခိုးသူသတ် ထောင်မှူးကြီးက မင်းကြီးစေခိုင်းသမျှကို ဆောင်ရွက်ရန် အသင့်ဖြစ်နေ၏။

"ခိုးသူသတ်ထောင်မှူးကြီး၊ သားတော်ရဲ့ ခြေအစုံတို့ကို ထပ်မံ ဖြတ်ဦးလော့"

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

"အို သားတော်လေးရဲ့ ခြေအစုံကို မဖြတ်ပါနဲ့၊ အမိန့်စကားကို ပြန်လည်ရုပ်သိမ်းပေးတော်မူပါ မောင်တော်ဘုရား၊ ရုပ်သိမ်းပေးတော်မူပါ၊ အပြစ်မဲ့တဲ့ သားတော်လေးကို ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



တော်မူပါ မောင်တော်၊ နှမတော်မှာသာ အပြစ်ရှိပါတယ်၊ နှမတော်ရဲ့ ခြေအစုံကို ဖြတ်တော်မူပါဘုရား"

မိဖုရားခေါင်ကြီး စန္ဒာဒေဝီသည် သားတော်၏ လက်ပြတ်နှစ်ဖက်ကို ရင်ဝယ်ပိုက်လျက် မင်းကြီးအား အသည်းကွဲမတတ်ပင် ငိုယိုကာ တောင်းပန်ရှာ၏။ မင်းကြီးကား တစ်ချက်လွှတ်အမိန့်ကို ပြန်၍ မရုပ်သိမ်းဘဲ ခိုးသူသတ် ထောင်မှူးကြီးကိုသာ စူးစိုက်စွာကြည့်နေ၏။ ခိုးသူသတ် ထောင်မှူးကြီးလည်း မင်းကြီးအမိန့်အတိုင်းပင် သွေးအေးစွာဖြင့် သားတော်လေး၏ ခြေအစုံကို ရဲတင်းစွာ ဖြတ်တောက်ပစ်လိုက်သည်။

"ဒေါက် .... ဒေါက်"

သားတော်လေး ဓမ္မပါလ၏ ခြေအစုံတို့လည်း စဉ်းတီတုံးပေါ်မှ လွင့်စင်၍ ကြမ်းပြင်ထက်သို့ကျ၏။ ခြေအစုံမှ သွေးစိမ်းရှင်တို့ကား ဝေါဝေါပန်း၍ ထွက်လေသည်။ ထိုစဉ် မိဖုရားခေါင်ကြီးခမျာ ခြေပြတ်များရှိရာသို့ ပြေးလွှားရောက်ရှိသွား၏။ နုနယ်သေးကွေးလှ၍ တဆတ်ဆတ် တဖျတ်ဖျတ် ခုန်လျက်ရှိသည့် သားတော်လေး၏ ခြေအစုံကို ကောက်ယူ၍ ရင်ခွင်တွင် ပိုက်လိုက်၏။

မိဖုရားခေါင်ကြီးသည် စဉ်းတီတုံးပေါ်မှ သားတော် ဓမ္မပါလကို ကြည့်လိုက်၊ ရင်ခွင်ထက်မှ ခြေလက်အစုံတို့ကို ကြည့်လိုက်နှင့် ရူးမတတ်ပင် ခံစားနေရရှာသည်။ ခြေလက်အစုံတို့ အပြတ်





ခံရသည့် သားတော်ဓမ္မပါလကမူ ဘုရားအလောင်းတော်ပီပီ ဣန္ဒြေကြီးစွာဖြင့်ပင် ဟန်မပျက်ဘဲ ဝေဒနာတို့ကို သည်းခံနေရှာ၏။

"မောင်တော်၊ မောင်တော်ဘုရား၊ ခြေပြတ်လက်ပြတ်ဖြစ်နေရှာတဲ့ သားတော်လေးကို ရှုစားတော်မူပါဦး ဘုရား၊ သနားကြင်နာ မေတ္တာထားတော်မူပါဦး ဘုရား"

"ဒုက္ခိတဖြစ်နေရှာတဲ့ သားတော်လေးကို နှမတော် လုပ်ကျွေး စောင့်ရှောက်တော်မူပါ့မယ်ဘုရား၊ နှမတော်ရဲ့ သားတော်လေးကို ပြန်လည် ပေးအပ်ပါတော့ မောင်တော်ဘုရား"

မိဖုရားခေါင်ကြီး စန္ဒာဒေဝီက ဒုက္ခိတဖြစ်သွားရှာသည့် သားတော် ဓမ္မပါလကို ပြန်လည်တောင်းယူ၏။ သို့တိုင် မင်းကြီးက စကားမဆို၊ မိန့်တော်မမူဘဲ သူသတ်သမား ထောင်မှူးကြီးကိုသာ လှမ်း၍ ကြည့်လိုက်သည်။ ထိုစဉ် သူသတ်သမား ထောင်မှူးကြီးက မင်းကြီးမျက်နှာတော်အား မော်ဖူး၍ မေးလျှောက် ပြန်၏။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုး၏ကိစ္စ ပြီးပါပြီလားဘုရား၊ ခြေပြတ်လက်ပြတ်တို့ဖြင့် ရှိကုန်သည့် ဤသားတော်လေးအား မိဖုရားခေါင်ကြီးကို ပြန်လည်ပေးအပ်လိုက်ရမလား ဘုရား"

"အလို ခိုးသူသတ် ထောင်မှူးကြီး၊ အဘယ်သို့သော စကားကို မောင်မင်းဆိုဘိသနည်း၊ မောင်မင်းကိစ္စ မပြီးသေးဘူး၊ အမိန့်တော် ဆက်လက်နာခံလော့"



www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါဘုရား"

"နာခံလျက်ရှိကြောင်းပါ ဘုရား"

"သားတော်၏ ဦးခေါင်းကို ထပ်မံ ဖြတ်ပေလော့ မောင်မင်း"

"မဖြတ်နဲ့ သားတော်ရဲ့ ဦးခေါင်းကို မဖြတ်နဲ့၊ ငါ့ဦးခေါင်း ဖြတ်ဟဲ့"

ခိုးသူသတ် ထောင်မှူးကြီးလည်း မင်းကြီးအမိန့်အတိုင်း ဘုရားအလောင်းတော် ဓမ္မပါလ၏ ဦးခေါင်းကို ပုဆိန်ကြီးဖြင့် တိခနဲ ဖြတ်လိုက်၏။

"အမယ်လေး သားတော်လေးရဲ့ အသက်ခန္ဓာ အိုးစား ကွဲရှာပါကောလား"

မိဖုရားခေါင်ကြီးခမျာ သားတော် ဓမ္မပါလ၏ အဖြစ်ကို ကြည့်၍ ရင်ကွဲမတတ် ခံစားရရှာသည်။ သွေးအလူးလူးနှင့် ပြတ်တောက်လျက်ရှိသော သားတော်လေး၏ ခန္ဓာကိုယ် အစိတ်အပိုင်းများကို ရင်ဝယ်ပိုက်၍ နှလုံးသည်းပွတ်များ ကွဲမတတ် ခံစားနေရ၏။ သို့တိုင် မင်းကြီး၏ အမိန့်တော်ကမရပ်၊ ထပ်မံ ချမှတ်ပြန်၏။

"ရှော့ မောင်မင်း၊ ဟောဒီသန်လျက်နဲ့ သားတော်ရဲ့ ကိုယ်ခန္ဓာကို သန်လျက်ပန်း ပြုလော့"





ခိုးသူသတ် ထောင်မှူးကြီးလည်း မင်းကြီး စေခိုင်းသည့် အတိုင်းပင် ဘုရားအလောင်းတော် ဓမ္မပါလ၏ ကိုယ်ကို အထက်သို့မြှောက်၍ သန်လျက်ဖြင့် ခံ၏။ ဘုရားအလောင်းတော် ဓမ္မပါလ၏ကိုယ်မှာ သန်လျက်သွားပေါ်ကျ၍ အသားစိုင် အစိတ်အပိုင်းတို့ကား နန်းရင်ပြင်တစ်ခုလုံးသို့ ဖွာလံကျဲကာ ကျလေတော့၏။ အသားစိုင်၊ အသားခဲတို့ ကြမ်းပြင်ထက်၌ သွေးချင်းချင်းနီလျက် တဆတ်ဆတ် တဖျတ်ဖျတ်နှင့် လူးလွန့်ကာ ခုန်နေတော့၏။

မိဖုရားခေါင်ကြီးမှာ မကြည့်ရက်သဖြင့် မျက်လုံးအစုံတို့ကို ပိတ်ကာ ဦးခေါင်းကို ငုံ့လျက် တွင်တွင်သာ ရမ်းခါနေတော့သည်။

"အမယ်လေး၊ သွားရှာပြီ၊ သားတော်လေး အသက်နှင့် ခန္ဓာ ကင်းရှာပါပေါ့လား"

"ဟီး ... ဟီး ... ဟီး"

မြင်ဆန်လှသော အဖြစ်အပျက်အလုံးစုံကို မိဖုရားခေါင်ကြီး မြင်လိုက်သည့်အခါတွင် အူလှိုက်သည်းလှိုက် ချုံးပွဲချ၍ ငိုကြွေးသည်။ နန်းတွင်းသူ နန်းတွင်းသား ပရိသတ်တို့လည်း အံ့သြခြင်းများစွာဖြင့် စုပ်သတ်လျက်သာ ငြိမ်နေမိကြသည်။

"နှလုံးသား နူးညံ့လှပါတယ်ဆိုတဲ့ အမတ်ကြီးတို့ရဲ့ သားတော်ကို မသတ်ဖို့ ဘာလို့ မတားမြစ်ကြတာလဲ၊ ကြမ်းခမ်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ နှလုံးသားတွေ ဖြစ်ကုန်ကြပြီလား၊ ဟင်း ကြည့်ရက်လိုက်ကြတာ ဟီး ..”

“ဟဲ့ ... ဆွေတော်မျိုးတော်ကောင်းတွေ သင်တို့ရဲ့ နှလုံးသားတွေဟာ နူးညံ့တယ်ဆို၊ အခုတော့ ကျောက်ဆိုင်ကျောက်ခဲတွေလို မာကျောခက်ထန်လှချည်လားကွယ်ရို့ ဟီး ဟီး”

မိဖုရားခေါင်ကြီးသည် သားတော် ဓမ္မပါလ၏ ခြေလက်အစုံ၊ ဦးခေါင်းနှင့် အသားစိုင် အသားခဲတို့ကို အရူးတစ်ယောက်ပမာ လိုက်လံ ကောက်ယူ၏။ နှုတ်မှလည်း တဖွဖွ ပြစ်တင်မြည်ကြွေးကာ တဗျစ်တောက်တောက် ပြော့ဆိုလျက် သည်းစွာငိုကြွေးနေသည်။

မိဖုရားခေါင်ကြီး စန္ဒာဒေဝီ၏ အသည်းနှလုံး သည်းပွတ်စိုင်တို့သည်လည်း ပြင်းစွာသော ခံစားချက်တို့ကြောင့် ဝါးတောတွင် မီးလောင်သကဲ့သို့ တဖျစ်ဖျစ် ကွဲအက်သွားတော့သည်။ ရုတ်ချည်းပင် မတ်တတ်က လဲ၍ ရင်ကွဲကာ သေပွဲဝင်ရရှာလေတော့သည်။

ထိုစဉ် ပြင်းထန်လှသည့် မိုးထစ်ချုန်းသံ၊ လေပြင်းတိုက်သံတို့သည် တမဟုတ်ချင်း ပေါ်ထွက်လာ၏။ လေပြင်းနှင့်အတူ ဝေ့ဝိုက်လှည့်ပတ်ကာ တိုက်ခတ်လာသည့် လေပွေကြီးသည် မင်းကြီး မဟာပတာပရှိရာ နန်းရင်ပြင်တွင်းသို့ ဝင်ရောက်တိုက်ခတ်လာ၏။ ထို့နောက် ယင်းလေပွေကြီးက မင်းကြီး





မဟာပတာပအား ခေါ်ဆောင်ကာ မြေပြင်ထက်သို့ ပစ်ချလိုက်သည်။

မင်းကြီး မြေပြင်သို့ ကျသည့်အခါ မဟာပထဝီမြေကြီးသည်လည်း တဟီးဟီးနှင့် မြည်ဟည်း အက်ကွဲလာသည်။ ထိုစဉ် ငရဲမှ မီးညွန့်မီးလျှံတို့က မြေပြင်အထက်သို့ တရှဲရှဲတက်လာကာ မင်းကြီး မဟာပတာပအား မြေအက်ကွဲကြောင်းများမှ တစ်ဆင့် အဝီစိငရဲသို့ ဆွဲခေါ်သွားလေတော့သည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com










## ခန္တီဝါဒီရှင်အားပြစ်မှား၍မြေမျိုခံရသူ

"သားတော်မောင် လောကမှာ ပစ္စည်းဥစ္စာ မည်၍မည်မျှ ပင် ချမ်းသာကြွယ်ဝစေကာမူ ပညာမတတ်သူကား ဆင်းရဲလှ ပေ၏။"

"ခမည်းတော် မယ်တော်တို့မှာ သားတော်ရဲ့ ဆယ်သက် မျှမက စား၍ မကုန်နိုင်တဲ့ ပစ္စည်းဥစ္စာများ ရှိသော်လည်း ဉာဏ်ပညာနဲ့နဲ့စွာနဲ့ သုံးစွဲမယ်ဆိုရင် ကုန်ခမ်း ပျက်စီးယိုယွင်းမှာ သေချာတယ်။ အဲဒီပစ္စည်းဥစ္စာတွေကို အတတ်ပညာတည်းဟူ သော ဉာဏ်ပညာချွန်းနဲ့သာ နိုပ်ကွပ် ထိန်းသိမ်းစောင့်ရှောက် နိုင်ပေတယ်။ သားစဉ်မြေးဆက် အမွေဆက်ခံနိုင်ပေတယ်၊ သားတော်မောင်"

"ပညာရွှေအိုး လူမခိုးဆိုသလိုပဲ၊ ပစ္စည်းဥစ္စာဆိုတာ ကိုယ့်မှာ ရှိပေမယ့် ထာဝရ မတည်ရှိနိုင်ပေဘူး။ ကံအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တရား နှိပ်စက်ရင် ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်တတ်တယ် သားတော်။ အဲ ကိုယ်ပိုင်အတတ်ပညာ ရတနာဥစ္စာဆိုတာကတော့ မသေ မချင်း ပိုင်ဆိုင်နေတယ်၊ ဟဲမလွန်ဘဝဆိုတာ ရှိခဲ့ရင် နောင် တမလွန်ဘဝအထိ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဆောင်တတ်ပေတယ် သားတော်"

"အတတ်ပညာဟူသမျှ သင်ယူတတ်မြောက်ဖို့ တက္ကသိုလ် ပြည်ကြီးကို ပညာသင်သွားပေရော့ သားတော်"

အေးမြသာယာသည့် နံနက်ခင်းဝယ် ဖခမည်းတော်ဘုရား၏ တက်ကြွဖွယ် ဆုံးမစကားတို့ကြောင့် ကုဏ္ဍလလုလင်အဖို့ တက္ကသိုလ်ပြည်ကြီးသို့ ပညာသင်သွားရန် အားအင်အပြည့်နှင့် ကြည်နူး လန်းဆန်းစေခဲ့သည်။

"တက္ကသိုလ်ပြည်ကြီးကို သားတော် ဘယ်တော့ သွားရမလဲ ဖခမည်းတော်"

"ပညာသင်တယ်ဆိုတာ အချိန်စောတယ်၊ နောက်ကျတယ် ရယ်လို့ မရှိပေဘူး သားတော်၊ သားတော်အတွက် အဆင်သင့် ဖြစ်မယ်ဆိုရင် ဒီနေ့ မွန်းမတိမ်းမီ သွားပေရော့ သားတော်မောင်"

"မှန်လှပါ၊ ဖခမည်းတော်ရဲ့ မိန့်မှာစကားအတိုင်း နာယူ ပါ့မယ်"

ဘုရားလောင်းတော် သူဌေးသားကုဏ္ဍလလည်း တက္ကသိုလ် ပြည်ကြီးသို့ ခရီးထွက်ရန် အဝတ်အထည် စားနပ်ရိက္ခာတို့ကို





ပြင်ဆင်သည်။ ထိုအတူ မိခင် သူဌေးကတော်ကြီးကမူ သားတော်မောင် ပညာသင်သွားရန် ဝမ်းပန်းတသာဖြင့် ပစ္စည်းပစ္စယ များကို ကူညီထည့်ပေးရင်း ဆုံးမစကားတို့ကို ဆို၏။ သို့တိုင် ချစ်လှစွာသော တစ်ဦးတည်းသောသား ရင်နှစ်သည်းချာနှင့် မခွဲစဖူး ခွဲရမည့်အရေးကိုတွေး၍ မျက်လုံးအိမ်အတွင်း၌ မျက်ရည် ဥတို့က ဝေ့ဝဲ ခိုတွဲလျက် ရှိနေသည်။

ဘုရားအလောင်းတော် ကုဏ္ဍလလည်း ပစ္စည်းပစ္စယ စုံလင်စွာ ထည့်သွင်းထုပ်ပိုးပြီးသည့်အခါတွင်မူ မိခင်ကြီးရှေ့တွင် ရှိသေစွာ နှားထောင်လျက် ဂါရဝပြု နှုတ်ခွန်းဆက်လိုက်သည်။

"သားတော်မောင်၊ ခရီးလမ်းပန်း သာယာချမ်းမြေ့ပါစေ၊ အတတ်ပညာတွေ လွယ်ကူစွာ သင်ကြားတတ်မြောက်ပါစေကွယ်"

သူဌေးကတော်ကြီးက သားတော်မောင်အတွက် ဆုတောင်းစကားတို့ကို ဆိုသည်။ ထို့နောက် အိပ်ရာသလွန်တော်မှထ၍ သားတော်မောင် ကုဏ္ဍလ၏ ဘယ်ဘက်ပခုန်းထက်ကို ကိုင်လျက် မတ်တတ်ရပ်သည်။

"ကဲ သားတော်မောင် ထလော့၊ ဟောဒီအထုပ်က သားတော်မောင်ရဲ့ ဝတ်လဲတော် ထည့်ထားတဲ့အထုပ်၊ ဟောဒီ အထုပ်က လမ်းခရီးမှာ သားတော်မောင်စားဖို့ မသိုးထမင်း၊ မသိုးဟင်းတွေ ထည့်ထားတဲ့အထုပ် ဟုတ်လား"

"ဟုတ်ကဲ့ပါ မယ်တော်"



www.burmeseclassic.com

www.burmeseclassic.com



"သားတော်မောင် အဆင်သင့်ဖြစ်ရင် ဖခမည်းတော်ကို ဂါရဝပြု ကန်တော့ပြီး နေမွန်းမတိမ်းမီ ခရီးထွက်ရမယ် မဟုတ်လား"

ဘုရားအလောင်းတော် ကုဏ္ဍလသည် မိခင်ကြီးနှင့်အတူ အထုပ်အပိုးများကို ပွေ့ပိုက်လျက် အိပ်ရာခန်းမဆောင်အတွင်းမှ ထွက်လာ၏။ ထို့နောက် မိခင်ကြီး၏ အဆုံးအမအတိုင်း ဖခင်ကြီး ရှိရာသို့သွား၍ ဒူးညွှတ်ထောက်လျက် ရိုသေစွာ ဂါရဝပြု ကန်တော့သည်။

"ကောင်းလေစွ သားတော်မောင် ကောင်းလေစွ၊ ပညာသင်တဲ့ အခါမှာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသိပဖာယူပြီး ဆရာ့စကားကို မြေဝယ်မကျ နာယူလေလော့ သားတော်မောင်၊ ငါ သူဌေးသားပဲ ဆိုတဲ့ မာန်မာနကို ပယ်ဖျက်ပါ။ ဆရာသင်ကြားသမျှ အတတ် ပညာတို့ကို ဦးနောက်မှာစွဲပြီး ရင်ထဲ အသည်းထဲ အရောက် တတ်ကျွမ်းအောင် သင်ယူပေရော့ သားတော်မောင်"

"မှန်လှပါ ဖခမည်းတော်"

"ကဲ သားတော်မောင်၊ နေမွန်းမတိမ်းမီ တက္ကသိုလ်ပြည် ကြီးကို လှမ်းပေရော့"

ဘုရားအလောင်းတော် ကုဏ္ဍလလုလင်လည်း မိခင်၊ ဖခင်တို့အနီးမှ ဦးခေါင်းနှင့် ခါးတို့အား ရိုကျိုးစွာ ညွှတ်ကိုင်း လျက် ခြေတစ်လှမ်းချင်း နောက်သို့ ဆုတ်ခါ ဆုတ်ခါနှင့်





သွား၏။ တံခါးဝရောက်မှ ခါးကိုဆန့်လျက် မိခင်နှင့် ဖခင်အား နှုတ်ဆက်သည်။

ထို့နောက် ဗာရာဏသီပြည်ကြီးမှ တက္ကသိုလ်ပြည်ကြီးသို့ ပညာသင်ရန် ထွက်ခွာခဲ့လေသည်။

● ● ●

တက္ကသိုလ်ကျောင်းတော်ကြီးတွင် အနယ်နယ် အရပ်ရပ် တိုင်းပြည်အသီးသီးမှ ကျောင်းသူကျောင်းသားများ ပညာသင်ယူ လျက် ရှိကြသည်။ ယင်းကျောင်းသူကျောင်းသားများထဲတွင် ဘုရားအလောင်းတော် ကုဏ္ဍလလည်း ပါရှိလေသည်။

အချိန်သည် မည်သည့်အရာကိုမျှ မစောင့်ပေ။

စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်လနှစ်တို့လည်း အလီလီ ပြောင်းလဲခဲ့ပြီဖြစ်သည်။ ကျောင်းသူကျောင်းသားများသည် အသိ ပညာ အတတ်ပညာများကို သင်ကြားတတ်မြောက်ခဲ့ကြပြီ ဖြစ်သည်။

ထို့အတွက် ဒိသာပါမောက္ခဆရာကြီးက တပည့်များ အား ကျောင်းတော်ကြီးမှ မပြန်မီ အရည်အချင်း စစ်ဆေးမေးမြန်း ၍ ဩဝါဒဆုံးမစကားတို့ကို ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တို့ အမောင်တို့ အမိတို့ဟာ ဆရာရဲ့ တက္ကသိုလ်ကျောင်းတော်ကြီးကို လာရောက် ပညာသင်ခဲ့တာ နှေမိုးဆောင်း သုံးလီပြောင်းခဲ့ပြီ မဟုတ်လား"

"မှန်ပါတယ် ဆရာကြီး"

"အမောင်တို့ အနေနဲ့ ယောကျာ်းတို့ တတ်အပ်တဲ့ အင္ဂါရသ (၁၈) ရပ်ဖြစ်တဲ့ အကြားအမြင် အတတ်၊ ဓမ္မသတ်အတတ်၊ သချာၤအတတ်၊ လက်သမားအတတ်၊ နီတိကျမ်းအတတ်၊ ဗျာကရဏ်းအတတ်၊ ကဗျာလင်္ကာအတတ်၊ လက်ပစ်အတတ်၊ လေးအတတ်၊ စကားတောင်းအတတ်၊ ဆေးအတတ်၊ ရယ်ရွှင်ဖွယ်အတတ်၊ ဗေဒင်အတတ်၊ မာယာအတတ်၊ ဆန်းကျမ်းအတတ်၊ သံတမန်အတတ်၊ မန္တန်အတတ်နဲ့ သဒ္ဒါကျမ်း အတတ်ပညာတို့ သင်ကြားတတ်မြောက်ခဲ့ကြလေပြီ။

"အင္ဂါရသ (၁၈) ရပ်ကို အတတ်ကြီး (၁၈) ရပ်လို့လည်း ခေါ်တယ် အမောင်တို့၊ အသိပညာ ဝိဇ္ဇာပညာမျိုး ဖြစ်တဲ့ အတွက် သန်မာသူ၊ မျက်စိမြင်သူ၊ နားကြားသူတွေသာ သင်ယူနိုင်တယ်။ အတတ်ငယ်များကိုတော့ အတတ်ပညာ၊ သိပ္ပပညာမျိုးလို့ခေါ်တယ်"

"ဘဝအတွက် အသက်မွေးဝမ်းကြောင်း ပြုနိုင်တဲ့ သိပ္ပပညာမျိုး အတတ်ငယ် (၆၄) မျိုးကတော့ မျက်စိမြင်သူ၊ မမြင်သူ၊ နားကြားသူ မကြားသူ၊ သန်မာသူ၊ မသန်မာသူရယ်လို့





မရွေးဘူး အားလုံးသင်ကြားနိုင်တယ်ဆိုတာ တပည့်တို့ အမြင်ပဲ"

"ဆရာကြီး နောက်ဆုံးပြောချင်တာ၊ မှာချင်တာက သင်ကြားတတ်မြောက်တဲ့ အသိပညာ အတတ်ပညာတွေနဲ့ မိမိအကျိုး၊ တိုင်းပြည်အကျိုး ဆောင်ရွက်ကြပါ၊ အများအကျိုး သယ်ပိုးလုပ်ဆောင်ကြပါလို့ အထူးမှာချင်တယ်"

"ကဲ.. အမောင်တို့ အမိတို့ အနေနဲ့ ဝေးကွာလှတဲ့ အနယ်နယ်အရပ်ရပ်က လာကြတာမို့ ဆရာကြီးဆီ နောက်တစ်ခါ လာဖို့ မလွယ်ဘူး။ ဆရာကြီး သင်ကြားပို့ချထားတဲ့ ပညာတွေထဲက မသိတာ မရှင်းလင်းတာတွေကို တစ်ခါတည်း မေးကြပေရော့"

တက္ကသိုလ်ပြည်ကြီးတွင် ပညာသင်ကြားခဲ့ကြသည့် ကျောင်းသားကျောင်းသူ အပေါင်းတို့မှာ ဒိသာပါမောက္ခ ဆရာကြီး၏ ပုစ္ဆာမေးခွန်းတို့ကို ဖြေဆိုနိုင်ခဲ့ကြသဖြင့် ကျောင်းတော်ကြီးမှ ပြန်ကြရတော့မည်။ ကျောင်းမဆင်းမီ အချိန်တွင် ဒိသာပါမောက္ခဆရာကြီးက တပည့်အားလုံးကို ဩဝါဒ အဆုံးအမ ပေးသည်။ နောက်ဆုံး အနေ အရေးအဖြစ် မရှင်းလင်းသည့် အချက်များကို မေးခွင့်ပြုသည်။

"နားမလည်တဲ့ အကြောင်းအချက်တွေ ရှိရင် မေးကြပါ တပည့်တို့"



www.burmeseclassic.com

www.burmeseclassic.com



ဒီသာပါမောက္ခ ဆရာကြီးက တပည့်များအား ဒုတိယအကြိမ် ထပ်၍ မေးလိုက်သည်။ ကျောင်းသူကျောင်းသား အားလုံး ငြိမ်သက်နေ၏။ ထိုစဉ် နောက်ဆုံးအစွန်ထောင့် တစ်နေရာမှ ကျောင်းသားတစ်ဦး ထ၍ မတ်တတ်ရပ်သည်။

"ရှိပါတယ်"

"မေးစရာရှိတာ မေးပါတပည့်"

"မေးစရာရှိတာ အခြားတော့ မဟုတ်ပါဘူး ဆရာကြီး။ မိုးပေါ်မှာ ကြယ်တာရာ နက္ခတ်တွေ ရှိပါတယ်။ နက္ခတ်များဟာ ကောင်းကင်မှာ တစ်လုံးနှင့်တစ်လုံး အကွာအဝေး အညီအမျှနဲ့ အချိန်မှန် လှည့်ပတ်မှု၊ နေမင်းလမင်းတို့အပြိုင် လှည့်ပတ်မှု အပေါ်မူတည်ပြီး ရာသီတွက်ချက်မှုကို မရှင်းလင်းတဲ့အတွက် သိလိုပါတယ် ဆရာကြီး"

"ကောင်းပြီ ငါ့တပည့် သိလိုတဲ့ မေးခွန်းကို ဆရာကြီး ဖြေပါမယ်၊ ကဲ... ထိုင်ထိုင်"

ဒီသာပါမောက္ခဆရာကြီးက သူ့တပည့်အား လက်ဟန်ခြေဟန်ဖြင့် ထိုင်ခွင့်ပြုသည်။ မေးခွန်းမေးသည့် ကျောင်းသားလည်း ခါးကိုညွတ်ကိုင်းကာ ဆရာကြီးအား ရိုသေစွာ ဂါရဝပြု၍ ထိုင်လိုက်သည်။ ထိုစဉ် ဒီသာပါမောက္ခ ဆရာကြီးက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"အဟမ်း အဟမ်း"





"ငါ့တပည့်ကြီး သိလိုတဲ့ မေးခွန်းကို ဆရာကြီး ဖြေရမယ်ဆိုရင် ပထမအနေနဲ့ ယှဉ်ပြိုင်လှည့်တဲ့ နက္ခတ်ကို အရင်ရှင်းရမယ်။ နက္ခတ်ဟာ နေထက်မြင့်တယ်။ ဒါကြောင့် နက္ခတ် (၂၇) လုံးကို (၁၂) စိတ် စိတ်ရတယ်။ နက္ခတ်တစ်လုံးမှာ (၄) ပါဒ် ရှိတယ်ဆိုတော့ နက္ခတ် (၂၇) လုံးမှာ ပါဒ်ပေါင်း ဘယ်လောက်ရှိမလဲ တပည့်"

"(၁၀၈) ပါဒ် ရှိပါတယ် ဆရာကြီး"

"ကောင်းပြီ၊ အဲဒီနက္ခတ် (၁၀၈) ပါဒ်ကို (၁၂) လအတွက် (၁၂) စိတ် စိတ်တဲ့အခါ တစ်လမှာ (၉) ပါဒ် စီရတယ်၊ (၉) ပါဒ်စီရတဲ့ ကြယ်အစုကို တစ်လ၊ (၉) ပါဒ်စီရှိတဲ့ ကြယ်အစုပေါင်း (၁၂) စုကို တစ်နှစ်လို့ ခေါ်တယ်။

"မိဿရာသီအစ မိန်ရာသီအဆုံးဖြစ်တဲ့ ရာသီအခေါ်တွေကို နေမင်းနဲ့နက္ခတ်အစုတို့ ယှဉ်ပြိုင်တာ ဖွဲ့ပြီးတော့ သူ့ရိယမာသလို့ ခေါ်ကြတယ်"

"ရှင်းရဲ့လား တပည့်"

"ရှင်းပါတယ် ဆရာကြီး"

"နောက်တစ်ခုက လနှင့်နက္ခတ် ယှဉ်ပြိုင်ပြီး သွားလာပုံဖြစ်တယ်၊ နက္ခတ်က မြန်ပြီး လကနှေးတယ်၊ ဒါကြောင့် နက္ခတ်တွေဟာ လကို တစ်လုံးပြီး တစ်လုံးကျော်လွန်သွားတယ်၊ လပြည့်နေ့ယှဉ်တဲ့ နက္ခတ်တွေ အစွဲပြုပြီး လတို့



www.burmeseclassic.com

www.burmeseclassic.com



တင်စားပြီးခေါ်တယ် တပည့်၊ တစ်နှစ်မှာ (၁၂) လ၊ (၁၂) လမှ လပြည့် (၁၂) ခု နက္ခတ် (၁၂) လုံးနဲ့ ကြုံတယ်"

"အဲဒီ နက္ခတ် (၁၂) လုံးက စိတြ၊ ဝိသာခါ၊ ဇေဋ္ဌ၊ အာသဠ်၊ သရဝဏ်၊ အဒြ၊ အဿဝဏီ၊ ကြတ္တိကာ၊ မိဂသီ၊ ဖုသျှ၊ မာဃ၊ ဖဂ္ဂုဏ္ဏဆိုတဲ့ နက္ခတ်တွေပဲ၊ လနဲ့နက္ခတ် ယှဉ်ပြီး သွားတဲ့အတွက် စန္ဒာမာသလို့ ခေါ်တယ် ရှင်းရဲ့လားတပည့်ကြီး"

"ရှင်းပါပြီ ဆရာကြီးခင်ဗျား"

"နောက်ထပ်မေးလိုတဲ့ မေးခွန်းများ ရှိသေးလား တပည့်တို့၊ မေးပါ ဆရာကြီးကို ဘာမှ အားနာစရာ မလိုဘူး"

"မရှိတော့ပါဘူး ဆရာကြီး"

ဒိသာပါမောက္ခ ဆရာကြီး၏ အမေးကို တပည့်များအားလုံးက သံပြိုင် ညီညာစွာ ဖြေဆိုလိုက်ကြသည်။ ထိုအခါ ဒိသာပါမောက္ခဆရာကြီးက သလွန်ညောင်းစောင်းထက်ဝယ် ညင်သာစွာ ထိုင်သည်။ ထိုအခါ ဆရာကြီးအား ကျောင်းသားတပည့် အားလုံးက ရိုသေစွာ ဂါရဝ ပြု၍ ကန်တော့နှုတ်ဆက်ကြသည်။ ဆရာကြီးကလည်း ချစ်တပည့်များအား ဆုမွန်ချွေ၍ ကောင်းချီးသြဘာပေးသည်။

တက္ကသိုလ်ကျောင်းတော်ကြီး၏ သာယာလှပ ချမ်းမြေ့ဖွယ်ရာ ကောင်းသည့် နံနက်ခင်းကို ကုန်ဆုံးစေလျက် ကျောင်း





သားများလည်း မိမိတို့ အရပ်ဒေသ အသီးသီးသို့ ရွှင်လန်းဝမ်းမြောက်စွာနှင့် ပြန်ခဲ့ကြလေတော့သည်။

● ● ●

ဗာရာဏသီပြည်ကြီးသို့ ဘုရားအလောင်းတော် ကုဏ္ဍာလလုလင် ပြန်လည် ရောက်ရှိသည့်အခါ မိခင်ဖခင်တို့က ဝမ်းမြောက်ဝမ်းသာနှင့် ကြိုဆိုကြသည်။ အချိန်ကာလတို့ ကုန်ဆုံးသွားသည် အသက်အရွယ်လည်း ကြီးရင့်လာသည်မှာ သဘာဝပင် ဖြစ်သည်။ သို့အတွက် ကုဏ္ဍာလလုလင် မိခင်ဖခင်တို့မှာ အသက်အရွယ်ဟိုင်း၍ ခါးကိုင်းခဲ့ချေပြီ။ ဆံဖြူ၍ သွားလည်းကျိုးကျေပြီ။ မျက်စိမှုန်ကာ နားလည်းထိုင်းပြီ။

"သားတော်မောင် ဖခမည်းတော်၊ မယ်တော်တို့ဟာ အသက်အရွယ် ကြီးရင့်ကြပြီ လာရှုလော့၊ ဟောဒါက ဖခမည်းတော်ဘက်က ရခဲ့တဲ့ အမွေပစ္စည်းဥစ္စာတွေ၊ ဒီဘက်က ပစ္စည်းဥစ္စာတွေက သားတော်ရဲ့ မယ်တော်ဘက်က ရခဲ့တဲ့ အမွေတွေပဲ၊ စုစုပေါင်း ကုဋေရှစ်ဆယ်ရှိတယ် သားတော်မောင်"

"မှန်လှပါ ဖခမည်းတော်"

"ဖခမည်းတော်တို့ရဲ့ ပစ္စည်းဥစ္စာတွေဟာ တစ်နေ့ သားတော်မောင် ရယူပိုင်ဆိုင်ရမယ့် ပစ္စည်းဥစ္စာတွေပဲ၊ ရိုသေစွာ ထိန်းသိမ်း စောင့်ရှောက်ပေလော့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဖခမည်းတော်"

အသက်အရွယ် ကြီးရင့်လာသည့် ဖခင်ကြီးက သားဖြစ်သူ ကုဏ္ဍလအား ခေါ်ယူ၍ ဘဏ္ဍာတိုက်မှ ပစ္စည်းဥစ္စာများ ကို ပြသည်။ ယင်းနောက် ပစ္စည်းဥစ္စာ စာရင်းများနှင့်တကွ သားတော် ကုဏ္ဍလအား အပ်နှံသည်။

များမကြာမီ အချိန်ကာလအတွင်း၌ မိခင်၊ ဖခင်ကြီးတို့မှာ သခါရဓမ္မအတိုင်း ကွယ်လွန်အနိစ္စ ရောက်ခဲ့ကြလေသည်။ ဘုရားအလောင်းတော် ကုဏ္ဍလလုလင်သည် ပုဏ္ဏားတို့ ထုံးစံအတိုင်း အမိအဖတို့အား ရှိသေစွာ သင်္ဂြိုဟ်သမှု ပြုခဲ့သည်။

တစ်နေ့တွင် အမိအဖတို့၏ ဘိုးဘွားစဉ်ဆက် အမွေ ဘဏ္ဍာတိုက်ကြီးကို ဖွင့်လှစ်စစ်ဆေးသည်။ ထိုစဉ် ဘုရားအလောင်းတော် ကုဏ္ဍလလုလင်သည် ရတနာဥစ္စာ ပစ္စည်းများကို ကိုင်တွယ်ကြည့်ရှု၍ သတိသံဝေဂရမိသည်။

"ဩော်... ရတနာပစ္စည်းဥစ္စာဆိုတာ မရှိတဲ့သူတွေမှာ ရှားပါးပေမယ့် ရှိသူတွေအဖို့ ပေါ်များပိုလျှံနေလိုက်တာ ထားစရာ မရှိအောင်ပါဘဲလား။ မရှိတောင့်တ ရှိကြောင့်ကြဆိုတာ ဒါမျိုးပါလား၊ ရလေလိုလေ အိုတဏှာဆိုတာမျိုးဟာ လိုချင်တပ်မက်မှုကြောင့်ပဲ မဟုတ်လား"

"ငါ့မှာ ရတနာပစ္စည်းဥစ္စာတွေ ပေါ်များနေလိုက်တာ၊ သုံးစွဲလို့ မကုန်မခန်းနိုင်အောင်ဘဲ၊ အင်း ... ရတနာဥစ္စာပစ္စည်း





တွေဟာ အလိုမရှိသူအတွက် တန်ဖိုးမဲ့ ပစ္စည်းတွေပဲ၊ မတည်မြဲတဲ့ ဒီရတနာပစ္စည်းဥစ္စာတွေဟာ ငါ့အတွက် ဘာမှ အသုံးမဝင်ဘူး"

"အင်း ... ဒါတင်မကသေးဘူး။ ငါတတ်မြောက်ထားတဲ့ အသိပညာ၊ အတတ်ပညာတွေကရော ငါ့အတွက် တည်မြဲပါ့မလား။ ဒီဘဝအတွက် အသက်ရှင်ရပ်တည်ဖို့ အတွက်ပါလား"

"ငါ့ရဲ့ ဘိုးဘွားမိဘတွေဟာ သေလွန်သွားကြပြီ ဒီပစ္စည်းဥစ္စာ ရတနာတွေကို သူတို့နဲ့အတူ ယူငင် မသွားနိုင်ကြဘူး၊ ပစ္စည်းဥစ္စာ ရတနာတွေနဲ့အတူ ငါ့အား ခွဲခွာသွားကြတယ်။ ထားရစ်ခဲ့ကြရတယ်"

"ငါလည်း ဘိုးဘွားစဉ်ဆက် မိခင်ဖခင်များနည်းတူ သေလွန်တဲ့ အခါ ပစ္စည်းဥစ္စာ ရတနာကို ထားရစ်ခဲ့ရမလား၊ ယူသွားရမလား"

"ငါ သေလွန်တဲ့အခါ ရတနာပစ္စည်းဥစ္စာတွေကို တမလွန်သို့ ယူသွားအံ့..."

ဘုရားအလောင်းတော် ကုဏ္ဍလ လုလင်သည် ဘဏ္ဍာတိုက်အတွင်း၌ တမလွန်ဘဝကို အတွေး ဇာချဲ့၍ စဉ်းစားသည်။ ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်ခဲ့သည့် ပစ္စည်းဥစ္စာရတနာများကို သူနှင့်အတူ တမလွန်ဘဝသို့ ယူဆောင်နိုင်ရန် ဆုံးဖြတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့အတွက် ဘဏ္ဍာတိုက်ကို လုံခြုံအောင် ပြန်လည်ပိတ်ဆို့ခြင်း မပြုဘဲ ထွက်ခွာလာခဲ့သည်။

"သူဌေးမင်း သူဌေးမင်း ဘဏ္ဍာတိုက်ကြီး မပိတ်ခဲ့တော့ဘူးလား"

"မှန်ပေ၏၊ စာရင်းကိုင်ကြီး ဤဘဏ္ဍာတိုက်အား ငါထာဝရ ဖွင့်လှစ်ခဲ့ချေပြီ"

"ဘယ်အရေးကြောင့်ပါလဲ သူဌေးမင်း ဤပစ္စည်းဥစ္စာရတနာတို့ကား အရှင့်ဖခင်နှင့် ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတာပါ"

"စာရင်းကိုင်ကြီး ဘိုးဘွားစဉ်ဆက်နှင့် အမိအဖတို့ကား ဤပစ္စည်းဥစ္စာ ရတနာတို့ကို တမလွန်သို့ ယူဆောင်မသွားနိုင်ကြပေ။ ဤပစ္စည်းဥစ္စာ ရတနာတို့အား တမလွန်ဘဝသို့ ငါနှင့်အတူ ယူဆောင်သွားအံ့။ ဒီအတွက် ငါစေခိုင်းသည့်အတိုင်း စာရင်းကိုင်ကြီး ဆောင်ရွက်ပေတော့"

"အမိန့်အတိုင်း ဆောင်ရွက်ရန် အသင့်ပါ အရှင်သူဌေးမင်း"

"အခြားမဟုတ် ငါ၏ အလှူဒါန အထမြောက်စေရေးအတွက် ငါပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာရတနာနှင့် တကွ လှည်း၊ နွေလှေအောင်း မြင်းဖောင်းမကျန် အယုတ်အလတ်အမြတ်





မရွေး လာရောက် ယူငင်ကြရန် မြို့လည်၌ မောင်းကြေးနင်းခတ်ပေရော့ စာရင်းကိုင်ကြီး"

"အမိန့်အတိုင်းပါ အရှင်သူဌေးမင်း"

စာရင်းကိုင်ကြီးလည်း ဘုရားအလောင်းတော် ကုဏ္ဍလလုလင်၏ စေခိုင်းချက်အတိုင်း ဗာရာဏသီမြို့တွင်းသို့ မောင်းကြေးနင်း လှည့်လည်၍ ခတ်သည်။ မောင်းကြေးနင်းခတ်၍ဆုံးသည်နှင့်ပင် မြို့သူမြို့သား အပေါင်းတို့လည်း ဘုရားအလောင်းတော် ကုဏ္ဍလ လုလင်ပိုင် ပစ္စည်းတို့ကို လာရောက်ယူငင်ကြကုန်သည်။

မိမိတို့ ကြိုက်နှစ်သက်ရာ ပစ္စည်းဥစ္စာ ရတနာတို့ကို မနိုင့်တနိုင်၊ တနင့်တပိုး သယ်ဆောင်ကြကုန်သည်။ နှစ်သက်ဝမ်းမြောက်စွာ ယူငင်ကြကုန်၏။

သို့အတွက် ဘုရားအလောင်းတော် ကုဏ္ဍလ လုလင်မှာ သူ၏ အလှူဒါနအတွက် ဖရဏာပီတိ ဖွမ်းဆီထိတမျှ ကြည်နူးဝမ်းမြောက်ခဲ့မိသည်။ ထို့နောက် ဘုရားအလောင်းတော် ကုဏ္ဍလ လုလင်သည် ဟိမဝန္တာတောအရပ်သို့ ဝင်၍ ရသေ့ရဟန်း ပြုသွားလေတော့သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com



ဘုရားအလောင်းတော် ရသေ့သည် ဟိမဝန္တာ တောအရပ်သို့ ဝင်၍ သစ်သီးသစ်ဥ သစ်ဖုတို့စားကာ တရားကျင့်ကြံအားထုတ်နေသည်မှာ နှစ်ပရိစ္ဆေဒများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

ရှင်ရသေ့သည် ချဉ်ဆား မှီဝဲရန် အလို့ငှာ ဟိမဝန္တာတောအရပ်မှ အမြို့မြို့ အရွာရွာသို့ ခရီးလှည့်လည်ခဲ့သည်။ တစ်နေ့သော် ဗာရာဏသီပြည် ကာသိတိုင်းသို့ ရောက်ရှိတော်မူရာ မင်းဥယျာဉ်၌ တစ်ညတာ သီတင်းသုံးတော်မူသည်။ နံနက် မိုးသောက်အလင်းရောက်သော် ဗာရာဏသီမြို့တွင်းသို့ ဝင်၍ ဆွမ်းခံ လှည့်လည်ရာ စစ်သူကြီး၏ အိမ်တံခါးဝသို့ ရောက်ရှိသည်။ ထိုစဉ် စစ်သူကြီးသည် ရှင်ရသေ့အား တွေ့မြင်ရသည်။

"အလို အလွန် တည်ငြိမ်အေးချမ်းတဲ့ ရှင်ရသေ့တစ်ပါးပါလား၊ အရိယာပုတ်တို့ကား ကြည်ညိုဖွယ်ရာ အတိနဲ့၊ ထူးခြားပေစွ၊ ကိုးကွယ်ဆည်းကပ် ပူဇော်ထိုက်တဲ့ ရှင်ရသေ့ ဖြစ်ပေတယ်။ ငါ အရတော်ပေစွ"

စစ်သူကြီးသည် ရှင်ရသေ့အား ရှုစမ်းသော အကြည့်ဖြင့် ကြည့်သည်။ ထို့နောက် ရှင်ရသေ့အနီးသို့ သွား၍ ရိုသေစွာ ရှိခိုးကန်တော့ လျှောက်ထားလိုက်သည်။





"အရှင်ဘုရား တပည့်တော်အား သနားငဲ့ညှာသောအားဖြင့် တပည့်တော် အိမ်တွင်းသို့ ဝင်၍ ဆွမ်းဘောဇဉ်ခဲဖွယ်တို့ကို ဘုဉ်းပေးရန် ကြွတော်မူပါဘုရား"

ရှင်ရသေ့သည် စစ်သူကြီး၏ ဆွမ်းပင့်ဖိတ်မှုကို လက်ခံ၍ နေအိမ်တွင်းသို့ ဝင်တော်မူသည်။ စစ်သူကြီးနှင့် စစ်သူကြီးကတော်တို့လည်း ရှင်ရသေ့အား ရိုသေစွာ နေရာထိုင်ခင်းတို့ကို ပေး၍ ဆွမ်းဘောဇဉ်ခဲဖွယ်တို့ဖြင့် လုပ်ကျွေးပြုစုကြသည်။ ဆက်ကပ်လှူဒါန်းကြသည်။ ရှင်ရသေ့သည် မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို ဘုဉ်းပေးတော်မူပြီးနောက် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးသည်။

"အရှင်ဘုရား၏ တရားတော်ကို နာကြားရသည်မှာ အဖိုးအနဂ္ဃထိုက်တန်လှပါတယ် ဘုရား" ဖြစ်နိုင်မယ်ဆိုရင် အရှင်ဘုရား ဥယျာဉ်တော်မှာ သီတင်းသုံးတော်မူပါ နိစ္စဓူဝ ဝတ်နိဗ္ဗာမပျက် ဆွမ်းဆက်ကပ် လှူဒါန်းခွင့်ပြုတော်မူပါ ဘုရား"

"ကောင်းလေစွ ဒါကာတော်၊ ကောင်းလေစွ ကောင်းလေစွ"

အရှင်ရသေ့သည် ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် စစ်သူကြီးအား ထားရှိခဲ့သည့် ကတိကို ဝန်ခံ၍ မင်းဥယျာဉ်တော်သို့ ကြွချီသည်။ ထို့နောက် ဥယျာဉ်တော်အတွင်းဝယ် ဝါဘစ်ထပ် နီတစ်ထပ်ဖြင့် ရှုချင့်စဖွယ် စုံညီစွာ ပွင့်လျက်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းပင်အောက်ဝယ် ရသေ့ရဟန်းတို့၏ ချမ်းသာဖြင့် တင့်တယ်စွာ နေတော်မူသည်။

တစ်နေ့တွင် ဥယျာဉ်တော်တွင်း တစ်နေရာမှ ငြိမ့်ညောင်း သာယာလှသည့် စောင်းညှင်း တူရိယာတို့နှင့် သီချင်းသံတို့က ရှင်ရသေ့ကြီးထံသို့ ရံဖန်ရံခါ ပျံ့လွင့်လာသည်။ သို့တိုင် ရှင်ရသေ့၏ စိတ်က မပျံ့လွင့်၊ ရင့်ကျက်တည်ငြိမ်စွာဖြင့်သာ အကျင့်တရားတို့ကို အားထုတ်မြဲဖြစ်သည်။

ဗာရာဏသီပြည် ကာသိတိုင်းကို အစိုးရတော်မူသော ကာလာဗုမင်းကား ယစ်ရွှေရည်တို့ဖြင့် ယစ်မူးလျက် မောင်းမ မိဿံ ကချေသည်တို့ဖြင့် အပျော်ကြီးပျော်လျက် ရှိသည်။ ကာလာဗုမင်းသည် ယစ်ရွှေရည်တန်ခိုးကြောင့် လွန်စွာ ယစ်မူး လာသည့်အခါ ဥယျာဉ်တော်တွင်းရှိ မင်္ဂလာ ကျောက်ဖျာထက် ဝယ် ပိုးဖဲကတ္တီပါ အိပ်ရာကိုခင်း၍ လှပတင့်တယ် ချစ်စဖွယ် သော မောင်းမငယ်တစ်ဦး၏ ရင်ခွင်တွင်းဝယ် စည်းစိမ်ယစ် ကာ စက်တော်ခေါ်ချေပြီ။

ကာလာဗုမင်းကား အတိုင်းမသိ ထူးဘိသော သိကြားမင်း စည်းစိမ်ကို ရသည့်နှယ်။ အဆိုအက အတီးအမှုတ်တို့ဖြင့် နားဝင်ပီယံ ရွှင်ချိုသံကို နားတော်ဆက်လျက်သာ ရှိသည်။ ထိုစဉ် ...





"အလို အရှင်မင်းကြီး စက်တော်ခေါ်လို့ အိပ်ပျော်တော် မူပါလား၊ အို... အလုပ်အကျွေး ကချေသည်အပေါင်းတို့ အိပ် ပျော်သူအား ငါတို့ ကပြသီဆို တီးမှုတ်ခြင်းကား အကျိုးမရှိ၊ ရပ်ကုန်လော့၊ ငါတို့အားလုံး ဥယျာဉ်တော်အတွင်းက သာယာ လှပမှု မှန်သမျှကို လှည့်လည်ခံစားကြကုန်အံ့"

ကချေသည် တစ်ဦး၏ လှုံ့ဆော်မှုကြောင့် တူရိယာ ပစ္စည်းများနှင့် ကာလာဗုမင်းအား စွန့်ခွာကာ ဥယျာဉ်တော် အတွင်းသို့ လှည့်လည် ပျော်ပါးကြသည်။ သို့နှင့် ရှင်ရသေ့ သီတင်းသုံးရာ အင်ကြင်းပင်ကြီးသို့ ရောက်ရှိလာကြသည်။

"အလို ရုပ်ရည်ရူပကာကအစ ကြည်ညိုဖွယ် သဏ္ဌာယ် တင့်တယ်စွာ စံနေတော်မူတဲ့ ရှင်ရသေ့တစ်ပါးပါလား"

"မောင်းမအပေါင်းတို့ လွန်စွာ အသုရာမူးယစ်နေသည့် အရှင်မင်းကြီးကား ယခုတိုင် နိုးဦးမည်မဟုတ်၊ ရှင်ရသေ့ထံမှာ သင့်တော်သည့်တရား နာကြားရန် လျှောက်ထားကြကုန်စို့"

ကချေသည်တို့လည်း ရှင်ရသေ့၏ ရှေ့ဝယ် ရိုသေစွာ ဝပ်တွား ဦးညွှတ်လျက် ဂါရဝပြု၍ ဝိုင်းရံကာ ထိုင်ကြသည်။ ထို့နောက် ရှင်ရသေ့အား အစဉ်သနားဖွဲ့ညှာသောအားဖြင့် သင့် တော်မည့် တရားတော်ကို ချီးမြှင့်ဟောကြားတော်မူရန် လျှောက် ထား တောင်းပန်ကြလေသည်။ သို့အတွက် ရှင်ရသေ့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကချေသည်များ လွယ်ကူစွာ သဘောပေါက် နားလည်မည့် သင့်တော်ရာ တရားကို ဟောကြားတော်မူလေသည်။

ထိုစဉ် ကာလာဗုမင်းကြီး၏ ဦးခေါင်းစိုက်၍ ရင်ခွင်ထက်၌ အိပ်စက်ခဲ့ရသော မောင်းမသည် မင်းကြီး၏ ကိုယ်အား လှုပ်ရမ်းကာ နိုးထစေတော့သည်။

"အရှင်မင်းကြီး အရှင်မင်းကြီး ထတော်မူပါဘုရား"

"ဟဲ့... ဘယ်လိုအကြောင်းနဲ့ ငါကိုယ်တော်မြတ်ရဲ့ စည်းစိမ်တော်ကို ဖျက်ဆီးရသနည်း"

"မှန်လှပါ အရှင်မင်းကြီး၊ အရှင်မင်းကြီး ကချေသည်များ မရှိတော့ကြောင်းပါ ဘုရား"

"ဟယ်... ဒီသူယုတ်မတို့တစ်တွေ အဘယ်သို့ သွားကုန်ကြသနည်း။ ငါကိုယ်တော်မြတ်ကို အမြန်သံတော်ဦးတင်စမ်း"

"မှန်လှပါ အရှင်မင်းကြီး၏ ကချေသည်တို့ကား ဟိုအင်ကြင်းပင်အောက်မှ ရသေ့တစ်ပါးထံသို့ သွားရောက်ခစားလျက် ရှိကြောင်းပါ ဘုရား"

ကာလာဗုမင်းသည်မောင်းမယ်၏ လျှောက်ထားသောစကားဆုံးသည်ငြားသော် ဒေါသအမျက်ခြောင်းခြောင်း ထွက်လေပြီ။ သို့အတွက် လက်သုံးတော် သန်လျက်ကို စွဲကိုင်ကာ ရမ်း၍ မတ်တတ် ရပ်တော်မူသည်။





"ငါကိုယ်တော်မြတ်ရဲ့ စည်းစိမ်ကို ယှဉ်ပြိုင်ခံစားလိုတဲ့ ဤရသေ့စဉ်းလဲကို သတ်အံ့"

မင်းကြီးသည် ရှင်ရသေ့အား ကြိမ်းမောင်းပြစ်တင်ကာ ရှင်ရသေ့ရှိရာသို့ လျင်မြန်စွာ သွားသည်။ ရှင်ရသေ့အား ဝိုင်းရံလျက် ရှိသေစွာ ညွတ်တွား ဂါရဝပြုလျက်ရှိသော ကချေသည်တို့ကို မင်းကြီး မြင်လိုက်သည့်အခါ ဒေါသအရှိန်ကို တွန်းအားပေးသကဲ့သို့ ဖြစ်သွားစေသည်။ မင်းကြီးသည် သန်လျက်တော်ကို စွဲကိုင်ကာ ခါးထောက်လျက် ရှင်ရသေ့ရှေ့ဝယ် မခန့်လေးစားနှင့် ရပ်၏။

"ရှင်ရသေ့ သင်ကား ငါ၏ အခြွေအရံ ကချေသည်မောင်းမတို့အား အဘယ်တရားဖြင့် ဖျားယောင်းသွေးဆောင်နေဘိသနည်း။ အသပြာ လိုချင်လို့လော၊ ဒါမှမဟုတ် ကာမဂုဏ်ခံစားလို၍လော ရှင်ရသေ့"

"ဒကာတော် အရှင်မင်းကြီး ငါကား အသပြာမလို ပိုနေ၍ပင် မိမိကိုယ်ပိုင်ကုဋေရှစ်ဆယ်ဖိုးမျှ ပစ္စည်းဥစ္စာ ရတနာတို့ကို လှူဒါန်း စွန့်လွှတ်ခဲ့လေပြီ၊ တဏှာရာဂ မှန်သမျှ ကာမဂုဏ်စည်းစိမ်ကိုလည်း မနှစ်မြို့ မစင်ထက် မုန်းသူသာ ဖြစ်ပေတယ်"

"အို... အို... ဒါဆို အရှင်ရသေ့ရဲ့ အယူဝါဒကား အဘယ်နည်း ဆိုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒကာတော်မင်းကြီး ငါ၏ အယူဝါဒကား ခန္တီဝါဒ ပေတည်း"

"ခန္တီဝါဒ၊ ခန္တီဝါဒ ဆိုတာ ဘာအဓိပ္ပာယ်လဲ ရှင်ရသေ့"

"ခန္တီဝါဒကား အခြားမဟုတ်၊ ဆဲရေးပုတ်ခတ် ရိုက်နှက် သတ်ဖြတ်ကုန်သော သူတို့အား အမျက်မထွက်သည့် စိတ်ထားခြင်းပင် ဖြစ်ပေ၏"

"ဩော် ... ခန္တီဝါဒဆိုတာ ဒါလား၊ ရှင်ရသေ့ ကျင့်သုံးတဲ့ အယူ ခန္တီဝါဒကို လက်တွေ့ကြည့်ကြသေးတာပေါ့"

ကာလာဗုမင်းကြီးသည် ရှင်ရသေ့၏ ခန္တီဝါဒကို ပျက်ရယ်ပြု၍ လက်တွေ့ စမ်းသပ်လိုသည်။ သို့ပါ၍ လက်မရှိ့ ခိုးသူသတ် ယောက်ျားတို့အား ရှေ့တော်မှောက် အရောက် သွင်းစေသည်။ ခိုးသူသတ် ယောက်ျားတို့လည်း နီရဲသော အဝတ်တန်ဆာ၊ ပန်းကို ဝတ်ဆင်လျက် လက်သုံးတော် ပုဆိန် ဆူးကြိမ်၊ စဉ်းတီတုံးတို့ကို ယူဆောင်လာကြသည်။

"အရှင်မင်းကြီး ကျွန်တော်မျိုးတို့ အဘယ်သို့ ပြုရအံ့နည်း"

"မောင်မင်းတို့ ဤရသေ့စဉ်းလဲအား မြေတွင် တွန်းလှဲကာ ကျောင်ငါးရာ ရင်ငါးရာ လက်ဝဲနံပါးငါးရာ၊ လက်ယာနံပါး ငါးရာစီ ရေတွက်၍ ဆူးကြိမ်ဖြင့် ရိုက်၍ ဒဏ်ခတ်ကြကုန်လော့။"





"အမိန့်တော်မြတ်အတိုင်းပါဘုရား"

ခိုးသူသတ်ယောက်ျားတို့လည်း မင်းကြီး အမိန့်အတိုင်း ရသေ့ရှိရာသို့ သွား၍ မဆိုင်းမတွ ချက်ချင်းပင် ဆောင်ရွက်ကြလေသည်။ ထိုအခါ တရားနာပရိသတ် ကချေသည်တို့လည်း ဘေးသို့ ရှဲသွားကြသည်။

လက်မရှိ့ ခိုးသူသတ်သမား ယောက်ျားတို့ကား ရှင်ရသေ့ကို ကြမ်းတမ်းစွာ တွန်းလှဲကြသည်။ ထို့နောက် ခြေလက်တို့အား တစ်ဖက်တစ်ချက်စီ ချုပ်ကိုင်၍ ဆူးကြိမ်ဖြင့် အချက်ပေါင်း နှစ်ထောင်တိုင် ရိုက်နှက်ကြသည်။ ရှင်ရသေ့၏ ခန္ဓာကိုယ် အရေပြားတို့ကား စုတ်ပြတ်ကာ သွေးများ ယိုထွက်၍ ဆူးကြိမ်ရာတို့နှင့် ပြည့်နှက်သွား၏။ ရှင်ရသေ့က ဝေဒနာကို သည်းခံ၏။

ကာလာဗုမင်းသည် ရှင်ရသေ့၏ အနီးသို့ တိုးလာ၏။ ရှင်ရသေ့၏ မျက်နှာတော်နှင့် ခန္ဓာကိုယ်မှ ဒဏ်ရာဒဏ်ချက်တို့ကို ကြည့်၍ မထီလေးစား အပြုံးကို ပြုံး၏။

"ရသေ့စဉ်းလဲ ဝေဒနာကို သည်းခံနိုင်ရဲ့လား၊ အဘယ်သို့သော အယူဝါဒကို ယူသနည်း"

"အရှင်မင်းကြီး ငါကား ဝေဒနာဟူသမျှကို သည်းခံနိုင်ပေ၏။ ငါ၏ အယူဝါဒကား ခန္တီဝါဒပင် ဖြစ်၏။ အရှင်မင်းကြီး ငါ၏ ခန္ဓာကိုယ် အရေပြားတို့၌ ခန္တီရှိသည်ဟု ထင်



www.burmeseclassic.com

www.burmeseclassic.com

မှတ်သနည်းလော၊ ခန္ဓာကား အရေပြားတို့၌ မရှိ၊ အရှင်မင်းကြီး မြင်ခြင်းငှာ မတတ်နိုင်သည့် နှလုံးသည်းပွတ်၏ အနက်ရှိုင်းဆုံးနေရာ သိစိတ်တို့၌ တည်ကုန်၏”

ဆူးကြိမ်ဒဏ်ရာ ဝေဒနာတို့အကြားမှပင် တည်ငြိမ် ငြိမ်းချမ်းစွာဖြင့် ခန္ဓာဝါဒကို ညွှန်းဆိုလာသည့် ရှင်ရသေ့၏ စကားသည် ကာလာဗုမင်းကြီးအား အမျက်တော်ပို၍ ရှစေခဲ့သည်။ သို့အတွက် မင်းကြီးသည် လက်မရွံ့ ခိုးသူသတ်ယောက်ျားတို့အား ရှင်ရသေ့၏ လက်နှစ်ဘက်ကို ဖြတ်ရန် ထပ်မံ အမိန့်ပေးလိုက်သည်။ ကာလာဗုမင်း၏ အမိန့်အတိုင်းပင် ခိုးသူသတ်ယောက်ျားတို့သည် လက်နှစ်ဘက်စလုံးကို စဉ်းတီတုံပေါ်တင်၍ ဓား၊ ပုဆိန် စသည်တို့နှင့် ဖြတ်တောက်ပစ်ကြသည်။

“အရှင်မင်းကြီး အဘယ်သို့ ထပ်မံပြုရအံ့နည်း”

“ခြေနှစ်ချောင်းကို ထပ်မံဖြတ်ဦး လော့”

“ကောင်းပါပြီ အရှင်မင်းကြီး”

ခိုးသူသတ်ယောက်ျားတို့လည်း မင်းကြီး၏ အမိန့်အတိုင် ခြေထောက်နှစ်ဖက်ကို ထပ်မံ ဖြတ်ကြပြန်သည်။ ဘုရားအလောင်းတော် ရှင်ရသေ့၏ ခြေလက်ငုတ်တိုတို့မှ သွေးတို့ကား မြင်မကောင်းရှုမကောင်းအောင် စိမ့်ယိုထွက်လာသဖြင့် တစ်ကိုယ်လုံး သွေးတို့ဖြင့် ပေကျံလျက် ရှိသည်။

ကြည်လှမောင်စာပေ



“ရသေ့စဉ်းလဲ သင်ကား အဘယ်သို့သော အယူဝါဒကို ယူသေးသနည်း”

“ဒကာတော်မင်းကြီး ဤသို့ ပြုကျင့်၍ ငါ၏ အယူဝါဒကား မပြောင်းလဲပေ။ ခန္တီဝါဒကိုပင် လက်ကိုင်ထားဆဲ ဖြစ်ပေ၏။ ဒကာမင်းကြီး ခန္တီဝါဒတို့ကား ငါ၏ ခြေလက်တို့၌ ရှိသည်ဟု မှတ်ယူသလော။ ခန္တီဝါဒကား ခြေလက်တို့၌ မရှိ။ အရှင်မင်းကြီး မမြင်နိုင်သော၊ နက်ရှိုင်းသော အသည်းနှလုံးမှ လာသော သိစိတ်၌သာ ရှိပေ၏”

ကာလာဗုမင်းကြီးကား ဒွံမလျှော့၊ ရှင်ရသေ့၏ ခန္တီဝါဒကို ရက်စက်ယုတ်မာသော နည်းအမျိုးမျိုးနှင့်သာ စမ်းသပ်လျက်ရှိသည်။ နောက်ဆုံးအနေနှင့် ရှင်ရသေ့၏ နားနှစ်ဖက်၊ နှာခေါင်းကို ဖြတ်စေ၍ စမ်းသပ်မှု ပြုပြန်သည်။ ရှင်ရသေ့ကား ဆိုမြဲသောအတိုင်း ခန္တီဝါဒကို ထာဝရယူကြောင်း ပြောဆိုလိုက်သည်။

“ဟယ် ဒီရသေ့စဉ်းလဲ၊ ကဲဟာ သင့်ရဲ့ ခန္တီဝါဒကို သင်သာ ခံယူကျင့်သုံးပေတော့လဟယ်”

ကာလာဗုမင်းသည် ရှင်ရသေ့၏ ရင်ခေါင်းကို ခြေနှင့် ပြင်းထန်စွာ ကန်၍ ထွက်ခွာသွားသည်။ ထိုစဉ် ဒကာတော်စစ်သူကြီးသည် ရှင်ရသေ့၏ တဆတ်ဆတ်ခုန်၍ လူးလှိမ့်လျက်ရှိသော ခြေပြတ်၊ လက်ပြတ်၊ နှာခေါင်းပြတ်၊ နားရွက်ပြတ်တို့ကို စုစည်းကောက်ယူ၍ ဝတ်လဲတော်ပုဆိုးတွင် ထည့်ပြီး ရှင်ရသေ့အား ရိုသေစွာ ကန်တော့သည်။

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com





"အရှင်ဘုရား အမျက်ထွက်တော်မူပြောအံ့။ အရှင်ဘုရားအား ယုတ်မာရက်စက်စွာ ပြုကျင့်သူ မင်းကြီးအပေါ်၌သာ အမျက်ထွက်တော်မူပါဘုရား၊ ကာသိတိုင်းပြည်တစ်ခုလုံး မပျက်စီးစေရန် အမျက်တော်ကို ထိန်းတော်မူပါဘုရား"

"ဒကာ စစ်သူကြီး၊ မင်းကြီး၏ ရက်စက်ကြမ်းကြုတ်မှုကို အမျက်မထွက်၊ ငါ သည်းခံ၏။ မင်းကြီးသာ ကျန်းမာစွာဖြင့် ရောဂါအနာကင်းလျက် အသက်ရာကျော်ရှည်စေကြောင်း ဆုမွန်ကောင်း တောင်းပေ၏"

စစ်သူကြီးလည်း ရှင်ရသေ့၏ မိန့်မှာစကား ဩဝါဒကို ကြား၍ ခန္တီအစွမ်းကို များစွာ အံ့သြမိသည်။ ကာလာဗုမင်းသည် အမျက်ဒေါသခြောင်းခြောင်းထွက်လျက် ခြေအစုံတို့ကို နင်းကာ ဘုရားအလောင်းတော်၏ မျက်ကွယ်အရပ် ဥယျာဉ်တော် ခြံတံခါးဝသို့ပင် ရောက်ရှိနေချေပြီ။

"ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ"

ဥယျာဉ်ခြံတံခါးဝမှ ကာလာဗုမင်း၏ ကြောက်လန့်ဖွယ် အော်ဟစ်အကူအညီတောင်းသံကို ကြားရသည်။ မင်းကြီး၏ အခြွေအရံ ပရိသတ်များ ပြေးလွှားအော်ဟစ်သံတို့နှင့် ဆူညံနေသည်။ ထိုစဉ် ကာလာဗုမင်းကြီး ရပ်တည်ရာ ကမ္ဘာမြေကြီးသည် နှစ်ခြမ်းကွဲကာ မင်းကြီးမှာအရှင်လတ်လတ် မြေမျိုခံရလေတော့သည်။

● ● ● ● ●







www.burmeseclassic.com

## ဆရာတင်များ၌ မြေမျိုခံရသောမိန်းမပျို

လောကဣ အဖြူလည်း ရှိ၏။ အမည်းလည်း ရှိ၏။ ထိုနည်းတူစွာပင် အဝိုင်းနှင့်လေးထောင့်၊ အတိုနှင့်အရှည်၊ အချစ်နှင့် အမုန်း၊ ကောင်းမှုနှင့်မကောင်းမှု၊ အမှန်နှင့်အမှား၊ ဓမ္မနှင့်အဓမ္မ တည်းဟူသော ဆန့်ကျင်ဘက် ဝိရောဓိတရားတို့ကား အမြဲ ဒွန်တွဲလျက် တည်ရှိနေသည်။

ယင်းဝိရောဓိတရားတို့၌ ဓမ္မဟူသည် မှန်ကန်သော တရားစု ဖြစ်၍ အဓမ္မဟူသည်မှာ မှားယွင်းသည့် တရားစုပင် ဖြစ်သည်။ ဝိရောဓိတရားတို့ကို ချေဖျက်ရန် အမှားကို သိစေနိုင်သည့် အမှန်တရားကို ရှာဖွေရသည်။ သို့သော် အမှားတို့ကို ကျော်ဖြတ်၍ အမှန်တရားကို ရှာဖွေတွေ့ရှိပြီးပါက နောက်လှူသည် အမှားကို ဘပ်မံ ပြုကျင့်၍ အမှန်တရားအတွက် ချိန်ကိုက်မလိုအပ်ပေ။

အမှားကို သိရှိရန် အမှန်တရားကို ရှာဖွေရာ၌ ထာဝရ သစ္စာတရားတို့ကို သိရှိနားလည် ပိုင်းဖြတ်နိုင်သူတို့ထံ၌သာ

ကြည်လှမောင်စာပေ



ချဉ်းကပ်ဆည်းပူးရသည်။ သင်ယူလေ့လာ ကျင့်ကြံအားထုတ် ရသည်။

စံအားဖြင့် ငွေတစ်ကျပ်ကို လိုချင်လျှင် ငွေတစ်ကျပ် အပြည့်ရှိသူထံမှ တောင်းယူရ၏။ တစ်မတ်၊ ငါးမူး၊ သုံးမတ် ရှိသူတို့ထံမှ တောင်းယူ၍ မရ။ ထိုသူတို့က မပေးနိုင်သော် လည်း တစ်ကျပ် ရှိလေဟန်နှင့်သာ ဟန်ဆောင်နေတတ် သည်။ သို့တည်းမဟုတ် တစ်မတ်၊ ငါးမူး၊ သုံးမတ်ကိုပင် ပိုင်ဆိုင်သူက တစ်ကျပ်ဟု ထင်ခဲ့လျှင် တောင်းခံသူကလည်း တစ်မတ်၊ ငါးမူး၊ သုံးမတ်တို့ကိုပင် ကစ်ကျပ်အဖြစ်နှင့်သာ လက်ခံရရှိပေလိမ့်မည်။ တောင်းခံသူသည် မည်သည့်အခါမျှ စစ်မှန်သော ငွေတစ်ကျပ်အပြည့်ကို ရမည်မဟုတ်ပေ။

အကြင်သူသည် ဆရာတင်များ၏ အစွမ်းထက်သော အဝိဇ္ဇာ တရားဆိုးကြောင့် ဓမ္မကို အဓမ္မဖြစ်စေ၍ အဓမ္မကို ဓမ္မအဖြစ် မြင်စေတော့သည်။ ယင်းသို့ မဖြစ်စေရန် အရိယာသစ္စာတရားကို သိရှိနားလည် ပြသနိုင်သူတို့ထံ ရှာဖွေချဉ်းကပ်၍ ဆည်းပူ လေ့လာ ကျင့်ကြံအားထုတ်မှသာ နိဗ္ဗာန်ကို ရောက်စေ၏။ သန္တိသုခကို ခံစားစေနိုင်၏။ ထို့အတူ အဝိဇ္ဇာတရားဆိုးတို့ကို ဝိဇ္ဇာတရားဖြင့် ချေဖျက်နိုင်မည် ဖြစ်သည်။

သို့အတွက် "လောကဣ ပုဂ္ဂိုလ်ခင်မှ တရားမြင်သည်" ဟု ဆိုကြသည်။

ကြည်လှမောင်စာပေ

www.burmeseclassic.com



သို့တိုင် အကြင်ပုဂ္ဂိုလ်ကား ဓမ္မကိုလည်း မြင်စေနိုင်၏။ အဓမ္မကိုလည်း မြင်စေနိုင်၏။ မိမိကိုးကွယ် ဆည်းကပ်မည့် ပုဂ္ဂိုလ်အပေါ်၌သာ တည်သည်။ အကြင်ပုဂ္ဂိုလ်သည် အရိယာသစ္စာကို အမှန်တကယ် သိရှိနားလည်ပြီးသူ မဟုတ်ချေက ဆည်းကပ်သူအဖို့ "ပုဂ္ဂိုလ်ခင်သော်လည်း တရားကို မြင်နိုင်မည် တော့မည် မဟုတ်ပေ"။

ဆရာတင်မှားသူတို့အတွက် ယခု မျက်မှောက်ဘဝတွင်သာမက နောင်ဘဝသံသရာတစ်လျှောက်လုံး များစွာ နစ်နာရလေတော့သည်။

❐ ❐ ❐

မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ နောက်ဆုံးယံတွင် လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော ဘုန်းမဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင် ပေါ်ထွန်းခဲ့ချေပြီ။

ဗုဒ္ဓဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် (၄၉)ရက်တိုင် မဟာဗောဓိပင် ပတ်ဝန်းကျင်တွင် ဝိမုတ္တိရသကို ခံစားတော်မူပြီး မိဂဒါဝုန်တောသို့ ကြွချီတော်မူသည်။ ဝါဆိုလပြည့်စနေနေ့ ညနေချမ်း နေဝင်လထွက်အချိန်တွင် ပဉ္စဝဂ္ဂီငါးဦး





ဖြစ်သည့် အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိတို့အား တရားဦးတရားမြတ်ဖြစ်သည့် ဓမ္မစကြာတရားတော်ကို ရှေးဦးစွာ ဟောကြားတော်မူခဲ့သည်။ ဤအချိန် ဤကာလမှစ၍ ဗုဒ္ဓသာသနာတော်တွင် ဓမ္မဟူသော ရှေးဦးတရားတို့သည် ပေါ်ထွန်းလာခဲ့၏။ ဓမ္မ၏ ကျေးဇူးတော်ကြောင့် ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင် အနတ္တလက္ခဏာသုတ် တရားတော် နာကြားပြီးသည်နှင့် ပဉ္စဝဂ္ဂီငါးဦးစလုံး ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူကြသည်။

တစ်ဖန် ယသသူဌေးသား အပါအဝင် (၅၅)ယောက်သော သူငယ်ချင်းတို့သည်လည်း ဗုဒ္ဓဘုရားရှင်၏ ဓမ္မဒေသနာတရားတော်များကို နာကြားရသဖြင့် ရဟန္တာဖြစ်တော်မူကြပြန်သည်။

ဗုဒ္ဓဘုရားရှင် ပထမဆုံးဝါဆိုရာ မိဂဒါဝုန်တောအတွင်း၌ပင် ရဟန္တာစုစုပေါင်း (၆၀)ပါး ရှိလာသည်။ သို့အတွက်ကနဦး ဗုဒ္ဓသာသနာတော် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးစုံညီစွာ ပေါ်ထွန်းလာခဲ့သည်။

ပထမဝါကျွတ်တော်မူသည့်အခါ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ ဩဝါဒ ညွှန်ကြားချက်အတိုင်း ရဟန္တာအရှင်သူမြတ်အပါး (၆၀)တို့သည် ဒေသအသီးသီးသို့ သာသနာပြုခရီးထွက်တော်မူကြသည်။ ရဟန္တာတစ်ပါး၊ တစ်ပါးစီတို့သည် ခရီးလမ်းကြောင်းတစ်ခုစီသို့ ကြွချီ ထွက်ခွာတော်မူကြသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓအရှင်၏ သာသနာပြုခရီး ယူဇနာတို့ကား ကျယ်ဝန်းနက်ရှိုင်းစွာ ပြန့်ပွားခဲ့ပြီ ဖြစ်သည်။ ဝေနေယျသတ္တဝါများစွာတို့ကိုလည်း ချေချွတ်ကယ်တင်နိုင်ခဲ့ကြသည်။ အကျွတ်တရား ရစေခဲ့ကြပြီ။

ဝါတော်နှစ်ဆယ် ကြာမြင့်သော အချိန်ကာလ၌မူ ဗုဒ္ဓဘုရားရှင်၏ တပည့်သာဝကတို့ကား များစွာ ပေါ်ထွန်းခဲ့ပြီ ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်၏ ဓမ္မဒေသနာတရားတော်တို့ နာကြားရသဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတည်းဟူသော တစ်မဂ်တစ်ဖိုလ်မှ မဂ်လေးပါး၊ ဖိုလ်လေးပါးထိ ရရှိပိုင်ဆိုင်ပြီးသည့် တပည့်သာဝက အဆင့်များသို့ပင် ရောက်ရှိကြသည်။

ဗုဒ္ဓဘုရားရှင်နှင့် တပည့်သား သံဃာတော် အရှင်သူမြတ်တို့အား ကိုးကွယ်ဆည်းကပ်သည့် ကပည့်သာဝကများတွင် မင်းဘုရင်၊ သူဌေးသူကြွယ်၊ ဆင်းရဲသားမှအစ များစွာ ပေါများ၏။ သို့အတွက် ဗုဒ္ဓဘုရားရှင်နှင့် တပည့်သား သံဃာတော်အရှင်သူမြတ်တို့တွင် ဆွမ်း၊ ကျောင်း၊ သင်္ကန်း၊ ဆေး စသည့် ပစ္စည်းလေးပါး ဒါယကာတို့ကြောင့် လာဘ်လာဘ ပူဇော်သက္ကာရတို့မှာ ဒီရေအလား တစ်နေ့တခြား တိုးပွားဖြစ်ထွန်းလာ၏။

ဗုဒ္ဓဘုရားရှင်၏ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားစည်ပင်လာသည်နှင့်အမျှ တိတ္ထိသာသနာကား နေမင်းကြီး၏ အလင်းရှိန်ဝါ





ရောင်ကြောင့် ညဉ့် လင်းလက်တတ်သော ပိုးစုန်းကြူးတို့၏ အရောင်မှာ မှိန်ဝါးပျောက်ပြယ်သွားသည့်နှယ် ဖြစ်ရပေတော့သည်။

❐ ❐ ❐

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သင်္ကဿမြို့တွင် အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာနှင့်တကွ ကုဋေသုံးဆယ်သော လူနတ်တို့အား သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူ၍ တရားသိမြင် ကျွတ်တမ်းဝင်စေပြီးနောက် သာဝတ္ထိပြည်သို့ ဒေသစာရီ ကြွချီတော်မူခဲ့သည်။ သာဝတ္ထိပြည်သို့ ရောက်တော်မူရာ အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းသည့် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူသည်။

ဇေတဝန်ကျောင်းတော်သည် တိတ္ထိတို့နေထိုင်ရာ ကျောင်းနှင့် မနီးမဝေးတွင် တည်ရှိနေ၏။ သို့အတွက် တိတ္ထိတို့က ဗုဒ္ဓဘုရားရှင်နှင့် တပည့်သာဝကများကို လှမ်း၍ မြင်နေရသကဲ့သို့ ဗုဒ္ဓဘုရားရှင်နှင့် တပည့်တို့ကလည်း တိတ္ထိတို့ကို လှမ်း၍ မြင်နေရသည်။

တိတ္ထိတို့သည် သစ္စာတရားကို ရှာဖွေကြသော်လည်း ကျင့်ကြံအားထုတ်မှုမှာ တပအကျင့်သာ ဖြစ်သည်။ သို့အတွက် သစ္စာတရားကို ရှာဖွေ၍ မတွေ့ကြပေ။ တပအကျင့်တည်းဟူ



www.burmeseclassic.com

www.burmeseclassic.com



သော မိမိခန္ဓာကိုယ်ကို ညှဉ်းဆဲသည့် အတ္တကိလမထ အကျင့်ကြောင့် တိတ္ထိ သာသနာကို လူတို့က ရွံ့မုန်းကြသည်။ ကြောက်ရွံ့နေကြသည်။ ထို့အတူသစ္စာတရားကို အမှန်တွေ့ရှိပြီးသူများ မဟုတ်သဖြင့် လူအများ နားလည်သဘောပေါက်အောင် ရှင်းလင်း ဟောကြားနိုင်ခြင်း မရှိ၍ လူအများက တိတ္ထိသာသနာကို လက်မခံခဲ့ကြပေ။ သို့အတွက် တိတ္ထိတို့ သာသနာမှာ ဆုတ်ယုတ်လျက် လာဘ်လာဘ ရှားပါးလာသည်။

ဇေတဝန်ကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူလျက်ရှိသည့် ဗုဒ္ဓဘုရားရှင်သည် သစ္စာလေးပါးကို ကိုယ်တော်တိုင်သိ၍ ဝေနေယျသတ္တဝါအပေါင်းကိုလည်း ခံစားသိရှိစေရန် ရှင်းလင်း ဟောကြားနိုင်သည်။ ထို့အတူ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သစ္စာလေးပါး ကျင့်စဉ်သည် အစွန်းမရောက် ကြမ်းတမ်းသည့် အကျင့်မျိုးလည်း မဟုတ်၊ မဇ္ဈိမပဋိပဒါ အလယ်အလတ် ကျင့်စဉ်ဖြစ်၍ နူးညံ့သိမ်မွေ့သည့် သဘောရှိသည်။ သို့အတွက် ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ သစ္စာလေးပါးတရား ကို ဝေနေယျအများက လက်ခံသည်။ ကျင့်သုံးသည်။ လူပုဂ္ဂိုလ်တို့သည် သစ္စာတရား၏ အသီးအပွင့် ရသကို ကိုယ်တိုင် ခံစားသိရှိကြသဖြင့် ထူးကဲများပြားသော လာဘ်လာဘ ပူဇော်သက္ကာတို့ လှူဒါန်းကြသည်။





ကိုယ့်ထက်သာ၍ မနာလို ဝန်တိုတတ်သည့် ပုထုဇဉ်သဘာဝသည် တိတ္ထိတို့၏ စိတ်တွင်ကိန်းအောင်း မွေ့လျော်လာတော့သည်။ သို့ပါ၍ ဗုဒ္ဓမြတ်စွာဘုရားရှင် သာသနာတော် ပျက်စီးစေရန် စိမံကိန်းတစ်ရပ် ရေးဆွဲကာ လုပ်ဆောင်ကြတော့သည်။

"အို… လူအပေါင်းတို့ ရဟန်းကြီး ဂေါတမသာ ဘုရားမဟုတ်၊ ငါတို့သည်လည်း ဘုရားစင်စစ် ကေန်ဖြစ်ကုန်၏"

"ရဟန်းကြီး ဂေါတမအား လှူဒါန်းသည့် အလှူသည်သာ အကျိုးဖြစ်ထွန်းသည် မဟုတ်၊ ငါတို့အား လှူဒါန်းသည့် အလှူသည်လည်း ထူးသောအကျိုး ဖြစ်ထွန်း၏။ ငါတို့အား လှူဒါန်းကြလော့။ ပေးကမ်းကြလော့"

ရှေးဦးစွာ တိတ္ထိတို့သည် လမ်းဆုံလမ်းခွ၊ လမ်းမ နေရာအသီးသီးတို့တွင် လူအများတို့ထံ တောင်းခံစကား ဆို ကြသည်။ သို့တိုင် လူသူပရိသတ်အပေါင်းတို့ထံမှ ပစ္စည်း လေးဖြာ လာဘ်လာဘ ပူဇော်သက္ကာရတို့ကို မရရှိသဖြင့် ပြင်း ထန်သည့် စိတ်ဝေဒနာ ခံစားကြရသည်။

သို့အတွက် တိတ္ထိတို့လည်း အချင်းချင်း စုဝေး တိုင်ပင်ကြကုန်၏။ တိတ္ထိဘာသာ ကျော်ကြားရေးနှင့် ပစ္စည်း လာဘ်လာဘ ပေါများရေးအတွက် ဆွေးနွေးကြသည်။ မိမိဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစားရေးအတွက် အခြားဘာသာတစ်ခုကို တိုက်ရိုက် ချေမှုန်း အပုပ်ချကြတော့သည်။

"အရှင်ကြီးတို့ ကျုပ်တို့ဘာသာကို လူတွေက မလေးစား ကြတော့ဘူး။ မကိုးကွယ်ကြတော့ဘူး"

"အို ... ဒါတင်ဘယ်ကမလဲ အရှင်ကြီးတို့ရဲ့ ကျုပ်တို့ ဘာသာဝင် အမာခံတွေတောင် တဖြည်းဖြည်း လျော့ကုန်ပြီ"

"အရှင်ကြီးတို့ တင်ပြတာတွေ အားလုံးမှန်တယ်၊ ဒီလို ဘာကြောင့် ဖြစ်တယ်ဆိုတဲ့ နံပါတ်ဟစ် တရားခံကို ရှာဖွေ သိရှိဖို့ လိုတယ် မဟုတ်လား"

"ဒီအဖြေက အရှင်းလေးပါ အရှင်ကြီးရဲ့၊ ရဟန်းကြီး ဂေါတမရဲ့ ဗုဒ္ဓဘာသာကြောင့်ပေါ့"

"မှန်တယ် အရှင်ပြောတဲ့အဖြေ မှန်တယ်"

"ဒီကိစ္စ ဘယ်လို လုပ်ကြမလဲ၊ အရှင်ကြီးတို့ အားလုံး ဦးဝန်း အကြံပြု ဆွေးနွေးဖို့လိုတယ်"

တိတ္ထိတို့သည် ဗုဒ္ဓမြတ်စွာဘုရားရှင်အား နံပါတ်တစ် တရားခံအဖြစ် ဆုံးချက်တင်၍ တစ်ဦးနှင့်တစ်ဦး ခေါင်းချင်း ဆိုင်၍ ဆွေးနွေးကြသည်။ တိုင်ပင်ကြသည်။ တိတ္ထိတို့၏ နောက်ဆုံး ဆုံးဖြတ်ချက်(၁) ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဂုဏ် သတင်းနှင့် လာဘ်လာဘ ပူဇော်သက္ကာတို့ ပျက်စီး ဆုံးရှုံးစေ ရန် အလို့ငှာ နည်းသိမ်မွေ့သည့် လှို့ဝှက် သွယ်ဝိုက်သည့်





နည်းလမ်းဖြင့် ဆောင်ရွက်ရန် အားလုံးသဘောတူလိုက်ကြ လေသည်။

❒ ❒ ❒

ကောင်းသောကံသည် ကောင်းကျိုးပေးစေသည်။ မကောင်း သောကံသည် မကောင်းကျိုးကို ပေးစေသည်။ ဤကား ကံ၊ ကံ၏ အကျိုးဖြစ်သော ကမ္မနိယာမ ဖြစ်သည်။ တစ်ခုသော ဘဝမှ မကောင်းမှုကံ ပါလာသည့် ဗုဒ္ဓဘုရားရှင်ပင် မကောင်း မှုကံ၏ ဝိပါက်တော်ကို ခံစားရသည်။ ဗုဒ္ဓဘုရားရှင်၏ ဝိပါက် တော်ကို ခံစားစေရန် အလို့ငှာ ကြီးလေးသည့် မကောင်းမှုကံ ကို ပြုမည့်သူလည်း ပေါ်ထွန်းလာရသည်။

အကြင်သူကား စိဉ္စမာနဝိကာ အမည်ရှိ မိန်းမပျိုလေး ပင် ဖြစ်တော့သည်။

စိဉ္စမာနသည် သာဝတ္ထိမြို့သူ ဖြစ်သည်။ မွေးဖွားသန့်စင် ခဲ့သူ အမိအဖဟူ၍ မရှိ။ အကြောင်းမှာ ဥပပတ်၊ သံသေဒဇ၊ အဏ္ဍဇ၊ ဇလာဗုဇ စသည့် ပဋိသန္ဓေ လေးမျိုးအနက် စိဉ္စမာန သည် သံသေဒဇ ပဋိသန္ဓေဖြင့် မန်ကျည်းပင်ကို ပဋိသန္ဓေ စွဲ၍ မွေးဖွားသောကြောင့် ဖြစ်သည်။ သို့အတွက် လူအများက



www.burmeseclassic.com

www.burmeseclassic.com



မန်ကျည်းပင် သန္ဓေသူ မိန်းမပျိုကို စိဉ္စမာနဝိကာဟူ၍ အမည်ပေး မှည့်ခေါ်ခဲ့ကြသည်။

စိဉ္စမာနကား နတ်သမီးလေးကဲ့သို့ မြတ်သော အဆင်းရှိ၏။ လှပတင့်တယ်၏။ ကျက်သရေ မင်္ဂလာအပေါင်းနှင့်လည်း ပြည့်စုံပေ၏။ ပို၍ ထူးခြားသည်မှာ စိဉ္စမာန၏ ကိုယ်မှ အရောင်များ တဖျတ်ဖျတ်နှင့် ပေါ်ထွန်း ကွန့်မြူးနေခြင်းပင် ဖြစ်၏။ သို့အတွက် စိဉ္စမာနကား ထူးသော အတိတ်ကုသိုလ်ကံ ရှိသူဟုပင် ဆိုနိုင်၏။ ထိုနည်းတူစွာပင် ပို၍ ပို၍ ထူးသော သံသရာဘဝအတွက် အကုသိုလ်ထူးကို ပြုကျင့်မည့်သူဟုလည်း ဆိုနိုင်ပေ၏။

အကြောင်းရင်းမှာ စိဉ္စမာနသည် ကုသိုလ်ထူးကို အကြောင်းပြု၍ ကိုးကွယ်ရာ ဘာသာတရားကို ရှာသည်။ သို့အတွက် သစ္စာတရားကို ရှာဖွေ၏။ သစ္စာတရား ရှာဖွေရန်အတွက် လင်ယူသားမွေးခြင်းကို စွန့်ခွာခဲ့သည်။ မြင့်မြတ်ကောင်းမွန်သည့် ရည်ရွယ်ချက်ဖြင့် ၊ ဆရာကောင်းသမားကောင်းတို့ကို ရှာဖွေသည်။ သူမအတွက် ကံဆိုးသည်မှာ လက်ဦးဆရာကား ဗုဒ္ဓဘုရားရှင် မဟုတ်။ အယူဝါဒ လွဲမှားသူ တိတ္ထိတို့ကို ဆရာတင်မိ၍ စိဉ္စမာနခမျာ ယခုဘဝသာမက သံသရာဘဝ များစွာတိုင် ကံဆိုးမိုးမှောင်ကျခဲ့ရတော့မည်။





လမ်းလျှောက်ရင်း လမ်းပျောက်ခဲ့သည့် စိဉ္စမာနမှာ သစ္စာရှာဖွေရန် အလို့ငှာ တိတ္ထိဘာသာတွင် ဆရာသမားတို့၏ အလိုကျ လှူဘောင်ကို စွန့်၍ ပရိဗိုဇ် ဝတ်ခဲ့သည်။ ထိုအချိန်မှ စ၍ စိဉ္စမာနကား လမ်းမှားကိုသာ ညွှန်ပြသော ဆရာဆိုးတို့၏ ကွန်ယက်တွင်းမှ ရုန်းမထွက်နိုင်တော့ပေ။ တိတ္ထိဆရာကြီးများ ပြုသမျှ နေရ၍ ခိုင်းစေသမျှ ဆောင်ရွက်ရလေတော့သည်။

တစ်နေ့တွင် တိတ္ထိဆရာကြီးများ အရေးပေါ်ကိစ္စအတွက် စုဝေး တိုင်ပင်နေကြသည်။ မကြာမီအချိန်ကာလအတွင်း၌ တိတ္ထိဆရာကြီးများ၏ ဆွေးနွေး ဆုံးဖြတ်ချက်တစ်ခုကို လျှို့ဝှက်ပီပြင်စွာ ကောက်ချက်ဆွဲနိုင်ခဲ့ကြသည်။ ထိုစဉ် စိဉ္စမာနသည် တိတ္ထိဆရာကြီးများအား ရှိခိုးဝတ်ပြုရန် ရောက်ရှိလာ၏။ တိတ္ထိဆရာကြီးတို့ကား ဆွေးနွေးတိုင်ပင်ထားသည့်အတိုင်း စိဉ္စမာနကို မသိကျိုးကျွံပြု၍ နေ၏။

“အရှင်ကြီး အရှင်ကောင်းတို့ အရှင်တို့အား ရိုသေစွာ ဂါရဝပြု ရှိခိုးပါ၏”

စိဉ္စမာနကား သုံးကြိမ်တိုင် ပြောဆို၍ ဂါရဝပြု ရှိခိုးသော်လည်း တိတ္ထိဆရာကြီးများက သူမအား လှည့်၍လည်း မကြည့်။ စကားလည်း ပြန်မပြောဘဲ နေကြသည်။ သို့အတွက် စိဉ္စမာနခမျာ မခံချိမခံသာ ဖြစ်သွား၏။ စိဉ္စမာနလည်း သစ္စာတရားပေးအပ်မည့် တိတ္ထိဆရာကြီးများ၏ အပြစ်မခံလိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အပြစ်ရှိက ဝန်ချတောင်းပန်ရန် နှုတ်မှပင် ဖွင့်ဟမေးမိတော့သည်။

"အရှင်ကြီး အရှင်ကောင်းတို့ တပည့်တော်မကို အဘယ်သို့သော အပြစ်တစ်စုံတစ်ရာကြောင့် ခွန်းတုန့်စကား မပြောကြားတာလဲ အရှင်တို့"

စိဉ္စမာန၏ အမေးစကားကြောင့် တိတ္ထိဆရာကြီးများလည်း တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြသည်၊ ထို့နောက် ခက်ထန်မာကြော၍ ဒေါသရိပ်လွှမ်းသော မျက်နှာသွင်ပြင်ကို ပြုလိုက်၏။

"စိဉ္စမာန ငါတို့ကို ရဟန်းကြီး ဂေါတမ နှိပ်စက်ညှဉ်းပန်းနေတာ အသင် မသိဘူးလား"

"ရဟန်းကြီး ဂေါတမကြောင့် ငါတို့ရဲ့ လာဘ်လာဘ ပူဇော် သက္ကာရတွေ ဆုံးရှုံးနေရတယ်ဆိုတာ သင်ဘာကယ်ပဲ မသိတာလား"

"မှန်လှပါ အရှင်ကြီး အရှင်ကောင်းတို့ ဤအကြောင်းကို တပည့်တော်မ မသိရှိအမှန်ပါ၊ ဤအပြစ်အတွက် တပည့်တော်မ အဘယ်သို့သော ဒဏ်ကို ချေဖျက်ဆောင်ရွက်ရန် စေခိုင်းကြပါ အရှင်ကြီးတို့"

"ကောင်းပြီ တပည့်မ စိဉ္စမာန၊ ဤဒဏ်အလို့ငှာ သင်သည် ငါတို့၏ ချမ်းသာရေးအတွက် သင်၏ကိုယ်ကို အကြောင်း





ပြုကာ ရဟန်းကြီး ဂေါတမ၏ မကောင်းသတင်းကို ဖြစ်စေ၍ လာဘ်လာဘ ပူဇော်သက္ကာရ ပျက်ပြားအောင် ဆောင်ရွက်လော့"

တိတ္ထိဆရာကြီးများသည် စိဉ္စမာန၏ အမေးစကားကို ယခင်က တိုင်ပင်ထားသည့်အတိုင်း နူးညံ့သိမ်မွေ့သော နည်းပရိယာယ်သုံး၍ တာဝန်ပေးအပ်၏။ စိဉ္စမာနလည်း တိတ္ထိဆရာကြီးများ၏ ပေးအပ်သည့် ဒဏ်တာဝန်ကို မငြင်းပယ်။ ရဲဝံ့ပြတ်သားသော စကားဖြင့်သာ ပြန်လည် ဖြေကြားလျှောက်ထားလိုက်လေတော့သည်။

"ကောင်းပါပြီ အရှင်ကြီးတို့ ဤကိစ္စအားလုံးအတွက် တပည့်တော် တာဝန်ယူ ဆောင်ရွက်ပါမယ်လို့ ကတိပေးပါတယ်။ ဤကိစ္စအတွက် အရှင်ကြီးတို့ တောင်တွေးမြောက်တွေး တောင်ကြမြောက်ကြနှင့် အချိန်ကုန် လူပန်းမခံကြပါနဲ့တော့။ တပည့်တော်မ တာဝန်ကျေအောင် ပြုမူဆောင်ရွက်ပါမယ် အရှင်ကြီးတို့ ချမ်းသာစွာ နေကြပါကုန်လော့"

စိဉ္စမာနသည် တိတ္ထိဆရာကြီးတို့ကို ကတိအထပ်ထပ်ပေး၍ ရိုသေစွာ ဂါရဝပြု ရှိခိုးလျက် ကျောင်းဝင်းအတွင်းမှ ပြန်လည် ထွက်ခွာခဲ့သည်။ ထိုအချိန်မှစ၍ စိဉ္စမာနသည် တိတ္ထိဆရာကြီးများကို အကြောင်းပြု၍ အမှောင်တကာ့ထိပ်ခေါင် မောဟအမိုက်မှောင်ကြီး ဖိစီးလွှမ်းခြုံခြင်းကို ခံလိုက်ရလေပြီ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



သူရိယနေမင်းကြီးကား တစ်နေ့တာကာလ၏ အလင်းရောင် ပေးစွမ်းမြဲ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီ ဖြစ်သည်။ တောင်စွယ်နေကွယ်လု အချိန်ဖြစ်၍ အဝေးမှကြည့်လျှင် လူလုံးမကွဲ။ ဘယ်သူဘယ်ဝါဟူ၍ ခန့်မှန်းရန် ခက်လှသည်။

နွားရိုင်းသွင်းချိန် ဖြစ်၍ သာဝတ္ထိမြို့တွင် မြို့တွင်းဝင်သူသာရှိ၍ ထွက်လာသူ အလွန်နည်းပါးလှသည်။ မြတ်စွာဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်မှ သာဝတ္ထိမြို့သူမြို့သား တရားနာပရိသတ်များပင် ပြန်လာခဲ့ပြီ ဖြစ်သည်။ ယင်းအချိန်တွင် သာဝတ္ထိမြို့တွင်းမှ အေးဆေးတည်ငြိမ်စွာဖြင့် ထွက်လာသည့် လူရိပ်သဏ္ဌာန်ကို တရားနာအပြန်ပရိသတ်များ မြင်တွေ့လိုက်ရ၏။

အသွားလူနှင့် အပြန်လူတို့၏ အသွားအလျင်နှုန်းတို့ကြောင့် တစ်ဦးနှင့်တစ်ဦး တဖြည်းဖြည်း နီးကပ်လာ၏။ ဝါးလုံး တစ်ရိုက်ခန့်အကွာအရောက်တွင် မည်သူမည်ဝါ ဖြစ်သည်ကို သဲကွဲစွာ မြင်လိုက်ကြသည်။ သာဝတ္ထိမြို့တွင်းမှ ထွက်လာသူ မိန်းမပျို၏ ခန္ဓာကိုယ်မှ အမွှေးနံ့သာတို့ကို ရှေးဦးစွာ ရှူရှိုက်လိုက်ကြရသည်။ မိန်းမပျိုမှာ နံ့သာပန်းတို့ကို လက်ဝယ်ကိုင်လျက် နီရဲသော ပိုးဖဲကတ္တီပါ အင်္ကျီကို ဝတ်ရုံထား၏။





"ဟယ်... စိဉ္စမာနပါလား၊ မိုးကြီးချုပ်ခါမှ ဘယ်ခရီးကို သွားမလို့လဲ ဟဲ့"

"သြော်... အရီးလေးတို့ ဦးရီးတို့ ပြန်လာကြပြီလား ဘယ်သွားမလို့လဲ မမေးပါနဲ့၊ အရီးလေးတို့ရယ်၊ အရီးလေးတို့ သိလို့ အကျိုးမရှိပါဘူး"

"အို"

"ဟဲ့ ...စိဉ္စမာန ညည်းစကားကြီးကလဲ"

စိဉ္စမာနသည် အကြံသမားပီပီ တရားနာအပြန် ပရိသတ်တို့၏ စိတ်ဝယ် မကျေမချမ်း ဖြစ်စေရန် ထင်ယောင်ထင်မှားစကားတို့ကို ပြော၏။ ထို့နောက် တည်ငြိမ်အေးငြိမ်းစွာဖြင့်ပင် ဆက်လက် ထွက်ခွာလာခဲ့သည်။ ဗုဒ္ဓဘုရားရှင်၏ တရားနာအပြန် ပရိသတ်များက သံသယစိတ်ဖြင့် စိဉ္စမာနအား သမင်လည်ပြန် တစ်ချက် ပြန်ကြည့်လိုက်လျှင် ဗုဒ္ဓဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းဆီသို့ ရှေးရှုသွားနေသည်ဟု ထင်မှတ်ရသည်။ သို့သော် စိဉ္စမာနကား ဇေတဝန်ကျောင်းတော်သို့ သွားခြင်းမဟုတ်။ ဇေတဝန်ကျောင်းတော်အနီးရှိ တိတ္ထိဆရာကြီးတို့၏ ကျောင်းဝင်းအတွင်း ဝင်၍ ညအိပ်သည်။

နံနက်မိုးသောက် အရုဏ်ရောက်သော် ဇေတဝန်ကျောင်းတော်ကြီးမှ ပြန်လာသည့်အလား ပြန်လာ၏။ ထိုနည်းတူစွာပင် မြို့သူမြို့သားအပေါင်းတို့လည်း ဗုဒ္ဓဘုရားရှင်အား ရှေး



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ ဖူးမြော်ကြည်ညိုရန် ပန်းဆီမီး အမွှေးနံ့သာ လှူဖွယ် ပစ္စည်းတို့ကို လက်ဝယ်ကိုယ်စီဆွဲ၍ သာဝတ္ထိမြို့တွင်းမှ ထွက်လာကြသည်။ ထိုအခါ စိဥ္စမာနနှင့် လမ်းခရီးခုလတ်၌ ဆုံတွေ့ကြပြန်သည်။

"ဟဲ့ ... စိဥ္စမာနပါလား' ညက ညည်းဘယ်မှာအိပ်လဲ"

"ဪ... အရှင်တို့ ဦးရှီးတို့ပါလား၊ ကျွန်မ ဘယ်မှာ အိပ်တယ်ဆိုတာ မသိချင်ကြပါနဲ့နော်၊ သိလို့လည်း အရှင်တို့ ဦးရှီးတို့မှာ ဘာအကျိုးမှ ရှိမှာ မဟုတ်ပါဘူး။

"ခက်လှချည်လား စိဥ္စမာန"

စိဥ္စမာန၏ အဖြေစကားက ခနဲ့တဲ့တဲ့နှင့် ပျင်းရိငြီးငွေ့ဖွယ် လေးကန်လှ၏။ ဆံပင်ဖို့ရို့ဖားရား အဝတ်တန်ဆာတို့ကား ခေါက်ကြေတွန့်လိမ်ကာ အိပ်မှုန်စုံမွှားနှင့် ဖြစ်၍ မြင်ရသူတို့အဖို့ ဟိုလိုလို သည်လိုလို ထင်မှတ်စေခဲ့သည်။ မည်သို့မည်ပုံ ထင်စေ စိဥ္စမာနက ခပ်တည်တည်ပင်။

ဤသို့ တွေ့မြင်နေရသည်မှာ တစ်နေ့တစ်ရက်လည်း မဟုတ်။

လနှင့်ချီ၍ ကြာခဲ့ပြီဖြစ်သည်။ စိဥ္စမာနကား တိတ္ထိဆရာကြီးများ ခိုင်းစေသည့်အတိုင်း ညနေ ညီအစ်ကို မသိတသိအချိန်ရောက်တိုင်း ဇေတဝန်ကျောင်းတော်ဘက်သို့ သွား၏။ ထိုနောက် တိတ္ထိဆရာကြီးတို့၏ ကျောင်းဝင်းအတွင်း ဝင်အိပ်





၏။ မနက်လင်းလျှင် တိတ္ထိတို့ ကျောင်းဝင်းအတွင်း အိပ်ရာမှ ထ၍ ဇေတဝန်ကျောင်းတော်ဘက် သွားပြန်၏။

စိဥ္စမာန၏ နေထိုင်သွားလာပုံတို့ကို သာဝတ္ထိမြို့သူ မြို့သားအပေါင်း မြင်တွေ့နေကြရသည်။ စိဥ္စမာနကဲ့သို့သော လှပနုနယ်သူ မိန်းမပျိုကလေးတစ်ဦး အချိန်မတော် သွားလာ နေထိုင်ပုံကို ကြည့်၍ ရိုးသားမှု မရှိသည်ကို အကဲခတ် ရိပ်စားမိကြသည်။ စိဥ္စမာနအတွက် မဖွယ်မရာ မတော်မတရာ ဖြစ်မည်ကို စိုးရိမ်မိကြသည်။ သို့အတွက် နီးစပ်ခင်မင်ရာ မြို့သူမြို့သားအပေါင်းတို့က ဖွင့်ဟ၍ မေးမိကြတော့သည်။

"စိဥ္စမာန ညည်းစိတ်ဆိုးလည် ဆိုးတော့ ညည်းသွားလာနေထိုင်ပုံ မရိုးလှဘူး။ ဘယ်လို အကြောင်းနဲ့ အခုလို သွားလာနေထိုင်နေရတာလဲ ကွယ်"

"ဟုတ်တယ် စိဥ္စမာန၊ ညည်းအတွက် တို့က စိုးရိမ်လို့ မေးတာ"

"အို...အရှင်တို့ ဦးရှီးတို့ကို မဖြေအပ်၊ မသိအပ်လို့ မပြောတာပါ။ ဒါပေမယ့် အရှင်တို့ ဦးရှီးတို့ သိချင်သပဆိုရင်တော့ ကျွန်မ ဖွင့်ပြောပါမယ်"

"အေး... ဒီလိုမှပေါ့ စိဥ္စမာနရဲ့"

"ဦးရှီးတို့ အရှင်တို့ နားနဲ့မနာ ဖဝါးနဲ့ နာကြပါနော်၊ ကျွန်မ အခုလို သွားလာနေထိုင်နေတာ အခြားတော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ဇေတဝန်ကျောင်းတော်က ရဟန်းကြီး ဂေါတမနဲ့ ဂန္ဓာကုဋီတိုက်ထဲမှာ တစ်ခုတင်ထဲ အတူ သွားအိပ်တာပါ"

"ဟေ"

"အို"

"ဟင်"

"ဟုတ်မှဟုတ်ရဲ့လား စိဉ္စမာနရယ်"

စိဉ္စမာန၏ အဖြေစကားကြောင့် ကြားရသူတို့မှာ အံ့အားသင့်မိကြသည်။ တွေဝေသွားကြ၏။ သံသယစိတ်တို့ကို မွားများစေခဲ့သည်။ စိဉ္စမာနကမူ အိန္ဒြေမပျက်။

"မိန်းမပျိုလေးတန်မဲ့နဲ့ ဒီစကားမျိုး မပြောချင်ပါဘူး အရှင်းတို့ ဦးရီးတို့ရယ်၊ ဦးရီးတို့ အစ်ရီးတို့ မေးလို့ ဖြေရတာပါ။ ယုံမှား သံသယ မဖြစ်ကြပါနဲ့၊ ကျွန်မအဖြေ စကားက အမှန်ပါ"

သာမန်ပုထုဇဉ်လူသားတို့မှာမူ စိဉ္စမာန၏ စကားကို အမှန် မှတ်ယူကြသည်။ အချို့က ဟုတ်များဟုတ်နေမလား ဟူသော သံသယစိတ်တို့ကို ဖြစ်ပေါ်စေသည်။ ယုံမှားတွေးတောခြင်း အသီးသီးတို့ကို ဖြစ်ပေါ်စေသည်။

စိဉ္စမာနကား မယုံကြည်သူတို့အား ယုံကြည်စေရန်နှင့် ယုံကြည်သွားသူတို့အား သနားကြင်နာလာစေရန်အတွက် သဏ္ဍာန်လုပ် သရုပ်ဆောင်ပြခဲ့ပြီ ဖြစ်သည်။ ဆရာဆိုးတို့၏





မကောင်းသည့် လမ်းညွှန်မှုကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တပည့်မိုက် စိဉ္စမာနသည် လမ်းများပေါ်သို့ ရောက်ရှိနေသည်ကို မသိရှာပေ။

ဤသို့နှင့် သုံးလေးလခန့်ကြာသည့်အခါတွင် စိဉ္စမာနသည် ကိုယ်ဝန်ဆောင်သည် မိန်းမတို့သဘာဝအရ ကိုယ်လေးလက်ဝန် ရှိသကဲ့သို့ ဟန်ပန်အမူအရာကို ဟန်လုပ်၍ သရုပ်ဆောင်သည်။ ထို့အတူ သိသာထင်ရှားသည့် ကိုယ်ဝန်ကို ဆောင်ထားသကဲ့သို့ ဖြစ်စေရန် အဝတ်ပုဆိုးတို့ဖြင့် ဗိုက်ကို စည်းပတ်၍ ကြီးစေသည်။ ဝတ်ရုံဆင်မြန်းနေကြ နီရဲသည့် ဝတ်ရုံကို အမြဲတစေ ဝတ်ရုံထားသည်။ တွေ့သမျှ လူ့အပေါင်းကို မကြောက်မရွံ့ နောက်မတွန့်ဘဲ လျှင်မြန်စွာ ဖြေကြားခဲ့သည်။

"ဒီကိုယ်ဝန်ဟာ ရဟန်းကြီး ဂေါတမနဲ့ ရတဲ့ ကိုယ်ဝန်ပါ"

စိဉ္စမာန၏ အပြောစကား၊ အဖြေစကားတို့ကြောင့် ဉာဏ်ပညာမဲ့သူ ထုံထိုင်းသူတို့ကား အယူမှားခဲ့ကြသည်။ မရှက်မရွံ့ စကားကို ပြောသူကပြော၍ ယုံတတ်သူတို့ကလည်း ယုံခဲ့ကြသည်။

နောင် ရှစ်လ၊ ကိုးလခန့် ကြာသည့်အခါ စိဉ္စမာနသည် ကိုယ်ဝန်အရင့်အမာ ရှိနေသူနှင့် တူစေရန် ဘဲဥပုံသဏ္ဍာန်

www.burmeseclassic.com



သစ်သားဝန်းကို ရင်တွင် ကြိုးဖြင့်ချည်နှောင်၍ ကိုယ်ဝန်ဆောင် အရင့်အမာ ရှိနေဟန် ဖန်တီး၏။ ကိုယ်ဝန်ဆောင်မည့် မိန်းမတို့ မီးဖွားခါနီး ခြေလက်တို့ ဖောရောင်တတ်သည်ကို နည်းယူ၍ စိဉ္စမာနလည်း သူ၏ လက်ဖမိုး၊ ခြေဖမိုးတို့ကို နွားမေးရိုး ဖြင့် ထုနက်ထား၏။ ထို့အတူ သွားလာနေထိုင်ရာတွင် လေးလံနှေး ကွေးလျက် အထိုင်အထ၊ အကုန်းအကွ၊ ပင်ပန်းဆင်းရဲလေး လံဟန် ပြု၏။

တစ်နေ့သော ညနေချမ်း ဆည်းဆာချိန်တွင် စိဉ္စမာန သည် ပါးစပ်မှ စုပ်တစ်သပ်သပ်လုပ်ကာ လက်နှစ်ဘက်ဖြင့် ဗိုက်ကို ပွတ်လျက် ဇေတဝန်ကျောင်းတော်အတွင်းသို့ ဝင်ရောက် လေသည်။

ထိုစဉ် ညနေချမ်း ဆည်းဆာအလှကို တိမ်တစ်အုပ် တို့က ခေတ္တအုပ်ဆိုင်းသွားသဖြင့် ဆည်းဆာသဘာဝအလှကို အကျည့်တန်စေခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်က ဗုဒ္ဓါဘိသေက ဓမ္မပလ္လင်တော် ထက်ဝယ် ထိုင်တော်မူလျက် ပရိသတ်တို့အား တရားရေအေး အမြိုက်ဆေးကို ဟောကြားတော်မူလျက်ရှိသည်။

"အား ... ကျွတ် ... ကျွတ်"

စိဉ္စမာနသည် လက်နှစ်ဘက်ဖြင့် ဗိုက်ကို အသာအယာ ပွတ်လျက် ငြီးတွားစုတ်ထိုးကာ ဗုဒ္ဓမြတ်စွာဘုရားရှင် ရှေ့





တွင် ရပ်၏။ ထို့နောက် လက်တစ်ဘက်ဖြင့် ခါးကို ထောက် ၍ လက်တစ်ဖက်က ဗုဒ္ဓဘုရားရှင်အား လက်ညှိုးထိုးကာ စွပ် စွဲ ဆဲရေးစကားတို့ ဆို၏။

"အို ... ရဟန်းကြီး ဂေါတမ သင်ကား လာသမျှ၊ တွေ့ သမျှ လူအပေါင်းကိုသာ တရားဟောနေဘိ၏။ သင်၏ တရား တို့ကား နှုတ်ခမ်းဖျားမှ ချိုသာလွန်းပါဘိ၏။ သင့်စကား တို့ ကား စားသွားပေါ်မှ ပျားရည်စက်ပမာ ချိုမြိန်သည်ကို ကျွန်မ သိပါ၏"

"ရဟန်းကြီး ဂေါတမ ကျွန်မမှာ ရင်နဲ့ရတဲ့ ကိုယ်ဝန် ဟာ မွေးဖွားလုနီး ရင့်မာနေပါပြီ အား ... ကျွတ် ... ကျွတ်"

"တကယ်တော့ ရဟန်းကြီး ဂေါတမအနေနဲ့ ကျွန်မ မီးဖွားဖို့ နေရာထိုင်ခင်းကိုလည်း မစဉ်းစား၊ ထောပတ် ဆီဦး နှင့် စတဲ့ လိုအပ်တဲ့ပစ္စည်းတွေကိုလည်း မစုဆောင်း၊ နေရက် သိုက်တာ ရှင်ကြီး ဂေါတမရယ်"

"ဒီကိစ္စတွေကို ရှင်ကြီးဂေါတမ တရားဟောနေရလို့ မလုပ်အား၊ မစီစဉ်အားဘူးဆိုရင်လည်း ကောသလမင်းဖြစ်ဖြစ်၊ အနာထပိဏ်သူဌေးကြီးကိုဖြစ်ဖြစ်၊ ဝိသာခါ ကျောင်းအမကြီးကို ဖြစ်ဖြစ် ကျွန်မမီးဖွားဖို့ အပ်နှင်းပေးဖို့တော့ သင့်တာပေါ့"

"အခုတော့ ကြည့်ပါဦး၊ မွေ့လျော်ပျော်ပါးတုန်းကတော့ တပြုံးပြုံးနဲ့ ကိုယ်ဝန်က သန္ဓေသား မွေးဖွားဆောင့်ရောက်ဖို့ကို တော့ မစဉ်းစားပါလားဟင် ရှင်ကြီးဂေါတမ"



www.burmeseclassic.com

www.burmeseclassic.com



စိဋ္ဌမာနကား ဉာဏ်နီဉာဏ်နက်များစွာဖြင့် အချိန်ကာလများစွာယူကာ ကြိုးပမ်းအားထုတ်ခဲ့သည့် နည်းပရိယာယ်တို့နှင့် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ပရိသတ်အလယ်တွင် ကြီးကျယ်သော စွပ်စွဲဆဲရေးစကားတို့ ဆိုနေ၏။ သို့အတွက် ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူလက်စ တရားကိုပင် ခေတ္တရပ်နားလိုက်ရ၏။

"စိဋ္ဌမာန၊ သင် ယခုပြောကြားအပ်သည့်စကားတို့ မှန်သည်၊ မမှန်သည်ကို သင်နှင့်ငါသာ သိ၏"

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် စိဋ္ဌမာန၏ စွပ်စွဲဆဲရေးစကားတို့ကို ဂသရာဇာခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော အသံဖြင့် မိန့်ဆိုတော်မူ၏။ စိဋ္ဌမာနကား မလျှော့၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စကားတော်ကို ပြက်ရယ်ပြု၍ ထပ်မံ စွပ်စွဲပြန်လေသည်။

"အို ရှင်ကြီးဂေါတမ၊ မပြောအပ်၊ မဆိုအပ်သော စကားကို မပြောပါနဲ့၊ ဒီလိုကိစ္စဟာ ရှင်ကြီးဂေါတမနဲ့ ကျွန်မသာ သိလို့ ဒီကိုယ်ဝန်ရတာပေါ့"

စိဋ္ဌမာန ညစ်ညမ်းဆိုးသွမ်း ယုတ်မာသော စကားတို့ ပြောဆိုစဉ် သိကြားမင်း၏ရာ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာကား ပူနွေး တင်းမာသွားသည်။

"အလို ငါ၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် အဘယ် အကြောင်းချင်းရာကြောင့် တင်းမာပူပြင်းဘိသနည်း"





သိကြားမင်းလည်း အကြောင်းအကျိုး ဆင်ခြင်ကြည့်ရှုရာ ဗုဒ္ဓမြတ်စွာဘုရားရှင်အပေါ် စိဋ္ဌမာနမိန်းမယုတ်၏ မဟုတ်မမှန် ဆဲရေးစွပ်စွဲသော အကြောင်းတရားတို့ကို တွေ့မြင်သိရှိသည်။ ထိုအခါ သိကြားမင်းသည် နတ်သားလေးယောက်တို့နှင့်အတူ ဗုဒ္ဓဘုရားရှင် တရားဟောတော်မူရာသို့ ချက်ချင်း ရောက်ရှိလာသည်။ စိဋ္ဌမာန၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် စီစဉ်ကြသည်။

သိကြားမင်း၏ အစီအစဉ်ဖြင့် နတ်သားလေးယောက်တို့သည် ကြွက်ငယ်ယောင်ဆောင်ကြသည်။ ထို့နောက် စိဋ္ဌမာန၏ ဝမ်းဗိုက်ဝယ် ချည်နှောင်ထားသော သစ်သားဝန်းကြိုးများကို ဟာစ်ပြိုင်နက် ကိုက်ဖြတ်ကြလေသည်။

"ဒုန်း ... ဝုန်း"

"အောင်မယ်လေးတော့ သေပါပြီ"

စိဋ္ဌမာန၏ဝမ်းဗိုက်တွင် ချည်နှောင်ထားသည့် ကြိုးများပြတ်ကာ သစ်သားပျဉ်ပြားချပ်လည်း ပြုတ်ကျ၏။ သစ်သားပျဉ်ပြားချပ်သည် စိဋ္ဌမာန၏ ခြေဖမိုးထက်သို့ တည့်တည့် အရှိန်ပြင်းစွာ ပြုတ်ကျရာ ခြေနှစ်ဖက်စလုံး ကျိုးသွားသည်။ ပါးစပ်မှပင် ရုတ်တရက် လန့်၍ အော်လိုက်သည်။ စိဋ္ဌမာန၏ အလန့်တကြား အော်သံကြောင့် တရားနာပရိသတ်များလည်း အသံလာရာဘက်ဆီသို့ ကြည့်ရာ အထူးပင် အံ့အားသင့်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အို"

"ဒီကောင်မ မိန်းမယုတ်ပဲ၊ ဗိုက်မကြီးဘဲ ကြီးဟန်ဆောင်ပြီး တို့ဘုရားကို မဟုတ်မတရား စွပ်စွဲတာ"

"မခံနိုင်ဘူး"

"ထွီ"

"ဟဲ့ အယုတ်မ၊ သင်ဟာ မြတ်စွာဘုရားကို မဟုတ်မမှန် သဲရေးစွပ်စွဲသူပဲ"

ပရိသတ်များလည်း စိဋ္ဌမာန၏ လုပ်ရပ်အဖြစ်မှန်ကို သိရှိ၍ ပြင်းထန်စွာ ရှုတ်ချကြ၏။ ထို့နောက် စိဋ္ဌမာန၏ ဦးခေါင်းထက်သို့ တံတွေးများနှင့် ထွေးကာ ခဲ၊ တုတ် စသည်တို့ကို ဆွဲကိုင်ကြကုန်သည်။ ထို့နောက် ဗုဒ္ဓမြတ်စွာဘုရားရှင်ရှေ့မှောက်မှ ဇေတဝန်ကျောင်းတော် ပြင်ပရောက်သည့်တိုင်အောင် ရိုက်ပုတ်၍ ခေါ်ဆောင် ဆွဲထုတ်သွားကြသည်။

"ဒုတ်"

"ခွပ်"

"ကဲ မဟုတ်မတရား စွပ်စွဲဦးဟဲ့"

"အမယ်လေး ကြောက်ပါပြီ၊ သေပါပြီတော့"

ပရိသတ်များ ရိုက်နှက်ခေါ်ဆောင်လာသည့် စိဋ္ဌမာနမှာ ဇေတဝန်ကျောင်းတော် အပြင်ဘက် ဗုဒ္ဓဘုရားရှင်၏ မျက်ကွယ်သို့





ရောက်ရှိသည်နှင့် မဟာပထဝီမြေကြီးကား ကွဲအက်ကာ ပွင့်ပြင်းလာသည်။

"ဟာ မြေကျင်းပေါက်ကြီးဟေ့၊ ပက်ကြားအက်ကြောင်းတွေနဲ့၊ မြေကြီးတွေကလည်း ပွတယ်"

"နောက်ဆုတ်ကြ၊ နောက်ပြန်ဆုတ်ကြဟေ့"

စိဋ္ဌမာနအား ဆွဲခေါ်လာသည့် လူပရိသတ်ကြီးမှာ ရှေ့တည့်တည့်တွင် ဖြစ်ပေါ်လာသည့် မြေကြီးပက်ကြားအက်ကျင်းပေါက်ကြီးနှင့် အပွဒဏ်တို့ကြောင့် စိဋ္ဌမာန မိန်းမယုတ်ကိုထားကာ လာလမ်းအတိုင်း အပြေးပြန်ဆုတ်ခဲ့ကြသည်။

"အမယ်လေး သေပါပြီ၊ ကယ်တော်မူပါ၊ ကယ်တော်မူကြပါ"

ထိုစဉ် စိဋ္ဌမာန မိန်းမယုတ် တည်ရှိရာနေရာတွင် အဝီစိငရဲမှ မီးညွန့်မီးလျှံတို့သည် ကျယ်လောင်သည့် မြည်ဟီးသံတို့နှင့် မြေပြင်သို့ တက်လာသည်။ ယင်းမီးလျှံတို့နှင့်အတူ စိဋ္ဌမာနမိန်းမယုတ်သည် အရှင်လတ်လတ် မြေမျိုခြင်းခံရကာ အဝီစိငရဲသို့ ရောက်ရှိသွားလေတော့သည်။

• • • • •



www.burmeseclassic.com

www.burmeseclassic.com









## တကျာရမှက်ကြောင့် မြေမျိုခံရသူ

မဓုဝ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ ဗာလော ဒုက္ခံ နိဂစ္ဆတိ။

မကောင်းမှုသည် မကောင်းကျိုးမပေးသမျှ လူမိုက်သည် မကောင်းမှုကို ပျားသကာကဲ့သို့ ထင်မှတ်၏။ မကောင်းမှု အကျိုးပေးသောအခါ၌ လူမိုက်သည် ဆင်းရဲတတ်၏။

(ဓမ္မပဒ၊ ဗာလဝဂ်)

ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်သည် လူမှန်သမျှ နေ့စဉ် ထိန်းသိမ်းစောင့်ရှောက်ရမည့် ငါးပါးသီလတွင် ပါဝင်သည့် တတိယမြောက်သောချက် ဖြစ်သည်။ ကာမေသုမိစ္ဆာစာရကို လွယ်ကူစွာနှင့် အတိုဆုံး၊ အရှင်းဆုံး အနက်အဓိပ္ပာယ် ဖွင့်ဆိုလျှင် ကာမတို့၌ မှားယွင်းစွာ ကျင့်ကြံခြင်းဟု ခေါ်ဆိုနိုင်၏။

ကာမတို့၌ မှားယွင်းစွာ ကျင့်ကြံခြင်းဟူသည် ရှေးပညာရှိကြီးများ ဆုံးမခဲ့သည့် "မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်လည်း၊



www.burmeseclassic.com

www.burmeseclassic.com



မအိပ်စေရာ” ဆိုသကဲ့သို့ မသွားလာအပ်သည့် မိန်းမ (၂၀)နှင့် မှီဝဲလိုစိတ် ရှိခြင်း၊ လုံ့လပြုခြင်း၊ သာယာခြင်း စသည့် အကြောင်းတရားများ ပြုမူဆောင်ရွက်ခြင်းပင် ဖြစ်၏။ သို့တည်း မဟုတ်မူ အုပ်ထိန်းခြင်း မကင်းသော မည်သည့်မိန်းမမျိုးနှင့်မဆို ဖောက်ပြားကျူးလွန်ခြင်းပင် ဖြစ်သည်။

ဓမ္မနိယာမအရ မည်သူမဆို ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ချိန်၌ ငွေကြေး၊ ပစ္စည်းဥစ္စာ၊ အာဏာတန်ခိုး အရှိန်အဝါ မည်၍မည်မျှ ပြည့်စုံကြီးထွားနေစေကာမူ အကြင်သူသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ယင်းအကုသိုလ်ကံ၏ အကျိုးကို ဧကန်မုချ ခံစားရမည်သာ ဖြစ်၏။

သူတစ်ပါး၏ သားမယားနှင့် သမီးသားတို့အား မတရားကျူးကျော်စော်ကား ဖောက်ပြားသည်ကို ကိုယ်စောင့်နတ်မှအစ လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့က စက်ဆုပ်ရွံရှာကြ၏။ မုန်းတီးကြ၏။

သို့အတွက် ကမ္မနိယာမသဘာဝအရ မကောင်းမှု ပြုသူအား ယင်းနှင့်ညီမျှသော အကျိုးတို့ကို ဖြစ်ပေါ်ခံစားစေသည်။

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သူသည် လူမုန်းများခြင်း၊ ရန်သူများခြင်း၊ ပစ္စည်းလာဘ်လာဘရှားပါးခြင်း၊ ချမ်းသာသုခမကင်းဆိတ်ခြင်း၊ မိန်းမဖြစ်ရခြင်း၊ ယောက်ျားရှာ၊ မိန်းမရှာဖြစ်ရခြင်း၊ အမျိုးယုတ်ဖြစ်ရခြင်း၊ အရုက်တကွဲဖြစ်ရခြင်း၊ ကိုယ်





လက်အင်္ဂါများ ချို့ယွင်းခြင်း၊ စိုးရိမ်သောကအားကြီးခြင်း၊ ချစ်သူနှင့် ကွဲရခြင်း စသည့် အပြစ်များကို ခံစားရသည်။ တွေ့ကြုံရသည်။ ထိုအတူ သေလွန်သည့်အခါ၌လည်း ငရဲသို့ ကျရောက်တတ်၏။

သီလမရှိသူကို ကျူးလွန်မိလျှင် အပြစ်ငယ်၏။ သီလရှိသူအား ကျူးလွန်မိလျှင် အပြစ်ကြီး၏။ ရဟန္တာပုဂ္ဂိုလ်အား ပြစ်မှား ကျူးလွန်မိလျှင်မူ အတိုင်းအဆမရှိ ကြီးလေးသော အပြစ်ကို ဖြစ်စေတတ်၏။

ရဟန္တာပုဂ္ဂိုလ်သည် မိမိကိုယ်ကို မိမိ ရဟန္တာဖြစ်မှန်းသိ၏။ သို့တိုင် ဗုဒ္ဓရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် ပညတ်တော်မူသည့် ဝိနည်း သိက္ခာပုဒ်တော်အရ မိမိရဟန္တာပုဂ္ဂိုလ်ဖြစ်ကြောင်း ထုတ်ဖော်ပြသ ပြောကြားလေ့မရှိ။ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထုတ်ဖော်ပြသလေ့ မရှိသော ရဟန္တာပုဂ္ဂိုလ်တို့အား ရဟန္တာမှန်းသိရန် ဘာမန်ပုထုဇဉ်လူသားတို့အဖို့ ခဲယဉ်းလှသည်။

ရဟန္တာပုဂ္ဂိုလ်တို့သည်ကား ဗုဒ္ဓရှင်တော်မြတ်ဘုရား ပညတ်တော်မူသည့် ဝိနည်းသိက္ခာပုဒ်တော်တို့ကို အသက်ထက်ဆုံးခံယူ၏။ သို့အတွက် ယုတ်စွအဆုံး မိမိတို့၏ အသက်အန္တရာယ်နှင့် တွေ့ကြုံရင်ဆိုင်လာရသည့်တိုင်အောင် မိမိရဟန္တာပုဂ္ဂိုလ်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားမည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင် ကိလေသာ အာသဝေါတရားများ ကုန်ခမ်းပြီး သံသရာဘဝအဆုံး ရောက်ရှိနေသည့် ရဟန္တာပုဂ္ဂိုလ်အား ရဟန္တာ မှန်း မသိ၍ ကျူးလွန်ပြစ်မှားမိလျှင်မူ ကြီးလေးသော ကံကြီး ထိုက်ခံရမည်သာ ဖြစ်၏။

လူတစ်ယောက်သည် နီရဲလှပသော အသွေးအရောင်ရှိသည့် တရှိန်ရှိန်တညီးညီး တောက်လောင်နေသော မီးခဲကို မီးခဲမှန်း သိလျှင် ကိုင်ချင်မှ ကိုင်မည်။ သို့တည်းမဟုတ် လှပသည့် အရောင်အဆင်းအား တွယ်တာနှစ်သက် မြတ်နိုး၍ မီးခဲကို မီးခဲမှန်းမသိဘဲ ကိုင်မိသူကား အားပါးတရ ဆုပ်ကိုင်မိမည်မှာ သေချာ၏။ ထိုအခါ အကြင်သူ၏လက်၌ လွန်စွာ ပြင်းထန်သော အပူဒဏ်ဝေဒနာကို သေချာပေါက် ခံစားရမည် ဖြစ်၏။ တွေ့ကြုံရမည် ဖြစ်၏။

ထိုနည်းတူစွာပင် ရဟန္တာပုဂ္ဂိုလ်အား ကာမေသုမိစ္ဆာစာရ ကံဖြင့် ပြစ်မှားကျူးလွန်မိလျှင် ရဟန္တာမှန်း သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ ဒိဋ္ဌဓမ္မဝေဒနီယ အကုသိုလ်ကံအရ ချက်ချင်း လက်ငင်း အကျိုးပေးကာ အရှင်လတ်လတ် မြေမျို၍ အဝီစိ ငရဲသို့ တိုက်ရိုက်ကျရောက် ခံစားရပေတော့၏။

* * *





"အရှင်ဘုရား၊ အာသဝေါတရား ကင်းစင်ပြီးတဲ့ ရဟန္တာ ပုဂ္ဂိုလ်တို့ဟာ ကာမဂုဏ်ငါးပါးကို ခံမင်တပ်မက် နှစ်သက် သာယာခြင်း ရှိပါသလား ဘုရား"

"တင်ပါ့ တပည့်တော်လည်း ရဟန္တာပုဂ္ဂိုလ်များ ကာမဂုဏ် ငါးပါးအာရုံကို မှီဝဲကြသေးလားလို့ သိချင်နေတာ ဘုရား"

"တစ်ခုတော့ ရှိတယ်ဘုရား၊ ရဟန္တာပုဂ္ဂိုလ်များဟာ ခြောက်သွေ့တဲ့ သစ်ငုတ်တွေလို၊ တောင်ပို့တွေလို မဟုတ်တာ တော့ သေချာတယ်ဘုရား၊ စိုစွတ်တဲ့ အသားအရေနဲ့ သွေးသား လှည့်ပတ်မှု ရှိနေတယ်ဆိုတော့ ငါးပါးအာရုံ ကာမဂုဏ်ကို ခံမင် တပ်မက် နှစ်သက် သာယာခြင်း၊ မှီဝဲလိုခြင်းရှိမှာ သေချာတယ်"

"အရှင်ဘုရား ယူဆတာ မှန်တယ်၊ ဒီလိုဆိုရင် ရဟန္တာ ပုဂ္ဂိုလ်များဟာလည်း ငါးပါးအာရုံ ကာမဂုဏ်ကို မှီဝဲကြမှာပါ ဘုရား"

တရားသဘင်ခန်းမ၌ လူပရိသတ်၊ ရဟန်းပရိသတ်များနှင့် ပြည့်နှက်နေဘိ၏။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ကြွရောက်တော်မမူမီ တစ်ဦးနှင့်တစ်ဦး၊ တစ်ပါးနှင့်တစ်ပါး ကြောင်းကျိုးဆက်စပ်၍ ရဟန္တာပုဂ္ဂိုလ်တို့ ငါးပါးအာရုံ ကာမဂုဏ်တွင် သာယာခြင်း ရှိ၊ မရှိ၊ မှီဝဲခြင်း ရှိ၊ မရှိ စသည်တို့ကို ဆွေးနွေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူအချင်းချင်း၊ ရဟန်းအချင်းချင်း တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုးနှင့် ဆွေးနွေး ငြင်းခုံရင်း ဆိ လျော်မည်ထင်သော ဥပမာစကား သက်သေကြောင့် ရဟန္တာပုဂ္ဂိုလ်များ ငါးပါးအာရုံ ကာမဂုဏ်တို့၌ သာယာတပ်မက်ခြင်း၊ မှိဝဲခြင်း ရှိသည်ဟု ထင်မြင်ကြလေသည်။

ထိုစဉ် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် တရားသဘင်ခန်းမဆောင်တွင်းသို့ ကြွချီတော်မူလာ၏။ ထိုစဉ် လူပရိသတ် ရဟန်းပရိသတ်အားလုံးတို့၏ စကားသံတို့ကား တိတ်ဆိတ်ငြိမ်သက်သွား၏။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဗုဒ္ဓါဘိသေက ဓမ္မပလ္လင်တော်ထက်တွင် ထိုင်ဟော်မူပြီးနောက် ...

"ချစ်သားရဟန်းတို့၊ ငါဘုရား ကြွလာတော်မူဆဲကာလ၌ အဘယ်သို့သော စကားနှင့် ပြောကြား စည်းဝေးနေကြကုန်သနည်း"ဟု ရဟန်းတော်များအား မေးတော်မူ၏။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အမေးစကားတော်ကို ရဟန်းတော်များလည်း အဖြစ်အပျက် အလုံးစုံ ပြန်လည်လျှောက်တင်ကြ၏။

"ချစ်သားရဟန်းတို့၊ အာသဝေါတရား ကုန်ခမ်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ချမ်းသာ၌ သာယာကပ်စွဲလန်းခြင်း မရှိကုန်၊ ငါးပါးအာရုံ ကာမဂုဏ်၌လည်း ခုံမင်စွဲမက် မှိဝဲခြင်း မရှိကြကုန်"





"ချစ်သားရဟန်းတို့၊ လောကီဥပမာနှင့် နှိုင်းယှဉ်ပြရလျှင် ကြာဖက်ပေါ်၌ ရေမတင်သကဲ့သို့လည်းကောင်း၊ ပွတ်ဆောက်ဖျားပေါ်၌ မုန်ညှင်းစေ့ မတည်သကဲ့သို့ လည်းကောင်း ရှိ၏။ ထိုနည်းတူစွာပင် ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်၌ ဝတ္ထုကာမနှင့် ကိလေသာကာမ နှစ်ဝစလုံး မကပ်ငြိ ၊မတည်ရှိသည်သာတည်း"

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ပြတ်သားတိကျသော အဖြေစကားတော်ကြောင့် နှစ်သက်ကျေနပ် ပီတိဖြစ်လျက် များစွာသော ပရိသတ်အပေါင်းတို့ သောတာပန် တည်ခဲ့ကြသည်။

မကြာမီအချိန်ကာလအတွင်း၌ပင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ပသေနဒီ ကောသလမင်းကြီးကို ခေါ်တော်မူ၏။ ပသေနဒီ ကောသလမင်းကြီးလည်း ဗုဒ္ဓရှင်တော်မြတ်ဘုရား အခေါ်လွှတ်သည် ဆိုရုံမျှနှင့် တိုင်းရေးပြည်ရာမှန်သမျှ အပ်ထား၍ ဘုရားရှင်သီတင်းသုံးရာ ကျောင်းတော်သို့ လျင်မြန်စွာ ရောက်ရှိလာ၏။

"ဘုန်းတော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား တပည့်တော် ပသေနဒီကောသလမင်းကြီး ရောက်ရှိပါပြီဘုရား"

ပသေနဒီကောသလမင်းကြီးသည် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ရိုသေစွာ ရှိခိုးကန်တော့လျက် အသိပေး လျှောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒကာတော်မင်းကြီး၊ ငါဘုရား၏ သာသနာတော်၌ သဒ္ဓါတရား အားကြီးသော အမျိုးကောင်းသားတို့သည် သာသနာတော်ထမ်း ရဟန်းပြုကုန်ကြ၏"

"ထိုနည်းတူစွာပင် အမျိုးကောင်းသမီး ဖြစ်ကုန်သော ဥပါသိကာမတို့သည်လည်း ကြီးကျယ်မြင့်မြတ်သော ဆွေမျိုးစည်းစိမ် ဥစ္စာရတနာ ချမ်းသာတို့ကို စွန့်ပစ်၍ သာသနာတော်ထမ်း ရဟန်းပြုကုန်ကြ၏"

"ဘိက္ခုနီ ရဟန်းမတို့သည် တောထဲ၌ နေသည်ဖြစ်၍ ရာဂဖြင့် တပ်စွမ်းသော ယုတ်မာသူ တို့သည် မထီမဲ့မြင် မတရားပြု၍ ညှဉ်းပန်းကြ၏။ နှိပ်စက်ကြ၏။ မြတ်သောအကျင့်၏ အန္တရာယ်ကိုလည်း ကျရောက်စေ၏"

"ဤအကြောင်းတို့ကြောင့် ဘိက္ခုနီရဟန်း မိန်းမတို့အား မြို့တွင်း၌ ကျောင်းဆောက်၍သာ နေထိုက်ပေ၏။ ဒကာတော်မင်းကြီး"

"မှန်လှပါ၊ အရှင်ဘုရား၏ ဩဝါဒမိန့်ကြားချက်အတိုင်း ဘုရားတပည့်တော် ဆောင်ရွက်ပေးတော်မူပါမယ်ဘုရား"

ပသေနဒီကောသလမင်းကြီးလည်း ဗုဒ္ဓရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူသည့်အတိုင်း ဝန်ခံကတိစကား လျှောက်ထား၍ ဘိက္ခုနီ ရဟန်းမိန်းမများ သီတင်းသုံးရန် မြို့၏ ဘေးတစ်ဖက်တွင် ကျောင်းများ ဆောက်လုပ်လှူဒါန်းတော်မူခဲ့သည်။





သို့သော် ပသေနဒီကောသလမင်းကြီးသည် ဘိက္ခုနီ ရဟန်းမိန်းမများအတွက် မြို့တွင်း၌ ကျောင်းဆောက်လုပ်ပေးပြီးသောအခါ ဗုဒ္ဓဘုရားရှင် မိန့်ကြားချက်၏ အကြောင်းရင်းကို စုံစမ်းလေ့လာ၏။ ဆန်းစစ်အဖြေရှာကြည့်မိ၏။

⁕ ⁕ ⁕

"အူဝဲ ... အူဝဲ ... အူဝဲ"

"မွေးပြီဟေ့၊ မွေးပြီဟဲ့"

သာဝတ္ထိပြည်မှ အမျိုးအမည် မထင်ရှားသည့် သူဌေးကတော်ကြီး မီးဖွားရာ မီးနေခန်းအတွင်း ကလေးငိုသံနှင့်အတူ လက်သည်မကြီးအသံကား တိတ်ဆိတ်ငြိမ်သက်မှုကို ဖြိုခွင်းထိုးဖောက်ကာ ထွက်ပေါ်လာသည်။ "ယောက်ျားဖောင်စီး၊ မိန်းမမီးနေ" ဆိုစကားအတိုင်း အသက်ဘေးအန္တရာယ်နှင့် အနီးဆုံးဖြစ်နေသည့် ဇနီးအတွက် သူဌေးကြီးမှာလည်း ဆောက်တည်ရာမရ၊ ထိုင်လိုက်ထလိုက်၊ အရှေ့ အနောက် တောင် မြောက် ဥဒဟို လမ်းလျှောက်နေစဉ် ကလေးငိုသံနှင့်အတူ လက်သည်မကြီး၏ အသံကို ကြားရသဖြင့် ဝမ်းသာသွား၏။ သို့အတွက် သူဌေးကြီးသည် မီးနေခန်းတံခါးဝသို့ပင် အပြေးရောက်သွား၏။

"ဘာလေးလဲ၊ ဘာလေးလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတော်လေး သူဌေးကြီးရေ၊ သမီးတော်လေးတော့၊ တစ်တုံးတစ်ခဲကြီး ချစ်စရာကောင်းလိုက်တာ"

လက်သည်တော်ကြီးလည်း ပြောပြောဆိုဆိုနှင့် ကလေးငယ်အား မ,ချီလျက် သူဌေးကြီးအား ပြ၏။ ကလေးငယ်မှာ ကြာညိုပန်းကဲ့သို့ အဆင်းသဏ္ဌာန်ရှိ၍ လွန်စွာ လှပသည်။ ချစ်စရာကောင်းသည်ကို မြင်တွေ့ရ၍ သူဌေးကြီးလည်း ဝမ်းသာပီတိ ဖြစ်မိသည်။ သမီးငယ်ကို အောင်မြင်စွာ မွေးဖွားပေးသည့် လက်သည်တော်ကြီးအား ဆုတော်လာဘ်တော်များပင် ချီးမြှင့်ပေးသနားသည်။

"သမီးတော်ကလေးကို ကြည့်၍ အားရဝမ်းသာ ပီတိ ဖြစ်မိတာတော့ အမှန်ပါပဲ လက်သည်တော်ကြီးရယ်၊ ဒါနဲ့ သူဌေးကတော်ကြီးရော ကျန်းခံ့သာလို့ မာပါစ"

"စိတ်ပကတိ မူလအရှိအတိုင်းနှင့် ကျန်းခံ့သာလို့ မာပါတယ် သူဌေးကြီး"

"ကောင်းလေစွ၊ ကောင်းလေစွ"

သူဌေးကြီးသည် လက်သည်တော်ကြီးထံမှ မိခင်ရော ကလေးပါ ကျန်းမာကြောင်း သိရ၍ အထူးပင် နှစ်သက်ရွှင်လန်း မိ၏။ မွေးကင်းစ သမီးတော်လေးအား ကြည့်မဝ ရှုမဝ နိုင်၍ လက်သည်တော်ကြီးထံမှ ကလေးငယ်ကို တောင်းယူ ပွေ့ချီ၏။

ကြည်လှမောင်စာပေ



"အလို...သမီးတော်လေး ကိုယ်ခန္ဓာ ရုပ်ဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာကား ကြာညိုပန်းနှင့် တူပေစွ၊ လှပ ကြည်လင် နှစ်သက်ဖွယ် အသားအရည်တို့နဲ့လည်း ပြည့်စုံပါပေ တယ် သမီးတော်လေးရယ်"

"အင်း ငါ့သမီးတော်လေးရဲ့ အမည်နာမကို ဘယ်လိုပေးရမလဲ""

"သမီးတော်လေးရဲ့ ထူးခြားတဲ့ လက္ခဏာက ကြာညိုပန်းနဲ့ အဆင်းသဏ္ဌာန်တူတယ်ဆိုတော့ ကြာညို၊ မြကြာညို"

"ကြာညိုဆိုတော့ ဥပ္ပလဝဏ်လို့ အမည်ပေးရမယ်၊ ဟုတ်ပြီ ကြာညိုပန်းနှင့် အဆင်းသဏ္ဌာန် တူတယ်လို့ အဓိပ္ပာယ်ရတဲ့ ဥပ္ပလဝဏ်၊ ဥပ္ပလဝဏ်"

သူဌေးကြီးသည် ဖွားသစ်စ သမီးတော်ကလေးအား ညင်သာစွာ ပွေ့ချီလျက် အမည်ပေး ကင်ပွန်းတပ်ရန်အတွက် စဉ်းစားမိသည်။ ရုပ်အဆင်း ကြန်အင်လက္ခဏာနှင့် ကိုက်ညီမည့် ဥပ္ပလဝဏ်ဟူသည့် အမည်ကိုလည်း ကဗျာဆန်ဆန် စဉ်းစား ရွေးချယ်လိုက်သည်။ ထို့နောက် လက်သည်တော်ကြီးထံသို့ ကလေးငယ်ကို ပြန်လည် ပေးအပ်၍ သူဌေးကတော်ကြီးအား သမီးတော်အမည်ကို "ဥပ္ပလဝဏ်" ဟု မှည့်ခေါ်မည့်အကြောင်း သတင်းစကား စေပါးလိုက်သည်။

ဥပ္ပလဝဏ်၏ ပဋိသန္ဓေ စခဲ့ချေပြီ။

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"အဆွေတော် သူဌေးမင်းနဲ့ သူဌေးကတော်ကြီးတို့ပါလား။ အဘယ်အကြောင်းကြီးငယ် ကိစ္စနဲ့ ကြွလာကြသပ၊ သစ်လွင် တောက်ပတဲ့ ဝတ်ကောင်းတန်ဆာတွေ ဝတ်ဆင်လာသပဆိုတော့ အကြောင်းထူး ရှိပြီနဲ့ တူတယ်"

"အကြောင်းထူးပါပြီကော သူဌေးမင်းရယ် ထူးပါပြီကော"

"ဘယ်အကြောင်းများလဲ သူဌေးမင်းရဲ့ လင်းပါဦး"

"အင်း... ရှေ့မျက်နှာ နောက်ထားပြီး ပြောရဦးမှာပေါ့၊ ဂုဏ်ဂုဏ်ချင်း ထပ်ရင် မြတ်တယ် မဟုတ်လား၊ အဲဒီတော့ ပစ္စည်းဥစ္စာ ရတနာချင်းထပ်လည်း မြတ်ရလေအောင် ကျုန်ုပ်တို့ရဲ့ တစ်ဦးတည်းသော သားလေးအတွက် သမီးတောင်းနားဖောက် လာရတာပဲ သူဌေးမင်းရယ်"

"အင်း... သူဌေးမင်းရဲ့ သမီးလေး ဥပ္ပလဝဏ်က ဟောဒီ ဇမ္ဗူဒိပ်ကျွန်းမှာ ဂုဏ်သတင်းမွှေးသူဆိုတော့ နောက်ကျနေမှာစိုးလို့ပါ ဟဲ... ဟဲ"

ဥပ္ပလဝဏ် သတို့သမီးအရွယ်ရောက်သည့် အချိန်မှစ၍ သူဌေးသူကြွယ်မှအစ မင်းမှူးမတ်တို့သည် ဖခင်သူဌေးကြီးထံသို့ လက်ထပ်ထိမ်းမြားခွင့် လာရောက်တောင်းခံကြသည်။ လက်ဆောင် ပဏ္ဏာများပေးဆက်၍ သတင်းစကားဆိုကာ တောင်းရမ်းခဲ့ကြသည်။ ဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံးရှိ မင်း၊ မှူးမတ် သူဌေး





သူကြွယ်အားလုံး ဥပ္ပလဝဏ်အား တောင်းခံကြ၏။ ထိမ်းမြားလက်ထပ်လိုကြ၏။

နေ့စဉ်နှင့်အမျှပင် ဖခင်သူဌေးကြီးသည် သမီးတော်ဥပ္ပလဝဏ်အား တောင်းခံလာသူတို့ကို ဧည့်ခံစကား ပြောကြားသည်။ ဖြေရှင်းနေရသည်။

တစ်နေ့တွင် ဖခင်သူဌေးကြီးသည် သမီးတော် ဥပ္ပလဝဏ်အတွက် အမျိုးမျိုး ကြံစည်၏။ တွေးတောဆင်ခြင်နေမိ၏။

"အင်း... အညီရှိလို့ ယင်အုံ၊ သမီးချောလို့ သမက်လောင်းပါတာတော့ မှန်ပါရဲ့၊ ဒါပေမယ့် လာရောက် တောင်းရမ်းသမျှ မင်းမှူးမတ် သူဌေးသူကြွယ်အားလုံးကို စိတ်အလိုပြည့်အောင် ဖွမ်းဆောင်နိုင်ဖို့ မလွယ်ဘူး"

"လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ ဆရာဖြစ်တော်မူတဲ့ ဗုဒ္ဓဘုရားရှင်လည်း ပွင့်တော်မူခဲ့ပြီ တပည့်သားသံဃာတွေလည်း ပြီ။ ဘုရားရှင်ရဲ့ သာသနာမှာ မိထွေးတော်ပဇာပတိ ဂေါတမီကို ကြောင်းပြုပြီး ဘိက္ခုနီ ရဟန်းမတို့လည်း ရှိနေပြီကော"

"မိထွေးတော် ဂေါတမီနဲ့ သာကီဝင် မင်းသမီးငါးရာဟာ ဘိက္ခုနီမအဖြစ် ရရှိဖို့ ဘုရားရှင်ထံမှာ သုံးကြိမ်တိုင်တိုင် ခွင့်တောင်းခဲ့ဖူးတယ်။ မရရှိခဲ့ကြဘူး။ ရှင်အာနန္ဒာရဲ့ တောင်းပန်လျှောက်ထားမှုကြောင့် ဘိက္ခုနီမအဖြစ် ရရှိတော်မူကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိထွေးတော် ဂေါတမီဆိုရင်လည်း မိဖုရားကြီး၊ နောက်လိုက် မင်းသမီးတွေဆိုတာကလည်း သာကီဝင် မင်းသမီးတွေ စည်းစိမ်ဥစ္စာ ရတနာတွေကို စွန့်လွှတ်ပြီး သာသနာ့ဘောင်ဝင်ကြတယ်။ ဦးခေါင်းက ဆံပင်တွေရိတ် ဖန်ရည်စွန်းတဲ့ အဝတ်တွေ ဝတ်ပြီး ဘုရားရှင် ဟောကြားဆုံးမတဲ့ ဩဝါဒအတိုင်း လိုက်နာ ဆောင်ရွက်နေကြတာဟာ လောကီစည်းစိမ်ထက် သာလွန် မြင့်မြတ်လို့ပဲ ဖြစ်မယ်"

"အင်း ... သမီးတော် ဥပ္ပလဝဏ်သာ ဘိက္ခုနီမ ဝတ်မယ်ဆိုရင် ဘိက္ခုနီမ သာသနာအစကလို ခက်ခက်ခဲခဲ ရှိမှာ မဟုတ်ဘူး။ ပညတ်တော် မူထားတဲ့ စည်းကမ်းနဲ့ညီညွတ်ရင် ချက်ချင်း ရဟန်းမအဖြစ် ဝတ်ခွင့်ပြုကြမှာ သေချာတယ်"

"သမီးတော်ရဲ့ လူမှုအိမ်ထောင်ရေးကိစ္စ အဝဝကို ပယ်ဖြတ်နိုင်ဖို့ ဘိက္ခုနီမအဖြစ် ဝတ်ခိုင်းရင် သင့်တော်မယ်၊ သမီးတော်ရဲ့ ဆန္ဒကို မေးဦးမှ"

ဥပ္ပလဝဏ် သတို့သမီး၏ ဖခင်သူဌေးကြီးသည် သမီးအတွက် အမျိုးမျိုး တွေးတော ကြံဆ၍ အဖြေရှာသည်။ မြင်းမှုးတွေ့မှုး ကြားမှုးသမျှ အရာများကို ဆက်စပ် တွေးတောရင်း ဘိက္ခုနီ သာသနာကို မြင်တွေ့မိသည်။ မင်းမှူးမတ် သူဌေးသူကြွယ် အားလုံးနှင့် မိတ်ဆွေမပျက် ပေါင်းသင်းနိုင်ရန် အတွက် ဥပ္ပလဝဏ်အား ရဟန်းမ ပြုစေလိုသည်။ သို့အတွက်





"ဖခမည်းတော် မယ်တော်တို့ထံကို နေ့စဉ်နဲ့အမျှ သမီးတော်ကို လာရောက် တောင်းရမ်းနေတာ သမီးတော်ရဲ့ အမြင်၊ သမီးတော်လည်း ကြားနေရတယ် မဟုတ်လား၊ တောင်းရမ်းသမျှ မင်း မှူးမတ် သူဌေးသူကြွယ် အားလုံး စိတ်အလိုပြည့်အောင် သမီး တော် တစ်ယောက်တည်းနဲ့ မစွမ်းဆောင်နိုင်ပေဖူးကွယ်"

ဒီအတွက် သမီးတော် ဘယ်လို 'ဆောင်ကျဉ်းပေးရပါမလဲ၊ ဖခမည်းတော်"

"အခြားမဟုတ်ပေဘူး သမီးတော်။ ယခုလက်ရှိ ဘဝမှာ ပဋိသန္ဓေဆောင်ရမယ့် ဆင်းရဲ၊ လင်ကို ပြုစုရတဲ့ ဆင်းရဲစတဲ့ ဒုက္ခကလည်း ကင်းအောင် နောင်သံသရာဆိုတဲ့ ဘဝဆင်းရဲကိုလည်း ပြတ်အောင် သမီးတော် ဘိက္ခုနီ ရဟန်းမအဖြစ် ဝတ်နိုင်ပါ့မလားလို့ပါ"

ဥပ္ပလဝဏ်သတို့သမီးသည် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီ ဖြည့်ကျင့်ခဲ့ပြီး ယခုဘဝသည် နောက်ဆုံးပစ္ဆိမ ဘဝရောက်ရှိခဲ့ပြီဖြစ်၍ ဖခင်၏ အမေးစကားကို ကြားရုံမျှဖြင့် ပီတိသောမနဿသတို့ဖြစ်ပေါ်စေ၏။ ကြက်သီးမွေးညှင်းများ တဖြန်းဖြန်း ထမိ၏။ အတိုင်းမသိ ဝမ်းသာကြည်နူးမိ၏။

"သမီးတော် ရဟန်းပြုနိုင်ပါတယ် ဘုရား"

"ကောင်းလေစွ သမီးတော်၊ ကောင်းလေစွ၊ ကောင်းလေစွ"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးလည်း သမီးတော် ဥပ္ပလဝဏ်ထံမှ ကတိစကား ကြားရ၍ များစွာ ကျေနပ်အားရမိ၏။ သို့အတွက် ဥပ္ပလဝဏ် သတို့သမီးအား ကြီးကျယ် ခမ်းနားစွာ ပူဇော်သက္ကာရ ပြု၍ မိထွေးတော် ပဇာပတိ ဂေါတမီ အမှူးရှိသော ရဟန်းမိန်းမ ဘိက္ခုနီများ ရှိရာသို့ ပို့ဆောင်၍ ရဟန်းပြုစေ၏။

ဘိက္ခုနီမ ပြုပြီးစ ဥပ္ပလဝဏ်ထေရီမ၏ ကျက်သရေတော်ကား ထွန်းသစ်စ နေမင်းကြီးပမာ ရွှန်းတင့်ဝေဖြာ တင့်တယ်လှပေတော့၏။

⁂ ⁂ ⁂

"အရှင်မ, တပည့်တော်မတို့ အားလုံးဟာ သာကီဝင်မင်းသမီးများ သူဌေးသူကြွယ်များရဲ့ သမီးတော်များသာ ဖြစ်ကြပါတယ်။ ဗုဒ္ဓဘုရားရှင် သာသနာကို ယုံကြည်လို့ သဒ္ဓါတရား ပြည့်စုံစွာနဲ့ သာသနာ့ဘောင်အတွင်း ဝင်ရောက်လာကြတာပါ ဘုရား"

"မှန်ပါ ဘုရား"

"တပည့်တော်မတို့ အရှင်မတို့အားလုံးဟာ ကိုယ့်အိမ်ကိုယ့်နေရာမှာတော့ အလုပ်မှန်သမျှကို အခိုင်းအစေများနဲ့သာ ခိုင်းစေ ပြုလုပ်ခဲ့ကြတာပါ၊ အခုလို ဘိက္ခုနီမ ဘဝမှာတော့ ..."





"တင်ပါ၊ တပည့်တော်မ နားလည်ပါတယ် ဘုရား၊ တပည့်တော်မရဲ့ ကျရာတာဝန်ကိုသာ အားမနာပဲ စေခိုင်းတော်မူပါ"

ဘိက္ခုနီမ အသစ်ကလေးဖြစ်သည့် ဥပ္ပလဝဏ်ထေရီမအား အလုပ်ကျ တာဝန်ခိုင်းစေရန်အတွက် ထေရီမကြီးတစ်ဦးက စကားနိဒါန်း ပျိုးလာသည်။ ချက်ဆို နားခွက်က မီးတောက်ဆိုသလို တစ်ထွာပြလျှင် တစ်လံမြင်တတ်သော ဥပ္ပလဝဏ်ထေရီမက သူ့အား ကျရာတာဝန်ခိုင်းစေရန် ထေရီမကြီးကို စကားစပေးလိုက်သည်။

"ပင်ပင်ပန်းပန်း လုပ်ရမယ့် အလုပ်မျိုးတော့ မဟုတ်ပါဘူး အရှင်မ။ ဒီနေ့ အရှင်မဟာ ဥပုသ်အိမ်အတွင်းမှာ အလုပ်တာဝန်ကျပါတယ် ဘုရား"

"မှန်ပါ တပည့်တော်မ ဥပုသ်အိမ်အတွင်း၌ အဘယ်သို့သော အလုပ်များကို ထမ်းဆောင်ရမယ်ဆိုတာ မိန့်ကြားတော်မူပါ"

"ဒီလိုလေ ဥပုသ်အိမ်အတွင်းမှာ တာဝန်ကျသူဟာ သောက်ရေအိုး ရေဖြည့်၊ သန့်ရှင်းရေးလုပ်၊ ဆီမီးထွန်းညှိဖို့ကိစ္စတွေ ဆောင်ရွက်ဖို့ပါပဲဘုရား"

"တပည့်တော်မ တာဝန်ကျေပွန်အောင် ဆောင်ရွက်ပါ့မယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"သာဓု… သာဓု… သာဓု"

ဥပ္ပလဝဏ်ထေရီမလည်း မိမိတာဝန်ကျသည့် ဥပုသ်အိမ်အတွင်း၌ ရှေးဦးစွာ ရေအိုးများအား ရေဖြည့်၏။ ထို့နောက် ဆီမီး ထွန်းညှိခြင်း၊ တံမြက်လှည်းခြင်းအမှုတို့ကို ပြု၏။ ဥပ္ပလဝဏ် ထေရီမသည် မိမိ ထွန်းညှိထားသည့် ဆီမီးတိုင်၏ မီးလျှံကို သေချာစွာ စူးစိုက်ကြည့်ရှုနေမိ၏။ တေဇောကသိဏ်းကို ကြိမ်ဖန်များစွာ ရှုပွားနေမိတော့၏။ တစ်ဆက်တည်း တောက်လောင်နေသည့် မီးလျှံသည် ပထမမီးလျှံနှင့် ဘစ်ဆက်တည်း တည်ရှိနေသည်မဟုတ်၊ မီးလျှံတို့ တစ်ခုပြီး တစ်ခု ဆက်တိုက် ဖြစ်ပေါ်နေသည်ကို သတိထားမိ၏။ ပထမမီးလျှံသည် နောက်မီးလျှံများ ပေါ်လာသည့်အခါ ပျောက်ပြယ်သွား၏။ ထိုနည်းတူစွာပင် မီးလျှံအသစ်တို့ ပေါ်လာတိုင်း မီးလျှံဟောင်းတို့ ချုပ်ငြိမ်းသွား၏။ ထိုနည်းတူစွာပင် မိမိခန္ဓာကိုယ်ရုပ်နာမ်သဘာဝမှာ ဤအတိုင်း ဖြစ်ပေလိမ့်မည်ဟု စိတ်ဝယ် စွဲထင်သွား၏။

ဥပ္ပလဝဏ်ထေရီမသည် လူ့ဘဝက မိမိနှင့်တကွ ပစ္စည်းဥစ္စာ ရတနာအိုးအိမ်မှအစ အရာမှန်သမျှကို သာမန်သာ မြင်ခဲ့၏။ အရာအားလုံးကိုလည်း မြဲ၏ (နိစ္စ)၊ ချမ်းသာ၏ (သုခ)၊ ကိုယ်ပိုင်ဖြစ်၏ (အတ္တ) ကောင်း၏ (သုဘ) ဟုသာ ထင်မှတ်ခဲ့သည်။ ဥပ္ပလဝဏ် ထေရီမ ရဟန်းဘဝ ရောက်ရှိပြီး





ဆီမီးလျှံကို တေဇောကသိဏ်း ရှုရာမှတစ်ဆင့် တိုးတက်လာပြီး သာမန်အမြင်ထက် ထူးခြားစွာ ထိုးထွင်းသိမြင်ကာ ဝိပဿနာဉာဏ်ဖြင့် ကြည့်တတ်လာ၏။ သတ္တဝါနှင့် အရာဝတ္ထုမှန်သမျှတို့သည် ရုပ်နာမ်သဘာဝသာ ဖြစ်ကြောင်းကို ပိုင်းခြားကာ ဉာဏ်ပညာနှင့် ရှုမြင်တတ်လာ၏။ သတ္တဝါနှင့် အရာဝတ္ထုမှန်သမျှကိုလည်း ယခင်က ထင်မှတ်ခဲ့သည်တို့နှင့် ဆန့်ကျင်၍ အမြဲမရှိ (အနိစ္စ)၊ ဆင်းရဲ၏ (ဒုက္ခ)၊ အစိုးမရ (အနတ္တ)၊ မတင့်တယ် (အသုဘ) ဟု နက်နက်နဲနဲ သိမြင်လာသည်။

ထိုအခါ ဥပ္ပလဝဏ် ထေရီမသည် ဈာန်ကို အခြေပြု၍ ပဋိသမ္ဘိဒါ အဘိညာဉ်နှင့်တကွ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရရှိကာ ရဟန္တာဖြစ်တော်မူ၏။

နောင်တွင် ဥပ္ပလဝဏ် ထေရီမသည် ဇနပုဒ်၌ ဒေသစာရီ လှည့်လည်၍ အမိုက်တောသို့ ဝင်၏။ ထိုစဉ်က ဗုဒ္ဓဘုရားရှင်သည် ဘိက္ခုနီမတို့အား တောကျောင်း၌နေခြင်းကို ဝိနည်းတော်အဖြစ် ပညတ်တားမြစ်တော်မူခြင်း မရှိသေးပေ။ သို့အတွက် သာဝတ္ထိမြို့အနီးရှိ အမိုက်တောတွင် သီတင်းသုံးတော်မူခြင်း ဖြစ်၏။ ဥပ္ပလဝဏ် ထေရီမသည် မိမိသီတင်းသုံးမည့် နေရာတွင် ကုဋီပြုလုပ်၍ အိပ်ရာညောင်စောင်းခင်းကာ စောင်၊တင်းတိမ်တို့ကို ကာရံလျက် နေတော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နံ့နက်မိုးသောက် အလင်းရောက်သော် ဥပ္ပလဝဏ် ထေရီမသည် ဆွမ်းအလို့ငှာ သာဝတ္ထိမြို့တွင်းသို့ သွားကာ ဆွမ်းခံကြွတော်မူသည်။ ထိုစဉ်

"အလို...ဥပ္ပလဝဏ်ပါလား၊ သာဝတ္ထိကနေ ပျောက်သွားလိုက်တာ ခုမှပဲ တွေ့ရတော့တယ်။ ဆံပင် မရှိပေမယ့် ခေါင်းတုံးပြောင်ပြောင်နဲ့ ဖန်ရည်စွန်းတဲ့ အဝတ်နဲ့ လိုက်ဖက်ညီလှပါလား။

"မတွေ့တာ ကြာလို့နဲ့ တူတယ်။ အသားအရည်က ပိုပြီး ကြည်လင်လို့ပါလား၊ အခုမှ ခေါင်းတုံးပြောင်နဲ့ အရင်ထက်တောင် ပိုချစ်စရာ ကောင်းလာသေးတယ်"

ဥပ္ပလဝဏ် ထေရီမ ဆွမ်းခံကြွလာသည်ကို နန္ဒလုလင် တွေ့ရှိသွားသည်။ နန္ဒလုလင်ကား အခြားသူမဟုတ်။ ဥပ္ပလဝဏ် ထေရီမ၏ ဦးရီးတော်သားဖြစ်သည်။ ဥပ္ပလဝဏ် ထေရီမ ဘိက္ခုနီ ရဟန်းမဖြစ်ခင် လူ့ဘဝကတည်းကပင် အသည်းစွဲ ချစ်မြတ်နိုးခဲ့သူ ဖြစ်သည်။ ထို့အတွက် နန္ဒလုလင်သည် ဥပ္ပလဝဏ်ထေရီမ ဆွမ်းခံကြွလာသည်ကို တိတ်တခိုး ကြည့်၍ တဏှာရမ္မက်စိတ်များ တဖွားဖွား ဖြစ်ပေါ်နေ၏။ ဥပ္ပလဝဏ် ထေရီမသည်ကား...

မိခင်ဖခင်များ၏ အုပ်ထိန်းမှုအောက်မှ လွတ်ကင်း၍ မြို့အနီး အမိုက်တောတွင်းသို့ ဝင်ကာ တစ်ကိုယ်တည်း နေသည့် အဖြစ်ကို နန္ဒလုလင် စုံစမ်းသိရှိလိုက်ရသည်။

ကြည်လှမောင်စာပေ



ထိုအခါ နန္ဒလုလင်သည် ဥပ္ပလဝဏ် ထေရီမ အမိုက်တောသို့ ပြန်ကြွမလာမီ အရောက်သွား၏။ ထို့နောက် ဥပ္ပလဝဏ် ထေရီမ၏ အိပ်ရာညောင်စောင်းအောက်တွင် ဝင်ရောက်၍ ပုန်းအောင်းနေ၏။ ဥပ္ပလဝဏ်ထေရီမလည်း ဆွမ်းခံမှ ပြန်လည် ကြွတော်မူလာပြီးနောက် ကုဋီသို့ဝင်ကာ တံခါးပိတ်ပြီး အိပ်ရာညောင်စောင်းတွင် ခေတ္တ လဲလျောင်းလိုက်၏။ ထိုစဉ် အကြံသမား နန္ဒလုလင်ကား အိပ်ရာညောင်စောင်းအောက်မှ ထွက်လာ၏။

"နန္ဒလူမိုက် ငါ့ကို မဖျက်ဆီးနဲ့"

"အို... ချစ်လွန်းလို့ပါ ဥပ္ပလဝဏ်ရယ်၊ အခုမှ တို့တစ်တွေ လွတ်လွတ်လပ်လပ် တွေ့ဖို့ အခွင့်အရေးရတာ မဟုတ်လား"

"လူမိုက် နန္ဒလူမိုက် ဒီလိုမလုပ်နဲ့"

ဥပ္ပလဝဏ်ထေရီမ တောင်းပန်ပြောဆိုနေသည့် ကြားကပင် နန္ဒလုလင်မှာ အတင်းအဓမ္မ ဘလက္ကာရ ပြု၏။ ထေရီမ၏ ဖန်ရည်စွန်းသော သင်္ကန်းတို့လည်း စုတ်ပြဲကုန်၏။ နန္ဒလုလင်ကား ဆန္ဒကို သိက္ခာနှင့် မထိန်းတော့။ တဏှာ ရမ္မက်ဇော မွှန်ကာ မိမိအလိုရှိရာကို မရအရ ယူငင်တော့သည်။ နန္ဒလုလင် ပြုသမျှကို ဥပ္ပလဝဏ် ထေရီမခမျာ နလိုက်ရရှာသည်။

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဥပ္ပလဝဏ်ထေရီမသည် ရဟန္တာဖြစ်တော်မူပြီး ဣဒ္ဓိဝိဓ အဘိညာဉ်ကို သူမတူအောင် တန်ခိုးရှိ၏။ တန်ခိုးကြီးသည့် အရာဝယ် တေဒဂ်ဘွဲ့ထူးခံ ရဟန္တာပုဂ္ဂိုလ်ထူး ဖြစ်လင့်ကစား ရှေးရှေးဘဝမှ အကုသိုလ်ကံကို နောက်ဆုံး ပစ္ဆိမဘဝတွင် နန္ဒလုလင်အား ပေးဆပ်လိုက်ရသည်။

ဥပ္ပလဝဏ်ထေရီမကား သားကောင်မဟုတ်။ ပေးဆပ်သူဖြစ်၍ သားကောင်ကား နန္ဒလုလင် ဖြစ်သွားပေပြီ။

ရယူလိုသည့်ဆန္ဒတစ်ခုအတွက် နန္ဒလုလင်ကား ဘဝကို ရင်း၍ ပေးဆပ်ရတော့မည်။ မိမိအလိုဆန္ဒ ပြည့်ဝမှုအတွက် ကျေနပ်စွာဖြင့် ဥပ္ပလဝဏ်ထေရီမ၏ အိပ်ရာညောင်စောင်းမှ ဆင်း၍ ကုဋီအပြင်သို့ ထွက်လိုက်၏။

ဥပ္ပလဝဏ်ထေရီမ၏ မျက်ကွယ်သို့ ရောက်သည်နှင့် နန္ဒလုလင်၏ ဂုဏ်ကျေးဇူးမဲ့သော ခန္ဓာကိုယ်ကို ဆောင်ခြင်းငှာ မထိုက်လေသော ကမ္ဘာပထဝီမြေကြီးကား လက်မခံတော့။ ကြီးစွာသော တုန်လှုပ်သံကို နန္ဒလုလင်အား ကြားစေ၍ ပက်ကြား အက်ကြောင်းမှ တစ်ဆင့် အရှင်လတ်လတ် မြေမျိုကာ အဝီစိငရဲသို့ ပို့လိုက်လေတော့သည်။

ဤအချင်းကို ဥပ္ပလဝဏ်ထေရီမမှတစ်ဆင့် သီတင်းသုံးဖော် ရဟန်းမတို့အား အသိပေးပြောကြား၏။ တစ်ဖန် သီတင်းသုံးဖော် ရဟန်းမတိမှ ရဟန်းတော်များအား ကြားသိစေ၏။





ရဟန်းတော်များမှ ဗုဒ္ဓဘုရားရှင် ကြားသိစေတော်မူသဖြင့် ကောသလမင်းကြီးအား ခေါ်ယူကာ ဘိက္ခုနီမများအတွက် မြို့တွင်းတွင် ကျောင်းဆောက်လုပ်ပေးရန် မိန့်တော်မူခဲ့သည်။ ဘိက္ခုနီမများ တောတွင်းတွင် ကျောင်းဆောက်မနေရဟူသော ပညတ်တော်ကိုလည်း မိန့်တော်မူခဲ့ခြင်း ဖြစ်သည်။

ဤအကြောင်းချင်းရာမှန်သမျှ ကောသလမင်းကြီး သိကြားရသည့်အခါ တဏှာရမ္မက် ဆန္ဒတစ်ခုအတွက် သံသရာဘဝများစွာနှင့် ယှဉ်၍ ဆုံးရှုံးရသည့် နန္ဒလုလင်အတွက် သနား ကရုဏာ မဖြစ်သည့်အပြင် ပြင်းထန်၍ ဒေါသသံပါသော တောက်တစ်ချက်ကို ခေါက်လိုက်မိလေတော့သည်။

• • • • •



www.burmeseclassic.com

www.burmeseclassic.com









## ရန်ငြိုးဖွဲ့၍မြေမျိုခံရသည့် ယောကျ်ားမ

"ဒုက္ခယုက်လိမ် ခန္ဓာအိမ်ကို တည်ဆောက်တတ်သော တဏှာယောက်ျား တရားခံ လက်သမားကို ရှာဖွေရင်း သံသရာ၌ ဘဝများစွာ ကျင်လည်ခဲ့ရပြီ။ တဏှာ ယောက်ျား တရားခံ လက်သမားကို ရှာဖွေမတွေ့ရှိခဲ့၍ ငါသည် အကြိမ်ကြိမ်အဖန်ဖန် ပဋိသန္ဓေနေရခြင်း ဒုက္ခကို ရင်ဆိုင်ခဲ့ရသည်"

"ယခု တဏှာယောက်ျား တရားခံလက်သမားကို ငါ တွေ့ပြီ။ သင်ကား ငါ့အတွက် ဒုက္ခယုက်လိမ် ခန္ဓာ အိမ်အား နောက်တစ်ကြိမ် တည်ဆောက်ခွင့် ရတော့မည် မဟုတ်။ ကိလေသာတည်းဟူသော အိမ်ဆောက်ပစ္စည်း များကို ငါဖျက်ဆီးအပ်လေပြီ။ သစ္စာလေးအင် နိဗ္ဗာန်



www.burmeseclassic.com

www.burmeseclassic.com



လွှင်ကို မြင်ခွင့်မပေး ဝေးထက်ဝေးအောင် ဟန့်တားပိတ်ကာထားသည့် အဝိဇ္ဇာတည်းဟူသော အိမ်တွင်ခေါင်မိုး ပစ္စည်းမှန်သမျှတို့ကိုလည်း ငါဖျက်ဆီးအပ်လေပြီ”

“ငါသည် ပဋိသန္ဓေ မတည်ရာ၊ မအိုရာ၊ မနာရာ၊ မသေရာ တဏှာကုန်ရာဖြစ်သော သင်္ခါရစက်ကွင်း ဒုက္ခပင်းမှ လွတ်ကင်းရာ အမှန်နိဗ္ဗာန်ကို ရလေပြီ”

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်နေ့ ညဉ့်၏ ပထမယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ တတိယယံ၌ အာသဝက္ခယဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့ကို ရရှိတော်မူ၍ ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်။ သို့အတွက် ဗုဒ္ဓဘုရားရှင်တို့ ကျူးရင့်တော်မူမြဲ ဖြစ်သည့် အထက်ပါ ဥဒါန်းတော်ကို ကျူးရင့်တော် မူခဲ့လေပြီ။

ဘုရားအလောင်းတော် သိဒ္ဓတ္ထသည် ဗုဒ္ဓဘုရားရှင် အဖြစ်သို့ ရောက်ရှိတော်မူရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့ရသည်။ ဖြစ်လေရာ ဘဝတိုင်းတွင် “ဤကောင်းမှု အစုစုတို့သည် သဗ္ဗညုတဉာဏ် ဖြစ်ပေါ်ရန်အတွက် ဥပနိဿရည်း ပစ္စည်းအထောက်အပံ့ ဖြစ်ပါစေသတည်း ဟု တောင်းဆုပန်ခွေ ပြုခဲ့ရလေသည်။





သို့အတွက် စည်းစိမ်တို့၏ ထွတ်ချာဖြစ်သော စကြဝတေးမင်း၏ စည်းစိမ်ကိုပင် ပယ်ရှား၍ ဇနီးနှင့် သားတို့ကို စွန့်ခွာကာ တောထွက်တော်မူခဲ့၏။ ဥရုဝေဠတောသို့ ဝင်၍ တပအကျင့်ဖြစ်သော ဒုက္ကရစရိယအကျင့်ကို (၆)နှစ်တိုင် ကျင့်ခဲ့၏။ နောင်တွင် ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ် အမှန်ရရန်အတွက် ဒုက္ကရစရိယတည်းဟူသော တပအကျင့်ကို စွန့်၍ မဇ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ်ကို အကျင့်လမ်းကြောင်း ပြောင်းခဲ့ရသည်။

မြက်ထမ်းပုဏ္ဏား သောတ္ထိယ လှူဒါန်းသည့် မြက်ရှစ်ဆုပ်ကို ဗောဓိပင်၏ အရှေ့ဘက်တွင် ကြဲဖြန့်၍ အဓိဋ္ဌာန်တော်မူရာမှ အပ္ပရာဇိတ ပလ္လင်တော်အဖြစ် ပေါ်တော်မူခဲ့သည်။

ဘုရားအလောင်းသည် “အရေကြွင်းကျန်စေ၊ အကြောကြွင်းကျန်စေ၊ အရိုးကြွင်းကျန်စေ၊ ငါ၏တစ်ကိုယ်လုံး အသွေးအသား အားလုံး ခမ်းခြောက်သွားစေ၊ ဘုရားမဖြစ်သမျှ ငါမထ” ဟု ကြွေးကြော်လျက် အင်္ဂါလေးပါး ရှိသော မဟာဝီရိယဖြင့် ရတနာပလ္လင်ထက်ဝယ် ဖွဲ့ခွေတော်မူ၏။

ဘုရားဖြစ်တော် မမူမီ မာရ်နတ်က လာရောက်၍ ကြောက်မက်ဖွယ် လက်နက်များကို ကိုင်ဆောင်ထားသည့် ကြီးကျယ် များပြားသော စစ်တပ်ကြီးနှင့် ဂိရိမေခလာ ဆင်ကြီးကို စီးလျက် ခြိမ်းခြောက်တိုက်ခိုက် ဖျက်ဆီးခဲ့သည်။ ငြ



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရား မဖြစ်မီ အချိန်ပိုင်းဖြစ်သည့် ကဆုန်လပြည့် နေ့မဝင်မီ မာရ်နတ်၏ ရန်ကို အောင်မြင်စွာ နှိမ်နင်းတော်မူနိုင်ခဲ့သည်။

ထို့နောက်မှသာ တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာသခင် ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မခဲ့ခြင်း ဖြစ်သည်။ အတု မရှိ အနှိုင်းမဲ့ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဗုဒ္ဓဘုရားရှင်သည် မှန်ကန်သော သစ္စာစကားကိုသာ ဆိုတော်မူ၏။ စကားတော် မှန်သမျှသည် မှားသည်ဟူ၍ မရှိ။ အမြဲ ထာဝရ မှန်ကန်၏။ လူနတ်ဗြဟ္မာ သတ္တဝါများမှအစ မင်းဘုရင်၊ အမျိုးအနွယ်၊ ဆင်းရဲချမ်းသာဟူ၍ ရွေးချယ်ခြင်း မရှိ။ ချေချွတ်ကယ်တင်ထိုက်သော ပုဂ္ဂိုလ်သတ္တဝါတို့ကို ကယ်တင်ခဲ့သည်။ သတ္တဝါ အနန္တတို့အား နိဗ္ဗာန်ရောက်ကြောင်း ဖြစ်စေမည့် မဂ်ဖိုလ်နှင့် ဆက်စပ်သော တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့သည်။

ဗုဒ္ဓဘုရားရှင်သည် ကယ်တင်ထိုက်သူအား ကယ်တင်ငြားသော်လည်း ကယ်တင်၍မရ၊ ဆုံးမ ချေချွတ်၍ မရသော ပုဂ္ဂိုလ်သတ္တဝါမှန်သမျှကိုလည်း ဥပက္ခာပြုတော်မူခဲ့သည်။ သူ့ဘဝ သူ့အကြောင်းနှင့်သူ ကံ, ကံ၏ အကျိုးအတိုင်း စီရင်ခံစား





စေသည်။ ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်လည်း အကုသိုလ်ကံ၏ အကျိုးဆက် ဝိပါက်တော် တစ်ဆယ့်နှစ်ပါးကို ရဲရဲဝံ့ဝံ့ပင် ကျရောက်ခံစားစေတော်မူခဲ့၏။

သို့တိုင် မဟာကရုဏာတော်ဖြင့် ကြီးသည့်အမှုကို ငယ်အောင် ငယ်သည့်အမှုကို ပပျောက်အောင် ကယ်တင်စောင့်ရှောက်တော်မူခဲ့သည်။ နောက်ဆုံးအဆင့်တွင် အကုသိုလ်ကံ အကျိုးဆက် ပါလာသူတို့အား ဆွေတော်မျိုးတော်များပင် ဖြစ်လင့်ကစား ကံစီမံရာအတိုင်း ခံစားစေဟူသော သဘောဖြင့် မျက်နှာလွှဲတော်မူခဲ့ရသည်။

ထိုသို့သော ပုဂ္ဂိုလ်များထဲတွင် ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓမင်းလည်း ပါဝင်ခဲ့လေသည်။

❊ ❊ ❊

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးနှင့် သီရိမဟာမာယာ မိဖုရားကြီးမှ ဖွားမြင်တော်မူသော တစ်ဦးတည်းသော သားဖြစ်သည်။ သီရိမဟာမာယာ မိဖုရားကြီးကား အခြားမဟုတ်၊ ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓမင်းကြီး၏ ညီမတော် ဖြစ်သည်။ သို့အတွက်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကား သုပ္ပဗုဒ္ဓမင်းကြီး၏ တူတော်မောင် ဖြစ်သည်။

သုပ္ပဗုဒ္ဓမင်းကြီးသည် တူတော်မောင် သိဒ္ဓတ္ထမင်းသား မွေးစကတည်းကပင် မကျေနပ်သည်မှာ သေချာသည်။ အကြောင်းကား အသက်တစ်ရာတမ်းတွင် သက်တမ်းပြည့်နေမည်ဆိုက နေနိုင်သော်လည်း (၅၆) နှစ် (၄) လ (၂၇) ရက်အတွင်း ညီမတော် သီရိမဟာမာယာသည် သိဒ္ဓတ္ထ မင်းသားအား မွေးပြီး ခုနစ်ရက်သားအရွယ်ကပင် သေဆုံးခဲ့ရသောကြောင့်ပင် ဖြစ်သည်။ ဦးရီးတော်ဖြစ်သူ သုပ္ပဗုဒ္ဓမင်းကြီးက သိဒ္ဓတ္ထ မင်းသားအား အမိနိုက်သည့် ဂြိုဟ်ကောင်လေးဟု ထင်မှတ်ခဲ့သည်။

သိဒ္ဓတ္ထမင်းသားကား သာကီဝင်မင်းတို့ကို ဥက္ကာမင်းမှ စတင် ရေတွက်လျှင် (၈၂၀၁၃) ယောက်မြောက်မင်း ဖြစ်လာမည့်သူ ဖြစ်၏။ ကမ္ဘာဦးအစ မဟာသမ္မတမင်းမှ ရေတွက်လျှင်မူ မင်းဆက်ပေါင်း (၃၃၄၅၆၉) ယောက်မြောက် ထီးညွှန့်နန်းလျာ မင်းလောင်းဖြစ်သည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တည်ငြိမ် အေးဆေးစွာ နေတတ်သူတစ်ဦး ဖြစ်၍ အခြားအခြားသော မင်းသားများကဲ့သို့ လျင်မြန်ဖျတ်လတ်မှု မရှိ။ အားအင်ချိန့်





ပျော့စိကာ လူဖျင်းလူညံ့ဟုသာ ဦးရီးတော် သုပ္ပဗုဒ္ဓမင်းက တွေးဆထားခဲ့သည်။

ဦးရီးတော် သုပ္ပဗုဒ္ဓမင်းကြီးကား တူတော်မောင် သိဒ္ဓတ္ထ မင်းသားအပေါ် အကောင်းမြင်ဝါဒနှင့် မကြည့်။ အမုန်းနှင့် လိုရာတွေး၍ လူညံ့ကလေးဟုသာ ထင်မှတ်ခဲ့သည်။ ယောက်ဖ တော် သုဒ္ဓေါဒနမင်း၏ အလိုလိုက်မှုကြောင့် ယောက်ျားတို့ တတ်အပ်သည့် ပညာကိုလည်း မသင်၊ အလိုလိုက်၍ အမိုက် စော်ကားသော ပြန်မပြော နားမထောင်သည့် တူတော်မောင်အဖြစ် သမုတ်သည်။

သို့သော် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၏ လူနတ်ဗြဟ္မာ သတ္တဝါတို့ မယှဉ်သာသော အတွေးအမြင် အလုပ်တို့ကိုမူ ဦးရီးတော် သုပ္ပဗုဒ္ဓမမြင်။ မြင်တွေ့သည့်တိုင် မသိဟန်ဆောင်နေတတ်သည်။

မွေးစကတည်းက စကားပြောသော သိဒ္ဓတ္ထမင်းသား။

လသားအရွယ်ကပင် အာနာပါန ကမ္မဋ္ဌာန်းကို သမာဓိ အား ကောင်းစွာနှင့် သမထစျာန်ဝင်စားခဲ့သူ ဖြစ်သည်။ ထို့ အတူ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၌ တန်နှိုင်းမဲ့ မဟာပုရိသ လက္ခဏာတော်ကြီး (၃၂) ပါးနှင့် လက္ခဏာတော် အပါး (၈၀) ရှိသည်။ သို့သော် ဦးရီးတော် သုပ္ပဗုဒ္ဓမင်းကား



www.burmeseclassic.com

www.burmeseclassic.com

တူတော်မောင် သိဒ္ဓတ္ထမင်းသားအပေါ် လုံးဝ အထင်ကြီးသူ မဟုတ်ခဲ့ပေ။

သိဒ္ဓတ္ထမင်းသားသည် ယခုဘဝ ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်တော်မူရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကျင့်ကြံအားထုတ်၍ ပါရမီ ဖြည့်ခဲ့ရသည်ကို လည်းကောင်း၊ ပစ္ဆိမ နောက်ဆုံးဘဝတွင် ဂေါတမ ဗုဒ္ဓဘုရားရှင် အနေဖြင့် ကျွတ်တန်းဝင်ထိုက်သူတို့အား ချွေချွတ်ကယ်တင်သွားမည်ကို လည်းကောင်း မစဉ်းစား မတွေ့ခေါ်ခဲ့သည်မှာ ဦးရီးတော် သုပ္ပဗုဒ္ဓမင်းကြီး၏ အမှားပင်ဖြစ်သည်။

သိဒ္ဓတ္ထမင်းသားဘဝတွင် ဦးရီးတော် သုပ္ပဗုဒ္ဓမင်းကြီးသာမက သာကီဝင်မင်းအပေါင်းတို့က အထင်သေးနှပ်ကဲ့ရဲ့ ရှုံ့ချခဲ့ကြသည်။

သို့အတွက် သုဒ္ဓေါဒနမင်းကြီးလည်း သာကီဝင်မင်းတို့ အလယ် တစ်ဦးတည်းသော သားငယ်ကို မျက်နှာမငယ်ရလေအောင် နွေရာသီ စံနန်းတော်၊ မိုးရာသီ စံနန်းတော်၊ ဆောင်းရာသီ စံနန်းတော် တို့ကိုပင် ဆောက်လုပ်ပေးခဲ့သည်။

တကယ်တော့ သိဒ္ဓတ္ထမင်းသား၏ အရွယ်ကလည်း မငယ်၊ ပျိုမြစ်နုနယ် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။





ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒန မင်းကြီးကား အရွယ်ရောက်လာသည့် သားတော်အတွက် ကြင်ယာမိဖုရားလောင်းကို အလိုရှိလာသည့်အခါ ဆွေတော်ရှစ်သောင်း သာကီဝင်မင်းအပေါင်းတို့ထံ သဝဏ်လွှာ အသီးသီး ပေးပို့လိုက်သည်။

"သာကီဝင်မင်းအပေါင်းတို့ ငါ၏သားတော် သိဒ္ဓတ္ထမင်းသားကား တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ပင် ရောက်ရှိခဲ့ပြီ။ ငါ၏ ထီးနန်းအမွေကို ဆက်ခံစေကာ မင်းအဖြစ် တည်စေတော့မည်ဖြစ်၍ သာကီဝင်မင်းအပေါင်းတို့၏ အရွယ်ရောက်ပြီးသည့် သမီးကညာတို့အား ငါ၏ တိုင်းပြည် စံနန်းတော်အရောက် ပို့ဆောင်ကြကုန်လော့"

သာကီဝင်မင်းအပေါင်းတို့ကမူ သုဒ္ဓေါဒနမင်းကြီး၏ သဝဏ်လွှာကို ဖတ်ရှု၍ ကဲ့ရဲ့ ရှုံ့ချကာ ငြင်းဆန်စကား ဆိုခဲ့ကြသည်။ သာကီဝင်မင်းအပေါင်းတို့အနက် ဦးရီးတော် သုပ္ပဗုဒ္ဓမင်းက တူတော် သိဒ္ဓတ္ထမင်းသားအပေါ် နဂိုကပင် မျက်မုန်းကျိုးနေသူဖြစ်၍ အခြားမင်းများထက် ပို၍ပင် ကဲ့ရဲ့ရှုံ့ချခဲ့သည်။

"သိဒ္ဓတ္ထမင်းသားဟာ ငါ့နှမက မွေးတဲ့ ငါ့တူတော်ပါပဲ၊ ဒါပေမယ့် ရုပ်ရည် ရူပကာ တင့်တယ်တာကလွဲလို့ အတတ်ပညာ တစ်စုံတစ်ခုမျှ တတ်သူမဟုတ်၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ဖို့နေနေသာသာ ယူထားတဲ့ သားမယားကိုပင် လုပ်ကျွေး



www.burmeseclassic.com

www.burmeseclassic.com

ထိန်းသိမ်းနိုင်မည့်သူ မဟုတ်၊ ယောက်ဖတော် မင်းကြီးတောင်းဆိုသည့်အတိုင်း ငါ၏ သမီးတော်အား မပေးဆက်နိုင်”

ဦးရီးတော် သုပ္ပဗုဒ္ဓမင်း အပါအဝင် သာကီဝင်မင်းအပေါင်းတို့ထံမှ ပြန်ကြားချက်တို့ကား ငြင်းဆန်မှုအားလုံးပင် ဖြစ်သည်။ သုဒ္ဓေါဒနမင်းကြီးလည်း ဤအကြောင်းချင်းရာတို့ကို သားတော် သိဒ္ဓတ္ထမင်းသားအား ပြန်ပြောပြရသည်။

သို့အတွက် သိဒ္ဓတ္ထမင်းသားကား လေးအတတ်ပညာတို့ကို သင်ကြားရန် မလိုဘဲ တတ်မြောက်သည်ဖြစ်၍ သာကီဝင်မင်းအပေါင်းတို့အား ဖိတ်ခေါ်ပြသခွင့်ရခဲ့သည်။

ဗိုလ်ဝန်အချိန်နှစ်ထောင်ဖြင့် တင်ရသော လေးကို တင်လျက် မြားဖုရေးငယ် (၁၂) ပါး၊ မြားရေးကြီး (၄) ပါးနှင့် ထုထည်ကြီး ခနစ်မျိုးကို ထုတ်ချင်းပေါက်အောင် ပစ်ခွင်းပြသခဲ့ရသည်။

ထိုအခါမှ သာကီဝင်မင်းအပေါင်းတို့လည်း အံ့ဘနန်းဖြစ်ကြရသည်။ သာကီဝင်မင်း အဆက်ဆက်တွင် တစ်ကြိမ်တစ်ခါမျှ မမြင်မတွေ့၊ မကြားခဲ့ဘူးသည့် အထူးအံ့ဖွယ်ဆန်းကြယ်လှသော သိဒ္ဓတ္ထမင်းသား၏ လေးအတတ်စွမ်းအင်ကို မြင်တွေ့ကြရသည်မှ စ၍ သိဒ္ဓတ္ထမင်းသားအပေါ် အထင်သေးနှင့်ကဲ့ရဲ့ ရှုတ်ချခြင်းတို့ကို ကင်းစင်ပပျောက်စေခဲ့သည်။ ထိုကြ်တန်စွာပင် မိမိတို့၏ သမီးကညာအပေါင်းကို ပို့ဆက်ခဲ့ကြသည်၊





ဦးရီးတော် သုပ္ပဗုဒ္ဓမင်းကြီးလည်း မချစ်သော်လည်း အောင့်ကာနမ်းလျက် ပင် သမီးကညာ ဘဒ္ဒကစ္စနာ(ခေါ်) ယသော်ဓရာဒေဝီကို ပေးဆက်ခဲ့ရသည်။

သိဒ္ဓတ္ထမင်းသားအတွက် သာကီဝင်မင်းသမီး ကညာပေါင်းလေးသောင်းမျှပင် ရှိသည်။ ယင်းတို့အနက်မှ သိဒ္ဓတ္ထမင်းသားသည် အဂ္ဂမဟေသီ မိဖုရားကြီးအဖြစ် ယသော်ဓရာဒေဝီကို ရွေးချယ်ခဲ့သည်။ ရာဇဘိသိက် ရေချမ်းသွန်းဖြန်းခံကာ ထီးနန်းစိုးစံတော်မူခဲ့သည်။

သို့အတွက် ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓမင်းကြီးသည် သိဒ္ဓတ္ထမင်းသား၏ ဦးရီးတော်အဖြစ်မှ ယောက္ခမကြီး အဖြစ် ရောက်ခဲ့ရလေသည်။

❀ ❀ ❀

သိဒ္ဓတ္ထမင်းသားမှသည် ဂေါတမမြတ်စွာဘုရားအဖြစ် သို့ရောက်ရှိတော်မူခဲ့ပြီ။

ဘုရားဖြစ်တော်မူပြီးသည့်နောက် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးနှင့် အနတ္တလက္ခဏာသုတ်တော်တို့ကို ဟောကြားတော်မူခဲ့သည်။ ထိုအခါ ပဉ္စဝဂ္ဂီငါးဦးစလုံး ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူ၏။ ယင်းနောက် ယသသူဌေးသား အပါ



www.burmeseclassic.com

www.burmeseclassic.com



အဝင် (၅၅) ယောက်သော သူငယ်ချင်းတစ်စုတို့သည်လည်း ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို နာကြားရ၍ ရဟန္တာ ဖြစ်တော်မူကြပြန်သည်။

ထိုအခါ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်တွင် ခြောက်ဆယ်သော ရဟန္တာတို့နှင့် ယင်းတို့အား ဟောကြား တော်မူခဲ့သော ဓမ္မဒေသနာတို့ကြောင့် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးတို့ ပေါ်ထွန်းခဲ့ပြီ ဖြစ်သည်။ ခြောက်ဆယ်မျှသော သံဃာအဖွဲ့အစည်း ရဟန္တာတော်များ လည်း ဗုဒ္ဓဘုရားရှင်၏ ညွှန်ကြားမိန့်တော်မူသည့်အတိုင်း ဝေနေ ယျ သတ္တဝါတို့အား ချွေချွတ်ကယ်တင်နိုင်ရန် အလို့ငှာ တစ်ပါး လျှင် ခရီးလမ်းကြောင်း တစ်ခုစီနှင့် သာသနာပြုခရီး ထွက် တော်မူခဲ့ကြသည်။

ဗုဒ္ဓဘုရားရှင်၏ သာသနာတော်ကြီးသည် စည်ပင် ပြန့် ပွားခဲ့ပြီး ဖြစ်သဖြင့် ကပိလဝတ်၊ ဒေဝဒဟ စသည့် တိုင်းပြည် များသို့တိုင် ခရီးပေါက်၍ သတင်းစကား ရောက်ခဲ့ပြီ ဖြစ် သည်။ သို့တိုင် ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓမင်းကား ဗုဒ္ဓ ဘုရားရှင်၏ ဂုဏ်သတင်းကို ကြားသိခဲ့သော်လည်း မင်းတရား တည်းဟူသော မာနတရားကြောင့် တူတော်အဖြစ်၊ သမက် တော် အဖြစ်နှင့်သာ မြင်သည်။ သိသည်၊ နားလည်ခဲ့သည်။ တန်ခိုးတော် အနန္တ၊ ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော





လူနတ်ပြဟ္မာ သတ္တဝါမှန်သမျှတို့၏ ဆရာဖြစ်သော အနှိုင်းမဲ့ ဗုဒ္ဓဟူ၍ မမြင်။ ကြီးဂုဏ်မောက်၍ 'ငါကား ဦးရီးတော်၊ ငါ ကား ယောက္ခမ" ဟူ၍သာ ထင်မှတ်နေခဲ့သည်။ တွေးမြင်နေ ခဲ့မိသည်။

ဗုဒ္ဓဘုရားရှင်၏ဘက်မှ ကြည့်သော အမြင်မှာ ဒေဝဒဟ ပြည့်ရှင် သုပ္ပဗုဒ္ဓမင်းကြီးကား ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ ရုပ်နှင့် နာမ်မျှသာ ရှိသူဖြစ်၏။ ဓမ္မအမြင်အရ ဗြဟ္မစိုရ်မျက်စိနှင့် ကြည့်ရာတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာ ပွားထိုက် သော လူတစ်ယောက်အဖြစ်နှင့်သာ မြင်သည်။

ဗုဒ္ဓဘုရားရှင် ပေါ်ထွန်းလာခြင်းသည် အမိအဖ၊ ဆရာ သမား၊ ဇနီး သမီးသားနှင့် ယောက္ခမ၊ ယောက်ဖတို့အတွက် ပေါ်ထွန်းလာခြင်း မဟုတ်ပေ။ မျက်နှာမလိုက်၊ ဘက်မလိုက်ဘဲ ချွေချွတ် ကယ်တင်ထိုက်သူ ဝေနေယျသတ္တဝါတို့အတွက်သာ ဖြစ်သည်။ ပိုင်ဆိုင်မှုအားဖြင့်လည်း ဗုဒ္ဓဘုရားရှင်သည် တစ်ဦး တစ်ယောက်ပိုင်၊ ဆွေမျိုးတစ်သိုက်သာ ပိုင်ဆိုင်သည်မဟုတ်။ အများပိုင် ဖြစ်သည်။

သို့အတွက် ဗုဒ္ဓဘုရားရှင်သည် သုပ္ပဗုဒ္ဓမင်းကြီး အုပ်ချုပ် ရာ ဒေဝဒဟတိုင်းပြည်သို့ သူဌေးကြီးတင်ဦး၏ ပင့်ဖိတ်လျှောက် ထားချက်အရ နောက်ပါ ရဟန်းသံဃာများနှင့် ဆွမ်းဘုဉ်းပေး ရန် ကြွတော်မူမည် ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်ကား ကြွလိုသော



www.burmeseclassic.com

www.burmeseclassic.com



အရပ်ရှိ အုပ်ချုပ်သူ မင်းထံသို့ ကြိုတင်အကြောင်းကြားရန် မလို။ ကြွလိုမူက ကြွတော်မူ၍ ပြန်လိုမူက ပြန်တော်မူကြသည်။

သို့တိုင် သတင်းစကားကြောင့် အကင်းပါးသူ ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓမင်းကြီးက တူတော်မောင် သိဒ္ဓတ္ထ၊ သားမက်တော် သိဒ္ဓတ္ထမင်းသား ဂေါတမဘုရား ကြွလာတော်မူမည်ကို ကြိုတင်သိရှိထားသည်။

သုပ္ပဗုဒ္ဓမင်းကြီးသည် ဂေါတမမြတ်စွာဘုရား ဒေဝဒဟပြည်သို့ ကြွချီလာတော်မူမည့် သတင်းစကား ကြားရုံမျှဖြင့်ပင် အဟောင်းတို့သည် အသစ်အသစ်ဖြစ်၍ နာကျည်းစိတ်တို့ကား သူ့ရင်ဝယ် ဝေဒနာတစ်ခုသဖွယ် ဖြစ်နေမိသည်။ သမီးတော်နှင့် သားတော်တို့၏ အဖြစ်သနစ်ဆိုးတို့ကြောင့် ရန်ငြိုးဖွဲ့လိုစိတ်တို့က ပြင်းထန်နေသည်။ သို့အတွက် မင်းကြီး၏ အတွေးစိတ်တွင် အကုသိုလ်နှင့် ယှဉ်သော အလုပ်တို့ကိုသာ ကြံစည်တွေးတောနေမိ၏။

"အင်း ... ငါ့သမက် ဂေါတမဘုရား သိဒ္ဓတ္ထမင်းသားဟာ ငါ့ရဲ့ တစ်ဦးတည်းသော သမီး ဘဒ္ဒကစ္စနာကို စွန့်ပစ်ခဲ့လို့ လင်ပစ်မလေး ဖြစ်ခဲ့ရပြီ။ ဒါတင်ဘယ်ကဦးမလဲ၊ ငါ့ရဲ့ တစ်ဦးတည်းသောသားကိုလည်း ရဟန်းဝတ်ပေးပြီး ရန်သူသဖွယ် ထားခဲ့ပြီ"





"ဟင် ကောင်းကြသေးရဲ့လား၊ တွေ့ကြသေးတာပေါ့၊ သမက်တော် ဂေါတမဘုရားရယ်၊ တွေ့ကြသေးတာပေါ့"

ဂေါတမဘုရားရှင်သည် သုပ္ပဗုဒ္ဓမင်းကြီး၏ ရန်ကို မဆိုထားနှင့်။ သာမန် လူ၊ နတ်၊ ဗြဟ္မာတို့အတွက် ကြောက်မက်ဖွယ်ကောင်းသည့် မာရ်နတ်ကိုပင် အောင်ပွဲဆင်နိုင်ခဲ့သည်ကို သုပ္ပဗုဒ္ဓမင်းကြီး မေ့လျော့နေ၏။ သိဒ္ဓတ္ထမင်းသားဘဝက မကျေနပ်ချက်တို့ကြောင့် ဒေါသလွှမ်းမိုးကာ မောဟစိတ်အမြင်နှင့် မကြည်မလင် ဖြစ်နေခြင်း ဖြစ်၏။

သို့သော် သုပ္ပဗုဒ္ဓမင်းကြီးသည် တစ်ကြိမ်တစ်ကြိမ်၌ ဂေါတမမြတ်စွာဘုရား၏ ဂုဏ်သတင်းနှင့် တန်ခိုးတော်အနန္တ၊ ဘုန်းတော်အနန္တကို ကြားသိပြီးဖြစ်၍ သူ ဆောင်ရွက်မည့် ကိစ္စအတွက် ကြောက်နေသည်။ ခပ်ရွံ့ရွံ့ ဖြစ်နေမိသည်။

"အို ... ငါက ယောက္ခမ၊ သူက သမက်၊ ငါက ဦးရီးတော် သူက တူတော်မောင်ပဲ၊ ငါက သူ့ကို ဘာလို့ ခရီးလမ်း ကြိုဆိုရမှာလဲ။ ရှိခိုးဦးညွှတ်ရမှာလဲ၊ ကြိုချင်ကြို သူက ကြိုရမှာ၊ ရှိခိုး ဦးညွှတ်ချင်ညွှတ် သူကညွှတ်ရမှာပေါ့၊ ကြီးသူကို ငယ်သူက ခရီးဦးကြိုရတာ၊ ရှိခိုးဦးညွှတ်ရတာ တို့သာကီဝင်မင်းတွေရဲ့ ထုံးစံပဲ"

"အို .... မကြိုနိုင်ဘူး၊ ရှိခိုးဦးမညွှတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

သုပ္ပဗုဒ္ဓမင်းကြီးသည် ဗုဒ္ဓဘုရားရှင်အား ကပ်ကမ္ဘာနှင့်ချီ၍ အသက်ကြီးရင့်သူ ဗြဟ္မာကြီးများကပင် ခရီးဦး ကြိုပြုရသည်၊ ရှိခိုးဦးညွှတ်ရသည်ကို မသိခဲ့။ သို့အတွက် ကြီးဂုဏ်မောက်ကာ ဗုဒ္ဓဘုရားရှင်အပေါ် မတော်မတရား ကြံစည်နေခြင်းပင် ဖြစ်သည်။

ဂေါတမမြတ်စွာဘုရားရှင် ကြွချီတော်မူလာမည့်နေ့ နံနက်တွင်မူ သုပ္ပဗုဒ္ဓမင်းကြီးကား သေရည်တို့ကို သောက်၍ ကြောက်စိတ်တို့ကို ဖြေဖျောက်သည်။ မူးမူးရူးရူးနှင့် ဂေါတမမြတ်စွာဘုရားရှင် ကြွချီလာမည့် လမ်းကပင် ခြွေရံသင်းပင်းများနှင့် စောင့်ကြိုနေခဲ့သည်။

"သမက်တော် ဂေါတမဘုရား ဆွမ်းစားမကြွနိုင်အောင် ဒီလမ်းခရီးက ပိတ်ဆို့ထားရမယ်၊ ဟုတ်ပြီ"

"အေး ... ပေးစမ်းဟေ့၊ နောက်ထပ် ယစ်မျိုးရည်တစ်ခွက်"

သုပ္ပဗုဒ္ဓမင်းကြီးကား နံနက်ခင်းအချိန် ဖြစ်လင့်ကစား ယစ်မျိုးရည်တို့ကို တစ်ခွက်ပြီးတစ်ခွက် သောက်ရင်း ဗုဒ္ဓဘုရားရှင်အား စောင့်နေ၏။ သူ၏ မတည်ငြိမ်သောစိတ်ကြောင့် ထိုင်ရမလို၊ ထရမလို ဖြစ်၍ ဟိုဘက်လျှောက်လိုက်၊ သည်ဘက်လျှောက်လိုက် လုပ်နေသည်။ မကြာမီ အချိန်အတွင်း၌ ဂေါတမမြတ်စွာဘုရားရှင်သည် နောက်ပါ သဃာတော်များနှင့်အတူ ကြွချီတော်မူလာ၏။





"အရှင်မင်းကြီး၊ အရှင်မင်းကြီး၊ ဗုဒ္ဓဘုရားရှင် ကြွချီတော်မူလာပါပြီ"

သုပ္ပဗုဒ္ဓမင်းကြီး၏ အပါးတော်မြဲမင်းချင်းတစ်ဦးက ကြိုတင်လျှောက်ထားလိုက်သည်။ မင်းကြီးလည်း မင်းချင်းယောကျ်ား၏ လျှောက်ထားလာမှုကို ကြားရသည်နှင့် မာန်တင်းလိုက်၏။ ထို့နောက် ယစ်မျိုးရည်တစ်ခွက်ကို ကမူးကယောနှင့် သောက်ချလိုက်သည်။ မင်းကြီး၏ အနီးအပါးသို့ ကြွချီရောက်ရှိ တော်မူလာသည့် ဗုဒ္ဓဘုရားရှင်အား ရီဝေသော မျက်လုံးအစုံနှင့် ကြည့်၏။ သေချာမှုရှိစေရန် ဦးခေါင်းကို ဘယ်ညာရမ်းခါကာ နောက်တစ်ဖန် ကြည့်ပြန်၏။

"ဟေ့ ... သိဒ္ဓတ္ထ မင်းကိုအများက ဂေါတမဘုရားလို့ ခေါ်ကြပေမယ့် တကယ်တမ်းကျတော့ မင်းက ငါ့ရဲ့သမက်တော်ပါကွ"

"တို့သာကီဝင်မင်းတွေရဲ့ ထုံးစံအရ အကြီးကို အငယ်က ခရီးဦးကြိုပြုရမယ်၊ ရှိသေရမယ် မဟုတ်လား၊ အဲဒီတော့ မင်းကို လမ်းခရီးဖယ်မပေးနိုင်ဘူးကွ"

"မင်းသွားလိုတဲ့လမ်းက ကြွပေရော့၊ သွားပေတော့"

"အို ... နေဦး၊ သိဒ္ဓတ္ထ မင်း မသွားရသေးဘူး၊ ငါပြောချင်တဲ့ စကားကို နားထောင်ပြီးမှ မင်းသွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com

သုပ္ပဗုဒ္ဓမင်းကြီးသည် ဘုရားကိုပင် ဘုရားမှန်း မသိတော့။ မင်းမာနနှင့် အမျိုးအနွယ်တို့၏ ဂုဏ်ပကာသနတို့ကြောင့် ဗုဒ္ဓဘုရားရှင်အား သမက်အဖြစ်၊ တူအဖြစ်နှင့် မရှိမသေ၊ မချေမင် ဆက်ဆံသည်။ ဒယ်းဒယိုင်ဖြင့် လမ်းလုံးပြည့်အောင် သွားလာလှုပ်ရှားကာ မတော်မတရားစကားတို့ကို ဆိုသည်။ သမီးတော်ဘဒ္ဒကစ္စနာနှင့် သားတော်ဒေဝဒတ်တို့အတွက် စကားနာထိုးသည်။

ဗုဒ္ဓဘုရားရှင်ကမူ သုပ္ပဗုဒ္ဓမင်းကြီးကို ပြန်လည်၍ စကားဆိုဝေ်မမူဘဲ လာလမ်းအတိုင်း ပြန်လည် ကြွချီတော်မူခဲ့သည်။

"ဟော့ ... မင်းချင်း သိဒ္ဓတ္ထနောက်လိုက်သွား၊ သူပြောတဲ့စကားကို နားထောင်ခဲ့"

သုပ္ပဗုဒ္ဓမင်းကြီးသည် မင်းချင်းတစ်ဦးအား ဗုဒ္ဓဘုရားရှင်၏ နောက်သို့ လိုက်ပါစေ၍ ဗုဒ္ဓဘုရားရှင်၏ စကားတော်တို့ကို တိတ်တဆိတ် ချောင်းမြောင်းနားထောင်စေခဲ့သည်။ ဗုဒ္ဓဘုရားရှင်သည် အပြန်လမ်းခရီးတစ်နေရာတွင် ပြုံးရွှင်မှုကို ပြုတော်မူလိုက်သည်။ ဤအကြောင်းချင်းရာကို အရှင်အာနန္ဒာက မြင်တော်မူလိုက်၏။

"ဘုန်းတော်ကြီးမြတ်သော အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် ပြုံးရွှင်တော်မူပါသလဲ ဘုရား"

"ချစ်သား အာနန္ဒာ၊ သုပ္ပဗုဒ္ဓမင်း၏ အပြုအမူကို မြင်လိုက်ရဲ့လား"





"မှန်လှပါ၊ မြင်ပါတယ်ဘုရား"

"ချစ်သား အာနန္ဒာ၊ ငါဘုရားအား သွားရန် လမ်းခရီးကို မပေးသော သုပ္ပဗုဒ္ဓမင်းကား အလွန်အပြစ်ကြီးလေးသည့် အကုသိုလ်အမှု ပြုမိလေပြီ။ ဤအကုသိုလ်ကံကြောင့် နောက်ခုနစ်ရက်မြောက်သောနေ့ နံနက်အချိန်၌ သူ၏ပြာသာဒ်အောက် ခလှကားခြေရင်းဝယ် သုပ္ပဗုဒ္ဓမင်း မြေမျိုခံရအံ့"

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဗျာဒိတ်စကားကြောင့် အရှင်အာနန္ဒာနှင့်အတူ ကြားရသည့် ရဟန်းသံဃာအားလုံး အံ့သြမိကြသည်။ သုပ္ပဗုဒ္ဓမင်းကြီး တကယ်မြေမျိုခံရတော့မည်ကို နားလည်လိုက်ကြသည်။ ထို့အတူ သုပ္ပဗုဒ္ဓမင်း၏ သူလျှိုမင်းချင်းသည်း ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်တော်စကား ကြားရ၍ ကြောက်ရွံ့ထိတ်လန့်ကာ မင်းကြီးရှိရာသို့ ပြန်ပြေး၏။

ထို့နောက် မင်းချင်းက အမောတကောနှင့် သုပ္ပဗုဒ္ဓမင်းကြီးအား ပြန်လည်လျှောက်ထား၏။

"အရှင်မင်းကြီး၊ အရှင်မင်းကြီး"

"ပြောစမ်း မင်းချင်း၊ သိဒ္ဓတ္ထ ငါ့ကို ဘာစကားပြောလိုက်သလဲ၊ မြန်မြန်သံတော်ဦးတင်စမ်း"

သုပ္ပဗုဒ္ဓမင်းကြီးကား ဗုဒ္ဓဘုရားရှင်၏ စကားကို အလျင်စလို ပြန်ကြားစေလိုက်၏။ သူလျှိုမင်းချင်းကား ကြောက်ရွံ့ထိတ်လန့်သည့်စိတ်နှင့် အပြေးပြန်လာရသည့် အမောကြောင့် ချက်ချင်း မလျှောက်နိုင်။ ထစ်အ,နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မှန် ... မှန်လှပါ၊ အရှင်မင်းကြီးဟာ အခုလိုပြု ပြုမှုတဲ့အတွက် ပြာသာဒ်အောက် လှေကားရင်းမှာ ခုနစ်ရက်မြောက်သောနေ့မှာ မြွေမျိုးခံရလိမ့်မယ်လို့ မိန့်တော်မူပါတယ်"

"ဟော ... ဒါ ကြောက်စွဖွယ်လန့်ဖျားစကားမှ မဟုတ်ဘဲ"

"မှန်လှပါ"

"ငါ့သမက် ဂေါတမဘုရား ပြောသလို ငါမှာ မြွေမျိုးခံရတဲ့အထိ အပြစ်မရှိပါဘူးလော၊ အင်း ဒါပေမယ့် သူပြောတဲ့စကားက မလွဲဧကန် မှန်တတ်တယ်"

သုပ္ပဗုဒ္ဓမင်းကြီးသည် သူလျှိုယောက်ျား မင်းချင်းထံမှ တစ်ဆင့်ကြားသိရသည့် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ စကားတော်ကြောင့် တွေဝေသွား၏။ ကြောက်ရွံ့တုန်လှုပ်စိတ်တို့လည်း ဖြစ်ပေါ်စေခဲ့သည်။ သို့တိုင် သုပ္ပဗုဒ္ဓမင်းကြီးကား မလျှော့။

"အင်း ... ငါ့သမက်က ငါ့ကို မြွေမျိုးခံရလိမ့်မယ်ဆိုတာတောင် နေရာနဲ့ အချိန်နဲ့ အတိအကျ ပြောတယ်ဆိုတော့ ဒီစကား လွဲမှားအောင် ဘယ်လိုလုပ်ရမလဲ"

"ဟုတ်ပြီ၊ ခုနစ်ရက်မြောက်တဲ့နေ့ ပြာသာဒ်အောက် စောင်းတန်းလှေကားက ခြေရင်းမှာ မြွေမျိုးခံရမယ်ဆိုတော့"

"ငါသုံးမဲ့ ပစ္စည်းဥစ္စာ အသုံးအဆောင် စားရပ်ရိက္ခာတွေကို ဘုံခုနစ်ဆင့်မှာ ဟာစ်ပတ်စာတင်၊ တံခါးတွေပိတ်၊ လှေကားတွေ ဖြုတ်ထား၊ တံခါး တစ်ပေါက် လက်ဝှေ့သမား နှစ်ယောက်





စီထား၊ ငါ ဆင်းလာရင် မဆင်းနိုင်အောင် လုပ်ခိုင်း၊ ဒီအတိုင်းတစ်ပတ်လောက်နေရင် ဘယ်လိုလုပ်ပြီး မြွေမျိုခံရဦးမှာလဲ ဟား ... ဟား"

"ဒီကျမှ ငါ့သမက် ဂေါတမဘုရားကို မုသာဝါဒနဲ့ စွပ်စွဲလိုက်ရဦးမယ်"

သုပ္ပဗုဒ္ဓမင်းကြီးလည်း နန်းတော်သို့ ပြန်၍ သူ စီမံကြံစည်ထားသည့်အတိုင်း နန်းဖော်ဆောင် ဘုံခုနစ်ဆင့်တွင် တက်၍နေသည်။ တံခါးတစ်ပေါက်စီ၌ ကျန်းမာသန်စွမ်းတောင့်တင်းသော လက်ဝှေ့သမားနှစ်ဦးစီ ထားရှိသည်။

သုပ္ပဗုဒ္ဓမင်းကြီး မြွေမျိုမခံရအောင် ဘုံခုနစ်ဆင့်တွင် တက်ရောက်နေသည့် သတင်းစကားကို ရဟန်းတော်များ ကြားသိရသည်။ ရဟန်းတော်များမှတစ်ဆင့် ဗုဒ္ဓမြတ်စွာဘုရားလည်း ကြားသိတော်မူသည်။ ထိုအခါ ...

"ရဟန်းတို့၊ သုပ္ပဗုဒ္ဓမင်းသည် ဘုံခုနစ်ဆင့်မှာ တက်၍နေရုံမျှမက ကောင်းကင်၌နေသည်ဖြစ်စေ၊ လှေနှင့် သမုဒ္ဒရာအတွင်း၌ သွား၍နေသည်ဖြစ်စေ၊ ကောင်ကြီးတောင်ငယ်တို့အတွင်း၌ ဝင်၍နေသည်ဖြစ်စေ ငါဘုရားမိန့်ကြားသော စကားတော်သည် မှားသည်မရှိ"

"ဤသုပ္ပဗုဒ္ဓမင်းကား သူ၏ ပြာသာဒ်စောင်းတန်းလှေကားခြေရင်း မြေတွင်းသို့ ဝင်၍ မြွေမျိုခံရပေလိမ့်မည်"



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာဘုရားက ရဟန်းတော်များအား အမှားမရှိ၊ တိကျမှန်ကန်သော စကားတော်ကို ထပ်မံမိန့်တော်မူလိုက်ပြန်လေသည်။

○ ○ ○

ခုနစ်ရက်မြောက်သောနေ့ နံနက်သို့ ရောက်ရှိလာသည်။ အချိန်ကား ဒေဝဒဟတိုင်းပြည်သို့ ဗုဒ္ဓမြတ်စွာဘုရား ဆွမ်းစားကြွချီလာတော်မူသည့်အချိန်သို့ ရောက်ရှိလာပြီ။

ထိုအချိန်တွင် သုပ္ပဗုဒ္ဓမင်းကြီးကား ခုနစ်ရက်မြောက်အချိန်ကို ကျော်လွန်တော့မည်ဖြစ်၍ လွန်စွာ ဝမ်းသာနေ၏။ ထို့အတူ ဗုဒ္ဓမြတ်စွာဘုရားအား မုသာဝါဒဖြင့် စွပ်စွဲရန်ပင် ကြံစည်နေမိသည်။

ဒေဝဒဟတိုင်းပြည် လမ်းခရီးတစ်နေရာ၌ ဗုဒ္ဓမြတ်စွာဘုရားအား ဆွမ်းဘုဉ်းမပေးနိုင်ရန် သုပ္ပဗုဒ္ဓမင်းကြီး တားဆီးပိတ်ပင် နှောင့်ယှက်သည့်အချိန်သို့ တိကျစွာ ရောက်ရှိလာသည်။

"ဟီး ... ဟီး ... ဟီး"

ထိုစဉ် သုပ္ပဗုဒ္ဓမင်းကြီး၏ မင်္ဂလာမြင်းထားရာ မြင်းဇောင်းဆီမှ ကျယ်လောင်သည့် မြင်းဟီသံကို ကြားရသည်။ ယင်းမြင်းဟီသံမှာ သုပ္ပဗုဒ္ဓမင်းကြီး၏ မင်္ဂလာစီးတော်မြင်း၏ ဟီသံဖြစ်သည်။ မင်္ဂလာစီးတော်မြင်းမှာ ပြင်းစွာ ဟီရုံမျှမက ချည်တိုင်





မှ ကြိုးများ ပြတ်ကာ ကာရံထားသည့် နံရံများကိုပင် ကန်ကျောက်နေသည်။

မြင်းထိန်းများလည်း မင်းကြီး၏ မင်္ဂလာစီးတော်မြင်းကို ခြောက်လှန့်ရိုက်နှက်၍ ဖမ်းကြသည်။ မရ။ မင်္ဂလာစီးတော်မြင်းကား ပြင်းစွာ ဟီလျက် ခြံတွင်းမှ လွတ်ထွက်လာ၏။

သုပ္ပဗုဒ္ဓမင်းကြီးလည်း သူ၏ မင်္ဂလာစီးတော်မြင်းဟီသံကြား၍ မင်းချင်းတို့အား မေး၏။

"မှန်လှပါ၊ အရှင်မင်းကြီး၏ မင်္ဂလာစီးတော်မြင်း ချည်တိုင်မှ ကြိုးပြတ်၍ ခြံမှ လွတ်လာကြောင်းပါဘုရား"

မင်းချင်းတို့ ပြန်လည်လျှောက်ထားပြီးသည်နှင့် သုပ္ပဗုဒ္ဓမင်းကြီး၏ မြင်ကွင်းတွင် မင်္ဂလာစီးတော်မြင်းကား ငြိမ်သက်စွာ ရပ်နေသည်။ မင်းကြီး၏ စိတ်တွင် မင်္ဂလာစီးတော်မြင်းကို မဖမ်းရ မနေနိုင်အောင် ဖြစ်သွား၏။

"အင်း ဒီကောင်ကြီးက သခင်သိပ်သိတာ၊ ငါကိုယ်တော်တိုင် ချော့ပြီး ဖမ်းမှ"

သုပ္ပဗုဒ္ဓမင်းကြီးသည် ပြောပြောဆိုဆိုနှင့် နေရာမှထ၍ တံခါးဝသို့ သွားသည်။ တံခါးတို့သည် သူ့အလိုလို ပွင့်ကုန်၏။ ဖြုတ်ထားသည့် လှေကားတို့သည်လည်း သူ့အလိုလို ပြန်လည်တပ်ဆင်ပြီး ဖြစ်ကုန်သည်။ ထို့အတူ တံခါးဝများ၌ အစောင့်ချထားသည့် လက်ဝှေ့သမားများလည်း သုပ္ပဗုဒ္ဓမင်းကြီး၏



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ကွင်းသို့ ပြန်မသွင်းမီဘဲ ဂုတ်မှဆွဲကိုင်ကာ ဇေတဝန်
လေှကားခြေရင်းသို့ အဆင့်ဆင့် ပစ်ချကြသည်။

သုပ္ပဗုဒ္ဓမင်းကြီး ပြာသာဒ်စောင်းတန်းလှေကားခြေရင်းသို့
ရောက်သည်နှင့် လွန်စွာ ပြင်းထန်ကျယ်လောင်သည့် အသံကြီး
များကို ကြားရသည်။ တစ်ဖန် ကမ္ဘာမြေကြီးသည်လည်း
ကွဲအက်ကာ သုပ္ပဗုဒ္ဓအား ခံယူကြသည်။ ဗုဒ္ဓမြတ်စွာဘုရားအား
ရန်ငြိုးဖွဲ့မိသော သုပ္ပဗုဒ္ဓမင်းကြီးကား အရှင်လတ်လတ် မြေမျိုခံ
ရကာ အဝီစိငရဲ၌ နှစ်ပရိစ္ဆေဒများစွာ ခံရလေတော့သည်။

● ● ● ● ●









www.burmeseclassic.com

www.burmeseclassic.com



## လက်ဆော့၍မြေမျိုခံရသူ

လပြည့်ညနေ့တစ်နေ့။

ပြည့်ဝန်းဝိုင်းစက်သော ဖိုးလမင်းကြီး၏ အရောင်ဟာ ရွှန်းရွှန်းလက် တောက်ပနေ၏။ လမင်းကြီး၏ ဝန်းကျင်တစ်ခွ မှ တိမ်ဖြူတိမ်မည်းတို့လည်း လေအဟုန်တွင် ဟိုဟိုသည်သည် ပြေးလွှား ဆော့ကစားနေကြသည်။ အပြစ်ကင်းမဲ့စွာ ရွှန်းမြ တောက်ပလျက်ရှိသော လပြည့်ည ဖိုးလမင်းကြီးကို မနာလို ဝန်တိုတတ်သော တိမ်မည်းတို့က ရံဖန်ရံခါ လွှမ်းခြုံရစ်သိုင်း ထားကြသည်။ သဘာဝအလှနှင့် အေးမြသာယာမှုကို ဖျက်ဆီး တတ်ကြသည်၊

တည်ငြိမ်ရင့်ကျက်သော လမင်းကြီးကား အပြုံးမပျက်။ မေတ္တာခန္တီတရားတို့ဖြင့် သာနေရှာသည်။ သို့အတွက် သဘာဝ တရားကို လွှမ်းခြုံ ဖျက်ဆီးကြသည့် တိမ်မည်းတို့ကား ကြာရှည်





မခံနိုင်ကြ။ လေနှင့်အတူ လွင့်ပါး ပျောက်ကွယ်သွားကြရ လေသည်။

လပြည့်ည၏ လမင်းကြီးကား မူလအတိုင်း ရွှန်းလက် တောက်ပမြဲပင် ဖြစ်တော့သည်။ ချမ်းမြတောက်ပသော ရောင်ခြည် က ထက်အာကာဝန်းကျင်တစ်ခိုနှင့် ကမ္ဘာ့မြေတစ်ခွင် အလှ ဆင်လျက်ရှိသည်။

ရာဇဂြိုဟ်ပြည် ဝေဠုဝန် ရွှေကျောင်းတော်ကြီးအနီးရှိ တပေါတချောက် ပတ်ဝန်းကျင်ရှိ အရာအားလုံးတို့သည် လမင်းကြီး၏ အရောင်ရှိန်ဝါကို သင့်တင့်မျှတစွာ ခံစားကြ ရလေသည်။ တပေါတချောက်ကြီးမှာ ကျေးငှက်သာရကာတို့ နားခိုရာ ရိပ်မြုံဖြစ်သည်။ သို့အတွက် တပေါတချောက် အတွင်း မှ ညဥ့်ငှက်သံတို့သည် ဆိတ်ငြိမ်မှုကို ထိုးဖောက်၍ ကမ်းပါး ယံ အထက်သို့ လွင့်ပျံ ရောက်ရှိလာတတ်သည်။

တပေါတချောက် ကမ်းပါးယံထက်ရှိ တစ်နေရာတွင် ရဟန်းတော် နှစ်ပါး သီတင်းသုံးရာ ကျောင်းသင်္ခမ်းတစ်ဆောင် ရှိသည်။ ကျောင်းသင်္ခမ်းသည်လည်း အေးချမ်းငြိမ်သက်လှ သည်။ အကြောင်းမှာ ရဟန်းတော်နှစ်ပါးစလုံး တရားအလုပ် ကို အားထုတ်ကျင့်ကြံနေကြခြင်းကြောင့် ဖြစ်ပေသည်။

ရဟန်းတော်တစ်ပါးသည် ကျောင်းသင်္ခမ်းအနီးရှိ ညီညာ ပြန့်ပြူးသော လွင်တီးခေါင်မြေပြင်ထက်ဝယ် အမှတ်မရှိသော



www.burmeseclassic.com

www.burmeseclassic.com



ချာန်သင်္ကာပတ်ကို ဝင်စားနေတော်မူ၏။ လွင်တီးခေါင် မြေပြင်ထက်မှ ကျောက်စကျောက်နကလေးများသည် လမင်းကြီး၏ အလင်းရောင်ကြောင့် ရိုက်လင်းတန်း အဖြစ်မှ ပြန်လည်တန်း အဖြစ်သို့ ရောက်ရှိကာ ပြိုးခနဲ ပျက်ခနဲ ထွက်ပေါ်လာတတ်သည်။

ထိုနည်းတူစွာပင် လွင်တီးခေါင် မြေပြင်ထက်ဝယ် တရားရှုမှတ် အားထုတ်လျက်ရှိသော ရဟန်း၏ ဆံရိတ်ပြီးစ ဦးခေါင်းတော်သည်လည်း ရွှန်းလက်လက် လရောင်အောက်ဝယ် ထွန်းတင့်စွာ တောက်ပနေဟန် ရှိသည်။

လရောင်၏ ထွန်းတင့် သာယာအေးမြမှုသည် ဇေ... တောင်ချောက်ကမ်းပါးတစ်ခို လွင်တီးခေါင်ထက် တရားရှုမှတ်လျက် ရှိသော ရဟန်းတော်၏ တည်ငြိမ် ငြိမ်းချမ်းမှုနှင့် လိုက်ဖက် ပဏာတင့်လှပေသည်။

ထိုစဉ် လရောင်ဆန်းသော ထက်ကောင်းကင် အာကာတစ်ခိုဝယ် တငြိမ့်ငြိမ့် တရိပ်ရိပ်ဖြင့် လှုပ်ရှားသွားလာနေသည့် အရာနှစ်ခုကို တွေ့မြင်ရသည်။ ယင်းတို့သည် မြောက်အရပ်ဒေသရှိ ဟိမဝန္တာတောင်မှ ပြန်လာသည့် နတ်ဘီလူးနှစ်ကောင် ဖြစ်သည်။ ဟိမဝန္တာနတ်ဘီလူး၊ အစည်းအဝေးပြီး၍ ယင်းတို့ နေထိုင်ရာ တောင်ဘက်အရပ်ဒေသဆီသို့ ဦးတည်၍ သွားနေခြင်း ဖြစ်သည်။





မကြာမီ တပေါတချောက်အနီး လွင်တီးခေါင် မြေပြင်ထက်သို့ ရောက်ရှိလာကြသည်။ ထိုအခိုက် နန္ဒအမည်ရှိ တစ်ကောင်သော ဘီလူးက လွင်တီးခေါင် မြေပြင်ထက်တင်ပလ္လင်ခွေကာ တရားရှုမှတ်လျက်ရှိသော ရဟန်း၏ ဦးခေါင်းတော်ကို ထူးဆန်းစွာ တွေ့လိုက်ရသဖြင့် အသွားအလျင်နှုန်းကို ချက်ချင်း ရပ်လိုက်၏။

နန္ဒဘီလူးသည် လရောင်ကြောင့် တောက်ပြောင်လျက်ရှိသည့် ရဟန်း၏ ဦးခေါင်းတော်ကို လက်ညှိုးညွှန်ကာ အဖော်ဘီလူးအား စကားဆိုလာသည်။

"အဆွေ လွင်တီးခေါင်ကွင်းပြင်ထက်က ခေါင်းတုံးပြောင်ဟာ ရဟန်းတော်တစ်ပါး မဟုတ်လား"

"ဟုတ်ပ အဆွေတော် နန္ဒဘီလူး၊ ဘယ်လိုများ အကြောင်းထူးရှိလို့လည်း ဆိုပါဦး"

နန္ဒဘီလူးသည် အဖော်ဘီလူးထံမှ အဖြေစကားကို ကြားလိုက်သည်နှင့် မျက်နှာသွင်ပြင်တစ်ခုလုံးကား မို၍ ကြမ်းတမ်းခက်ထန်လာသည်။ ရဟန်း၏ ဦးခေါင်းတော်ကို ဖြူးကျယ်သော မျက်လုံးအစုံဖြင့် ဖူးရှုစွာ စိုက်ကြည့်နေမိသည်။

အတန်ကြာမှ အကြောင်းမဲ့ ဒေါသစကားတို့ကို ဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဆွေ အကျွန်ုပ်တော့ တပြောင်ပြောင် တလက်လက် ဖြစ်နေတဲ့ ရဟန်းရဲ့ ဦးခေါင်းတော်ကို ဟောဒီလက်သီးနဲ့ ရိုက်ခတ် ပုတ်ခွဲပစ်လိုက်ချင်တယ်"

"အလို အဆွေတော် နန္ဒဘီလူးရယ် အကြောင်းမလျော် မသင့်တော်တဲ့ စကားကို မဆိုချင်စမ်းပါနဲ့"

နန္ဒဘီလူး၏ ဒေါသစကားတို့ကို အဖော်ဘီလူးက ပျာပျာသလဲ ပိတ်ပင်တားမြစ်လိုက်သည်။ နန္ဒဘီလူးကမူ လက်သီးတပြင်ပြင်နှင့် အကြောင်းမဲ့သက်သက် ဒေါသခြောင်းခြောင်းထွက်နေ၏။

"အဆွေတော့် နန္ဒဘီလူး၊ အဆွေရဲ့စိတ်ဟာ တန်ဖိုးမဲ့အတွေးနဲ့ လက်ဆော့လိုတဲ့ သဘောလား၊ ဒါမှမဟုတ် အဆွေတော်ရဲ့ တန်ခိုးဣဒ္ဓိပါဒ်ကို စမ်းသပ်လိုတဲ့ သဘောလား အဆွေ အဲဒီအတွေးနဲ့သာဆိုရင် အဆွေရဲ့ လက်ဆော့တန်ခိုးပြမှုဟာ အဆွေတော်ပဲ ပြန်ပြီး ဒုက္ခခံစားရတော့ပေမပေါ့"

"ဘယ်လိုအကြောင်းများကြောင့်လဲ အဆွေ ဆိုပါဦး"

"အခြား ဟုတ်ရိုးလား၊ အဲဒီ ရဟန်းတော်ဟာ တန်ခိုးအလွန်ကြီးတဲ့ အရှင်သာရိပုတ္တရာ ရဟန်းတော်မြတ်ပဲ၊ စိတ်နဲ့ပြစ်မှာမိတာတောင် လွန်နေပြီ အဆွေတော် နန္ဒဘီလူး"

"အို သူ့မှာ တန်ခိုးရှိသလို ကိုယ့်မှာလည်း တန်ခိုးရှိတာပဲ"

နန္ဒဘီလူးသည် ခက်ထန်ပြင်းပြသော ဒေါသမာန်မာနတို့ဖြင့် အရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ကို ရိုက်ခွဲရန်





လက်ကို မြှောက်လိုက်၏။ အဖော်ဘီလူးအဖို့ နှုတ်မှ မွှင့်ဟ၍ တားမြစ်ချိန်ပင် မရ။ နန္ဒဘီလူးသည် တင်းကြပ်စွာ ဆုပ်ထားသည့် လက်သီးဖြင့် ပြင်းထန်လျင်မြန်သော အရှိန်အဟုန်ဖြင့် အရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ကို ပုတ်ခတ် ရိုက်ခွဲလေတော့သည်။

နန္ဒဘီလူး၏ လက်သီးအဟုန်သည် ခုနစ်တောင်၊ ခုနစ်တောင့်ထွာရှိသော ဆင်ကြီးများကိုပင် မှုန့်မှုန့်ညက်ညက် ဖြစ်သွားနိုင်၏။ ထို့အတူ အလွန်မြင့်မားကြီးကျယ်သော တောင်ကြီးများကိုပင် အစိတ်စိတ် အမွှာမွှာဖြစ်၍ ဖရိုဖရဲ ပြိုကွဲသွားလောက်အောင် ပြင်းထန်လှသည်။

သို့အတွက် နန္ဒဘီလူး၏ လက်သီးချက်သည် အရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ပေါ်သို့ ကျရောက်သည်နှင့် မိုးကြိုးတစ်ထောင် တစ်ပြိုင်နက် ပစ်ခတ်လိုက်သည့်နှယ် မြည်ဟည်းတုန်လှုပ်သွားလေတော့သည်။

ဝုန်းကနဲ၊ ဂျိန်းကနဲပင် မြည်ဟည်းသွားလေ၏။

သို့တိုင် အရှင်သာရိပုတ္တရာကမူ တရားရှုမှတ် ကျင့်ကြံမှု မပျက်၊ ပကတိ အနေအထားအတိုင်း ဆက်လက်အားထုတ်ရှုမှတ်လျက် ရှိသည်။ အရဟာဦးလင်းရောင်ခြည်နှင့်အတူ နင်းရည့်ဆန်းသော ပဒုမ္မာရွှေကြာပန်းပမာ လန်းဆန်းလျက်ပင် ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကား အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ သီလ၊ သမာဓိ၊ သိက္ခာ စွမ်းပကားတို့ကြောင့်ပင် ဖြစ်ပေသည်။

မနေနိုင်၊ မထိုင်နိုင် လက်ဆော့သူ မိုက်မဲတွေဝေသူ နန္ဒဘီလူးယုတ်၏ မျက်လုံးအစုံတို့မှာ ပြာဝေသွား၏။ ထို့နောက် အဝီစိမှ တက်လာသည့် ငရဲမီး၏ ပြင်းထန်သော အရှိန်ကြောင့် အတိုင်းမသိ ပူလောင်မှု ဝေဒနာကို ခံစားရ၏။

"အား ပူလိုက်တာ၊ ပူလိုက်တာ၊ အဆွေ ကျွန်ုပ်ကို ကယ်ပါဦး"

နန္ဒဘီလူးခမျာ ပြင်းထန်စွာ ပူလောင်သည့် ဝေဒနာကြောင့် ကောင်းကင်ထက် ဆက်လက် ရပ်တည်နိုင်စွမ်း မရှိတော့ဘဲ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ အနီး ကမ္ဘာမြေကြီးပေါ်သို့ ကျလေ၏။ ယုတ်မာသော နန္ဒဘီလူး၏ လက်ဆော့မှုသည် အနန္တရိယကံကြီး ထိုက်လေပြီ။

သို့အတွက် ယုတ်မာသော နန္ဒဘီလူးအား ကမ္ဘာမြေကြီးက ထမ်းရွက် သယ်ပိုးခြင်းငှာ မစွမ်းနိုင်။ ကမ္ဘာမြေကြီးသည် ဟင်းလင်းပွင့်လျက် အော်ဟစ်ငိုကြွေးလျက်ရှိသော နန္ဒဘီလူးယုတ်အား အရှင်လတ်လတ် မြေမျိုကာ အဝီစိငရဲမှ မီးညွန့်မီးလျှံတို့က ဆွဲယူခေါ်ဆောင်သွားလေတော့သည်။









www.burmeseclassic.com

www.burmeseclassic.com



## ထံကြီးထိုက်၍ မြေမျိုခံရသူ

"စကြာမင်းဖြစ်လျှင်လည်း ဖြစ်ပါစေ၊ ဘုရားဖြစ်လျှင်လည်း ဖြစ်ပါစေ၊ မင်းသားအပေါင်း ခြံရံလျက်သာလျှင် လှည့်လည် ကျက်စားသွားရစေပါမည်"

ဗုဒ္ဓဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီးနောက် လက္ခဏာတော်ဖတ် မင်္ဂလာပွဲနေ့က ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းမှ သာကီဝင်မင်းသားတို့၏ အထက်ပါကတိစကားကို သုဒ္ဓေါဒနမင်းကြီး ပြန်လည်ကြားယောင်နေမိသည်။

သို့အတွက် သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ်နေပြည်တော်သို့ သာကီဝင်မင်းအပေါင်းတို့အား အစည်းအဝေး ခေါ်ယူလိုက်သည်။ မပျက်မကွက် တက်ရောက်လာသည့် သာကီဝင်မင်းအပေါင်းတို့ စုံညီလျှင် သုဒ္ဓေါဒနမင်းကြီးကပင် စတင်၍ စကားဆိုတော်မူလေသည်။

ကြည်လှအောင်စာပေ



"အို သာကီဝင်မင်းအပေါင်းတို့၊ ငါ၏သားတော် သိဒ္ဓတ္ထသည် ယခုအချိန်အခါ ထီးနန်းအုပ်ချုပ် မင်းလုပ်နေပါက ရတနာခုနစ်ပါး ဆိုက်ရောက်ကာ လေးကျွန်းသနင်း စကြာမင်းဖြစ်မည်မှာ ဧကန်ပင် ဖြစ်ပေတယ်"

"ယခုအခါ ငါ၏သားတော် သိဒ္ဓတ္ထကား ထီးနန်းစည်းစိမ် အမိအဖ ဇနီးနှင့်သားကိုပင် စွန့်ခွာ၍ တောထွက်ကာ ကျင့်ကြံအားထုတ်ခဲ့သဖြင့် လူ့နတ်ဗြဟ္မာတို့၏ ဆရာသခင် ရှင်တော်ဂေါတမအမည်တွင်သော ဘုရားဖြစ်တော်မူခဲ့လေပြီ"

"သာကီဝင်မင်းမျိုးမှ ဘုရားဖြစ်သည့် အားလျော်စွာ သာကီဝင်မင်းသားများသာလျှင် အခြံအရံ ဖြစ်သင့်ပေတယ်၊ သင်တို့ကဟိစကား ပြန်လည်ကြားယောင်လျှင်မူ ငါ၏သားတော် မြတ်စွာဘုရားထံပါး၌ ရှင်ရဟန်းပြုလုပ်ကြပါကုန်အံ့၊ သာကီဝင်မင်းအပေါင်းတို့"

ရှေးဦးပထမ သုဒ္ဓေါဒနမင်းကြီး မိန့်ကြားပြောဆိုလိုက်သည့် မိန့်ခွန်းစကားကို တက်ရောက်လာသည့် သာကီဝင်မင်းအပေါင်းတို့လည်း ငြိမ်သက်စွာ နားထောင်နေကြသည်။ သုဒ္ဓေါဒနမင်းကြီး၏ မိန့်ခွန်းစကား ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် "ကောင်းပါပြီ အရှင်မင်းကြီး"ဟု ဝန်ခံကတိစကားကို ညီညွတ်စွာနှင့် ပြန်ကြားလျှောက်ထားခဲ့ကြသည်။

ကြည်လှအောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ အချိန်ကာလအတွင်း၌ပင် သာကီဝင်မင်းသား တစ်ထောင်တို့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရား သီတင်းသုံးရာ အနုပိယ သရက်ပင် ဥယျာဉ်သို့ သွားရောက်၍ ရှင်ရဟန်း ပြုခဲ့ကြသည်။

ထိုနည်းတူစွာပင် လက္ခဏာတော်ဖတ် မင်္ဂလာပွဲနေ့က ကတိစကား ထားခဲ့ကြသည့် သာကီဝင်မင်းသား ရှစ်သောင်း အနက် များစွာသော သာကီဝင်မင်းသားတို့လည်း ဗုဒ္ဓရှင်တော် မြတ်ဘုရားထံ ခစား၍ ရဟန်းပြုကြသည်။ သို့တိုင် ဘဒ္ဒိယ မင်းသား (ယင်းအချိန်၌ အလှည့်ကျမင်းဖြစ်နေသူ) အနုရုဒ္ဓ မင်းသား၊ အာနန္ဒမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ္တမင်းသား ခြောက်ဦးတို့ကား ရဟန်းမပြုဘဲ နေကြသည်။

"ငါတို့ရဲ့ ကတိစကားနဲ့ သာကီဝင်မင်းသား ဘုရား ဖြစ်လို့ ဆွေတော်အပေါင်း မင်းသားတွေဟာ ရဟန်းပြုကုန် တာတော့ ဟုတ်ပါရဲ့၊ အလှည့်ကျဘုရင် သာကီဝင်မင်းသား ဘဒ္ဒိယ အပါအဝင် မင်းသားခြောက်ဦးတို့ကတော့ ရှင်ရဟန်း မပြုဘဲ မင်းစည်းစိမ်၊ နန်းစည်းစိမ်နဲ့ အခန့်သား ဟန်ကျနေ လိုက်ကြတာ"

"ဟုတ်ပါ့ နောင်တော်တို့ရယ်၊ ဂေါတမဘုရားနဲ့ ဆွေမျိုး မဟုတ်သယောင်ပဲ၊ ဒီမင်းသားခြောက်ဦးက ဘာလို့ ရဟန်းမပြုဘဲ နေကြတာပါလိမ့်"





ဗုဒ္ဓမြတ်ဘုရားထံ ရဟန်းမပြုဘဲ ကျန်ရှိနေသည့် မင်းသား ခြောက်ဦးကို အကြောင်းပြု၍ သာကီဝင်မင်းသားအချင်းချင်း ကဲ့ရဲ့ ဝေဖန်စကား ပြောကြားကြသည်။ ဤသည်ကို ဆွေတော် မျိုးတော်အပေါင်းတို့လည်း တစ်ဦးမှတစ်ဦး တစ်ဆင့်စကား ကြားသိခဲ့ကြသည်။

ထိုအချိန်တွင် မဟာနာမ အမည်ရှိ သာကီဝင်မင်းသား သည် မရှိဟူသောစကားကို မကြားဘူးသည့် ညီတော် အနုရုဒ္ဓ မင်းသားထံသို့ သွားရောက်ခဲ့သည်။

"ညီတော် အနုရုဒ္ဓ တို့အမျိုးထဲမှာ ရဟန်းပြုတဲ့သူရယ်လို့ မရှိသေးဘူးကွ"

"အဲဒါ ဘာဖြစ်လို့လဲ နောင်တော်"

"ဒီလိုလေ ညီတော်ရဲ့ တို့အမျိုးထဲမှာ ရဟန်းပြုသွားတဲ့ သူ ရှိစေချင်လို့ပါ၊ အဲဒီတော့ ညီတော်ကို ရဟန်းပြုစေချင် တယ်၊ အင်း... ဒါမှမဟုတ်ရင်လည်း နောင်တော်ဖြစ်ဖြစ် ရဟန်း ပြုရလိမ့်မယ်၊ ညီတော် ရဟန်းမပြုချင်ဘူးဆိုရင်ပေါ့လေ"

"နောင်တော် ရဟန်းပြုတယ်ဆိုတာ ဘယ်လိုလုပ်ရတာ လဲဟင်"

အနုရုဒ္ဓမင်းသားသည် ရဟန်းပြုသည်ကို နားမလည် သဖြင့် ရိုးသားစွာဖြင့်ပင် နောင်တော် မဟာနာမမင်းသားထံ ပြန်၍ မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီတော် အနုရုဒ္ဓ ရဟန်းပြုတဲ့သူဟာ ဆံမုတ်ဆိတ်ပယ်ပြီး ခေါင်းတုံး တုံးရတယ်၊ နောက် ဖန်ရည်စွန်းတဲ့ အဝတ်ကို ဝတ်ပြီး ဆွမ်းခံထွက်ရတယ်ညီတော်၊ အဲ... အိပ်တဲ့အခါကျ တော့လည်း သစ်သားကွပ်ပျစ်၊ ကြိမ်တို့ ဝါးတို့နဲ့ လုပ်ထားတဲ့ အိပ်ရာညောင်စောင်းမှာ အိပ်ရတယ် ညီတော်ရဲ့"

"အို... ရဟန်းပြုတဲ့သူဟာ အဲဒီလို နေရတာလား နောင်တော်၊ ဒီလိုဖြင့် ညီတော်လို နူးညံ့သိမ်မွေ့တဲ့သူအဖို့ ဒီလို ဘယ်နေနိုင်မလဲ၊ ညီတော်ရဟန်း မပြုနိုင်ပါဘူး နောင်တော်ရယ်"

"အင်း... ညီတော်အနေနဲ့ ရဟန်းမပြုနိုင်ဘူးဆိုရင် နောင်တော်ပဲ ရဟန်းပြုရတော့မှာပေါ့လေ၊ နောင်တော်ရဟန်း မပြုမီ အိမ်မှုအလုပ်ကိစ္စတို့ သင်ကြားပါ ညီတော်"

မဟာနာမမင်းသားလည်း ညီတော် အနုရုဒ္ဓအား အိမ်မှု အလုပ်ကိစ္စတို့ သင်ကြားရန် ပြောကြားပြီး ထွက်ခွာလာခဲ့သည်။

တစ်နေ့တွင် ကိမိလမင်းသား၊ ဘဒ္ဒိယမင်းသားနှင့် အနုရုဒ္ဓမင်းသားတို့ ကစားဖော်ကစားဖက် သုံးဦးသား ဆုံကြသည်။ ထမင်းဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ တစ်ဦးက ထမင်းကို ကျီမှဖြစ်သည်ဆို၏၊ တစ်ဦးကား ထမင်းသည် အိုးမှဖြစ်၏။ နောက်တစ်ဦးက ထမင်းသည် ရွှေခွက်မှ ဖြစ်၏ ဟု အချင်းချင်း ငြင်းခုံဆွေးနွေးကြသည်။ မင်းသားသုံးဦးစလုံး





ကား လယ်ခင်းလယ်ကွက်များကို မြင်ဖူးသူများ မဟုတ်ကြပေ။ သို့အတွက် ထမင်း ဘယ်ကဖြစ်သည်ကို နားမလည်ကြပေ။ မသိရှာကြပေ။

ထိုနည်းတူစွာပင် အနုရုဒ္ဓမင်းသားသည် အိမ်မှုအလုပ်ကိစ္စ များကိုပင် နားလည်သူ မဟုတ်ရှာချေ။ သို့အတွက် နောင်တော် ထံသို့ ရိုးသားစွာပင် မေးမြန်းရရှာသည်။ အနုရုဒ္ဓမင်းသား သည် နောင်တော် မဟာနာမမင်းသားထံမှ အိမ်မှုအလုပ်ကိစ္စ များကို ရှင်းလင်းစွာ သိကြားရလျှင် အံ့ဩမိ၏။ မဆုံးနိုင်သည့် အိမ်မှုအလုပ်ကိစ္စများကို ကြောက်ရွံ့မိသည်။

"ညီတော် အနုရုဒ္ဓ အိမ်မှုအလုပ်ကိစ္စ၊ လူမှုအလုပ်ကိစ္စ ဆိုတာ အသက်ရှင်သရွေ့ တည်ရှိနေတယ်၊ အဲ... အိမ်မှုအလုပ် ကိစ္စ၊ လူမှုအလုပ်ကိစ္စတွေ မဆုံးခင်မှာဘဲ လူတွေသာ ဆုံးပါး ခဲ့ရတယ်၊ ကွယ်လွန်သွားကြရတယ် ညီတော်"

နောင်တော် မဟာနာမမင်းသား၏ အိမ်မှုအလုပ်၊ လူမှု အလုပ်ကိစ္စ ရှင်းတမ်းရှည်ကြီးကို အနုရုဒ္ဓ သေချာစွာ နား ထောင်ခဲ့သည်။ ထို့နောက် ထင်ရှားပြတ်သားသည့် အဖြေ တစ်ခု ထုတ်ဖော်လိုက်သည်။

"နောင်တော် အဲဒီကိစ္စတွေကို နောင်တော်က နားလည် ကျွမ်းကျင်ပါတယ်၊ စီမံထိန်းကွပ် ဆောင်ရွက်မြဲ ဆောင်ရွက် ပါ၊ ညီတော်အနေနဲ့ အိမ်မှုအလုပ်၊ လူမှုအလုပ်တွေကို ကျွမ်းကျင်



www.burmeseclassic.com

www.burmeseclassic.com



သူလည်း မဟုတ်၊ နားလည်သူလည်း မဟုတ်လေတော့ လူ ဘောင်မှထွက်ကာ ရဟန်းပြုပါတော့မယ် နောင်တော်”

ညီတော် အနုရုဒ္ဓထံမှ ရဟန်းပြုမည့် ဝန်ခံကတိစကား ကြားရ၍ နောင်တော် မဟာနာမမင်းသားလည်း အထူးပင် ဝမ်းသာ ပီတိဖြစ်မိသည်။ ညီတော် အနုရုဒ္ဓကမူ နောင်တော် အား ကတိစကား ပြောကြားပြီးသည်နှင့် မိခင်ထံသို့ ရဟန်း ပြုရန် သွားရောက်၍ ခွင့်တောင်းခံလေသည်။

အနုရုဒ္ဓမင်းသား၏ ရဟန်းပြုခွင့် တောင်းခံမှုကို မယ်တော် မိဖုရားကြီး ငြင်းဆန်ခဲ့သည်။ အနုရုဒ္ဓမင်းသားကလည်း ဇွဲ လျှော့ သုံးကြိမ်တိုင် တောင်းခံခဲ့ပြန်သည်။ သို့တိုင် မယ်တော် မိဖုရားကြီးက ခွင့်မပြုခဲ့ပေ။ သားတော် အနုရုဒ္ဓက ဇွဲကြီးသူ ဖြစ်သည်ကို မယ်တော် မိဖုရားကြီးက သိ၏။ သားတော်သည် ရဟန်းပြုခွင့် မရမချင်း ခွင့်တောင်းခံမည်ကိုလည်း ကြိုတင် တွက်ဆမိသည်။ သို့အတွက် သားတော် အနုရုဒ္ဓ ရဟန်းပြု ခွင့်တောင်းခံမည့်အရေး ကြိုတွေး၍ မဖြစ်နိုင်သည့် ကိစ္စတစ်ခု ဖြင့် လွှဲပြောင်းကြံစည်မှ ဖြစ်မည်ဟု ကြိုတင် တွက်ဆမိသည်။

“အင်း...သားတော်နဲ့ အလွန် ရင်းနှီးတဲ့ ဘဒ္ဒိယမင်းသား ဟာ သာကီဝင်မင်းအပေါင်းတို့အပေါ်မှာ စိုးမိုးအုပ်ချုပ်နေဆဲ မင်းဖြစ်သည်၊ မင်းစည်းစိမ်ကို အပြည့်အဝ ခံစားနေရတဲ့





ဘဒ္ဒိယ မင်းသားဟာ ဘယ်နည်းနဲ့မှ ရဟန်းပြုနိုင်မှာ မဟုတ် ဘူးလေ”

“ဟုတ်ပြီ သားတော်ကို ဒီလိုပြောမှပဲ”

အနုရုဒ္ဓ၏ မယ်တော် မိဖုရားကြီးသည် သူ ချစ်လှစွာ သောသား ရဟန်းမပြုစေရန်အတွက် သားတော်အား ပြော ကြားမည့်စကားကို ကြိုတင်၍ တွေးတောကြံစည်ထားသည်။ ကြံစည်ထားသည့်အတိုင်းပင် သားတော် အနုရုဒ္ဓ သူ့ထံပါး သို့ အခစား ဝင်သည်နှင့် အကွက်ကျကျ ပြောလေ၏။

“သားတော် အနုရုဒ္ဓ၊ သားတော်က တကယ်ပဲ ရဟန်း မပြုရရင် မနေနိုင်တော့ဘူးလား သားတော်”

“မှန်ပါတယ် မယ်တော်၊ သားတော်လည်း အခုပဲ ဒီ အကြောင်းကို ခွင့်တောင်းဖို့ အခစား ဝင်လာတာပါ မယ်တော်၊ သားတော်ကို ရဟန်းပြုခွင့်ပေးပါ မယ်မယ်ရယ်”

“ဇွဲကြီးလှချည်လား သားတော်ရယ်၊ သားတော်ကို မယ် မယ် စိတ်မချဘူး သားတော်ရယ်၊ အဲဒီတော့...”

“အဲဒီတော့ ဘာဖြစ်လဲမယ်မယ် ဆက်ပြောပါဦး”

“ဒီလိုလေ ဘဒ္ဒိယမင်းသားဟာ သားတော်ရဲ့ အချစ်ဆုံး သူငယ်ချင်းမို့လား၊ သားတော်နဲ့ အဖော်ရအောင်၊ အခုအချိန်မှာ အလှည့်ကျ စိုးမိုးအုပ်ချုပ် မင်းလုပ်နေတဲ့ ဘဒ္ဒိယမင်းသား ရဟန်းဝတ်မယ်၊ ရဟန်းပြုမယ်ဆိုရင် သားတော်အတွက် မယ်မယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချပါတယ်၊ အဲဒီအခါ သားတော်လည်း ရဟန်းပြုပေါ့ ဟုတ်လား သားတော်”

“ကောင်းပါပြီ မယ်မယ်၊ မယ်မယ့်ကတိစကား တည်ပါစေနော်”

အနုရုဒ္ဓ၏ မယ်တော် မိဖုရားကြီးလည်း သားတော်အား မဖြစ်နိုင်သည့် အကြောင်းကိစ္စကို အကြောင်းပြုစေ၍ စိတ်အေး သွားသည်။ အနုရုဒ္ဓကမူ သူရဟန်းပြုခွင့် ရရှိရေးအတွက် ဘဒ္ဒိယသာကီဝင်မင်းသူငယ်ချင်းထံသို့ အသော့နှင်ခဲ့လေသည်။

“အဆွေတော် ဘဒ္ဒိယ အကျွန်ုပ်သည် ရဟန်းပြုလိုပါ သော်လည်း မယ်မယ့်ထံမှ ပြုခွင့်မရ၊ ရဟန်းပြုခွင့်ရပြန်သော် လည်း အဆွေတော်နှင့် ဆက်စပ်နေပါတယ် အရှင်”

“အဆွေတော် ငါသည် သင်နှင့် ....”

အနုရုဒ္ဓမင်းသားထံမှ ကြားရသည့်စကားကို ဘဒ္ဒိယ သာကီဝင်မင်းသည် အချစ်ဆုံးသူငယ်ချင်း ဆန္ဒအတွက် ဖြည့် စွမ်းလိုသည့်စိတ်ဖြင့် အဆောတလျင် ဆုံးဖြတ်လိုက်သည့် စကားသည် မပြီးဆုံးမီမှာပင် လမ်းခုလတ်၌ ရပ်တန့်သွား၏။ အကြောင်းမူ ဘဒ္ဒိယ သာကီဝင်မင်းကား မင်းစည်းစိမ်တည် ဟူသော တပ်မက်သော လောဘက စိတ်ကို ဆွဲငင်ထားသော ကြောင့် ဖြစ်ပေသည်။ သို့အတွက် ဘဒ္ဒိယမင်းသားသည် ပြော လက်စ စကားကို ပြောင်းလဲပြောကြားလိုက်လေ၏။





“သင်အလိုရှိတိုင်းသာ ရဟန်းပြုပါလော့ အဆွေဘဒ္ဒိယ”

“အို... အဆွေတော် ဘဒ္ဒိယ၊ သင်ဟာ အကျွန်ုပ်ရဲ့ အချစ်ဆုံး သူငယ်ချင်း ဖြစ်သလို သင့်ရဲ့အချစ်ဆုံး သူငယ်ချင်း ဟာလည်း အကျွန်ုပ်ပါပဲ ဘဒ္ဒိယရယ်။ ဒီတော့ အဆွေတော် နှင့်အတူသာ အကျွန်ုပ် ရဟန်းပြုလိုပါတယ်၊ အကျွန်ုပ်တို့ နှစ်ဦးလုံးပင် ရဟန်းပြုကြပါစို့”

“အဆွေတော် အနုရုဒ္ဓ ငါကား ရှင်ရဟန်းပြုခြင်းငှာ မစွမ်းနိုင်ပါ၊ ရဟန်းပြုမယ့် အလုပ်ကလွဲလို့ သင့်အတွက် တခြား ဘယ်အရာမဆို ငါဖြည့်စွမ်း ဆောင်ရွက်ပေးပါမယ်၊ ဒီ ကိစ္စအတွက်တော့ ငါ့ကို ခွင့်လွှတ်ပါ အဆွေတော်၊ သင်သာ ရဟန်းပြုပါလော့”

“အကျွန်ုပ် ရဟန်းပြုဖို့ကိစ္စက အဆွေတော်နှင့် ပတ်သက်နေလို့ပါ အရှင်၊ အရှင်ရဟန်း မပြုသမျှ အကျွန်ုပ် ရဟန်း ပြုခွင့်ကို မယ်မယ်က ပေးမှာမဟုတ်ဘူး”

အနုရုဒ္ဓမင်းသားလည်း ဘဒ္ဒိယမင်းသားနှင့် ဆက်စပ် သမျှ သူ၏ မယ်တော် မိဖုရားကြီး ပြောသည့်စကား အလုံးစုံကို ရှင်ပြသည်။ ထို့နောက် ဘဒ္ဒိယမင်းသားအား အတင်းအကြပ် ဆွဲဆောင်စည်းရုံး၏။ မငြင်းဆန်သာအောင်ပင် ခေါ်ဝေါ် ပြော ဆိုလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ဘဒ္ဒိယမင်းသားလည်း မငြင်းဆန်သာသဖြင့် ရဟန်းပြုရန် ခုနစ်နှစ်မျှ စောင့်ရန် အနုရုဒ္ဓမင်းသားအား ပြော၏။ အနုရုဒ္ဓမင်းသား၏ ငြင်းဆန်မှုတို့ကြောင့် ခုနစ်နှစ်မှ တဖြည်းဖြည်း လျှော့ချလာရာ နောက်ဆုံး ခုနစ်ရက်အကြာတွင် ရဟန်းပြုကြရန် သဘောတူလိုက်ကြသည်။ ကျေနပ်လိုက်ကြသည်။

ဘဒ္ဒိယမင်းသားနှင့် အနုရုဒ္ဓမင်းသားတို့၏ ရဟန်းပြုမည့်ကိစ္စကို အကြောင်းပြု၍ အာနန္ဒမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ္တမင်းသား၊ ဥပါလိဆတ္တာသည် အပါအဝင် ခုနစ်ဦးတို့ ရဟန်းပြုရန် ဆုံးဖြတ်တိုင်ပင်ကြသည်။ ရဟန်းမပြုမီ ခုနစ်ရက်အတွင်း နတ်စည်းစိမ်တမျှ စံစားကြကာ ဗုဒ္ဓရှင်တော်မြတ်ဘုရားထံ ရဟန်းပြုခဲ့ကြလေတော့သည်။

* * *

သာကီဝင်မင်းသားခြောက်ယောက်မှ ရဟန်းပြုခဲ့သည့် ဤအရှင်တို့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားသွန်သင်ဆုံးမပြသသည့် နည်းနာနိဿျများကို နာယူကျင့်ကြံ အားထုတ်ကြသည်။ ယင်းရဟန်းခြောက်ပါးအနက် အရှင်ဘဒ္ဒိယသည် ရဟန်း စ,ဝတ်သည့်နှစ် ဝါတွင်း၌ပင် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗ





စက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တည်းဟူသော ဝိဇ္ဇာသုံးပါး ပိုင်းခြား ထင်ထင်သိမြင်တော်မူသော တေဝိဇ္ဇရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

နောင်တွင် အရှင်အနုရုဒ္ဓ၊ အရှင်ဘဂု၊ အရှင်ကိမိလတို့လည်း ရဟန္တာ ဖြစ်တော်မူခဲ့သည်။ အရှင်အာနန္ဒာကမူ သောတာပန်အဖြစ်သို့ ရောက်တော်မူခဲ့သည်။ အရှင် ဒေဝဒတ်ကမူ အနိမ့်ဆုံး အဆင့် ပုထုဇဉ်ရဟန်းအဖြစ်နှင့် လောကီဈာန်အဘိညာဉ် တန်ခိုးတို့ကိုသာ ရရှိခဲ့သည်။

ကောသမ္ဗီပြည်၌ ဗုဒ္ဓရှင်တော်မြတ်ဘုရား သီတင်းသုံးတော်မူစဉ် မဟာသာဝကကြီး ရှစ်ဆယ်တို့နှင့်တကွ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ကြီးစွာသော အလှူဒါနမှုတို့ အများပြည်သူတို့ ပြုခဲ့ကြသည်ကို အရှင်ဒေဝဒတ် မြင်၏။ ထိုနည်းတူစွာပင် ဗုဒ္ဓဘုရားရှင်နှင့်တကွ မဟာသာဝက ရှစ်ဆယ်တို့အား အစဉ်လိုက်ပင် မေးမြန်းကာ ပူဇော်ကန်တော့ကြသည်ကိုလည်း အရှင်ဒေဝဒတ် မြင်တွေ့ရ၏။ အရှင်ဒေဝဒတ်ကိုမူ တစ်စုံတစ်ယောက်မျှ မေးမြန်း ပူဇော်ကန်တော့ မခံရသည်ကိုလည်း သူ့ကိုယ် သူ သိခဲ့၏။ သို့အတွက် ....

"အင်း...ငါဟာ အရှင်ဘဒ္ဒိယတို့နှင့် အတူရဟန်းပြုခဲ့သူ ဖြစ်ပါလျက် တစ်ယောက်မှ မေးမယ့်သူလည်း မရှိ၊ ပူဇော်ကန်တော့မဲ့သူလည်း မရှိပါလား၊ ယောက်ဖတော်ဘုရား မြတ်



www.burmeseclassic.com

www.burmeseclassic.com



တာတောင်မှငါ့ကိုမျက်နှာသာပေးမယ့်သူမရှိတဲ့ ဘဝပါလား နော်”

“ဒီလိုနေလို့တော့ မဖြစ်ဘူး။ လာဘ်လာဘ ပူဇော်သက္ကာရ များအောင် တစ်ခုခုတော့ လုပ်မှဖြစ်မယ်”

အရှင်ဒေဝဒတ်ခမျာ အနာပေါ်တုတ်ကျသကဲ့သို့ပင် ဗုဒ္ဓ ဘုရားရှင်နှင့် တပည့်သာဝကကြီးများ အပေါ်တွင် မနာလို ဝန်တိုစိတ်များ တဖွားဖွား ဖြစ်ပေါ်နေသည့်အလျောက် စိတ် စေရာသို့ အမျိုးမျိုး ကြံစည်တွေးတော နာကျည်းလျက်သာ ရှိသည်။

အရှင်ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင်နှင့် တပည့်သာဝက များအပေါ် မကျေနပ်ချက် အကြောင်းအရာများ ဖြစ်ပေါ်လာ သည့်အခါ ဆိတ်ငြိမ်ရာ အရပ်သို့ သွား၍ တစ်ကိုယ်တည်း တွေးတောကြံစည်နေ၏။

“အင်း … ရှင်ကြီးဂေါတမ ယောက်ဖတော်ကျ လူတွေက ကြည်ညိုလိုက်တာ၊ လှူလိုက်ကြတာ သုံးမကုန်၊ စားမကုန် အောင်ပါဘဲ”

“ဒါတင် ဘယ်ကဦးမလဲ သူ့အရှိန်အဝါနဲ့ ရှင်သာရိ ပုတ္တရာတို့ ရှင်မောဂ္ဂလာန်တို့ ရှင်အာနန္ဒာတို့ဆီကို ဝင်လိုက် ထွက်လိုက် လှူလိုက်နဲ့ မျက်စိတောင်နောက်ရဲ့”

ကြည်လှမောင်စာပေ



“အင်း … ငါကျတော့ မေးတဲ့သူလဲ မရှိ၊ လှူမယ့်လူ လည်း မရှိ ဘာလို့ပါလိမ့်”

“သူတို့လည်း သာကီဝင်မင်းမျိုး၊ ငါလည်း သာကီဝင် မင်းမျိုးပါ။ အဲ … ရှင်ကြီးဂေါတမလည်း ဘုရင့်သား ငါလည်း ဘုရင့်သားပဲ၊ ဘာများကွာပါလိမ့်၊ မျိုးနွယ်ချင်းတူတဲ့ ရဟန်း ချင်းတောင်မှ လူတွေက ဘယ်လိုဖြစ်တာလဲ၊ ရှက်ဖို့ ကောင်း လိုက်တာ”

“ရှင်ကြီးဂေါတမနဲ့ ဆက်နေလို့တော့ မဖြစ်တော့ဘူး။ ငါ အရှုံးကွဲရုံပဲ ရှိမယ်၊ မနေဘူး။ မနေတော့ဘူး သွားမယ်”

အရှင်ဒေဝဒတ်သည် ဗုဒ္ဓရှင်တော်မြတ်ဘုရားအပေါ် တူ သည့်အရာတို့ကိုသာမြင်၍ မတူသည့် တန်ခိုးတော်အနန္တ၊ ဘုန်းတော်အနန္တတို့နှင့် ပြည့်စုံတော်မူသည့် အနိုင်းမဲ့ ပုဂ္ဂိုလ် ဟု မမြင်ခဲ့၊ မထင်မှတ်ခဲ့သည်မှာ သေချာ၏။ သို့အတွက် ဗုဒ္ဓ ရှင်တော်မြတ်ဘုရားထံမှ ခွဲထွက်ရန် ဆုံးဖြတ်လိုက်၏။ ထိုစဉ် သူ့အဝ ရှေ့ရေးအတွက် လာဘ်လာဘ ပူဇော်သက္ကာရ များ ပြားရန် အကြံအစည်တစ်ခုကိုလည်း တွေးမြင်လိုက်၏။

“ရှင်ကြီးဂေါတမကို ကိုးကွယ်တဲ့ မင်းတွေ၊ ဘုရင်တွေ ချဉ်းကပ်လို့ကတော့ ငါ့ကို ယုံကြည်ကိုးကွယ်ကြမှာ မဟုတ် တာ သေချာတယ်”

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ အဇာတသတ်မင်းသားဟာ အသက်အရွယ် ငယ်သူဖြစ်လို့ ဂုဏ်တို့အပြစ်တို့ဆိုတာ သူနားလည်မှာ မဟုတ်ဘူး။ သူ့မှာ ကိုးကွယ်နေတဲ့ ဆရာရယ်လို့လည်း မရှိသေးဘူး။ အဲဒီတော့ အဇာတသတ်ရဲ့ ဆရာဖြစ်အောင် ငါလုပ်ရမယ်"

"နောင်ကျတော့ အဇာတသတ်ကို ဘုရင်ဖြစ်အောင်လုပ်၊ ငါက မင်းဆရာလုပ်ပြီး လာဘ်လာဘပေါများအောင် လုပ်ရမယ်"

"ဟား...ဟား...ဟန်ကျလိုက်လေ၊ ပိုင်လိုက်လေ"

အရှင်ဒေဝဒတ်သည် သူ့အကြံအစည်ကိုသူ သဘောကျကာ အားရပါးရ ရယ်မောလျက် ဗုဒ္ဓရှင်တော်မြတ်ဘုရားထံမှ ထွက်ခွာလာခဲ့သည်။ ကောသမ္ဗီပြည်မှ ရာဇဂြိုဟ်ပြည်သို့ ခရီးနှင်ခဲ့သည်။ ရာဇဂြိုဟ်ပြည်အနီးသို့ ရောက်ရှိသည့်အခါ ဒေဝဒတ်သည် အထူးလေ့ကျင့်ထားသည့် ဈာန်အဘိညာဉ်တန်ခိုးဖြင့် သူငယ်အသွင် ဖန်ဆင်း၏။ ထို့နောက် တစ်ကောင်သော မြွေကို ဦးခေါင်းထက်၌ထားလျက် အခြားသော မြွေများကို လက်၊ ခါး၊ ခြေတို့တွင် ဆင်မြန်းကာ ကောင်းကင်ခရီးဖြင့် အဇာတသတ်မင်းသားထံသို့ သွားသည်။

နန်းရင်ပြင်သို့ ရောက်ရှိသည့်အခါ ကျယ်လောင်သည့် အသံဖြင့် ရယ်မောကာ အဇာတသတ်၏ ရင်ခွင်ထက်၌ ဝင်၍ ထိုင်၏။





"အသင်ဘယ်သူလဲ၊ အသင်ဘယ်သူလဲပြော"

အဇာတသတ်ကား ကြောက်ရွံ့ထိတ်လန့်ခြင်း များစွာဖြင့် အော်ဟစ်မေးမြန်းလေ၏။

"အသင်မင်းသား သင်ကြောက်နေပြီလား"

"ငါကား အလွန်ကြောက်နေ၏။ သင် သင် ဘယ်သူ၊ လူလော၊ နတ်လော၊ နဂါးလော"

"အသင်မင်းသား မကြောက်လင့်၊ ငါကား အရှင်ဒေဝဒတ်ပင်တည်း၊ ငါ့ရဲ့ အစွမ်းကို သင်မြင်စေလို၍ ပြခြင်းဖြစ်ပေတယ်"

"အသင်ဟာ အရှင်ဒေဝဒတ်ဆိုရင် ပကတိရဟန်းအသွင် ပြပါလော့ အရှင်"

အဇာတသတ်မင်းသား၏ တောင်းပန်မှုကြောင့် အရှင်ဒေဝဒတ်သည် သူငယ်အသွင်ကိုဖျောက်၍ ရဟန်းအသွင်ကိုသည်။

"အလို...အရှင်ဒေဝဒတ်က သိပ်တန်ခိုးရှိတာပဲ၊ ခမည်းတော် ကိုးကွယ်တဲ့ ဘုရားတောင်မှ ဒီလို တန်ခိုးမျိုး တစ်ခါမှ ပြည့်တော်တို့ကို မပြဘူးဖူး"

"ဒါ ငါ့အစွမ်း အကုန်မဟုတ်သေးဘူး မင်းသားရဲ့၊ ငါက ဒီပညာမျိုး သင်ချင်ရင် ဒါမျိုးမြင်ချင်ရင် ငါ့ကိုပဲ ဆရာတင်ပေါ့ အသင်မင်းသားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ ဘုရား တပည့်တော်အနေနဲ့ အရှင်ဘုရားပြတဲ့ တန်ခိုးနဲ့ အရှင့်ကို ကြည်ညိုလှပါပြီဘုရား၊ အရှင့်ကို တပည့်တော် ကြည်ညိုရှိခိုးကန်တော့ပါတော့မယ် ဘုရား"

"ကောင်းလေစွ ဒကာမင်းသား ကောင်းလေစွ"

ထိုအချိန်မှစ၍ အဇာတသတ်မင်းသားသည် အရှင် ဒေဝဒတ် ဖန်ဆင်းပြသသည့် လောကီချောက် အဘိညာဉ်တန်ခိုး တို့ကို အလွန်ကြည်ညိုကာ ရထားငါးရာတို့ဖြင့် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် အချိန်မှန် သွားရောက်၍ ချဉ်းကပ်သည်။ နို့ဆွမ်းရှပင် ဆွမ်းချက်အိုး ငါးရာဖြင့် ဆွမ်းဝတ်မပျက် ဆက် ကပ်လေသည်။ ဆွမ်းချက်အိုးတစ်အိုးလျှင် ဆယ်ပါးစာ လုံ လောက်သဖြင့် ရဟန်းအပါး ငါးထောင်စာမျှပင် ရှိ၏။ ထို့ အတူ အဇာတသတ်မင်းသား၏ မင်းချင်း ပရိသတ်များက ပါ အရှင်ဒေဝဒတ်အား ချဉ်းကပ်ပူဇော်လာကြသဖြင့် လာဘ် လာဘ ပူဇော်သက္ကာရ အခြံအရံတို့ကား လွန်စွာပင် ပေါများ လှသည်။

ထိုအခါ အရှင်ဒေဝဒတ်၏ စိတ်ဝယ် လာဘ်လာဘ ပူဇော် သက္ကာရ များပြားမှုကြောင့် မာန်တက်လာ၏။ သို့ အတွက် မကြံမစည်အပ်သော အတွေးတို့တွေး၍ မလုပ်အပ် သော အမှုကိစ္စတို့ကို ကြံစည်မိ၏။

ကြည်လှမောင်တာပေ



"ငါသည် ရဟန်းသံဃာအပေါင်းတို့အား ဆောင်ကြဉ်း ၍ ဘုရားတစ်ဆူအဖြစ် ခေါင်းဆောင်အံ့"

ထိုအချိန်မှစ၍ အရှင်ဒေဝဒတ်၏ ယုတ်မာကောက်ကျစ် သော အကြံအစည်ကြောင့် လောကီချောက် အဘိညာဉ် တန်ခိုး မှ လျှောကျလေသည်။

* * *

"အရှင်ဘုရား အရှင်ဒေဝဒတ်ရဲ့စိတ်မှာ လာဘ်လာဘ ပူဇော်သက္ကာရအပေါ် လွန်စွာ နှစ်သက်စွဲလန်းနေပါပြီဘုရား၊ အဆိုးဆုံး အယုတ်မာဆုံးကတော့ ဘုရားတစ်ဆူလုပ်ကာ ရဟန်းသံဃာများကို ခေါင်းဆောင်မယ်ဆိုတဲ့ အကြံအစည် ပါပဲဘုရား၊ အဲဒီလို အရှင်ဒေဝဒတ်ရဲ့စိတ်မှာ ကြံစည်မိတာနဲ့ သူ့မှာရှိတဲ့ လောကီချောက်၊ အဘိညာဉ်တန်ခိုးများလည်း ပျောက် ကွယ်ကုန်ပါပြီဘုရား"

ကကုဓပြဟ္မာသည် အရှင်ဒေဝဒတ်၏ စိတ်အကြံအစည် မှန်သမျှနှင့် ဖြစ်ပျက်မှု အလုံးစုံကို သိရှိ၍ အရှင်မဟာ မောဂ္ဂလာန်မထေရ်ကြီးထံသို့ လာရောက် လျှောက်ထားခဲ့သည်။ ကကုဓပြဟ္မာကား ဤစကားတို့ကို လျှောက်ထားပြီးသည်နှင့်

ကြည်လှမောင်တာပေ

www.burmeseclassic.com

www.burmeseclassic.com

ပင် အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီး အနီးမှ ပျောက်ကွယ်သွားသည်။

အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးထံသို့ အရှင်ဒေဝဒတ် အကြောင်း လာရောက် လျှောက်ထားသည့် ကကုဓ ဗြဟ္မာမှာ အခြားမဟုတ်။ ရှင်မဟာမောဂ္ဂလာန်မထေရ်ကြီး၏ အလုပ်အကျွေး တပည့်ဒါယကာ ကောဋိယမင်းသားသည် မကြာမီ အချိန်က ကွယ်လွန်၍ ဗြဟ္မာဖြစ်သွားသူ ဖြစ်သည်။

သို့အတွက် အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးလည်း ကကုဓဗြဟ္မာ လာရောက်လျှောက်ထားသည့် အကြောင်းချင်းရာတို့အား ဗုဒ္ဓရှင်တော်မြတ်ဘုရားထံသို့ ပြန်လည် လျှောက်ထားသည်။

"ချစ်သား ... မောဂ္ဂလာန် ကကုဓဗြဟ္မာ လာပြီး လျှောက်ထားတဲ့စကား မှန်ကန်ကြောင်း စေတောပရိယ အဘိညာဉ်ဖြင့် သင်ချစ်သား သိရဲ့လား"

"မှန်ပါ၊ တပည့်တော် သိကြောင်းပါ ဘုရား"

"ချစ်သား မောဂ္ဂလာန် ဤစကားကို စောင့်စည်းလော့၊ စောင့်စည်းလော့၊ မဂ်ဖိုလ်နှင့်ဖီလာဆန့်ကျင်ဖြစ်သော ဒေဝဒတ်သည် ဤကိစ္စတို့ကို မကြာမီ ကိုယ်တိုင်ပြုမူ ဆောင်ရွက်လိမ့်မည်"





ဗုဒ္ဓဘုရားရှင်သည် အရှင်မဟာမောဂ္ဂလာန်မထေရ်ကြီး လျှောက်ထားချက်ကို ကိုယ်တော်တိုင် သိတော်မူပြီး အရှင်ဒေဝဒတ် လုပ်ဆောင်မည့် အရာတို့ကို ကြိုတင်သိရှိတော်မူသည်။ ရှင်ဒေဝဒတ်နှင့် ပတ်သက်သည့် တရားဒေသနာတော်ကိုလည်း ဟောကြားတော်မူခဲ့သည်။

ထို့နောက် ဗုဒ္ဓဘုရားရှင် ကောသမ္ဗီပြည်မှ ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်သို့ ဒေသစာရီ ကြွချီတော်မူ၍ သီတင်းသုံးတော်မူသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား အဇာတသတ်မင်းသားဟာ အရှင်ဒေဝဒတ်ထံသို့ ရထားငါးရာဖြင့် မနက်တစ်ကြိမ် ညနေတစ်ကြိမ် သွားရောက် ဆည်းကပ်ကိုးကွယ်လျက် ရှိပါတယ် ဘုရား၊ ဒါပြင် ဆွမ်းချက်အိုး ငါးရာကိုလည်းနေ့စဉ် ပို့နေပါတယ် ဘုရား"

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဝေဠုဝန်ကျောင်းတော်သို့ ခရီးရောက်မဆိုက်ပင် များစွာသော ရဟန်းတို့က အရှင်ဒေဝဒတ်နှင့် ဆက်စပ်သမျှအကြောင်းချင်းရာတို့ကို လျှောက်ထားကြပြန်သည်။

"ရဟန်းတို့ ငှက်ပျောပင်တို့မည်သည် မိမိကိုယ်ကို သတ်ရန် အသီးသီးရ၏။ ဝါးပင်တို့မည်သည် မိမိကိုယ်ကို သတ်ရန် အသီးသီးရ၏။ ကျူပင်တို့မည်သည်လည်း မိမိကိုယ်ကို သတ်



www.burmeseclassic.com

www.burmeseclassic.com



ရန် အသီးသီးရပေ၏။ အဿတိုရ်မြင်းမသည်လည်း မိမိကိုယ်ကို သတ်ရန် ကိုယ်ဝန်ကို ဆောင်ရပေ၏။ ထိုနည်းတူစွာပင် အရှင်ဒေဝဒတ်၏ လာဘ်လာဘ ၊ သက္ကာရကျော်စောမှုသည် မိမိကိုယ်ကို သတ်ရန်၊ ဖျက်ဆီးရန် အကြောင်းပင် ဖြစ်ပေတော့၏”

ရဟန်းတို့ တင်ပြလျှောက်ထားသည့် အရှင်ဒေဝဒတ်၏ အကြောင်းအရာနှင့် ဆက်စပ်၍ ဗုဒ္ဓဘုရားရှင်သည် ရဟန်းတို့အား တရားဒေသနာတော် ဟောကြားတော်မူပြန်သည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တရားဒေသနာတော်ကြောင့် ရဟန်းပရိသတ်အားလုံးလည်း နားလည် သဘောပေါက်ခဲ့ကြ၏။ သို့အတွက် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ စကားတော်ကို အကြွင်းမဲ့ယုံကြည် မှတ်သားကြကာ အရှင်ဒေဝဒတ် ဘာများဖြစ်လာဦးမည်နည်းဟု ကြိုတင်တွက်ဆ တွေးတောနေမိကြလေသည်။

တစ်နေ့တွင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် များစွာသော ရဟန်းပရိသတ်များ ခြံရံလျက် မင်းနှင့်တကွသော တရားနာပရိသတ်တို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူလျက် ရှိသည်။ များစွာသော ပရိသတ်တို့တွင် အရှင်ဒေဝဒတ်လည်း ပါဝင်ခဲ့သည်။

အရှင်ဒေဝဒတ်ကား ဗုဒ္ဓဘုရားရှင်၏ တရားတော်ကို နာကြားရန် လာသူမဟုတ်ပေ။ သူ့အကြံအစည်နှင့်သူ ဗုဒ္ဓ





ရှင်တော်မြတ်ဘုရားထံသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ သို့အတွက် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တရားတော် ပြီးဆုံးသွားသည်နှင့် မည်သည့်တရားကို ဟောကြားသွားသည်ကိုပင် သိသူမဟုတ်ပေ။ သူကြံစည်ထားသည့်အတိုင်း ပြောရမည့်စကားတို့ကိုသာ တွေးတောစဉ်းစားနေမိ၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တရားတော် ပြီးဆုံးသည်နှင့် အရှင်ဒေဝဒတ်သည် ပရိသတ်အလယ် ထိုင်နေရာမှ ထလိုက်၏။ ပရိသတ်အားလုံး ထိုင်နေစဉ် အရှင်ဒေဝဒတ် ထလိုက်သည်မှာ ထူးခြားနေ၏။ သို့အတွက် ရဟန်းပရိသတ်၊ မင်းပရိသတ်၊ လူပရိသတ်အားလုံးတို့၏ မျက်လုံးအစုံတို့သည် အရှင်ဒေဝဒတ်ထံသို့ အလိုလို ရောက်ရှိသွားကြသည်။

အရှင်ဒေဝဒတ်ကမူ ပရိသတ်အားလုံး မည်သူ့ကိုမျှ ဂရုမစိုက်။ ဗုဒ္ဓဘုရားရှင် ရှိတော်မူရာဘက်သို့ မျက်နှာမူလိုက်သည်။ ထို့နောက် .....

“ရှင်ကြီး ဂေါတမ အရှင်ဘုရားဟာ အသက်အရွယ်အားဖြင့် အိုမင်းရင့်ရော်နေပါပြီ ဘုရား၊ သေမယ်ဆိုလည်း သေထိုက်တဲ့ နောက်ဆုံးအရွယ်သို့ပင် ရောက်ရှိနေပါပြီ”

“အရှင်ဘုရားရဲ့ ရှေ့ခရီး အသက်ထင်ရှားရှိစဉ် ချမ်းသာစွာ နေတော်မူပါတော့၊ နိုးရိမ်ကြောင့်ကြမဲ့နေတော်မူပါတော့ဘုရား”



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအတွက် တပည့်တော်ကို ရဟန်းသံဃာ အပေါင်းအား လွှဲအပ်တော်မူပါ၊ တပည့်တော်ကိုယ်တိုင်ပဲ ရဟန်းသံဃာအပေါင်းတို့အား ထိန်းသိမ်းစောင့်ရှောက် ခေါင်းဆောင်ပါ့မယ်ဘုရား"

အရှင်ဒေဝဒတ်က သူ့ဆန္ဒအတိုင်း ဗုဒ္ဓဘုရားရှင်အား လျှောက်ထားလိုက်သည်။ ရဟန်းပရိသတ်၊ မင်းပရိသတ်၊ လူပရိသတ်အားလုံးလည်း အရှင်ဒေဝဒတ်၏ လျှောက်ထားစကားကြောင့် များစွာ အံ့ဩသွား၏။ ပရိသတ်အားလုံး၏ စိတ်ဝယ် ရှင်ဒေဝဒတ်အပေါ် မကျေနပ်သည့် စကားများ ရင်ဝယ်ကိန်းအောင်းသွား၏။ သို့တိုင် ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို ရိုသေဂါရဝပြု၍ ပရိသတ်များထံမှ မည်သည့်အသံမျှ ထွက်မလာ။ ဗုဒ္ဓဘုရားရှင်ထံမှ အဘယ်သို့သော စကားတော်ပြန်လည် မိန့်ကြားမည်ကိုသာ အာရုံစိုက်၍ နားထောင်နေမိကြသည်။

"မသင့်တော်ပေဘူး ဒေဝဒတ်၊ ရဟန်းသံဃာတို့ကို ထိန်းသိမ်း စောင့်ရှောက်ဖို့၊ ခေါင်းဆောင်ဖို့ မမျှော်လင့်၊ မနှစ်သက်လေနဲ့ ဒေဝဒတ်၊ သင့်အတွက်သာ သင်အားထုတ်ဦးလော့"

ဗုဒ္ဓဘုရားရှင်သည် အရှင်ဒေဝဒတ်၏ လျှောက်ထားချက်ကို တားမြစ်ပယ်ချတော်မူလိုက်သည်။ သို့တိုင် အရှင်ဒေဝဒတ်က ဇွဲမလျှော့၊ ဒုတိယအကြိမ် ထပ်မံလျှောက်ထားပြန်၏။ ဗုဒ္ဓ





ဘုရားရှင်ကလည်း ခွင့်မပြု၊ ထပ်မံတားမြစ်တော်မူပြန်သည်။ အရှင်ဒေဝဒတ်က တတိယအကြိမ် ထပ်မံလျှောက်ထားလာသည့်အခါတွင်မူ...

"ဒေဝဒတ် ငါဘုရားသည် လက်ဝဲတော်ရံ၊ လက်ယာတော်ရံများဖြစ်တဲ့ သာရိပုတ္တရာနဲ့ မောဂ္ဂလာန်တို့ကိုပင် ရဟန်းသံဃာတို့အား လွှဲအပ်လိမ့်မည် မဟုတ်ပေ"

"ဒေဝဒတ် သင့်လို ထွေးထုတ် စွန့်ပစ်အပ်သော တံတွေးတို့အား ကောက်ယူစားသုံးသည့် ယုတ်မာသောသူကို ရဟန်းသံဃာတို့အား အဘယ်အကြောင်းကြောင့် ငါ လွှဲအပ်ရမှာလဲ"

ဗုဒ္ဓဘုရားရှင်က ဒေဝဒတ်အား ပြင်းထန်စွာပင် ပြစ်တင်ခြိမ်းခြောက်တော်မူလိုက်သည်။ ထိုအခါ ဒေဝဒတ်၏ မျက်နှာပြင် တစ်ခုလုံး နီရဲသွား၏။ သူ့စိတ်တွင်လည်း ဗုဒ္ဓဘုရားရှင်အပေါ် အမျက်ဒေါသဖြစ်စေခဲ့၏။ သို့အတွက် ရှက်ကိုးရှက်ကန်းနှင့်ပင် ပရိသတ်များအလယ်မှ လျင်မြန်စွာ သုတ်ခြေတင်၍ ထွက်ခွာသွားသည်။

အရှင်ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင်၏ စကားတော်ကို ကျေနပ်နှစ်ခြိုက်စွာ လက်ခံ၍ ထွက်ခွာလာသူ မဟုတ်။ ဒေါသစိတ် အဟုန်ကြောင့် ပေါက်ကွဲ ထွက်ပေါ်လာသည့် မကျေနပ်ချက်ကြောင့် ဗုဒ္ဓဘုရားရှင်အပေါ် ရှေးဦးပထမ ရန်ငြိုးဖွဲ့ကာ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီကာလတွင် ဗုဒ္ဓဘုရားရှင်သည် ရဟန်းတို့ကို အရှင်ဒေဝဒတ်အား ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် ပကာသနီယကံကို ပြုစေတော်မူသည်။ ယင်းကမ္မဝါစာဖြင့်ပင် ဘုရားရှင်၏ အမိန့်တော်ဖြင့် အရှင်ဒေဝဒတ်နှင့် ရာဇဂြိုဟ်မြို့သူမြို့သားများ သိစေရန် အရှင်သာရိပုတ္တရာ မထေရ်ကြီးအား တာဝန်ပေး စေခိုင်းတော်မူလိုက်သည်။

ဒေဝဒတ်နှင့် ပတ်သက်၍ သဒ္ဓါပညာ မရှိသော သူတို့က ဒေဝဒတ် လာဘ်လာဘ ပူဇော်သက္ကာရ များပြားသည်ကို မနာလိုဝန်တို၍ လုပ်သည်ဟု ဆိုကြသည်။ သဒ္ဓါပညာရှိသူတို့က မူ အရှင်ဒေဝဒတ်နှင့် မြို့သူမြို့သားများ သိအောင် ဆောင်ရွက်ချက်သည် မှန်ကန်သည်ဟု ဆိုကြသည်။

အရှင်သာရိပုတ္တရာ မထေရ်ကြီးကမူ ရဟန်းသံဃာ များစွာ ခြံရံလျက် ဗုဒ္ဓဘုရားရှင်၏ အမိန့်တော်အတိုင်း ဆောင်ရွက်ရန် ရာဇဂြိုဟ်မြို့တွင်းသို့ ကြွချီတော်မူလာခဲ့သည်။ အရှင် သာရိပုတ္တရာ မထေရ်ကြီးနှင့် ရဟန်းသံဃာများ ရာဇဂြိုဟ်မြို့တွင်းသို့ အချိန်အခါမဟုတ် ကြွချီတော်မူလာသဖြင့် မြို့သူမြို့သား အပေါင်းတို့လည်း အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြသည်။

“အလို... အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးနဲ့ ရဟန်းသံဃာတွေ မြို့တွင်းကို ဘယ်လိုအကြောင်းထူးနဲ့များ ကြွလာကြတာပါလိမ့်”





“အင်း... ဆွမ်းခံချိန်လည်း မဟုတ်၊ ပင့်ဖိတ်ထားတဲ့ အိမ်လည်း မရှိဘဲ ကြွလာပုံအကြောင်းတော့ ထူးတာ သေချာပြီ”

“ဟုတ်တယ် တို့ သွားကြည့်ကြရအောင်”

မြို့သူမြို့သားများလည်း ရှင်သာရိပုတ္တရာ မထေရ်ကြီးတို့ အနီး၌ တဖြည်းဖြည်း စုရုံး ရောက်ရှိလာကြသည်။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်ကြီးကပင် စတင်၍ စကား ဆိုတော်မူ၏။

“အို.. မြို့သူမြို့သား ဒကာ၊ ဒကာမအပေါင်းတို့ ရှေးယခင်က ဒေဝဒတ်နှင့် ယခု ဒေဝဒတ်ကား မတူတော့ပြီ။ ပြောဆိုပြုမူ နေထိုင်ပုံ အကျင့်တို့လည်း ပြောင်းလဲ သွားပေပြီ ဒကာ၊ ဒကာမအပေါင်းတို့”

“ပြုမူပြောဆိုနေထိုင်ပုံ အကျင့် ပြောင်းလဲသွားသည့် ဒေဝဒတ်ကား ဤအမှုအကျင့်တို့ကို နှုတ်နှင့်ဖြစ်စေ၊ ကိုယ်နှင့်ဖြစ်စေ ပြုကျင့်ရာ၏”

“ဤသည်ကို ရဟန်းပရိသတ်၊ လူပရိသတ် ဒကာ၊ ဒကာမအပေါင်းတို့က ဒေဝဒတ်အား ဘုရားဟူ၍လည်း ကောင်း၊ တရားတော်ဟူ၍လည်းကောင်း၊ သံဃာဟူ၍ လည်းကောင်း မမှတ်ယူရ၊ အသိအမှတ် မပြုရ၊ ဒေဝဒတ်ဟူ၍ မှတ်ယူကြရမည်”



www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာ မထေရ်ကြီး၏ စကားတော်ကြောင့် မြို့သူမြို့သားအပေါင်းတို့သည် အရှင်ဒေဝဒတ်မှသည် ဒေဝဒတ်အဖြစ်သို့ ပြောင်းလဲမြင်လိုက်ကြသည်။ သဒ္ဓါပညာတရားချို့တဲ့ ခေါင်းပါးသူတို့ကမူ သာကီဝင်မင်းသား ရဟန်း အချင်းချင်း ဤရွံ့ဤမျှအထိ မပြုထိုက်ဟု ဗုဒ္ဓဘုရားရှင်ကိုပင် ဝေဖန်ကဲ့ရဲ့ ပြစ်တင်ကြသည်။

မည်သို့ဖြစ်စေ ပကာသနီယကံ အပြည့်အစုံ ပြုအပ်ပြီးသည်နှင့် အရှင်ဒေဝဒတ်မှသည် ဒေဝဒတ်ဘဝသို့ ရောက်ရှိသွားလေတော့၏။

"ဟင်... ရှင်ကြီးဂေါတမနဲ့ တပည့်တွေက ငါ့ကို သံဃာအဖြစ်က စွန့်ပယ်လိုက်ကြပြီကိုး၊ ရဟန်းသံဃာတွေအားလုံးက ငါ့ကို ဝိုင်းပယ်ရုံတင် မဟုတ်ဘူး။ ရာဇဂြိုဟ်မြို့သူမြို့သား ဒကာ၊ ဒကာမတွေကိုတောင် သံဃာအဖြစ် အသိအမှတ် မပြုဖို့ လူအများရှေ့မှာ ပြောနေပါပေါ့လား"

"ဒါ... ဒါ ငါ့ကို သက်သက်အရှက်ခွဲတာ၊ သင်းတို့က သံဃာအဖြစ် အသိအမှတ် မပြုတော့ ဘာဖြစ်တုန်း၊ ငါ့ကို ဆရာတင်မယ့်သူ ကိုးကွယ်မယ့်သူ အရံသင့် ရှိပြီးသားပဲ"

"ရှင်ကြီးဂေါတမက ငါ့ကို စွန့်ပယ်မှတော့ ရှင်ကြီးဂေါတမရဲ့ အကျိုးစီးပွားမဲ့အောင် ငါက ပြန်လည် တုန့်ပြန်ရတော့မှာပေါ့"





အရှင်ဒေဝဒတ်မှသည် ဒေဝဒတ်ဘဝသို့ ရောက်ရှိသွားသည်နှင့်ပင် စတင် ရန်ငြိုးဖွဲ့သည်။ သို့အတွက် ဒေဝဒတ်က သူ၏ တပည့်ရင်း အဇာတသတ်မင်းသားထံသို့ သုတ်ခြေတင်လေတော့သည်။

"အလို... ဆရာဒေဝဒတ်ပါလား၊ ဒီတစ်ခါ ဈာန်နဲ့ ကြွမလာဘဲ ခြေလျင် ကြွလာပါလား။ ရေးကြီးသုတ်ပျာနဲ့ ဘယ်လိုအကြောင်းထူးများ ရှိလို့လဲ ဆရာဒေဝဒတ်ရဲ့"

"အသင်မင်းသား အာလာပသလ္လာပ အခြားစကားတွေကို မဆိုလင့်၊ အလွန် အရေးကြီးတဲ့ စကားကို အသင်မင်းသားနှင့်ငါ နှစ်ယောက်ထဲ ပြောချင်တယ်"

ဒေဝဒတ်သည် သူ၏ ဖြစ်ပျက်လာသမျှ အကြောင်းများနှင့် ဈာန်လျှောလာသည်ကို လျှို့ဝှက်၍ သူ့အကြံအစည်ကို အကောင်အထည်ဖော်နိုင်ရန် အဇာတသတ်မင်းသားအား ပြောပြလိုက်သည်။ အရိပ်ပြလျှင် အကောင်ထင်တတ်သည့် တပည့်ကျော် အဇာတသတ်မင်းသားကလည်း သက်တော်စောင့် စစ်သည်ဗိုလ်ပါများအား မျက်နှာရိပ်မျက်နှာကဲ ပြလိုက်သည်။ မကြာမီအချိန်အတွင်း သူ၏ သက်တော်စောင့်များ အနီးအပါးမှ ထွက်ခွာသွားကြသည်။ ထိုအခါ ဒေဝဒတ်သည် အဇာတသတ်မင်းသား၏ အိမ်တော်မှ တံခါးများကို သူကိုယ်တိုင်ပင် လုံခြုံစွာ ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အသင်မင်းသား အသင်မင်းသားရဲ့ ဖခမည်းတော်ဟာ အသက်အရွယ် ငယ်ရွယ်နုပျိုသေးတယ်နော်"

"အမှန်ပါပဲ ဆရာဒေဝဒတ်"

"အဲဒီတော့ တော်တော်နဲ့ သေဦးမှာ မဟုတ်သေးဘူး"

"ဘာကို ဆိုလိုတာလဲ ဆရာဒေဝဒတ်ရဲ့ ရှင်းရှင်းပြောပါ"

"ဒီလို အသင်မင်းသားရဲ့ ဟိုဟိုရှေးက လူတွေဟာ အသချေ်ယတမ်း၊ တစ်သိန်းတမ်း၊ တစ်သောင်းတမ်း စသည်ဖြင့် အသက်ရှည်ကြတယ်။ အခုချိန်မှာ လူ့အသက်က တစ်ရာတမ်းပဲ ရှိတယ်ဆိုတော့ အသင်မင်းသားဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘုရင်မဖြစ်ဘဲ သေသွားနိုင်တယ်"

"အို... ဆရာဒေဝဒတ်ရယ်၊ မပြောကောင်းပြောကောင်း"

"ပြောကောင်းတယ် အသင်မင်းသား၊ ပြောကောင်းတယ် သက်တမ်းကုန်မှ သေတဲ့လူ ရှိသလို သက်တမ်းမစေ့ခင် ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားသူတွေ တပုံကြီး ရှိတယ်။ အသင်မင်းသားသာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားရင် မင်းစည်းစိမ်၊ နန်းစည်းစိမ်ကို ခံစားလိုက်ရမှာ မဟုတ်ဘူး ကျွတ်... ကျွတ်"

ဒေဝဒတ်သည် သူ့အကြံအစည်ကို အကောင်အထည်ဖော်ရန်အတွက် အဇာတသတ်မင်းသားအား သေမင်းနှင့် ခြောက်၍ မင်းစည်းစိမ်၊ နန်းစည်းစိမ်နှင့် စည်းရုံးလှုံ့ဆော်လိုက်သည်။





အများအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိသော အဇာတသတ်မင်းသားခမျာ ဒေဝဒတ်၏ စည်းရုံးမှုနောက်ဝယ် ကောက်ကောက်ပါသွား၏။

"မှန်လိုက်တာ ဆရာဒေဝဒတ်ရယ်၊ အဲဒီတော့ တပည့်တော် ဘုရင်ဖြစ်ဖို့ ဘယ်လိုများ လုပ်ရပါမလဲဆရာဒေဝဒတ်၊ အကြံဉာဏ် ပေးပါဦး"

"ဒီကိစ္စက ရှင်းရှင်းလေးပါ အသင်မင်းသားရဲ့၊ သင် ရဲ့ ဖခမည်းတော်မင်းကြီး သေမှ အသင်က ဘုရင်ဖြစ်မှာ မဟုတ်လား၊ အဲဒီတော့"

"အမိန့်ရှိပါ ဆရာဒေဝဒတ်"

"အသင်မင်းသား ဘုရင်ဖြစ်ဖို့အတွက် သင့်ရဲ့ ဖခမည်းတော်ကို သတ်ပြီး မင်းပြုလော့"

"ဆရာဒေဝဒတ်ကရော ..."

"ငါကလည်း ဘုရားဖြစ်ဖို့အတွက် ရှင်ကြီးဂေါတမကို သတ်ပြီး ဘုရားလုပ်မှာပေါ့ အသင်မင်းသားရဲ့ ဟား...ဟား"

ဒေဝဒတ်နှင့် အဇာတသတ်မင်းသားတို့၏ တီးတိုးဆွေးနွေးမှုကား အချိန်တိုတိုနှင့်ပင် ပြီးဆုံးသွား၏။ ဉာဏ်ပညာမဲ့၍ ဆရာတင်မှားသူ အဇာတသတ်မင်းသားကလည်း ဒေဝဒတ်ခိုင်းသည့်အတိုင်း ဆောင်ရွက်ရန် အသင့်ပင်ဖြစ်သည်။ သို့အတွက် အဇာတသတ်မင်းသားသည် သန်လျက်ကို ပေါင်ကြား



www.burmeseclassic.com

www.burmeseclassic.com

ဝှက်၍ နေ့ခင်းအချိန်၌ပင် မင်းကြီး၏ အိပ်ခန်းဆောင်သို့ သွားသည်။

"အသင်မင်းသား ခေတ္တ ရပ်ပါဦး ကျွန်တော်မျိုးတို့ အသင်မင်းသားအား ရှာဖွေပါရစေဦး"

မင်းကြီး၏ သက်တော်စောင့်များလည်း ပြောပြောဆိုဆို နှင့် အဇာတသတ်မင်းသား၏ ကိုယ်အား ရှာဖွေကြ၏။ ထိုစဉ် အကြံသမား အဇာတသတ်မင်းသားသည် ကြောက်ကြောက်လန့် လန့်နှင့် ရှန်းကန်၏။ ထိုစဉ် အဇာတသတ်မင်းသား ဝှက်ယူလာ သည့်သန်လျက်သည် ဝတ်လဲတော်ပုဆိုးကြားမှ ထွက်ကျလာ ၏။

"ဟာ... သန်လျက်ပါလား"

"အသင်မင်းသား ရပ်လော့"

"အောင်မယ် ရာရာစစ၊ ဘုရင့်သား အိမ်ရှေ့မင်းသား ကိုများ သင်တို့က အမိန့်ပေးနေကြတာလား"

"မင်းကြီး၏ အသက်အန္တရာယ် ထိပါးမည်စိုး၍ အမိန့် ပေးရခြင်း ဖြစ်ပါတယ်။ အသင်မင်းသား သည်းခံတော်မူပါ"

"ကောင်းပြီ မောင်မင်းတို့ ဘာသိချင်သေး မေးကြ"

"မှန်ပါ အသင်မင်းသား မင်းကြီးရဲ့ အိပ်ဆောင်တော် ကို သန်လျက်တော် ဝှက်ပြီး ဘာလို့ လာရတာလဲ အသင် မင်းသား"





"ခမည်းတော်ကို သတ်မလို့၊ ခမည်းတော်ကို သတ်ပြီး ဘုရင်လုပ်မလို့၊ ဒါပဲလား ဘာယ်သူက ခိုင်းတာလဲ ဆိုတာ သိ ချင်သေးလား၊ သိချင်ရင် ပြောမယ်၊ ငါ့ဆရာ ဒေဝဒတ်က ခိုင်း တာ၊ ကဲ... ရှင်းပြီလား"

အဇာတသတ်မင်းသားသည် မင်းကြီး၏ သက်တော် စောင့်များ စစ်ဆေးမေးမြန်းသည်ကို မလိမ်မညာ၊ မကွယ်မဝှက် အဖြောင့်ပင် ဝန်ခံလိုက်သည်။ ထိုအခါ မင်းကြီး၏ သက်တော် စောင့်များလည်း အဇာတသတ်မင်းသားအား ဖမ်း၍ ဗိမ္ဗိသာရ မင်းကြီးထံ ပို့ဆက်၍ အကြောင်းစုံ လျှောက်ထားကြသည်။

"ချစ်သား ဖခမည်းတော်ကို ဘာလို့ သတ်ချင်တာလဲ"

"မင်းစည်းစိမ် ခံစားချင်၍ သတ်လိုခြင်း ဖြစ်ပါတယ် ဖခမည်းတော်"

ဗိမ္ဗိသာရမင်းကြီးသည် သားတော် အဇာတသတ်၏ မှသားမပါ ရိုးရှင်းစွာ ဝန်ခံပြောကြားသည်ကို သဘောကျ၍ ပြုံးတော်မူလိုက်သည်။

"သားတော်၊ သားတော်ကို ဖခမည်းတော် မွေးခြင်းဟာ မင်းစည်းစိမ်ကို ပေးလို၍ မွေးခြင်း ဖြစ်ပေတယ်။ ဒီအတွက် မစိုးရိမ်လင့် သားတော် မင်းစည်းစိမ်ကို ခံစားစေရမယ်၊ ဘုရင် ဖြစ်စေရမယ် ဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း မကြာမီ အချိန်အတွင်း၌ပင် အရေးပေါ် ညီလာခံကို ခေါ်ယူလိုက်သည်။ ထို့နောက်သားတော်အဇာတသတ်မင်းသားအား လိုလားသည့် မှူးမတ် စစ်သည်ဗိုလ်ပါများနှင့်တကွ မင်းအဖြစ်ကို ပေးအပ်လိုက်သည်။

အဇာတသတ်မင်းသားလည်း မင်းအဖြစ်ကို ရသည်နှင့် သူ့ဆရာဖြစ်သူ ဒေဝဒတ်ထံသို့ သွား၏။

"ဆရာဒေဝဒတ် အကျွန်ုပ်၏ ကိစ္စကား ပြီးမြောက်ခဲ့ပါပြီ၊ အရှင့်ကိစ္စသာ ကျန်ပါတော့တယ်"

ဒေဝဒတ်သည် အဇာတသတ်မင်း၏ လျှောက်ထားချက်ကို ပြန်လည် တုန့်ပြန်ခြင်း မပြု ဆိတ်ဆိတ်သာနေ၏။ သုံးလေးရက်ခန့် အကြံထုတ် စဉ်းစားပြီးမှ အဇာတသတ်မင်းထံသို့ သွား၏။ ထို့နောက် လူသူကင်းရှင်းရာသို့ အဇာတသတ်မင်းအား ခေါ်ယူလိုက်၏။

"ဒကာတော်မင်းသား အသင်ဟာ မြွေပွေးကို ခါးပိုက်ဆောင်ထားသူနှင့် တူပေတယ်"

"ဘာ... ဘာဖြစ်လို့လဲ ဆရာဒေဝဒတ်"

"အသင်မင်းသားဟာ ကိုယ့်အမှုကိစ္စ မပြီးဘဲ ပြီးတယ်လို့ ထင်မှတ်နေတာကိုး၊ ရှင်းရှင်းပြောရရင် အသင့်ဖခမည်းတော်ဟာ တစ်နေ့ အသင်မင်းသားဆီက မင်းစည်းစိမ်ကို ပြန်မလုဘူးလို့ အာမခံပြောနိုင်သလား အသင်မင်းသားရဲ့"





"ဒီလိုဆို အကျွန်ုပ် ဘယ်လိုလုပ်ရမလဲ ဆရာဒေဝဒတ်"

"ညောင်ပင်ခုတ်ရင် ညောင်မြစ်ပါမကျန် တူးမှပေါ့၊ အသင်မင်းသားရဲ့၊ ရန်သူကို အဆုံးစီရင်မှ အသင်မင်းသားအတွက် စိတ်ချရပေမပေါ့"

"ဓားနဲ့သတ်လို့ သတ်... သတ်ထိုက်ပါ့မလား ဆရာဒေဝဒတ်ရယ်၊ အပြစ်ကြီးထိုက်နေပါဦးမယ်"

"အို အသင်မင်းသားရယ် ဓားနဲ့ သတ်ဖို့ မလိုပါဘူး။ အသင့်ရဲ့ ဖခမည်းတော်ကို ထောင်သွင်းအကျဉ်းချ၊ အစာငတ်ရေငတ်ထားပြီး သတ်လိုက်ပေါ့၊ ဒါဆို အသင်မင်းသားမှာလည်း အပြစ်မသင့်တော့ဘူး"

အဇာတသတ်မင်းသားလည်း ဒေဝဒတ်၏ အကြံပေးမှုကို ကျေနပ်စွာ လက်ခံသဘောတူလိုက်သည်။ ထို့အတွက် အဇာတသတ် မင်းသားသည် နန်းရင်ပြင်ရှိ ရာဇပလ္လင်ထက်မှ ဖွဲ့နေ့ခွဲကာ နန်းကျဘုရင် ဗိမ္ဗိသာရမင်းကြီးအား ထောင်သွင်းအကျဉ်းချ၍ အစာငတ် ရေငတ် ထားရှိရန် အမိန့်တော် မှတ်လိုက်သည်။

သို့သော် အဇာတသတ်မင်း၏ မယ်တော် ဝေဒေဟီမိဖုရားကြီးကမူ ဗိမ္ဗိသာရမင်းကြီးအတွက် စားတော်များကို ဆက်မြဲဆက်လျက် ရှိ၏။ ဤအကြောင်းချင်းရာများကို အဇာတသတ်မင်း သိသည့်အခါ မိဖုရားကြီး၏ ခန္ဓာကိုယ်အနှံ့ကို



www.burmeseclassic.com

www.burmeseclassic.com

ရှာဖွေစေပြီးမှ ဗိမ္ဗိသာရမင်းကြီးထံ ဝင်ခွင့်ပြုတော့သည်။ နောက်ဆုံးတွင်မူ ဗိမ္ဗိသာရမင်းကြီးထံသို့ ဝေဒေဟီမိဖုရားကြီးအား လုံးဝ ဖူးမြော်ခွင့် မပြုရန်ပင် အမိန့်တော် ချမှတ်လိုက်သည်။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးမှာ အစာရေစာ လုံးဝ မရတော့သဖြင့် ရရှိပြီးဖြစ်သည့် သောတာပတ္တိဖလသမာပတ်ကို ဝင်စား၍ စင်္ကြံလျှောက်နေရရှာသည်။

အဇာတသတ်မင်းမိုက်ကား ဗိမ္ဗိသာရမင်းကြီး သေမသေ စစ်မေးနေရင်း စင်္ကြံလျှောက်ခွင့်ရ၍ မသေကြောင်း သိသည့်အခါတွင်မူ မင်းကြီး၏ ခြေထောက်ကို ထိပ်တုံးခပ်လျက် ဖဝါးကို ဓားဖြင့် အထပ်ထပ်မွှန်းကာ ဆားပက်၍ မီးကင်ရန် အာဏာသားများအား အမိန့်တော်မှတ်ပြန်သည်။

အာဏာသားများလည်း အဇာတသတ်မင်း၏ အမိန့်အတိုင်း ဗိမ္ဗိသာရမင်းကြီးအား ရက်စက်စွာ ဆောင်ရွက်ကြ ရာ မင်းကြီးခမျာ ပြင်းစွာသော ဝေဒနာကို ခံစားလျက် နတ်ရွာစံရရှာလေသည်။

* * *

"အရှင်မင်းကြီး ရွှေနားပန်ဆင်တော်မူပါဘုရား၊ အရှင်၏ မိဖုရားကြီး ဥဒယဘဒ္ဒဒေဝီမှ သားတော် ရတနာ ထီးညွှန့်နန်းလျာကို ဖွားမြင်တော်မူကြောင်းပါဘုရား"





"သားတော် သားတော်လေးဟုတ်လား အမတ်မင်းတို့ ဝမ်းမြောက်ဝမ်းသာ ရှိပါဘိတော့ အမတ်မင်းတို့ရယ်"

အဇာတသတ်မင်းကြီးအား မှူးကြီးမတ်ရာတို့မှ မိဖုရားကြီး ဥဒယဘဒ္ဒဒေဝီမှ သားရတနာ ဖွားမြင်ကြောင်း အသိပေးလျှောက်ထားကြသည်။ မင်းကြီးလည်း သားဦးရတနာ ဖွားမြင်၍ များစွာပီတိ ဖြစ်နေမိသည်။ ထိုစဉ် ဝေဒေဟီ မယ်တော်မိဖုရားကြီးသည် မြေးတော်လေးအား ချစ်ခင် ယုယစွာ ပိုက်ထွေးလျက် သားတော် အဇာတသတ်ရှိရာသို့ ရောက်ရှိလာသည်။

"အို ... သားတော်လေးက တစ်တုံးတစ်ခဲကြီးပါလား ချစ်စရာကောင်းလိုက်တာ မယ်မယ်ရယ်"

မယ်တော် မိဖုရားကြီး လက်မှ သားတော်လေးအား အဇာတသတ်မင်းကြီး ကြည့်ရင်း သူ၏ သားတော်လေးအပေါ် ချစ်ခြင်းများစွာ ဖြစ်မိ၏။

"မယ်မယ် ... သားတော်မွေးတုန်းက ဖခမည်းတော်က ချစ်ရဲ့လားဟင်"

"ဟယ် ... သားယုတ်သားမိုက် သင့်ဖခမည်းတော်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ သင် မနှိုင်းယှဉ်နဲ့"

"ဘာဖြစ်လို့လဲ မယ်မယ်"

"သင့်ရဲ့ ချစ်ခြင်းမေတ္တာဟာ အတုမရှိသာ ဖြစ်တယ်၊ သင့်ရဲ့ သားတော်လေး မွေးလို့ သင့်မှာ ဘာအန္တရာယ်မှလည်း



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ခဲ့ဘူး။ ဒီသားတော်လေးအတွက် သင်လည်း ဘာဒုက္ခမှ မခံစားခဲ့ရဘူး၊ သင့်ကို သန္ဓေတည်စဉ်က ချင်ချင်းအရ မောင်တော်ဘုရားရဲ့ လက်မောင်းသွေးကိုလည်း ဖောက်တိုက်ခဲ့ရတယ်၊ အဖသတ်မယ့်သားလို့ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေက အတပ်ဟောပေမယ့် သင့်ကို အသက်ရှင်အောင် မွေးခဲ့တယ်၊ သင်ငယ်ငယ်က လက်မှာ ရှုနာပေါက်တော့ သင့်ရဲ့ ဖခမည်းတော်ဟာ ပါးစပ်နဲ့ငုံပြီး မျိုချခဲ့တယ်"

"ဖခမည်းတော်က သားတော်ကို ဒီလောက်အထိ ချစ်သလား မယ်မယ်ရယ်"

"မယ်ဘုရား ပြောတာက လိုမယ်ထင်တယ်၊ ဒီထက်တောင် ပိုလိမ့်မယ် သားယုတ်ရဲ့၊ ကျေးဇူးရှင် မွေးသဖခင်ကို သင်မို့ ရက်ရက်စက်စက် ပြုတယ်"

ဝေဒေဟီမိဖုရားကြီးလည်း အခွင့်သာခိုက် လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောရင်း ငိုလိုက်သည်။ မယ်တော် မိဖုရားကြီး၏ စကားတော်ကြောင့် အဇာတသတ်မင်းကြီးလည်း အရုပ်ကြိုးပြတ်ပင် ထိုင်ချလိုက်သည်။ ထို့နောက် မယ်တော် မိဖုရားကြီး၏ ခြေအစုံတို့ကို ထိကိုင်လျက် တောင်းပန်စကား ဆိုသည်။

"မယ်မယ် သားတော် မှားပါပြီ မယ်မယ်ရယ်"

ထိုစဉ် မင်းချင်းလုလင်တစ်ဦးက ဗိမ္ဗိသာရမင်းကြီး ကံတော်ကုန်၍ နတ်ရွာစံပြီဖြစ်ကြောင်း အဇာတသတ်မင်းကြီး





အား လျှောက်ထားလိုက်သည်။ ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံသည့် သတင်းကို ဝေဒေဟီ မိဖုရားကြီး ကြားလိုက်ရသည်နှင့် အပူလုံးဆို့ကာ မတ်တတ်မှ လဲကျသွား၏။

"ငါ မှားပြီ မပြစ်မှားထိုက်သူကို ပြစ်မှားမိပြီ"

အဇာတသတ်မင်းကြီးမှာ ကျေးဇူးရှင် မွေးသဖခင်အား ပြစ်မှားမိ၍ ဆောက်တည်ရာမရ ဖြစ်သွားသည်။ လှုမိုက် နောင်တ နောက်မှရလေပြီ။ သို့အတွက် သူ၏ ဆရာဖြစ်သော ဒေဝဒတ်ထံသို့ သွားရောက်၍ စိတ်နှလုံး မသာမယာဖြင့် အသိပေး ပြောကြားသည်။

"ဆရာဒေဝဒတ် ဖခမည်းတော် နတ်ရွာစံလို့ ကံတော်ကုန်ရှာပါပြီ၊ အကျွန်ုပ်မှာ အပြစ်ကြီး ဖြစ်ပါတော့မယ် ကယ်ပါဦး"

"အို... အသင်မင်းသား မစိုးရိမ်လင့်၊ သင့်ရဲ့ ဖခမည်းတော်ကို သင်ကိုယ်တိုင် မသတ်ဘူးဆိုရင် သင့်မှာ အပြစ်မရှိဘူး။ သတ်တဲ့သူမှာလည်း အပြစ်မထိုက်ဘူး။ အမိန့်က သေစေအောင် ပြုတဲ့ ဓားမှာသာ အပြစ်ထိုက်ပေတယ်"

အဇာတသတ်မင်းကြီးမှာ ကံကြီးထိုက်မည်ကို စိုးရိမ်ထိတ်လန့်၍ ကြောက်ကြောက်လန့်လန့်နှင့် လျှောက်ထားသည်ကို ဒေဝဒတ်က ပရိယာယ်စကားဖြင့် ဖြေဖျောက်ပြောကြားလိုက်သဖြင့် မင်းကြီးမှာ ခေတ္တ စိတ်သက်သာရာ ရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဒေဝဒတ်ရဲ့ စကားကို ကြားရတာ အကျွန်ုပ်အားတက်မိပါတယ်။ ဖခမည်းတော်ကို သတ်လို့ အကျွန်ုပ်မှာ အပြစ်မဖြစ်ဘူးဆိုရင် ဆရာဒေဝဒတ် ခိုင်းစေတဲ့အတိုင်း တာဝန်ကျေအောင် ဆောင်ရွက်ပြီးပါပြီ။ ဆရာဒေဝဒတ်ရဲ့ ကိစ္စပဲ ကျန်တော့တယ်"

"မှန်ပေတယ် အသင်မင်းကြီး၊ ငါ့ကတိအတိုင်း ယောက်ဖတော် ရှင်ကြီးဂေါတမကို လုပ်ကြံသတ်ဖြတ်ဖို့ သူရသတ္တိနဲ့ ပြည့်စုံတဲ့ လေးသည်တော် သုံးကျိပ် လွှတ်ပေးလော့"

"ကောင်းပါပြီ ဆရာဒေဝဒတ်"

အဇာတသတ်မင်းကြီးလည်း ဆရာဒေဝဒတ်အား အရိုအသေပြု၍ နန်းတော်သို့ပြန်သည်။ ထို့နောက် မှာကြားသည့်အတိုင်း လေးသည်တော်သုံးကျိပ်တို့အား ဒေဝဒတ်ထံသို့ ပို့လွှတ်သည်။ ဒေဝဒတ်သည် ရောက်ရှိလာသည့် လေးသည်တော်တို့အား သူ့အစီအစဉ်ဖြင့် ပထမဦးဆုံးသော လေးသမားက ဗုဒ္ဓဘုရားရှင်ကို လေးနှင့် ပစ်လွှတ်၍ သေစေကာ ကျန်လူတို့ကို အချင်းချင်း ပြန်သတ်စေရန် စီမံပေးလိုက်သည်။

ဒေဝဒတ်ကမူ ဘုရားရှင်အား လုပ်ကြံရန် လေးသမားများ ထွက်ခွာသွားသည့်အခါတွင်မူ တစ်ဦးတည်း ရယ်မောလျက် ကျန်ရစ်ခဲ့သည်။

"ဟား ... ဟား ရှင်ကြီးဂေါတမကို ငါသတ်တာလို့ ဘယ်သူ ပြောနိုင်တော့မလဲ ဟား ... ဟား"





လေးသမားများကမူ ဒေဝဒတ်၏ အစီအစဉ်ကို မသိသဖြင့် ဗုဒ္ဓဘုရားရှင်အား သွားရောက်လုပ်ကြံကြသည်။ ရှေးဦးစွာ ပထမဦးဆုံး လေးသည်တော်ကသည် ဗုဒ္ဓဘုရားရှင်အား မနီးမဝေးမှ မြားနှင့်ချိန်၍ လုပ်ကြံလေသည်။ သို့သော် လေးသည်တော် ပစ်လွှတ်သော မြားသည် ဗုဒ္ဓဘုရားရှင်ထံသို့ မရောက်ဘဲ လမ်းခုလတ်၌ ပျောက်ကွယ်သွားသည်။

"အလို ... ငါပစ်လွှတ်လိုက်တဲ့ မြားတွေဟာ ဘုရားရှင်ထံ မရောက်ဘဲ လမ်းမှာ ပျောက်ပျောက်သွားပါလား"

ထိုမှစ၍ ရှေးဦးပထမ လေးသည်တော် အပါအဝင် သုံးကျိပ်သော လေးသည်တော်တို့သည် ဗုဒ္ဓဘုရားရှင်၏ ဥပါသကာများ ဖြစ်သွားကြသည်။ ဤအကြောင်းချင်းရာတို့ကို ဒေဝဒတ်သိသည့်အခါ အမျက်ဒေါသခြောင်းခြောင်း ထွက်သွား၏။ သို့အတွက် ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင်အား သူကိုယ်တိုင် လုပ်ကြံရန် ဆုံးဖြတ်လိုက်သည်။

ကာစ်နေ့တွင် ဗုဒ္ဓဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်ခြေတွင် အပြန်ပြန်အလှန်လှန် စင်္ကြံလျှောက်တော်မူလျက် ရှိသည်။ ယင်းအချက်ကို အခွင့်ကောင်းယူ၍ ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်၍ ကျောက်တုံးကြီးတစ်တုံးကို စနစ်တကျ ကျောက်မောင်းဆင်၍ ဗုဒ္ဓဘုရားရှင်ရှိရာသို့ လိမ့်ချလိုက်သည်။ ထိုစဉ် ကျောက်တောင်ထွဋ်နှစ်လုံးသည် အလို



www.burmeseclassic.com

www.burmeseclassic.com

အလျောက် ပေါ်လာပြီး ဒေဝဒတ် လိမ့်ချလိုက်သည့် ကျောက်တုံးကြီးကို ခံထားလိုက်သဖြင့် ဘုရားရှင်ထံသို့ မရောက်ဘဲ ဖြစ်သွားသည်။ သို့သော် ကျောက်တုံးမှ လွင့်စင်လာသည့် ကျောက်လွှာပဲ့သည် ဗုဒ္ဓဘုရားရှင်အား သွေးစိမ်းတည်စေသည်။

“ဒေဝဒတ် သင်သည်ကား ငါဘုရားအား သတ်လိုစိတ်ဖြင့် ပြစ်မှား၍ သွေးစိမ်းတည်စေခဲ့ပြီ၊ သင်ကား ကြီးစွာသော မကောင်းမှုကို ပြုအပ်ပြီ”

ဗုဒ္ဓဘုရားရှင်သည် ကျောက်တုံးကြီးကျ၍ ခြေမတော်တွင် သွေးစိမ်းတည်ပြီးသည့်အခါ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဒေဝဒတ်ကို မိန့်တော်မူလိုက်၏။ ထိုနည်းတူစွာပင် ဗုဒ္ဓဘုရားရှင်သည် စုရုံး ရောက်ရှိလာသည့် ရဟန်းသံဃာတို့အား ထပ်မံ၍ မိန့်တော်မူပြန်၏။

“ရဟန်းတို့ ဒေဝဒတ်သည် ငါဘုရားကို သတ်လိုသည့်စိတ်ဖြင့် ပြစ်မှား၍ သွေးစိမ်းတည်အောင် ပြုသဖြင့် ရှေးဦးပထမ အနန္တရိယကံကြီးကို ပြုအပ်ပေပြီ”

* * *

“အင်း... ရှင်ကြီးဂေါတမကတော့ တယ်ပြီး အသက်ပြင်းပါလား၊ ငါ ဘယ်လို လုပ်ကြံလုပ်ကြံ သေမှာမဟုတ်ဘူး။ ရှင်ကြီး ဂေါတမ သေအောင် ငါဘယ်လို လုပ်ရပါ့မလဲ”





ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင် သက်ရှင်ကျန်းမာစွာဖြင့် နေရသည်ကို မနှစ်မြို့ပေ။ သို့အတွက် ဗုဒ္ဓဘုရားရှင်အား သေကြောင်းကြံရန် အမြဲ ထာဝရသာ စဉ်းစားနေမိသည်။

“ရှင်ကြီးဂေါတမကို သာမန်လူတွေ သတ်လို့ လုပ်ကြံလို့တော့ သေမှာ မဟုတ်ဘူး။ ရှင်ကြီးဂေါတမ သေအောင် ငါ ဘယ်လိုသတ်ရင် ကောင်းမလဲ”

“ဟာ... ဟုတ်ပြီ အဇာတသတ်မင်းရဲ့ နာဠာဂီရိဆင်ကြီးဟာ အလွန် ကြမ်းတမ်းစွာနဲ့ လူတွေကို သတ်တယ်၊ ဘုရားတရား၊ သံဃာဆိုတာ နကန်းတစ်လုံးမှ သိတာ မဟုတ်ဘူး။ နာဠာဂီရိ ဆင်ကြမ်းကြီးနဲ့မှ ရှင်ကြီးဂေါတမကို သတ်နိုင်မှာ”

ဗုဒ္ဓဘုရားရှင်အား လုပ်ကြံသတ်ဖြတ်ရန် အမြဲ ကြံစည်နေသည့် ဒေဝဒတ်၏စိတ်တွင် အဇာတသတ်မင်း၏ နာဠာဂီရိဆင်ကြမ်းကို မြင်မိ၏။ ဗုဒ္ဓဘုရားရှင်အား ယင်းနာဠာဂီရိဆင်ကြီးကသာ သတ်နိုင်လိမ့်မည်ဟုလည်း တွေးထင်မိသည်။ သူ၏ အတွေးစိတ် အကြံအတိုင်း အကောင်အထည်ဖော်ရန် အဇာတသတ်မင်းထံသို့ သွားရောက် ပြောကြား၏။ ဒေဝဒတ်၏ အကြံကို အဇာတသတ်မင်းက လွယ်ကူစွာပင် လက်ခံလိုက်သည်။

ထို့နောက် အဇာတသတ်မင်းသည် နာဠာဂီရိဆင်ကြီးအား ထိန်းသိမ်း စောင့်ရှောက်သော ဆင်ဆရာအားခေါ်၍



www.burmeseclassic.com

www.burmeseclassic.com



နာဋ္ဌာဂီရိ ဆင်ကြမ်းကြီးကို အရက်မူးအောင်တိုက်၍ ဗုဒ္ဓဘုရားရှင် ဆွမ်းခံကြွရာလမ်းခရီး၌ လွှတ်ရန် အမိန့်ပေးလိုက်သည်။ ထိုအခါ ဒေဝဒတ်က ပြည့်စွက်၍ ဆင်ဆရာအား မေးလိုက်၏။

"မောင်မင်း ... နာဋ္ဌာဂီရိဆင်ကြီးဟာ တခြားနေ့တွေမှာ အရက်ဘယ်နှစ်အိုး တိုက်သလဲ"

"မှန်ပါ ရှစ်အိုး သောက်ပါတယ်"

"ရှစ်အိုး ဟုတ်လား၊ ကောင်းပြီ၊ မနက်ဖြန် အရက်တိုက်တဲ့အခါ ရှစ်အိုးအစား နှစ်ဆတိုးပြီး တစ်ဆယ့်ခြောက်အိုး တိုက်လိုက်"

"ကောင်းပါပြီ ဆရာဒေဝဒတ်"

အဇာတသတ်မင်းကြီးသည် ဆင်ဆရာ ပြန်သွားသည့်အခါ မင်းချင်းတို့အား ခေါ်ယူ၍ မနက်ဖြန် နာဋ္ဌာဂီရိဆင်ကြီးအား အရက်မူးအောင် တိုက်၍ လွှတ်မည့်အကြောင်း မြို့တွင်းသို့ စည်လည်၍ တီးရန် စေလွှတ်သည်။ ထို့အတူ ဒေဝဒတ်သည် နန်းတော်မှ ဆင်းသက်၍ ဆင်ဆရာများ နေထိုင်ရာ ဆင်တင်းကုပ်သို့ သွား၏။

"အမောင်တို့ ရာထူးတိုးချင်ရင် မနက်ဖြန် နာဋ္ဌာဂီရိဆင့်ကို အရက်တစ်ဆယ့်ခြောက်အိုး တိုက်ပြီး စိတ်ဆိုးအောင်လုပ်ကြ၊ ရှင်ကြီးဂေါတမ ဆွမ်းခံကြွလာတဲ့အချိန်ကျ နာဋ္ဌာ





ဂီရိ ဆင်ကြီး ဒေါသဖြစ်အောင် ဝါးရင်းတုတ်၊ လှံ အစရှိသည်တို့နှင့် ထိုးဆွပြီး ရှင်ကြီးဂေါတမလာတဲ့ လမ်းခရီးမှာ မျက်နှာချင်းဆိုင် လွှတ်ကြလော့"

"ကောင်းပါပြီ၊ ရာထူးတိုးမယ်ဆိုရင် ဆရာဒေဝဒတ်ခိုင်းတဲ့အတိုင်း လုပ်ပေးပါမယ်၊ စိတ်ချ"

ဗုဒ္ဓဘုရားရှင်အား ဒေဝဒတ်က အဇာတသတ်မင်း၏ နာဋ္ဌာဂီရိဆင်ကြမ်းကြီးကို လွှတ်၍ လုပ်ကြံမည့် သတင်းကား တစ်မြို့လုံး ပြန့်သွားသည်။ ဤသတင်းကြောင့် ဗုဒ္ဓဘုရားရှင်၏ တပည့် ဥပါသကာတို့က ဗုဒ္ဓဘုရားရှင်ထံ သွားရောက်လျှောက်ထားကြသည်။

"ဘုန်းတော် အနန္တ၊ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မနက်ဖြန်မနက် အရှင်ဘုရား မြို့တွင်းသို့ ဆွမ်းခံဝင်လျှင် ဒေဝဒတ်က အဇာတသတ်မင်း၏ နာဋ္ဌာဂီရိ ဆင်ကြမ်းကြီးအား အရက်မူးအောင် တိုက်၍ လုပ်ကြံရန် စီစဉ်ထားပါတယ် ဘုရား"

"ဘုရားအမှူးပြုသော ရဟန်းသံဃာတော် အရှင်သူမြတ်အားလုံး ဆွမ်းခံမထွက်ကြပါနဲ့ ဘုရား၊ တပည့်တော်တို့ မနက်ဖြန်အတွက် ဆွမ်းဘောဇဉ် အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို လာရောက် ဆက်ကပ် လှူဒါန်းပါမယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘုရားရှင်ထံမှ ပြန်လည် မိန့်ကြားတော်မူမည့် စကားကို ဥပါသကာများနှင့် ရဟန်းသံဃာအားလုံး အာရုံစူးစိုက်၍ နားထောင်နေကြ၏။ ဗုဒ္ဓဘုရားရှင်ထံမှ မနက်ဖြန် မြို့တွင်းသို့ ဆွမ်းခံမထွက်တော့ဘူးဟူသော စကားတော်ကို ကြားရလိမ့်မည်ဟု မျှော်လင့်နေကြ၏။ သို့သော်...

"ငါဘုရားသည် မနက်ဖြန်၌ နာဠာဂီရိဆင်ကြမ်းကြီးကို ဆုံးမရန်နှင့် တိတ္ထိတို့အား နှိမ်နင်းရန် ရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်တော်မူမည်"

ဗုဒ္ဓဘုရားရှင်က ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်၍ နာဠာဂီရိဆင်ကြမ်းကြီးအား ဆုံးမတော်မူပြီးမှ ကျောင်းတော်သို့ ပြန်၍ ကြွချီမည်ဟု မိန့်တော်မူလိုက်သည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်စေသကဲ့သို့ ဥပါသကာ ဒါယကာများ၏ ကျောင်းတော်သို့ ဆွမ်းဘောဇဉ်များ လာရောက်လှူဒါန်း ဆက်ကပ်မည့် အစီအစဉ်ကိုလည်း မပစ်ပယ်ဘဲ လက်ခံတော်မူလိုက်သည်။ ထိုအခါ ဥပါသကာများလည်း ဗုဒ္ဓဘုရားရှင်အား ရိုသေစွာ ရှိခိုးကန်တော့၍ ဝေဠုဝန်ကျောင်းတော်မှ ပြန်ခဲ့ကြသည်။

ဗုဒ္ဓဘုရားရှင်သည် ထိုနေ့ည ညဉ့်ဦးယံ၌ ရဟန်းတို့အား တရားဟောသည်။ သန်းခေါင်ယံတွင် နတ်ဗြဟ္မာတို့ မေးလျှောက်လာသည့် ပြဿနာများကို ဖြေဆိုတော်မူသည်။ မိုးသောက်ယံတွင်မူ အရဟတ္တဖိုလ် သမာပတ်နှင့် ကရုဏာ သမာပတ်တို့ ဝင်စားတော်မူသည်။ သမာပတ်မှ ထတော်မူသည့်အခါ နာဠာဂီရိဆင်ကြီးကို ဆုံးမရာ၌ လူသတ္တဝါအပေါင်း ရှစ်သောင်းလေးထောင် ကျွတ်တန်းဝင်မည်ကို သိမြင်တော်မူသည်။





ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ရှင်အာနန္ဒာအား ရဟန်းသံဃာအားလုံးကို စုစည်း၍ ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်ရောက်ကြွချီကြရန် မှာကြားလိုက်သည်။ ရာဇဂြိုဟ်မြို့တွင်း၌လည်း နံနက်စောစော အချိန်ကပင် မြို့သူမြို့သားများ နိုးထကြသည်။ စုရုံး စကားပြောဆိုကြသည်။

"ဒီနေ့ကတော့ ဗုဒ္ဓဘုရားရှင်နဲ့ နာဠာဂီရိဆင်ဆိုးကြီး စစ်ထိုးကြတော့မယ်၊ တို့ဘုရားက နာဠာဂီရိလို ဆင်ကြမ်းဆင်ယုတ်ကြီးကို ဆုံးမတာမြင်ရဦးမှာပဲ"

ဗုဒ္ဓဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါတရားရှိသူ၊ ပညာရှိသူတို့ကမူ ဗုဒ္ဓဘုရားရှင်က နာဠာဂီရိ ဆင်ဆိုးကြီးအား နှိပ်ကွပ်ဆုံးမနိုင်မည်ဟု ယူဆကြသည်။ သဒ္ဓါတရား မရှိသူ၊ ပညာမဲ့သူ မိစ္ဆာဒိဋ္ဌိများကမူ ဗုဒ္ဓဘုရားရှင်ကို နာဠာဂီရိ ဆင်ကြီးက စိစိညက်ညက်ကျေအောင် နင်းချေသတ်ဖြတ်မည်ဟု ယုံကြည်နေကြသည်။ ထို့နောက် ပွဲကြည့်ပရိသတ်အဖြစ် မြို့သူမြို့သားအားလုံးတို့သည် ဆင်ဆိုးကြီး အန္တရာယ်မှ လွတ်စေရန် သစ်ပင်၊ အိမ်မိုး၊ ပြာသာဒ် စသည်တို့တွင် တက်၍ အသင့်စောင့်ဆိုင်း ကြည့်ရှုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရာဇဂြိုဟ်မြို့တွင်းရှိ လမ်းများတွင် ခွေးတစ်ကောင် ကြောင်တမြီးမျှပင် မတွေ့မမြင်ရ။ အားလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ ထိုစဉ် ဗုဒ္ဓဘုရားရှင်သည် နောက်ပါရဟန်းသံဃာများစွာ ခြံရံလျက် မြို့တွင်းသို့ဝင်ရောက် ကြွချီတော်မူလာသည်။

"ကျွီ ... ကျွီ ... ဝုန်း .... ခွမ်း"

ဒေဝဒတ်၏ အမိန့်အရ ဆင်ဆရာများလည်း နာဠာဂီရိဆင်ကြီးအား အရက်တစ်ဆယ့်ခြောက်အိုးတိုက်ပြီး တုတ်၊ ဓား၊ လှံ စသည်တို့နှင့် ထိုးဆွကာ လွှတ်လိုက်သည်။ နာဠာဂီရိဆင်ကြီးမှာ နာကျင်စူးရှမှုနှင့် အရက်မူးသည့် ဝေဒနာတို့ကြောင့် ပြင်းစွာဒေါသဖြစ်လျက် အော်မြည်ကာ လမ်းမပေါ်သို့ ပြေးထွက်လာသည်။ တွေ့မြင်သမျှ အိုးအိမ်အဆောက်အဦး လှည်းစသည်တို့ကို ချိုးဖျက်ကာနေ၏။ ထို့နောက် ဗုဒ္ဓဘုရားရှင်အား မြင်တွေ့သည်နှင့် တစ်ဟုန်ထိုး ပြေးလာသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ရန့်ရင်းကြမ်းတမ်းလှတဲ့ နာဠာဂီရိဆင်ဆိုးဆင်ယုတ်ကြီးဟာ အရှင်ဘုရားဆီကို ရှေးရှု ပြေးလာနေပါပြီ ဘုရား၊ အရှင်ဘုရား ဖယ်ရှားပေးတော်မူစေချင်ပါတယ် ဘုရား"

"ရဟန်းတို့ မကြောက်လင့်၊ ငါဘုရားသည် နာဠာဂီရိဆင်ကြီးအား ဆုံးမနိုင်စွမ်းရှိ၏"





ထိုအခါ ရှင်သာရိပုတ္တရာ မထေရ်ကြီးနှင့် မဟာမောဂ္ဂလာန် မထေရ်ကြီးက နာဠာဂီရိဆင်ကြမ်းကြီးအား ဆုံးမခွင့်ပြုရန် ခွင့်တောင်းတော်မူကြသည်။ ဗုဒ္ဓဘုရားရှင်က ခွင့်မပြု၊ တားမြစ်တော်မူသည်။ ထိုစဉ် အရှင်အာနန္ဒာ မထေရ်သည် ဘုရားရှင်အတွက် အသက်ကို စွန့်မည်ဟု ဆုံးဖြတ်၍ ဗုဒ္ဓဘုရားရှင်ရှေ့သို့ ပြေးတက်ကာ အကာအကွယ်ပြုသည်။

"ချစ်သား အာနန္ဒာ ဖယ်လော့၊ ငါဘုရား၏ရှေ့မှ သင်မရပ်တည်လင့်"

ဗုဒ္ဓဘုရားရှင်၏ စကားတော်ကို အရှင်အာနန္ဒာမထေရ်သည် မဖီဆန်ရဲသဖြင့် နောက်သို့ ပြန်သွားရပြန်၏။ ဗုဒ္ဓဘုရားရှင်ရှိရာသို့ နာဠာဂီရိဆင်ကြီးက တစ်ဟုန်ထိုး ပြေးလာသည်။ နာဠာဂီရိဆင်ကြီး အော်ဟစ်၍ ပြေးလာသည်ကို သားသည်မိခင်တစ်ဦးက ကြောက်ရွံ့ကာ လမ်းပေါ်သို့ ဖြတ်၍ ထွက်ပြေးသည်။ ထိုမိန်းမသည် သူ့မ အသက်ရှင်ရေးအတွက် ကြောက်ကြောက်လန့်လန့်နှင့် ရင်ခွင်ထက်မှ ကလေးကို ဗုဒ္ဓဘုရားရှင်နှင့် နာဠာဂီရိဆင်ကြီးတို့အကြား လမ်းပေါ်တွင် ချကာ ထွက်ပြေးလွှတ်မြောက်သွားသည်။

နာဠာဂီရိဆင်ကြီးသည် ကလေးမိခင်အား မမီလိုက်သည့်အခါ ကလေးငယ်အား နင်းချေသတ်ရန် လမ်းပေါ်သို့ ပြန်ပြေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ... သားကြောက်တယ်၊ သားကို ခေါ်ပါဦး ဟီး ဟီး"

ကလေးငယ်လည်း ထိတ်လန့်ကြောက်ရွံ့ကာ ပြင်းစွာ အော်ဟစ်ငိုကြွေးနေသည်၊ နာဠာဂီရိ ဆင်ကြီးက ကလေးငယ် အနီးသို့ လျင်မြန်စွာ ရောက်ရှိလာသည်။ ထို့နောက် ကလေးငယ်ကို နင်းချေသတ်ဖြတ်ရန် နှာမောင်းနှင့် ခြေတစ်ဖက်ကို မြှောက်ချီအားယူ၍ အော်ဟစ်လိုက်သည်။

"ချစ်သား နာဠာဂီရိ မသက်ဆိုင်သူတို့အား အန္တရာယ် မပြုလင့်၊ ငါဘုရားရှိရာသို့သာ သင် ဖြောင့်ဖြောင့် လာခဲ့လော့"

ဗုဒ္ဓဘုရားရှင်သည် နာဠာဂီရိဆင်ကြီးအား သီးသန့် မေတ္တာပို့သ၍ အလွန်သာယာ ချိုမြိန်လှသည့် ဗြဟ္မာမင်း၏ အသံတော်ဖြင့် မိန့်တော်မူလိုက်သည်။ နာဠာဂီရိဆင်ကြီးမှာ ဗုဒ္ဓဘုရားရှင်၏ အသံတော်ကို ကြားလိုက်ရသည့်အခါ မျက်စိတို့မှာ ကြည်လင်သွားပြီး အမူးမှန်သမျှ ပြေပျောက်သွား၏။ ထိတ်လန့်၍ သတိသံဝေဂလည်း ရသွား၏။ သူ၏ နှာမောင်းကို မြှောက်ချီထားရာမှ အောက်သို့ တွဲလောင်းချကာ ဗုဒ္ဓဘုရားရှင်၏ ခြေရင်းသို့ လာရောက်ဝပ်ဆင်းခယလေသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ညာလက်တော်ကို ဆန့်တန်းကာ နာဠာဂီရိဆင်ကြီး၏ ဦးကင်းကို ကိုင်တွယ် သုံးသပ်၍ တရားဟောတော်မူသည်။ နာဠာဂီရိဆင်ကြီးမှာ ဗုဒ္ဓဘုရားရှင်





၏ တရားတော်ကို နာကြားပြီးသည်နှင့် လိမ္မာယဉ်ကျေး သိမ်မွေ့စွာဖြင့် နောက်သို့ဆုတ်လျက် ဆင်တင်းကုပ်သို့ ပြန်၍ ဝင်သည်။

ဗုဒ္ဓဘုရားရှင်သည် နာဠာဂီရိဆင်ဆိုးကြီးနှင့် တိတ္ထိတို့အား ဆုံးမနှိမ်နင်းပြီးသည့်အခါ ဝေဠုဝန်ကျောင်းတော်သို့ ပြန်လည်ကြွချီတော်မူခဲ့သည်။

ပွဲကြည့်ပရိသတ် မြို့သူမြို့သားများကမူ အုတ်အော်သောင်းတင်း ဖြစ်လျက် အဓိကတရားခံဖြစ်သည့် ဒေဝဒတ်အပေါ် အမျိုးမျိုး အပြစ်တင် ဝေဖန်ကြသည်။ ထို့အတူ ဒေဝဒတ်ကို ကိုးကွယ်ဆည်းကပ်သည့် အဇာတသတ်မင်းကြီးကိုပင် မကြောက်မရွံ့ အော်ဟစ်ဝေဖန် ပြောဆိုကြသည်။

အဇာတသတ်မင်းကြီးလည်း ပြည်သူပြည်သားတို့၏ ကဲ့ရဲ့ရှုံ့ချစကားကို ကြား၍ ဒေဝဒတ်ထံသို့ သွားရောက် ဆည်းကပ်ခြင်း မပြုဘဲနေသည်။ ထို့အတူ နေ့စဉ်ပြုမြဲဖြစ်သည့် ဆွမ်းအိုးငါးရာတို့ကိုလည်း ပေးပို့ခြင်း မပြုဘဲ ရပ်ဆိုင်းလိုက်ပြန်သည်။ ထိုအခါ ဒေဝဒတ်ကား သူကိုယ်တိုင်ပင် ဆွမ်းခံထွက်ရသည်။ ဆွမ်းခံလာသော ဒေဝဒတ်ကို ဆွမ်းလောင်းသည့်အခါ မကြည်သာ မနှစ်မြို့သော အမူအရာစကားတို့ဖြင့် ပြောဆိုပြုမူခဲ့ကြသည်။

သို့နှင့် ဒေဝဒတ်မှာ တစ်နေ့တခြား လာဘ်လာဘ ပူဇော်သက္ကာရ ဆုတ်ယုတ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝဒတ်သည် မောဟတည်းဟူသော အမှောင်တိုက်ကြီး အုပ်စိုး ဖိစီးထားသဖြင့် သူ့အမှားကို သူမမြင်။ မပြုသင့်၊ မလုပ်ထိုက်သော အမှားကြီးတစ်ခုကို ပြုရန် အံ့ဖွယ်အမှုကို ပြောဆိုလုပ်ဆောင်ရန် ကြံစည်လေတော့သည်။

* * *

"ရှင်ကြီးဂေါတမ"

"ရဟန်းအားလုံး အသက်ထက်ဆုံး တောကျောင်း၌ နေကြပါစေ"

"ရဟန်းအားလုံး အသက်ထက်ဆုံး ဆွမ်းချည်း စားကြပါစေ"

"ရဟန်းအားလုံး အသက်ထက်ဆုံး ပံ့သကူ သင်္ကန်းကိုသာ ဝတ်ရုံကြပါစေ"

"ရဟန်းအားလုံး အသက်ထက်ဆုံး သစ်ပင်ရင်း၌သာ နေကြပါစေ"

"ရဟန်းအားလုံး အသက်ထက်ဆုံး သက်သတ်လွတ်သာ စားကြပါစေ"

ဒေဝဒတ်သည် သူပြုခဲ့သည့် အပြစ်ကြီးများအား မသိကျိုးနွံပြု၍ မရှက်မကြောက်ပင် ဗုဒ္ဓဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်းတော်သို့ သွားရောက်ကာ ရဟန်းသံဃာများနှင့်





ပတ်သက်၍ ဝတ္ထုငါးမျိုးကို တောင်းဆို၏။ အရှက်အကြောက်ကင်းစွာဖြင့် ရဟန်းသံဃာတို့အကြား ဒေဝဒတ် လာရောက်တောင်းခံသည့် ဝတ္ထုငါးမျိုး အကြောင်းအချက်တို့ကြောင့် ရဟန်းတော်များလည်း များစွာ အံ့သြမိကြသည်။ ဒေဝဒတ်ကမူ ဗုဒ္ဓဘုရားရှင်အား သူ့ဆန္ဒကို ခရားရေလွှတ် တ‌ွတ်တွတ် တောင်းဆိုနေ၏။

"တပည့်တော် တောင်းဆိုတဲ့ အချက်ငါးချက်ကို မလိုက်နာသည့် ရဟန်းတို့အား အပြစ်အဖြစ် သတ်မှတ်ပေးပါ"

"မသင့်လျော်ပေဘူး ဒေဝဒတ်၊ အလိုရှိသော ရဟန်းတို့သည် တောကျောင်း၌ ဖြစ်စေ၊ ရွာနီးကျောင်း၌ ဖြစ်စေ နေပါစေ။ အလိုရှိသော ရဟန်းတို့သည် ဆွမ်းချည်းဖြစ်စေ၊ ဒါယကာများ လှူဒါန်းတဲ့ ဆွမ်းဘောဇဉ်တို့ကို ဖြစ်စေ ဘုဉ်းပေး သုံးဆောင်ပါစေ။ အလိုရှိသော ရဟန်းတို့သည် ပံ့သကူ သင်္ကန်းကို ဖြစ်စေ၊ ဒါယကာတို့ လှူဒါန်းသည့် သင်္ကန်းကိုဖြစ်စေ ဝတ်ရုံပါစေ။ ဒေဝဒတ် ငါဘုရားသည် ရှစ်လကာလပတ်လုံး သစ်ပင်ရင်း၌ နေရန် ခွင့်ပြုခဲ့ပြီး ဖြစ်၍ နှောက်ထပ်နေရန် မတားမြစ်အပ်။ အလိုရှိသော ရဟန်းတို့သာ နေစေ၍ အလိုမရှိသော ရဟန်းတို့အား မနေပါစေနှင့်။ ထိုနည်းတူစွာ မမြင်အပ်၊ မကြားအပ်၊ မရှိရှာမယုံမှားအပ်သည့် ငါး၊ အမဲတို့ကို စားသုံးခွင့် ပြုထားပြီး ဖြစ်ပေ၏"



www.burmeseclassic.com

www.burmeseclassic.com

သံဃာသင်းခွဲလိုသည့် ဆန္ဒနှင့် ဒေဝဒတ်လျှောက်ထားသည့် အကြောင်းအချက် ငါးချက်စလုံး ဗုဒ္ဓဘုရားရှင်က ခွင့်မပြုကြောင်း မိန့်တော်မူလိုက်သည်။ ထိုအခါ ဒေဝဒတ်သည် သူ၏ တပည့်များနှင့်အတူ ချက်ချင်း ထ၍ ပြန်သွားသည်။ ရာဇဂြိုဟ်မြို့တွင်းသို့ ရောက်ရှိသည့်အခါ မကောင်းသတင်း ဝါဒဖြန့်ကြသည်။

"မြို့သူမြို့သားအပေါင်းတို့ ရှင်ကြီးဂေါတမဟာ အလိုရမ္မက် နည်းစေနိုင်မယ့် အကြောင်းအချက် ငါးမျိုးကို ခွင့်မပြုဘူး၊ ဒီအချက်တွေကို ငါကိုယ်တိုင် ကျင့်ကြံအားထုတ်မယ်"

ဒေဝဒတ်စကားကို ကြားရသည့်အခါ ပညာမဲ့သူတို့က ဒေဝဒတ်အား ကောင်းချီးပေးကြ၍ သဒ္ဓါပညာရှိသူတို့ကမူ ကဲ့ရဲ့ ရှုံ့ချကြသည်။ မြို့သူမြို့သား အချင်းချင်း စိတ်ဝမ်းကွဲကုန်ကြသည်။ ဤသတင်းစကားကို ရဟန်းတော်များ ကြားသိရ၍ ဗုဒ္ဓဘုရားရှင်အား ပြန်လည် လျှောက်ထားကြ၏။

ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ဒေဝဒတ်အပါအဝင် ရဟန်းသံဃာများကို ဖိတ်ကြား၍ သံဃာ့အစည်းအဝေးကို ပြုလုပ်တော်မူသည်။

"ဒေဝဒတ် သင်သည် ရဟန်းသံဃာတို့အား သင်းခွဲရန် လှုံ့လပြုသည်ဆိုသည်မှာ ဟုတ်မှန်သလော"

"မှန်ပါတယ် ရှင်ကြီးဂေါတမ"





"ဒေဝဒတ် ညီညွတ်သော သံဃာတို့အား သင်းကွဲအောင် ပြုလုပ်ခြင်းကို ရပ်လော့၊ သံဃာကို သင်းကွဲအောင် ပြုခြင်းကား အပြစ်ကြီးလှပေ၏"

ဗုဒ္ဓဘုရားရှင်သည် သံဃာ ပရိသတ်အလယ်တွင် ဒေဝဒတ်အား ခေါ်ယူ မေးမြန်းတော်မူ၍ သံဃာသင်းကွဲအောင် မပြုလုပ်ရန် ဆုံးမတော်မူသည်။ သို့တိုင် ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမကို လက်မခံဘဲ သံဃာသင်းကွဲအောင် ပြုလုပ်ရမည့် ကိစ္စတို့ကို ဆောင်ရွက်၏။ ထို့နောက် ရှင်အာနန္ဒာအား ဗုဒ္ဓဘုရားရှင်၏ အဆုံးအမကို မခံနိုင်သည့်အတွက် သီးခြား ဉပုသ် ပြုမည်ဖြစ်ကြောင်း ပြောကြား၏။ ရှင်အာနန္ဒာလည်း ဒေဝဒတ် ပြောကြားသည်တို့ကို ဗုဒ္ဓဘုရားရှင်အား ပြန်လည်လျှောက်ထားသည်။

"သူတော်ကောင်းသည် ကောင်းမှုကိုပြုရန် လွယ်ကူ၏။
သူယုတ်မာသည် ကောင်းမှုကိုပြုရန် ခဲယဉ်း၏။
သူယုတ်မာသည် မကောင်းမှုကိုပြုရန် လွယ်ကူ၏။
သူတော်ကောင်းသည် မကောင်းမှုကိုပြုရန် ခဲယဉ်းပေ၏။"

ဗုဒ္ဓဘုရားရှင်သည် ရှင်အာနန္ဒာအား ပြန်ကြားလျှောက်ထားပြီးသည်နှင့် အထက်ပါ ဂါထာတော်ကို ကျူးရင့်တော်မူလိုက်သည်။ ထိုအခါ ဒေဝဒတ်သည် သူ၏ ဝတ္ထုငါးမျိုး လျှောက်ထားချက်နှင့် သံဃာတို့အား မဲဆွယ်စည်းရုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝဒတ်၏ သံဃာသင်းခွဲ စည်းရုံးမဲဆွယ်စကားကို ရဟန်းတော်ကြီးများက လက်မခံကြသော်လည်း ရဟန်းဝတ်စ သံဃာငါးရာတို့ကား မသိနားမလည်သဖြင့် ဒေဝဒတ်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြသည်။ ဤအကြောင်းကို ဗုဒ္ဓဘုရားရှင့် သိတော်မူသဖြင့် အရှင်သာရိပုတ္တရာမထေရ်ကြီးနှင့် အရှင်မောဂ္ဂလာန်မထေရ်ကြီးတို့အား ဒေဝဒတ်နောက်သို့ လိုက်ပါသွားသည့် သံဃာငါးရာတို့အား လိုက်ပါခေါ်ဆောင်စေသည်၊

ဒေဝဒတ်နေထိုင်ရာသို့ အရှင်သာရိပုတ္တရာမထေရ်ကြီးနှင့် အရှင်မောဂ္ဂလာန်မထေရ်ကြီးတို့ ရောက်ရှိလာသည်ကို ခပ်လှမ်းလှမ်းမှ ဒေဝဒတ် မြင်လိုက်ရသည်။ သို့အတွက် နောက်ပါရဟန်းတို့အား ကြွားဝါလိုက်၏။

"ရဟန်းတို့၊ ငါ့တရားကို နှစ်သက်၍ ရှင်ကြီးဂေါတမရဲ့ တပည့်ရင်းကြီးနှစ်ပါး ဖြစ်ကြတဲ့ သာရိပုတ္တရာနဲ့ မောဂ္ဂလာန် ကိုယ်တော်ကြီးတွေတောင် ငါတို့နောက် လိုက်လာကြပြီ"

"အရှင်ဒေဝဒတ်၊ သာရိပုတ္တရာနဲ့ မောဂ္ဂလာန်ကို အရောမဝင်နဲ့"

ဒေဝဒတ်၏ အမူအရာနှင့် ပြောစကားကြောင့် တပည့်ရင်းဖြစ်သူ ကောကာလိက,က တားမြစ်လိုက်သည်။ သို့တိုင် ဒေဝဒတ်က သူ့ဆန္ဒအတိုင်း ကြွားဝါလိုသဖြင့် အရှင်သာရိပုတ္တရာမထေရ်ကြီးနှင့် အရှင်မောဂ္ဂလာန်မထေရ်ကြီးတို့ကို အရေးတယူ





အရောဝင်ကာ သူ့အစား တရားဟောခွင့် ပေးလိုက်သည်။ ဒေဝဒတ်၏ ပြုမူပြောဆို နေထိုင်ပုံတို့ကား ဗုဒ္ဓဘုရားရှင်ကို တု၍ ပြောဆိုနေခြင်း ဖြစ်၏။ ထို့နောက် ဒေဝဒတ်သည် ဒုကုဋ်သင်္ကန်းကြီးကို ခေါင်းအုံး၍ အိပ်ရာ သတိချွတ်ယွင်းဆင်ခြင်ဉာဏ်ကင်းကာ တမှုဟုတ်ချင်း 'အိပ်ပျော်သွား၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်ကြီးသည် ဒေဝဒတ်နောက်သို့ လိုက်ပါသွားသည့် ရဟန်းငယ်ငါးရာတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူရာ ရဟန်းငယ်ငါးရာလုံးပင် သောတာပန်ဖြစ်ကြကုန်သည်။ အရိယာသောတာပန် ရဟန်းငယ်ငါးရာတို့အား အရှင်သာရိပုတ္တရာမထေရ်ကြီးနှင့် အရှင်မောဂ္ဂလာန်မထေရ်ကြီးတို့သည် ဗုဒ္ဓဘုရားရှင်ထံသို့ ကောင်းကင်ခရီးဖြင့် ခေါ်ယူသွားလေတော့သည်။

'ဟဲ့ ဒေဝဒတ်၊ သူယုတ်မာ၊ ထလော့၊ အသင်ဟာ ဒီရဟန်းနှစ်ပါးကို အရောမဝင်ပါနဲ့လို့ ငါပြောတာ နားမထောင်ဘူး၊ ခုတော့ သင့်ကြောင့် ရဟန်းငါးရာ ရှင်ကြီးဂေါတမဆီ ပြန်ပါသွားပြီ"

"ကဲဟာ၊ ကဲဟာ"

"အလိုလေး နာလိုက်တာ၊ အားကျွတ်ကျွတ် ဝေ့၊"

ကောကာလိကသည် ဒေဝဒတ်အား အိပ်ရာမှ နိုး၍ ရင်ညွှန့်သို့ တတောင်နှင့် ထောင်း၏။ ထို့နောက် ဖနောင့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ်ပေါက်ရာ ဒေဝဒတ်မှာ ပါးစပ်မှ သွေးချင်းချင်းနီရဲအောင်ပင် ပျို့အန်ထွက်ကျသည်။ ထိုအချိန်မှစ၍ ဒေဝဒတ်၏ တပည့်ရင်းများကပင် မလေးစားတော့။ မထီမဲ့မြင် မခန့်လေးစား ပြုကြသည်။

ဒေဝဒတ်ခမျာ သွေးအန်သည်မှစ၍ ကိုးလတိုင်တိုင် မကျန်းမမာဖြစ်၍ အိပ်ရာထက်၌ ဘုံးဘုံးလဲနေ၏။ သေလွန်ရန်အချိန်သို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။ ဒေဝဒတ်၏ ဘဝနောက်ဆုံးနေ့ဝင်ချိန်တွင် ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိ သီတင်းသုံးတော်မူလျက် ရှိသည်။ ဒေဝဒတ်၏ စိတ်ဝယ် ဗုဒ္ဓဘုရားရှင် မည်သည့်နေရာတွင် သီတင်းသုံးတော်မူသည်ကို မသိ၊ ဖူးမြော်လိုစိတ် အာသီသ ပြင်းထန်စွာ ဖြစ်ပေါ်နေ၏။

"ငါ့ရှင်တို့ ငါဟာ သေဖို့အချိန် အလွန်နီးကပ်နေပါပြီ၊ မီးစာကုန် ဆီခန်းတဲ့ အခြေအနေ ဆိုက်ရောက်နေပါပြီ။ ငါ့ဆရာဖြစ်တဲ့ နောင်တော် မြတ်စွာဘုရားဆီကို ပို့ပေးကြပါ၊ ပို့ပေးကြပါ"

"အို မဖြစ်နိုင်တာဘဲ၊ ဒေဝဒတ်ရယ်၊ သင်ကျန်းမာတုန်းက ရှင်ကြီးဂေါတမကို အမျိုးမျိုး လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ရန်သူကြီးလို နေခဲ့ပြီး အခုမှ ရှင်ကြီးဂေါတမဆီ မပို့ဆောင်ရဲဘူး ဒေဝဒတ်"





"ငါ့ရှင်တို့၊ ငါ့ကို မပျက်စီးပါစေနဲ့၊ ငါကသာ မြတ်စွာဘုရားအပေါ် ရန်ငြိုးဖွဲ့ခဲ့တာ မှန်ပေမယ့် မြတ်စွာဘုရားက ငါ့ကို ဆံချည်ဖျားမျှပင် ရန်ငြိုးမဖွဲ့ခဲ့ပါဘူး၊ ငါ့အား နောင်တော်ဘုရားကို ဖူးမြော်တွေ့မြင်ခွင့်ရအောင် ပို့ဆောင်ပေးကြပါ ငါ့ရှင်တို့ရယ်"

ဒေဝဒတ်သည် လေးတွဲ့နွေးကွေးသည့် စကားသံဖြင့် သနားစဖွယ်ပင် အကြိမ်ကြိမ် တောင်းပန်နေ၏။ သို့အတွက် ဆိုးဖော်ဆိုးဖက် တပည့်များလည်း ဒေဝဒတ်အပေါ် သနားကြင်နာသဖြင့် ပုခက်သဖွယ် ညောင်စောင်းငယ်ဖြင့် သယ်ယူချီပိုး၍ ရာဇဂြိုဟ်ပြည်မှ ဗုဒ္ဓဘုရားရှင် သီတင်းသုံးရာ သာဝတ္ထိပြည်သို့ ခရီးထွက်ခဲ့ကြသည်။

ဤသတင်းကို ရဟန်းတော်များ ကြားသိရသဖြင့် ဗုဒ္ဓဘုရားရှင်အား လျှောက်ထားကြသည်။ ရဟန်းတော်များသည် ဒေဝဒတ်အား ဗုဒ္ဓဘုရားရှင်နှင့် ဖူးတွေ့စေလျက် အကျွတ်တရားရစေချင်သည့် ဆန္ဒများ ရှိဟန်တူသည်။ သို့အတွက် ဒေဝဒတ်ရောက်ရှိရာနေရာမှ သတင်းစကားတို့ကို ဗုဒ္ဓဘုရားရှင်အား အကြိမ်ကြိမ် အလီလီ လျှောက်ထားကြသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဒေဝဒတ်သည် ဇေတဝန်ကျောင်းတော်အနီး ရေကန်ကြီးသို့ ရောက်ရှိနေပါပြီ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ရဟန်းတို့ ဒေဝဒတ်ကား ဇေတဝန်ကျောင်းတော်အတွင်းသို့ ရောက်ရှိလာစေကာမူ ငါဘုရားအား ဖူးမြော်ခွင့် ရတော့မည် မဟုတ်ပေ"

ဗုဒ္ဓဘုရားရှင်၏ နောက်ဆုံး မိန့်ကြားတော်မူသည့် စကားတော်ကြောင့် ရဟန်းတော်များလည်း ဒေဝဒတ်အကြောင်းကို ဆက်လက် မလျှောက်ထားကြတော့ချေ။

ဒေဝဒတ်အား ပုခက်သဖွယ် ညောင်စောင်းငယ်တွင် တင်ကာ ဇေတဝန်ကျောင်းတော်အနီးရှိ ရေကန်ကြီးသို့ အမှန်ပင် ရောက်ရှိနေပြီ ဖြစ်သည်။ ဒေဝဒတ်၏ တပည့်များလည်း လမ်းခရီးတစ်လျှောက် ပင်ပန်းနွမ်းနယ်လာကြသဖြင့် ရေကန်အနီးတွင် ဒေဝဒတ်အား ချကာ ရေကန်တွင်းသို့ဆင်း၍ ကိုယ်လက်သန့်စင်ကြသည်။ ဒေဝဒတ်လည်း ညောင်စောင်းငယ်ပေါ်မှ ခြေထောက်ကို မြေကြီးပေါ်သို့ ချလိုက်၏။

ထိုစဉ် မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်မြည်ဟည်းလျက် ကွဲအက်သွား၏။ ဒေဝဒတ်၏ ခြေအစုံသည်လည်း မြေကြီးအတွင်းသို့ ဝင်သွား၏။ ဒေဝဒတ်လည်း ကြောက်ကြောက်လန့်လန့်နှင့် ထ၍ မတ်တတ်ရပ်လိုက်မိသည်။ ထိုအချိန်မှစ၍ ဒေဝဒတ်သည် စတင်၍ မြေမျိုခံရတော့သည်။

"အား ပူလိုက်တာ၊ ကယ်တော်မူကြပါ"





ဒေဝဒတ်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်း ကြီးစွာဖြင့် ယ်သံပါအောင် အော်၍ အကူအညီတောင်း၏။ တပည့်များပည် ဒေဝဒတ်အော်သံကြောင့် ပြေးလာကြသော်လည်း မီးအပူကဲ့သို့သော အပူရှိန်ကြောင့် အနားသို့ မကပ်နိုင်ဘဲ နောက်ဆုတ်သွားကြရသည်။ အဝေးခပ်လှမ်းလှမ်း တစ်နေရာဆီမှပင် ဒေဝဒတ်၏ အရှင်လတ်လတ် မြေမျိုခံရပုံကို မှင်တက်မိကာ အံ့ဩခြင်းများစွာဖြင့် ကြည့်နေကြရသည်။

ဒေဝဒတ်မှာ ခြေဖမိုး၊ ဒူးခေါင်း၊ ခါး စသည်ဖြင့် အစဉ်လိုက်ပင် မြေကြီးတွင်းသို့ ဝင်၍ မြေမျိုခံနေရသည်။ ဒေဝဒတ်၏ လည်တိုင်မှတစ်ဆင့် မေးရိုးရောက်လုဆဲကာလတွင် ဂါထာတစ်ပုဒ် ရွတ်ဆိုလိုက်သည်။

"များစွာသိုထို ပုဂ္ဂိုလ်အပေါင်းတို့ထက် တုနှိုင်းမဲ့အပ်သော နတ်တို့ကို အစိုးရတော်မူပေထသော မြတ်စွာဘုရား"

"လူနတ်ပြဟ္မာ သတ္တဝါတို့ကို နိဗ္ဗာန်အရောက် ခရီးပေါက်အောင် သွန်သင်ဆုံးမတော်မူတတ်ထသော မြတ်စွာဘုရား"

"ထက်အောက်ဝန်းကျင်မှန်သမျှ အဆုံးမဲ့ သိမြင်တော်မူနိုင်တတ်ထသော မြတ်စွာဘုရား"

"ဘုန်းတော်အနန္တ၊ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူတတ်ထသော မြတ်စွာဘုရားအား ဘုရားတပည့်တော်သည် အရိုးအရေတို့ဖြင့် လည်းကောင်း ကျန်ရှိနေသည့် အသက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လည်းမှောင်ကြောင်း ဦးညွှတ်လျှိုးလျက် ရှိခိုးပူဇော် သက်ဝင်ဆည်းကပ် ကိုးကွယ် အပ်ပါ၏"

ထို့နောက် ဂါထာပြီးဆုံးသည်နှင့်ပင် ဒေဝဒတ်၏ ခန္ဓာကိုယ်တစ်ခုလုံး စုံးစုံးမြုပ်ကာ မြေမျိုခံခဲ့ရလေတော့သည်။

* မှတ်ချက်။ ။ ဗိမ္ဗိသာရမင်းကြီးအား ပြစ်မှားကျူးလွန်ခဲ့သော သားတော် အဇာတသတ်မင်းမှာ ဘုရားရှင်အား ကိုးကွယ်ဆည်းကပ်၍ သရဏဂုံတည်သည့်တိုင် သေလွန်သည့်အခါ လောဟကုမ္ဘီငရဲသို့ ကျရောက် ခံစားရပါသည်။)

• • • • •





## မှီငြမ်းကိုးကားသည့် စာအုပ်စာတမ်းများ

၁။ တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်(ဒုတိယတွဲ) ၁၉၉၂။

၂။ တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်(တတိယတွဲ) ၁၉၉၃။

၃။ တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်(စတုတ္ထတွဲ) ၁၉၉၂။

၄။ တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်(ဆဋ္ဌမတွဲ – ဒုတိယပိုင်း) ၁၉၉၆။

၅။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာ့ထွန်းကားပြန့်ပွားရေး ဦးစီးဌာန (၁၉၉၂)။

၆။ ဗုဒ္ဓဘာသာလက်စွဲကျမ်း (ပထမတွဲ) သာသနာရေးဦးစီးဌာန (၁၉၉၃)။

၇။ ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်) သာသနာရေး ဝန်ကြီးဌာန (၁၉၉၄)။

၈။ ဗုဒ္ဓဘာသာတရားတော် (အဆင့်မြင့်) သာသနာရေးဝန်ကြီးဌာန (၁၉၉၅)။



www.burmeseclassic.com

www.burmeseclassic.com



၉။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်စန္ဒိမာ၏ ဓမ္မပဒ ဝတ္ထုတော်ကြီး (ပထမတွဲ) သာသနာရေး ဦးစီးဌာန (၁၉၉၂)။

၁၀။ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်စန္ဒိမာ၏ ဓမ္မပဒ ဝတ္ထုတော်ကြီး (တတိယတွဲ) သာသနာရေးဦးစီးဌာန (၁၉၉၃)။

၁၁။ ဓမ္မပဒဝတ္ထု(တတိယတွဲ)သာသနာရေးဦးစီးဌာန (၁၉၉၂)။

၁၂။ ဓမ္မပဒဝတ္ထု (ပဥ္စမတွဲ) သာသနာရေးဦးစီးဌာန (၁၉၉၂)။

၁၃။ အရှင်ကဝိန္ဒာဘိဝံသ မဟာထေရ်၏ ငါးရာငါးဆယ် ဇာတ်ဝတ္ထု (တတိယတွဲ) သာသနာရေးဦးစီးဌာန (၁၉၉၃)။

၁၄။ အရှင်ကဝိန္ဒာဘိဝံသ မဟာထေရ်၏ ငါးရာငါးဆယ် ဇာတ်ဝတ္ထု (စတုတ္ထတွဲ) သာသနာရေး ဦးစီးဌာန (၁၉၉၃)။

၁၅။ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော်၏ မဟာသံဝေဂ ဒီပနီကျမ်း။

၁၆။ ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာ သနီကျမ်း။

၁၇။ ထီးချိုင့်မြို့၊ တည်တောဆရာတော်ကြီး၏ ဓမ္မပန်းချီ(၃) ၁၉၉၅။

ကြည်လှမောင်စာပေ



၁၈။ ထီးချိုင့်မြို့၊ တည်တောဆရာတော်ကြီး၏ ယနေ့ ဗုဒ္ဓ ဘာသာဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် (၂) ၁၉၉၅။

၁၉။ ထီးချိုင့်မြို့ တည်တောဆရာတော်ကြီး၏ ယနေ့ ဗုဒ္ဓ ဘာသာဆိုင်ရာအမေးအဖြေများ အမှတ်စဉ် (၄) ၁၉၉၅။

၂၀။ ဆရာဦးရွှေအောင်၏ ဗုဒ္ဓ (သို့မှဟုတ်) အနိုင်းမဲ့ (၁၉၉၅)။

၂၁။ ဆရာဦးရွှေအောင်၏ ဘဝအမြင်သစ် (၁၉၉၅)။

၂၂။ ငွေဥဒေါင်း၏ ဗုဒ္ဓစာပန်းချီ အမှတ် (၆) ၁၉၉၄။

၂၃။ သီလဝဘာသာရေးမဂ္ဂဇင်း၊ လက်ရွေးစင်ဆောင်းပါးများ အမှတ် (၂)။

၂၄။ ၆-၆-၅၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ။

၂၅။ ဓမ္မတံခွန်ဘာသာရေးစာစောင်၊ အတွဲ (၁)၊ အမှတ် (၈)၊ ၁၉၉၁-ခုနှစ် (ဩဂုတ်လ)။

၂၆။ တစ်ဆင့်စကား ကြားသိချက်များ။

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## မောင်ခိုင်ခန့်၏ ထုတ်ဝေပြီးစာအုပ်များ

ဘာသာရေးစာအုပ်များ

၁။ သာမညဆရာတော်နှင့် အလံတစ်ရာဆရာတော်တို့ထံ ခရီးသွား ဘုရားဖူးမှတ်တမ်း။ (၁၉၉၂)
၂။ ဂုဏ်တော်တန်ခိုး။ (၁၉၉၅)
၃။ ဧရာပြည်ရောက်သေရွာပြန်များ။ (၁၉၉၅) ပထမအကြိမ်
။ (၁၉၉၅) ဒုတိယအကြိမ်
၄။ သရဲတစ္ဆေပြိတ္တာဘဝ တမလွန်မှ ပူးကပ်ခြောက်လှန့်ကြသူများ။ (၁၉၉၆)

ပညာပေးတက်ကျမ်းစာအုပ်

၅။ အောင်မြင်ရေးလမ်းပြ ဘဝစာပန်းချီ။ (၁၉၉၃)

ဘာသာရေးရုပ်ပြဇာတ်ညွှန်းစာအုပ်များ

၆။ ကျေးညီနောင်နှင့် အခြားဇာတ်တော်များ။ (၁၉၉၄)
၇။ ငယ်သူ၏ကလဲ့စားနှင့် အခြားဇာတ်တော်များ။ (၁၉၉၄)
၈။ အဇာတသတ်နှင့် အခြားဇာတ်တော်များ။ (၁၉၉၄)
၉။ ကိုရင်သုခ။ (၁၉၉၄)
၁၀။ သင်္ကိစ္စသာမဏေ။ (၁၉၉၄)

ကြည်လှမောင်စာပေ

၁၁။ ပညာရှိရက္ခစိုးနှင့် အခြားဇာတ်တော်များ။ (၁၉၉၄)
၁၂။ ကျောင်းအမကြီး ဝိသာခါ။ (၁၉၉၄)
၁၃။ အရှင်အနုရုဒ္ဓါ။ (၁၉၉၄)
၁၄။ လူသားစား ဗောရိသာဒ။ (၁၉၉၄)
၁၅။ အနာထပိဏ်သူဌေးကြီး၊ ပထမတွဲ။ (၁၉၉၄)
၁၆။ အနာထပိဏ်သူဌေးကြီး၊ ဒုတိယတွဲ။ (၁၉၉၄)
၁၇။ ဆေးဆရာကြီးဇီဝက။ (၁၉၉၄)
၁၈။ နှမ်းပန်းတစ်ပွင့်၏ရှင်းတမ်း။ (၁၉၉၄)
၁၉။ မနာလိုဝန်တိုသည့်ကြွေး။ (၁၉၉၄)
၂၀။ စက္ကနညီနောင်နှင့် အခြားဇာတ်တော်များ။ (၁၉၉၄)
၂၁။ နတ်ချစ်တန်ခိုးရှင်။ (၁၉၉၄)
၂၂။ အနာမဲ့သူ ရှင်ဗာကူ။ (၁၉၉၄)
၂၃။ ကာမအန္တရာယ်။ (၁၉၉၄)
၂၄။ လာဘ်စားပြိတ္တာနှင့် အခြားဇာတ်တော်များ။ (၁၉၉၄)
၂၅။ ကျားသေကို အသက်သွင်းသူနှင့်အခြားဇာတ်တော်များ။ (၁၉၉၅)
၂၆။ သူဌေးကြီးနှင့် တန်ခိုးရှင်။ (၁၉၉၅)
၂၇။ မာယာတောကိုကျော်ဖြတ်သူနှင့် အခြားဇာတ်တော်များ။ (၁၉၉၅)
၂၈။ သပြေခက်နှင့် မိန်းကလေး။ (၁၉၉၅)

ကြည်လှမောင်စာပေ



www.burmeseclassic.com

www.burmeseclassic.com

၂၉။ သုဇာတာ။ (၁၉၉၅)
၃၀။ ခံတွင်းမှ ကြာညိုနံ့မွှေးသူနှင့် အခြားဇာတ်တော်များ။ (၁၉၉၅)
၃၁။ စစ်သူကြီး။ (၁၉၉၅)
၃၂။ အမျက်မထွက်၍ နတ်သမီးဖြစ်ရသူနှင့် အခြားဇာတ်တော်များ။ (၁၉၉၅)
၃၃။ သပိတ်ကလေးတစ်လုံး။ (၁၉၉၅)
၃၄။ မီးလောင်ခံရသော စပါးကြီးမြွေနှင့် အခြားဇာတ်တော်များ။ (၁၉၉၅)
၃၅။ ဇနီးလိမ္မာ မုန်သစ္စာနှင့် အခြားဇာတ်တော်များ။ (၁၉၉၅)
၃၆။ မုဆိုးနှင့် အခြားဇာတ်တော်များ။ (၁၉၉၅)
၃၇။ သုဘာလုလင်။ (၁၉၉၅)

ကြည်လှမောင်စာပေ

BURMESE CLASSIC .com

တကယ်ဖြစ်ရပ်မှန်များကိုစုစည်းတင်ပြထားသည့်

# မောင်ခိုင်ခန့်

# ငရဲပြည်ရောက်သေရွာပြန်များ

ဖြန့်ချိရေး – ကြည်လှမောင်စာပေ

ကြည်လှမောင်စာပေ

www.burmeseclassic.com